

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




# လမင်းမိုမို

## သက်လယ်ရယ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

# ၁

အပြင်မှာ မိုးရွာပုံက စိတ်ပျက်စရာကောင်းအောင် ... စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းအောင် ... တအိအိနှင့် တစိမ့်စိမ့် ပျင်းတိပျင်းရွဲ ရွာနေပုံမျိုးဖြစ်သည်။ သူ့နာမည်က 'မိုးညချမ်း' ဖြစ်နေတာတောင်မှ မိုးက သူနှင့် အကျိုးမပေးပေ။

မိုးရာသီ မိုးကာလမိုးမို့ ရွာပြီလားဆိုလျှင် သူ့မှာ စိတ်ညစ်စရာတွေ ကြုံရတတ်မြဲ။ သူ့ဘဝရဲ့ အဓိက အချိုးအကွေ့ အလှည့်အပြောင်း ပြဿနာတို့သည် မိုးကွင်းမှာပဲ ဖြစ်ပွားလေ့ရှိတတ်တာဟာ တိုက်ဆိုင်မှုပဲ ဆိုရမှာ ဖြစ်ပေမယ့် ... တိုက်ကလဲ တိုက်ဆိုင်နိုင်လွန်းပါသည်။

အခုလဲပဲ ... ဧည့်ခန်းထဲ ဝင်လာကာ ထိုင်လိုက်သော သူ့ယောက္ခမလောင်း မျက်နှာကို မြင်လိုက်ကတည်းက ... တစ်



www.burmeseclassic.com

www.burmeseclassic.com



ခုခုတော့ စိတ်အနှောင့်အယှက် ဖြစ်စရာကြုံပြီဆိုတာ သူကြိုတင် သိလိုက်ပါပြီ။ ဘာမှမပြောဘဲ တစ်ခဏ ဒီတိုင်း ထိုင်နေသေးတ က ပိုဆိုးသည်။

ပြောပါတော့။ ပြောချလိုက်ပါတော့။ စိတ်ညစ်စရ ဆိုလဲ မြန်မြန်ညစ်ပြီး ... ပြီးရောပေါ့ ...။ သူ့ယောက္ခမလောင် ကို မိုးညချမ်းက ခင်ပါသည်။ ဒီရပ်ကွက်ထိပ်က အသင့်အတ အတော်အတန်ကြီးသော သူတို့ရဲ့ ဆေးခန်းကြီးမှာ စ,ထိုင်ဖြစ် တည်းက ... ငွေရှင်မဆန်သော၊ ယဉ်ကျေးနူးညံ့မှုရှိသော လူလူချင်း လေးစားတတ်သော ဆေးခန်းပိုင်ရှင် လင်မယားက သူကလဲ တလေးတစား ဆက်ဆံခဲ့ပါသည်။

မောက်မောက်မာမာမရှိ ... အထက်စီးမဆန် ... အထူးကုဆရာဝန်နှင့် ရိုးရိုးဆရာဝန်ကို တန်းတူရည်တူထာ လေးစားတတ်သော ဆေးခန်းရှင်မျိုးမို့လဲ ... သူခင်မင်ခဲ့တာ မမျှော်လင့်ဘဲ ဆေးခန်းပိုင်ရှင်တို့ရဲ့သမီး သစ်ခွနှင့် မေတ္တာမျှခဲ့ တော့လဲ ... သူတို့ဟာ ကိုယ့်ရဲ့ယောက္ခမလောင်းများ ဖြစ်လာ သည်။

သူတို့ကလဲ သူတို့လို ဆေးခန်းပိုင်ရှင် မိဘတို့ သမီးဖြစ်သူဟာ ဆရာဝန်တစ်ယောက်ဖြစ်သော 'မိုးညချမ်း' မူးစားဆုံလာတာကို သဘောကျ ကျေနပ်ပါသည်။ ဒီတော့ မိုးညချမ်းနှင့် သစ်ခွတို့ရဲ့ ချစ်ခရီးလမ်းဟာ ဖြူးဖြောင့်သာယ လျက်သာ။





မိုးညချမ်းဘက်မှာက မိဘရယ်လို့ မရှိကြတော့၍ စ်ဖက်သော လူကြီးမိဘ သူတို့ကသာလျှင် သဘောတူကြည်ဖြူ လိုတာပင် ...။ သူတို့ကလဲ ကြည်ကြည်ဖြူဖြူ ခွင့်ပြုစောင့်ကြည့် ကြပြီး ... အခုဆို သစ်ခွက မိဘတွေကို ဖွင့်ပြောလိုက်တဲ့ တွက် စေ့စပ်ကြောင်းလမ်းထားကြဖို့ သူတို့ဘက်ကပဲ အဆိုပြုကာ ည်ရက်ရွေးနေကြသော ကာလမျိုးပါ။

ဒီလိုအချိန်မျိုးမှာ ...

"ပြောစရာတွေရှိလို့ ဒီညနေ ဆေးခန်းကအပြန် ကိုကို အိမ်ဝင်ခဲ့ဦး ..."

ဖုန်းထဲက ဤစကားသံဟာ အနည်းငယ် ဆတ် တောက် တုန်ခတ်နေသည်လို့တော့ မိုးညချမ်း ထင်မိခဲ့သားပင်။ သို့သော်လဲ သူသိပ်ကြီး ရှည်ရှည်ဝေးဝေး စစ်စစ်ပေါက်ပေါက် တွေးမနေအားခဲ့ပါ။

အခု ... ညဦးပိုင်း သစ်ခွတို့အိမ်ကို ရောက်လာတော့မှ ပဲ ... မှုန်သုန်သုန်လိုလို ... ဝမ်းနည်းနေတာလိုလို ... စိတ်အနှောင့် အယှက် ဖြစ်နေသော သစ်ခွ မျက်နှာကလေးကို တံခါးဝမှာပင် သူ အကဲခတ်လိုက်နိုင်တဲ့အခါ ...

"သစ်ခွ ... ဘာဖြစ်လို့လဲ ..."

ဇဝေဇဝါ မေးခဲ့မိပါသည်။

"ကိုကို ထိုင်ဦး၊ ပြောစရာရှိတာ မာမီ ပြောလိမ့်မယ် ..."

သစ်ခွ အသံက သူ့ကိုပဲ စိတ်ကောက်နေတာ စိ

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



ဆိုးနေတာလိုလို ...။ သို့ပေမယ့် သူ့ကိုလဲ အကဲတခတ်ခတ်လုပ်နေပြန်သေးသည်။ မိုးညချမ်းမှာ ဇဝေဇဝါ စိတ်ရှုပ်ရှုပ်နှင့်ပင် ဧည့်ခန်း၌ ထိုင်နေခဲ့ရပါသည်။ သစ်ခွကတော့ မလှမ်းမကမ်း အခန်းကူး တံခါးတစ်ခုမှာ သွားမှီရပ်နေသည်။

ခါတိုင်းလို သူ့ဘေးခုံမှာ လာမထိုင်။ တီတီတာတာမရှိ ...။ ထားလိုက်ပါတော့ ...။ အနည်းငယ် ပင်ပန်းနေသော မိုးညချမ်းက ယောက္ခမလောင်း ဆင်းအလာကို စောင့်နေရပါသည်။ သိပ်ကြိုးကြာကြာတော့ မဟုတ်။ သူရောက်ပြီ ဆိုတာလဲ ကောင်မလေးတစ်ယောက်က သတင်းတက်ပို့ပြီးပြီမို့ ... ခဏအကြာမှာ ဆင်းလာတာပင်။

ဧည့်ခန်းထဲ ဝင်လာသည့် ဒေါ်ပုလဲရဲ့ မျက်နှာမှာ တစ်ခုခု ဖြစ်နေမှန်း သိသာသည့် စိတ်အနှောင့်အယှက် ဖြစ်မှုပါလာသည်။ ပြီးတော့ တော်တော်နှင့် စကားမစ ...။ မျက်မှန်ချွတ်ကာ သုတ်နေသလိုလို ... အလုပ်ရှာလုပ်ကာ အတန်ကြာတိတ်နေသည်။ မိုးညချမ်းသည် ... တစ်ခုခုဖြစ်ပြီဆိုတာ သေချာ၍ လာမည့်ဘေးကို မြန်မြန်ပဲ ပြေးတွေ့လိုပါသည်။

ခေါင်းငုံ့ထားသော သစ်ခွကို တစ်ချက်လှမ်းကြည့်ရင်း ...

"အန်တီ ...၊ ကျွန်တော့်ကို ပြောစရာရှိတာ ပြောပါ"

ဒေါ်ပုလဲက မျက်မှန်ကို ပြန်တပ်ကာ ခေါင်းတစ်ချက်ညိတ်ရင်း ...





"ဒီစကားမျိုးတွေ ပြောဖို့ဖြစ်လာတာ အန်တီ စိတ်မကောင်းဘူး ...၊ ဒါပေမယ့် အရေးကြီးတဲ့ စကားမို့ မောင်မိုးညချမ်းကို မပြောလို့ မဖြစ်ဘူး ..."

"ဟုတ်ကဲ့ ... ပြောပါ ..."

"တိုတိုပဲ ပြောကြပါစို့ ...၊ စေ့စပ်ဖို့ ကိစ္စတွေ အတွက် အတွေ့အကြုံရှိတဲ့ အန်တီ့မိတ်ဆွေ အပေါင်းအသင်းထဲ စုံစမ်းရင်း ... မောင်မိုးညချမ်းနဲ့ ပတ်သက်တဲ့ စကားတစ်ခု ကြားလာရတယ် ...၊ မမှန်ပါစေနဲ့လို့လဲ ဆုတောင်းပါတယ်၊ တစ်ဖက်က ကြားရတဲ့ စကားတစ်ခုနဲ့ မဆုံးဖြတ်ချင်လို့ ပွင့်ပွင့်ပဲ ဖွင့်မေးလိုက်ဖို့ ဆုံးဖြတ်လိုက်ပါတယ် ...၊ အန်တီ မေးစရာ ရှိလို့ပါ ..."

မိုးညချမ်းသည် သစ်ခွကို ဖျတ်ခနဲ လှမ်းကြည့်လိုက်ပါသည်။ မျက်ရည်လည်နေတာ သေချာသော မျက်လုံးစူးတောက်တောက်တွေက သူ့ထံ မျက်တောင်မခတ် ကြည့်နေပါသည်။ မရယ်မပြုံး မျက်နှာက ရင်ထဲ အဖုအထစ် ဖြစ်နေတာ သိသာသည်။

"သစ်ခွကိုလဲ ပြောထားတယ်၊ သေချာမမေးမြန်း မစုံစမ်းဘဲ မဆုံးဖြတ်ပါဘူးလို့ ..."

မိုးညချမ်းက သစ်ခွဆီ သနားသွားမိကာ ရီဝေဝေ လှမ်းကြည့်လိုက်မိရင်း သက်ပြင်းတစ်ချက် ကျိတ်ရှိုက်လိုက်မိပါသည်။ ဒေါ်ပုလဲထံမှ ဘာမေးခွန်းတွေ ထွက်လာတော့မည်ဆိုသည်ကို သူ မှန်းနိုင်ပါပြီ ...။ သူ့ဘဝမှာ ... နောက်ပိုင်းဆိုတွေ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းရတဲ့ လူတွေကို အသိမခံသည့် လျှို့ဝှက်ချက် အဖြစ်အပျက်ဆိုလို့ ... တစ်ခုတည်းသာ ရှိခဲ့တာပဲ။

တခြား အစစအရာရာကို သစ်ခွနှင့် သူ့မိဘများ သိပြီးသား ဖြစ်သည်မို့ ... သူတို့မေးမည့် မေးခွန်းဟာ ... တစ်ခုတည်းကလွဲ၍ ဘာမှမဖြစ်နိုင်။ ဒါကိုမေးတော့မည်ဆိုတာ သိတော့ သူ စိတ်ပျက်လက်ပျက် စိတ်ဆင်းရဲမိသည်။ ဘဝထဲက အချို့သော အတိတ်တို့ကို ဖရဲသီးဖောက်သလို အကွင်းလိုက်ကလေး ဖောက်လှည့်ထုတ်ယူ လွှင့်ပစ်လိုက်လို့ မရနိုင်သမျှ တစ်နေ့နေ့မှာ ဤကိစ္စ ဤမေးခွန်းမျိုးနှင့် သူ ရင်ဆိုင်ရမှာပဲ ဖြစ်သည်။

"မောင်မိုးညချမ်း ..."

"ဟုတ်ကဲ့ အန်တီ ..."

"လွန်ခဲ့တဲ့ ခုနစ်နှစ်လောက်တုန်းက ... မိန်းကလေး တစ်ယောက်ကို မင်း ခိုးပြေးခဲ့ဖူးတယ်လို့ အန်တီ ကြားခဲ့ရတယ်၊ အဲဒါ ဟုတ်သလား မဟုတ်ဘူးလား ..."

မိုးညချမ်းသည် သစ်ခွကိုသာ လှမ်းကြည့်လိုက်မိပြန်ပါသည်။ မျှော်လင့်စောင့်စား နားစွင့်နေသော မျက်ဝန်းလေးထဲ၌ ကြားချင်သော အဖြေစကားက ထင်ရှားပေါ်လွင် နေပါသည်။ ခွင့်လွှတ်ပါတော့ သစ်ခွရယ် ...၊ ကိုယ် စိတ်မကောင်းပါဘူး။ ညာဖို့လဲ ကိုယ်စိတ်ကူးမရှိပါဘူး ...။

မိုးညချမ်းက ... ခေါင်းတချက်ညိတ်ရင်း တစ်ဆက်တည်း ခေါင်းငုံ့ချထားလိုက်ကာ ...





"အန်တီကြားလာတဲ့ သတင်း ... ဟုတ်ပါတယ် ..."

"ဘာ ..."

အလန့်တကြား အော်ဟစ်လိုက်သံက ... သစ်ခွထံမှ ထွက်ပေါ်လာပါသည်။

"ဟုတ်တယ် ... ဟုတ်လား၊ ကိုကိုက မိန်းမတစ်ယောက်ကို တကယ် ခိုးပြေးဖူးတယ်ပေါ့ ..."

"ဟုတ်တယ် သစ်ခွ ..."

သစ်ခွ မျက်နှာက နီရဲသွားကာ မျက်လုံးတွေက ဒေါသတကြီး ပြူးကျယ်ထွက်လာသည်။ ဆတ်ဆတ်တုန်လာသော အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်ကာ ရှိုက်သံတစ်ချက် ထွက်လာပြီးမှ ...

"ဒါဖြင့် အဲဒါကို ရှင် စောစောက ဘာလို့မပြောလဲ၊ ဘာလို့ ဝန်မခံထားလဲ ...၊ ဒါဖုံးထားရမယ့် ကိစ္စတစ်ခု မဟုတ်ဘူးဆိုတာ ရှင် သိဖို့ကောင်းတယ်၊ ယောကျ်ားကောင်းတစ်ယောက်မှန်ရင် ဒီလိုကိစ္စမျိုးကို သတ္တိရှိရှိ ဖွင့်ပြောပြပြီးမှ သစ်ခွဆီက အချစ်ကို တောင်းသင့်တယ်၊ ဘာလို့ဖုံးအုပ် လျှို့ဝှက်ထားခဲ့တာလဲ၊ ရှင် ဒါကိုဖုံးဖိထားပြီး ကျွန်မကို အလွယ်လေး လှည့်စားပြီး လက်ထပ်လိုက်ဖို့ စိတ်ကူးထားတာပေါ့ ... ဟုတ်လား"

ဒေါသတွေ အကြီးအကျယ် ထွက်နေသည့် သစ်ခွကို သူ စိုက်ကြည့်နေမိသည်။ သူ့၌ပြောစရာစကား မရှိ။ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ကလဲ သစ်ခွကို မဟန့်ဘဲ အခြေအနေကို အကဲခတ်၍သာနေသည်။

"ပြောလေ ...ပြောလေ ...၊ ဖြေလေ ..."

သစ်ခွ ခမျာ စိတ်မထိန်းနိုင်အောင် ဖြစ်နေပါသည်။ သူ့ ကိုယ်ချင်းစာကာ ကြင်နာမိပါသည်။

"ကိုယ် ... ယုတ်မာတဲ့စိတ်နဲ့ လှည့်စားဖို့ ဖုံးကွယ်လျှို့ဝှက်ထားတာတော့ မဟုတ်ပါဘူး သစ်ခွ ..."

"ဒါဖြင့် ဘာလို့ ပွင့်ပွင့်လင်းလင်း ပြောမပြခဲ့လဲ ..."

"ကိုယ် အမှန်အတိုင်း ပြောမယ်နော် ...၊ ကိုယ် ... မိန်းမလေးတစ်ယောက်ကို ခိုးပြေးခဲ့ဖူးပါတယ် ဆိုတဲ့ [illegible] အဲဒီအဖြစ်အပျက်ရဲ့ နောက်မှ သိကျွမ်းရတဲ့သူတွေကို ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး၊ ဖုံးထားတဲ့သဘော မဟုတ်ဘူး၊ လုံးဝမပြောချင်တာ ...၊ ဒီကိစ္စကို မေ့ချင်တာ ...၊ ဒီကိစ္စဟာ ကိုယ့်ကို အကြီးအကျယ် ရင်နာစရာ နာကြည်းစရာ ဖြစ်စေခဲ့တယ် ...၊ ဒါကို မဖြစ်ဖြစ်အောင် မေ့ပစ်ပြီး ကိုယ့်ဘဝကို မနည်း ပြန်ဆောက်တည် ယူထားခဲ့ရတာပါ ...၊ သတိမရချင်လို့ မေ့ထားချင်လို့ ကိုယ်ဖျောက်ထားခဲ့တာ သက်သက်ပဲ၊ သစ်ခွကို လှည့်စား လိမ်လည်လိုတဲ့စိတ် ကိုယ့်မှာ မရှိပါဘူး ..."

"ရှင် ... သူများတွေကို ပြောမပြတာ ဘာအရေးလဲ ...၊ ကိုယ်လက်ထပ်မယ့် မိန်းမတစ်ယောက်ကိုတော့ ဒီကိစ္စ





အတွက် ဘယ်လောက် ရင်နာနေနေ ... ဘာကြီးဖြစ်နေနေ ရှင် ဖွင့်ကိုပြောပြရမယ်ဆိုတဲ့ အသိ ... ရှိသင့်တယ် ..."

"ပြောသင့်တာ မှန်ပါတယ် ..."

"ဒါဖြင့် ဘာလို့မပြောလဲ ..."

"ကိုယ်ပြောပြီးပြီကော ...၊ ကိုယ် သတိမရချင်ဘူး၊ လုံးဝမပြောချင်ဘူး၊ ခုဆိုရင်ပဲ လုံးဝအသစ်ဖြစ်ပြီး ကိုယ် သိပ်စိတ်ညစ်သွားပြီ ..."

"သြော် ... ဒါဖြင့် ရှင်က ... ခုလို မာမီ ကြားသိမလာဘူးဆိုရင် တစ်သက်လုံး ဆက်ဖုံးထားဦးမှာပေါ့ ...၊ လက်ထပ်ပြီးမှ လွန်မှ သိရင် နေရင်းထိုင်ရင်း ကျွန်မက ဒုတိယမိန်းမ ဖြစ်ပေါ့ ... ဟုတ်လား ..."

"သစ်ခွ ... သမီး ..."

ဒေါ်ပုလဲက ခုမှ လှမ်းဟန့်ပါသည်။

"သစ်ခွ ဒုတိယမိန်းမ မဖြစ်ပါဘူး၊ ကိုယ်တို့ လက်မှတ်ထိုး လက်မထပ်ခဲ့ဖြစ်ကြပါဘူး ..."

"မကြားချင်ဘူး ... ရှင် ... ရှင် ... တော်တော်ရက်စက်တယ် ...၊ ရှင့်ဟာရှင် ဘယ်လိုလှည့်ထွက်ထွက် ... ဒါကို မြှုံထားတာဟာ ... မိန်းမပျိုတစ်ယောက်အပေါ် ရှင်ယုတ်မာတာ ...၊ ကိုယ့်ဟာကိုယ်သာ မသိရင် ရှင်ပြောဖို့ကို ရည်ရွယ်မထားတာ၊ လူလိမ် ... လူညာ ..."

"ကိုယ် လိမ်တာမဟုတ်ပါဘူး သစ်ခွရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"အမှားကိုပြောတာ မဟုတ်လဲပဲ ... အမှန်ကို ဖုံးကွယ်ထားတာဟာ ကလိမ်ကျတာပဲ၊ ပိုတောင်ဆိုးသေးတယ်၊ ဒါကို လျှို့ဝှက်ထားပြီးတော့မှား ကျွန်မကို လက်ထပ်ဖို့ စဉ်းစားခဲ့တယ် ...၊ ယုံတောင် မယုံဘူး ...၊ မာမီ ပြောတုန်းက ... လုံး၀ မဖြစ်နိုင်ပါဘူးလို့ ငြင်းခဲ့မိတာ၊ ရှင့်ကို ယုံမိလို့ သိပ်ရှက်ဖို့ကောင်းတယ် ..."

သစ်ခွသည် နီရဲနေသော မျက်နှာနှင့် ရှိုက်ကြီးတငင်ငိုချလိုက်ပါသည်။

"တစ်ယောက်ယောက်နဲ့ မှားပြောတဲ့ သတင်းလို့ ထင်ခဲ့မိတယ်၊ ဒီသတင်းမျိုး အပြောခံရလို့ စိတ်ရှုပ် စိတ်အနှောင့်အယှက် ဖြစ်တာပဲ ခံစားခဲ့ရဟယ်၊ ရှင့်ကို ဒီလိုလူစားထဲက မဟုတ်ဘူးလို့ ယုံထားမိတာ ...၊ ခု ဘယ်လောက်အရှက်ကွဲလဲ ...၊ ရှင် ရိုးရိုးသားသား ဖွင့်ပြောလို့ရှိရင် ... မာမီတို့ကိုတောင် ဟောဒီက သစ်ခွက ဒူးထောက်ချော့မော့နားချလိုက်ဦးမှာပါ။ မာမီ့ကို ကျွန်မက အသိပေးရတာဆိုရင် ကျွန်မ ဘယ်လောက်ဂုဏ်ရှိလဲ၊ ခုတော့ အရှက်ကွဲတယ် ...၊ မာမီလဲ အရှက်ကွဲတယ်၊ သူများကပြောမှ ... သိရတယ်ဆိုတာ ဘယ်လောက် မျက်နှာငယ်ထားလဲ ...၊ ကိုယ့်ဘာသာသိပြီး ... ကိုယ်က ခွင့်လွှတ်ကြည်ဖြူထားတာသာဆိုရင် ... မာမီ ပြန်ပြောခဲ့နိုင်မှာ ...၊ ဟုတ်တယ် ...၊ ကိုယ်သိတယ် ... လူငယ်ဘ၀က မှားခဲ့ဖူးတဲ့ ကိစ္စတစ်ခု





အဖြစ် ဖွင့်ပြောဝန်ခံထားလို့ ကိုယ်တို့လဲ ခွင့်လွှတ်ကြည်ဖြူထားပါတယ် လို့ ... ပြန်ပြောနိုင်ခဲ့ရင် ... ဘယ်လောက်ဣန္ဒြေရသလဲ ..."

သစ်ခွရဲ့ စကားလေးကို သူ သနားမိပါသည်။

"ခုတော့ ... ခုတော့ ... ရှင့်ကို သိပ်စိတ်နာတယ်၊ ရှင် သစ်ခွအပေါ် မရိုးသားဘူး၊ မုန်းတယ် သိလား ..."

သစ်ခွသည် ချာခနဲလှည့်ကာ လှေကားပေါ် အပြေးတက်သွားပါသည်။ မိုးညချမ်း ရင်ထဲ နာကျင်နေပါသည်။ တတ်နိုင်သမျှ မေ့ပျောက်ထားလိုပေမယ့် မလွှဲမရှောင်သာ ရှင်းရပြောရအသစ်ဖြစ်ရတဲ့အခါ ရင်ထဲမောကာ တင်းကျပ်လာသည်။

ဒေါ်ပုလဲက ငြိမ်သက်စွာ ထိုင်နေဆဲ ...။

"အန်တီ့ကို ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ လှည့်စားဖို့ ဖုံးအုပ်ထားတာ မဟုတ်ဘူးဆိုတာကလွဲရင်လဲ တခြားပြောစရာ မရှိတော့ပါဘူး အန်တီ ..."

"သမီးခမျာ သနားဖို့ ကောင်းပါတယ်၊ သူ့စကားတွေထဲမှာ အစင်းသား ပေါ်လွင်နေတာပဲ၊ အစကတည်းကသာ ဖွင့်ပြီးဝန်ခံ အသိပေးထားရင် သမီးက ခွင့်လွှတ်ပြီး မျက်စိမှိတ် ကြည်ဖြူမယ့်သူပဲ၊ ဟိုတုန်းက ဖြစ်ခဲ့တာတွေကို မေ့လိုက်ပေးနိုင်တဲ့ သဘောပဲ ...၊ ဘာပဲဖြစ်ဖြစ် ဒါဟာ ပြောကိုပြောပြထားသင့်တဲ့ ကိစ္စပါ မောင်မိုးညချမ်း ..."



www.burmeseclassic.com

www.burmeseclassic.com



"သစ်ခွကို ကျွန်တော် သနားပါတယ် အန်တီ ...၊ ဖြစ်နိုင်ရင် အဲဒီကိစ္စဟာ ... ကျွန်တော့်ဘဝမှာ မဖြစ်ခဲ့ဖူးဘူးလို့ ယုံကြည်ထားချင်တာပါ၊ ပြန်ကိုမတွေးမိအောင် နေခဲ့တာပါ ...၊ ကျွန်တော်ဟာ ကိုယ့်အပြစ်တစ်ခုကို ဖုံးဖိလိမ်ညာထားမယ့် လူယုတ်မာစိတ်ဓာတ် မရှိဘူးလို့တော့ အန်တီ ယုံပေးပါ ..."

"မောင်မိုးညချမ်းမှာ လူယုတ်မာစိတ်ဓာတ် မရှိတာ အန်တီ ယုံပြီးသားပါ ...၊ ဒါပေမယ့် အခုလုပ်ပုံက ... အဲဒီအရာကို ကျသွားတယ် ...၊ ဒီလောက်ကြီးထိအောင် မင်းရင်မှာ နာကျင်ရ ခံစားထိခိုက်ခဲ့ရတာဟာ ... ခုထိအဆုံးမသတ်သေးလို့လား ..."

"အဲလိုလဲ မဟုတ်ပါဘူး၊ ကျွန်တော် ပြောမပြတတ်ပါဘူး အန်တီ ..."

မိုးညချမ်းက ခေါင်းကိုငုံ့ထား၍ မျက်နှာက နီမြန်းကာနေသည်။ ဒေါ်ပုလဲက လူကောင်းလူတော် ဆရာဝန်ကလေးတစ်ယောက်အဖြစ် သူယုံကြည်ထားသော မိုးညချမ်းကို နှမြောမြောနှင့်ပင် ငေးကြည့်နေမိရင်း ...

"မင်းရဲ့ ချစ်သူကို ခိုးပြေးတာလား ..."

"ဟုတ်ပါတယ် အန်တီ၊ နှစ်ဦးသဘောတူပါ"

"ဘာလို့ ခိုးပြေးတာလဲ ..."





"အဲဒီတုန်းက ... ကျွန်တော်က မွဲနေတော့ ... သူ့အိမ်က ခါးခါးသီးသီး သဘောမတူလို့ပါ ..."

ဒေါ်ပုလဲသည် ... စိတ်ရှုပ်ရှုပ်နှင့် မိုးညချမ်းကိုငေးရင်း ခေါင်းတွေပူလာသည်။ ဖွင့်မပြောခဲ့ခြင်းအပေါ် မကျေနပ်မကြည်လင်ကာ စိတ်ထဲမကြိုက်သော်လည်း သစ်ခွ လောက်တော့ ဒေါသ မထွက်ပေ ...။ မိုးညချမ်းကိုလဲ လူယုတ်မာတစ်ယောက် မဟုတ်တာ ကောင်းကောင်းသိနေ၍ ... မပြောခဲ့လေခြင်းရယ်လို့သာ အားမရ ဖြစ်နေသည်။

သစ်ခွက ... ကိုတင်သာ ဖွင့်ပြောခဲ့လျှင် ခွင့်လွှတ်ကြည်ဖြူမိမည့်သဘော သိသိသာသာ ပြောသွားပေမယ့် ... ဒေါ်ပုလဲအဖို့တော့ စဉ်းစားရလိမ့်ဦးမည်။ ကြိုပဲပြောပြော နောက်မှပဲသိရရ ... မိန်းမခိုးပြေးခဲ့ဖူးသည့် လူရွယ်တစ်ယောက်ကို ကိုယ့်သမီးနှင့် သဘောတူဖို့ မတူဖို့ဆိုတာဟာ ... ခဏချင်း ဆုံးဖြတ်နိုင်အောင် လွယ်ကူသော ကိစ္စတစ်ခုမဟုတ်။

"ခိုးပြေးပြီး ဘယ်လောက်ကြာကြာ ပေါင်းဖြစ်ကြသလဲ ..."

"ဒီနေ့ညနေ ခြောက်နာရီခွဲလောက်မှာ ခိုးပြေးတယ်ဆိုရင် နောက်တစ်နေ့မနက် ကိုးနာရီခွဲလောက်မှာပဲ သူ့အိမ်က မိသွားပါတယ် ..."

စိတ်ပျက်ပျက်နှင့်ပင် မိုးညချမ်း ပြောပြနေရပါသည်။ ပြောပြရပြီ ဆိုကတည်းက မျက်စိထဲပင် ပြန်မြင်ယောင်လာ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ဟောသလိုပဲ မိုးတစိမ့်စိမ့် ရွာနေတဲ့ ရာသီကာလ ပေါ့။

"တစ်ညပဲ ပေါင်းရတာပေါ့ ...၊ သူ့ကို ပြန်ခေါ်သွားပြီ တယ်ပေါ့"

"ဟုတ်ပါတယ် ..."

"ပြီးတော့ရော ..."

"သူ့ကို မကြာခင်ပဲ အိမ်ထောင်ချပေးလိုက်ပါတယ် ..."

"နောက်ပိုင်း ပြန်တွေ့ကြသေးလား ..."

"အိမ်ထောင်ချပေးတာကလဲ တခြားမြို့က လူတစ်ယောက် နဲ့ပါ။ မင်္ဂလာမဆောင်ခင် ... သူ့ကို အဲဒီမြို့ ခေါ်သွားက တည်းက ... ထပ်မတွေ့တော့ပါဘူး ..."

မိုးညချမ်း မျက်နှာက ပျက်နွမ်းနေပါသည်။ ဒေါ်ပုလဲ သည် စိတ်ညစ်ညစ်နှင့် သက်ပြင်းတစ်ချက်ချရင်း ...

"ဒီကိစ္စကို ဖြည်းဖြည်းဆက်ပြီး စဉ်းစားကြသေးတာပေါ့ မောင်မိုးညချမ်း၊ သစ်ခွက မင်းကို အတော်ချစ်သလို စိတ် လဲအတော်ကြီးတယ်၊ သူ့ရင်ထဲမှာ ဘယ်ဟာက အားသာ သွားမလဲ မသိနိုင်သေးဘူး ..."

မိုးညချမ်း မတ်တတ်ထ,ရပ်လိုက်ပါသည်။

"ကျွန်တော် နောက်နေ့တွေ ဆေးခန်းကို အလုပ်လာရဦး မလား အန်တီ ..."





"အင်း... ဒီရက်အတွင်းတော့ မလာပါနဲ့ဦးလေ ...၊ အားလုံး ဆုံးဖြတ်ပြီးတော့လဲ တစ်မျိုးပေါ့ ..."

မိုးညချမ်းက ခေါင်းကို အသာညိတ်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၂

"အစ်ကိုကလဲ ... ပြောင်းမယ့်ပြောင်းတော့လဲ စိတ်မြန်လိုက်တာဗျာ၊ ဒီမှာအားလုံးပြီးစီးမှ ရွှေ့လာရင် ကသီလင်တမဖြစ်ဘူးပေါ့ ...၊ ခုတော့ ... နေရင်းတန်းလန်း ဆေးသုတ်နေရတော့ ဘာမှ နေရာမချနိုင်ဘူး၊ ပစ္စည်းပုံကြားထဲ အိပ်နေရတယ် ..."

"အိပ်ရလဲ ဘာဖြစ်တုန်းကွာ ...၊ ဆေးကို သီးသန့်လာသုတ်နေရင် တစ်ပတ်ဆယ်ရက် ကြာနေဦးမှာ ...၊ နေရင်းသုတ်တော့လဲ ရတာပဲဟာ ...၊ အခုဆို လက်စသတ်တော့မယ်လေ ..."

အောင်မော်က ... သူ့ဆရာဆိုလဲဟုတ် ... အစ်ကိုတစ်ယောက်လိုလဲ ဖြစ်နေပြီဖြစ်သော ... မိုးညချမ်းကို ကရုဏာ





ကောင်း လှည့်၍ကြည့်ပြီးမှ ... ဆေးကိုဆက်သုတ်နေလိုက်ပါသည်။ ဆေးပုံးကို အလယ်ချပြီး တစ်ယောက် ဒလိမ့်တုံးတစ်ချောင်းကိုင်ကာ တိုက်ကလေးရဲ့ အတွင်းဘက်ကို ဆေးသုတ်နေကြတာ ခုတော့ ... ဒီတစ်နံရံပြီးရင် လက်စသတ်ပါပြီ ...။

"အပြင်လဲ သုတ်လိုက်ရင် ကောင်းမှာအစ်ကို ..."

"ငါတို့ ရေညှိတွေ ဘာတွေတော့ ပွတ်တိုက်ဆေးကြောပြီးပြီပဲ ...၊ မိုးလဲရွာပြီဆိုတော့ အပြင်တော့ မသုတ်တော့ပါဘူး"

"အတွင်းဘက်ကတော့ ဆေးသုတ်လိုက်တာနဲ့တင် သန့်ပြီးတောက်ပြောင်သွားတာပဲနော် ..."

"အေး ... တိုက်က ဟောင်းနေပြီ ဆိုပေမယ့် ...ဟိုတုန်းက ဆောက်ထားတာ ပတ်ကားအထူအမာကြီးကွ၊ အတော်တောင့်တယ် ...၊ သူ့အုတ်ထုတွေက နှစ်ထပ်တက်ချင်ရင့်လဲရသေးတယ် ..."

"အဘွားကတောင် မဆုံးခင်က ... နှစ်ထပ်တက်ဖို့ စဉ်းစားနေသေးတယ်၊ အစ်ကို့ကို အမွေပေးတော့မယ်ဆိုတော့ တိုက်သစ်လေး ဖြစ်စေချင်လို့တဲ့၊ ဒါပေမယ့် ... တကယ်တမ်း လူနေရင်း အိမ်ပြင်ဆောက်မယ်ဆိုရင် လွယ်တာမှမဟုတ်တာ၊ အဘွား သိပ်ပင်ပန်းမှာ ...၊ ဒါနဲ့ပဲ မဆောက်ဖြစ်တာ ..."

"သူ့နဂို တစ်ထပ်တိုက် ပုံစံလေးက လှနေတာပဲ ...၊ ဒီ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဒီဇိုင်းက အင်္ဂလိပ်ခေတ် ဒီဇိုင်းကွ ...၊ ခုခေတ်ကျတော့ ပြန်ဆန်းသစ်နေတာပေါ့ ... တစ်ထပ်ပဲ ကောင်းပါတယ် တစ်ထပ်တည်းနဲ့ အိမ်ကအကျယ်ကြီးဥစ္စာ ...၊ ငါတို့နေမှာ က နှစ်ယောက် သုံးယောက်တည်း ..."

အစ်ကို ... မိန်းမယူ ... ကလေးတွေ မွေးလာတော့ လို့ ပြန်မေးမည် ပြုပြီးမှ ... အောင်မော်က မမေးတော့ပါ လောလောလတ်လတ် ဖြစ်ထားတဲ့ ပြဿနာကြောင့် ... အစ်ကို စိတ်ဆင်းရဲနေပါဦးမည် ... ဟုတွေးကာ နှုတ်ပိတ်ထားလိုက်ပါ သည်။

မိုးညချမ်းကို သူသိကျွမ်းခဲ့ရတာ ... ခုဆို ... လေး နှစ်ကျော်လို့ ... ငါးနှစ်ထဲ ရောက်ခဲ့ပါပြီ ...။ အတူနေဖြစ်တာက တော့ နှစ်,နှစ်ကျော်ပြီပေါ့။ ရောင့်ရဲသော စိတ်ဓာတ်နှင့် အေးချမ်း သည့် မိုးညချမ်းနှင့် နေရတာ အောင်မော် ပျော်ပါသည်။

ဒီအိမ်လေးမှာ မိုးညချမ်းက ခုမှစ, နေရပေမယ့် အောင်မော်က နှစ်ပေါင်းများစွာ နေခဲ့ဖူးသားပါ ...။ အောင်မော့် အမေက ... အဘွားဒေါ်မေရဲ့ လက်စွဲတော် လက်ကသုံးတောင်ဖေး ဖြစ်ပါသည်။ အမေ ဒီအိမ်ရောက်ကတည်းက နှစ်,နှစ်သားအရွယ် နှင့် အောင်မော်ပါ ပါလာတာမို့ ဒီအိမ်မှာပဲ အောင်မော် ကြီးပြင်း ခဲ့သည်။

လာတုန်းကတော့ ... အဘွားဒေါ်မေရဲ့ အိမ်ဖော် အဖြစ် အိမ်အလုပ်လုပ်ဖို့ အမေ တောကတက်လာခဲ့တာ။ သူတို့





ားအမိဟာ နှစ်ကောင်ကြွက်။ အဖေက အောင်မော် ငယ်ငယ် းတုန်းက ... ပိုးထိဆုံးပါးခဲ့တာမို့ လယ်ပိုင်မရှိ နွားပိုင်မရှိ မေဟာ ... ကြားလူအဆက်အစပ်နှင့် ရန်ကုန်မှာ အိမ်ဖော်လုပ် တက်လာတာပင်။

ဒီအိမ်ဟာ အမေ့ရဲ့ ပထမဆုံးနှင့် တစ်အိမ်တည်း သာအိမ်လဲ ဖြစ်ပါသည်။ အိမ်ဖော်အဖြစ် ရောက်ခဲ့ပေမယ့် တစ် ယ်တည်းနေနေသော အဘွားဒေါ်မေက အမေ့ကို ဆွေမျိုးသားချင်း မဟစ်ယောက်လို တဖြည်းဖြည်း ယုံကြည်အားထားလာပါသည်။

အောင်မော့်ကိုလဲ သူငယ်တန်းကတည်းကစ,ပြီး အဘွားပဲ ကျောင်းထားပေးခဲ့တာပင် ...။ 'ငါ့မှာ ... မင်းလိုပဲ မြေးယောကျ်ားလေးတစ်ယောက် ရှိတယ် ... အောင်မော်ရဲ့' ဆို တာဟာ အဘွား တဖွဖွပြောသော စကားပင် ...။

အဘွားရဲ့သမီးဟာ ... အဘွားသဘောမတူသူနှင့် လိုက်ပြေးသွားခဲ့၍ ဒေါသတကြီး အမွေဖြတ် ... အဆက်အဆံ မလုပ်ဘဲ နှစ်ပေါင်းများစွာ စိတ်မာမာနှင့် တစ်ကိုယ်တည်း နေခဲ့ သော အဘွားပင် ...။ အချစ်ကြီး၍ အမျက်ကြီးတာမှန်း သိသာ လှပါသည်။ မခေါ်မပြော မဆက်မဆံ ဘယ်ရောက်နေမှန်းပင် သူသေချာမသိသော သမီးမှာ မြေးယောကျ်ားလေး ထွန်းကားတာ ကိုတော့ အဘွား သိထားသည်။

သူ့သမီးအကြောင်းနှင့် မမြင်ဖူးသော မြေးအကြောင်း ကို တဖွဖွ အမြဲပြောနေတတ်ခြင်းက အဘွားရင်ထဲက မပြေ



www.burmeseclassic.com

www.burmeseclassic.com



တောက်တဲ့ သံယောဇဉ်ကို ပြပါသည်။ သံယောဇဉ် မပြတ်ပေမယ့် စိတ်မာတဲ့ အဘွားက … လိုက်လံစုံစမ်းရှာဖွေမှု မပြုပါ …။ ကြား သိလာတဲ့ သူတို့ကတော့ တကူးတက လာပြောပြဖူးပါသည်။

"မာလာက ယောက်ျားဆုံးသွားပြီ ဒေါ်ဒေါ်ရဲ့ …၊ အလုံဘက်မှာ အိမ်လေးတစ်ခြမ်းစာငှားပြီး သားအမိနှစ်ယောက် နေကြတယ်၊ မာလာက အင်္ကျီချုပ်တယ်လေ …၊ သားက လေးကလဲ လိမ္မာတယ်၊ စာသိပ်တော်တာတဲ့။ ရုပ်ကလေးက ဒေါ်ဒေါ်နဲ့ တူတယ် သိလား …၊ ကျွန်မတို့နဲ့ အဝင်အထွက် ရှိပါတယ်၊ ဒေါ်ဒေါ် ပြန်ခေါ်ချင်ရင် အကြောင်းကြားပေးမယ်လေ …"

"ဘာလို့ ခေါ်ရမှာလဲ …၊ သူ့ဟာသူ တက်လာရင် တစ်မျိုးပေါ့၊ ငါကတောင်းပန်ပြီး လိုက်ချော့ခေါ်ရမှာလား …"

"ဒေါ်ဒေါ် တောင်းပန်ခေါ်ဖို့ မလိုပါဘူး၊ ခွင့်ပြုတယ်ပြော လိုက်ရုံပါပဲ …၊ မာလာ့ကို ကျွန်မ သွားပြောမှာပေါ့ …"

"ခွင့်ပြုတယ်လဲ မဟုတ်ဘူး၊ မပြုဘူးလဲ မဟုတ်ဘူး၊ မာလာ့အကြောင်း ငါသိပါတယ်အေ၊ ငါ့အမေပါ၊ ဒင်းက ငါ့ထက်မာနကြီးနေတာ၊ ယောက်ျားဆုံးတာတောင် သုံးလေးနှစ်ရှိပြီပဲ၊ အဲဒီကတည်းက ပြန်တက်လာရင် ရတာပဲ၊ အဲသလိုလာရင် ငါမောင်းမချဘူး ဆိုတာလဲ သူသိပါတယ်၊ ဒင်းက … သူမှားပါတယ်ဆိုတဲ့ ပုံစံနဲ့ ဘယ်တော့မှ ပြန်မတက်ဘူးဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့မိန်းမ …၊ ငါသိတယ်၊





သူ့မာနနဲ့သူ ပစ်ထားလိုက် …၊ ငါက စ,မခေါ်နိုင်ဘူးနော်၊ ညည်းတို့က ငါခေါ်တယ် သွားပြောရင် ညည်းတို့ဘာသာရှင်း၊ ငါတာဝန်မယူဘူး …"

"ဒေါ်ဒေါ်တို့ သားအမိကလဲ … နှစ်ယောက်လုံး စိတ်ချည်းပဲ …"

မှားပါပြီဆိုပြီး သူ့သမီး ပြန်တက်မလာမှာကို ဒေါ်မေ သိသည်။ သူ့ကိုယ်သူ မမှားဘူးသာ ယူဆနေတဲ့ မိန်းမပဲဟာ …။ ယူဆရလောက်အောင်လဲ … သူ့ယောက်ျား အောင်ချမ်းဟာ ဒေါ်မေ သဘောမကျ မကြည်ဖြူတာကလွဲရင် ရိုးရိုးသားသား ကြိုးကြိုးစားစားနှင့် သားနှင့် မယားကို တတ်နိုင်သလောက် လုပ်ကျွေးခဲ့တာပဲ။

အရက်မသောက် ဖဲမရိုက် ဆေးလိပ်ပင်မသောက် အပိုတစ်ပြားမှ မသုံးဘဲ သားမယားအပေါ် သစ္စာရှိ ကြင်နာသောလူအေးတစ်ယောက်ဖြစ်ကာ ဆင်းရဲတာ ဝင်ငွေမကောင်းတာ တစ်ခုပဲ အဆိုးရှိပါသည်။ ဝင်ငွေမကောင်းရှာပေမယ့် ရသမျှ တစ်ပြားမကျန် မယားကိုအပ်ပြီး အိမ်မှာ ရေခပ်ပေး ဈေးဝယ်ပေး ရေတ်သီးထောင်းပေး စသဖြင့် … မယားကိုကြင်နာသော ယောက်ျားမျိုး ရထားသည့် မာလာက … ဘယ်လိုလုပ်ပြီး မှားပါပြီဟု နောင်တရမလဲ။

ဆင်းရဲတာသိသိနှင့် လိုက်သွားခဲ့တာပဲဟာ။ ငြိမြ ချွေတာရတာအတွက် တစ်ချက်လေး ဝမ်းနည်းမှာလဲ မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သားအမိနှစ်ယောက်သား ဘယ်သူကမှ စိတ်မလျှော့ ...။ ထို့ကြောင့် အဘွားဒေါ်မေကလဲ လှမ်းမခေါ်။ ဒေါ်မာလာကလဲ အလိုအလျောက် ရောက်မလာပါ။

အောင်မော်ကတော့ ... အဘွားထံမှာ သူ့ထက်သုံး နှစ်နီးပါးကြီးမည့် မြေးတစ်ယောက်ရှိတာ ငယ်ကတည်းက ထိုသို့ သိခွင့်ရနေခဲ့ပါသည်။ အောင်မော်တို့ သားအမိ အပေါ် အဘွားက ကောင်းလှပါသည်။ အောင်မော် ဆယ်တန်းအောင်တော့ တက္ကသိုလ် ဆက်ပို့ပေးမည်ဆိုတာ သိရတဲ့အခါ သူမျက်ရည်လည်အောင် ကျေးဇူးတင်ရသည်။

အလုပ်ရှာပြီး အဝေးသင်ပဲယူဖို့ စဉ်းစားခဲ့တာကို အဘွားက သဘောမတူပါ။ တက္ကသိုလ်ကို ကက်ခွင့်ရခဲ့ပါသည်။ အောင်မော် အိမ်မှာ ကူညီရသည်မှာ ... အဘွားကို ကားမောင်း၍ တစ်ခါတစ်ရံ ဟိုဟိုဒီဒီ ပို့ပေးရတာနှင့် ... အနည်းအကျဉ်းသော အပင်လေးတချို့ကို ရေလောင်းပေါင်းသင် ... ခြံထဲတံမြက်လှဲရ တာ ... ဒါပဲရှိပါသည်။

အဲသလိုနှင့် စိတ်မာမာ ခပ်ပြတ်ပြတ် နေလာလိုက် ကြတာ တစ်နေ့သောအခါ ကြားထဲက မနေနိုင်သူက တဲ့တိုးတိုးတိ သတင်းလာပို့မှပင် ...။

"ဒေါ်ဒေါ် ... မာလာ ဆုံးပြီ ..."

"ဟင် ..."

အဲဒီ'ဟင်' တစ်ချက်တည်းနှင့် ထိုင်ကျသွားလိုက်





ာ ... ပြန်ကို မမတ်ထူတော့ပါ။ အဘွား အိပ်ရာထဲလဲသည်။ ဝ်ဦးတည်းသော ချစ်သမီးကို နှစ်ရှည်လများ စိတ်တင်းနာကြည်း ားတာ ... စိတ်ကို လျှော့ချလိုက်ချိန်မှာတော့ လူပါဗုန်းဗုန်းလဲ ွားတော့သည့် အထိပါပင်။

ဒေါ်မာလာ့ အသုဘလဲ အဘွား မသွားနိုင်လိုက်ပါ။ ဘွားကို အောင်မော်တို့ သားအမိ ဂရုစိုက် ပြုစုကြရပါသည်။ ဆွေနီးမျိုးစပ် ကြားလူတို့ကိုသာ အဘွား စုံစမ်းရသည်။

"ငါ့မြေး ဘယ်သူနဲ့ နေနေလဲ ..."

"သူ့အဖေ အစ်မမိသားစုဆီ လိုက်သွားတယ် ဒေါ်ဒေါ်၊ အိမ်ကလဲ ငှားထားတာဆိုတော့ ပြန်အပ်လိုက်ရတာပေါ့၊ လောလောဆယ် အဲဒီမှာပဲ ...၊ အဲ ... ကြီးဒေါ်မိသားစု ကလဲ ... မဖြစ်လို့ ခေါ်ထားတာ နေပေမယ့် စေတနာသာ ရှိတာ အင်အားက ရှိတာမဟုတ်ဘူး၊ ရရှာစားစားတွေပဲ ...၊ ကောင်လေးကို ဘယ်နည်းနဲ့မှတော့ ကျောင်းဆက်ထားပေး နိုင်မှာ မဟုတ်ဘူး ..."

"ငါ့မြေးက ဘယ်အတန်းရောက်ပြီလဲ ..."

"ဒေါ်ဒေါ့်မြေးက ဆရာဝန်လောင်းလေ ...၊ တစ်နှစ်ခွဲလောက် တက်ပြီးရင် အလုပ်သင်ဆရာဝန် ဖြစ်တော့မှာ ..."

"ဟင် ... ဒါဖြင့် ခါးပြတ်လို့ ဘယ်ဖြစ်မလဲ ..."

"ဒါပေါ့ ဒေါ်ဒေါ်ရယ် ...၊ ကလေးကိုတော့ အာဃာတ မထားပါနဲ့တော့ ... မာလာလဲ ရှိတော့တာမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ဘာမှအပြစ်ရှိတာမှ မဟုတ်ဘဲ …၊ အတူပြန်ခေါ်ထားလိုက်ပါလား ဒေါ်ဒေါ် …၊ ကိုယ်လဲ အသက်ကြီးလာပြီ …၊ ဈေးပိုင်းမှာ မြေးဆရာဝန် အနားမှာရှိရင် … အားကိုးရတာပေါ့ …"

"အင်း …၊ မာလာ … မာလာ … တော်ပါပေတယ် …၊ သေသာသွားရော … မအေကို တစ်ချက် လာမတွေ့ဘူး၊ သူ့သားတော့သူ ဆရာဝန်ဖြစ်အောင် ပျိုးထောင်သွားလေရဲ့၊ သူဆုံးသွားလို့ သူ့သား ဆရာဝန် ဖြစ်မလာတာမျိုးတော့ အဖြစ်မခံနိုင်ပါဘူးအေ …၊ ညည်းတို့ပဲ ငါ့မြေးကို အကျိုးအကြောင်းပြောပြီး သွားခေါ်လာကြပါ …၊ ဒီမှာလာနေပါစေ …"

"ဟုတ်ကဲ့ …"

ကြားလူဟာ စေတနာပါပါ ဝမ်းသာအားရနှင့်ကို ကောက်စနဲ့ ပြေးခေါ်ပေးတော့တာပင်။ သို့ပေမယ့် … မိုးညချမ်းက လိုက်ပါမလာခဲ့ပါ …။ အဲဒီတုန်းက အဘွားဝမ်းနည်းသွားကာ အောင်မော်တို့ အသိဆုံး။ ထိုစိတ်ကြောင့် ပိုနလန်မထူတော့တာပင်။

"ကောင်လေးကပြောတယ်၊ သူ့အဘွားဆိုတာကို သူ ရေရေရာရာတောင် မသိပါဘူးတဲ့၊ သူ့အမေကလဲ ဘာမှမပြောဖူးဘူးတဲ့ …၊ သူ့အတွက် သိပ်စိမ်းနေတယ်၊ မလိုက်ချင်ဘူးတဲ့ …၊ သူ့ကြီးဒေါ်ကတော့ … ဒေါ်ဒေါ့်ကို ကောင်းကောင်း





သိတော့ ကြားကနေ ဝင်ပြောပေးပါတယ်၊ မာလာ့အမေရင်း သူ့အဘွားရင်းဖြစ်ကြောင်း … သူသေချာသိကြောင်းပေါ့လေ …၊ သူတို့ကလဲ မိုးညချမ်းကို ထည့်လိုက်ချင်ပါတယ်၊ သူတို့ဆီနေရင် ရှေ့ရေးမှုန်ဝါးဝါးနဲ့မို့လား၊ ဒါပေမယ့် သိပ်တိုက်တွန်းပြန်ရင် … မိုးညချမ်း စိတ်ထဲမှာ သူ့ကို ခေါ်မထားချင် တာဝန်မယူချင်လို့လား ထင်မှာစိုးလို့နဲ့ တူပါရဲ့ …၊ လုံးဝ တိုက်တွန်းတာမျိုးတော့ မလုပ်ဘူး၊ ကိုယ့်ဟာကိုယ် ဆုံးဖြတ်ပဲ ပြောတယ်၊ ကောင်လေးကတော့ လုံးဝမလိုက်ချင်တာ …၊ အဘွား သက်ရှိထင်ရှား ရှိတယ်ဆိုတာတောင် သူ ခုမှသိတာ၊ သူ့အတွက် သိပ်ပြီး အစိမ်းသက်သက် ဖြစ်နေတယ် …"

"မာလာ … မာလာ …၊ ဒင်းစိတ်ကြီးပုံက ငါ့အပေါ်ရက်စက်လွန်းရော ကျလွန်းပါတယ်အေ …၊ မြေးကိုတောင် ဘွားအေရှိမှန်း ပေးမသိဘူး …၊ တကယ်ဆို ငါ့မြေးဟာ မပူပင် မကြောင့်ကြဘဲ ချမ်းချမ်းသာသာလေး ဆရာဝန် ဖြစ်ရမှာ …"

ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး အဘွားဒေါ်မေဟာ မိုးညချမ်းရဲ့ ကြီးဒေါ်မိသားစုထံ မိုးညချမ်း အတွက် ကျောင်းစရိတ် ထောက်ပံ့ငွေ လစဉ်ပို့ပို့လှူလှူပေးပို့ ထောက်ပံ့ရုံသာ တတ်နိုင်ခဲ့ပါသည်။

ဒီလိုနှင့် မိုးညချမ်း ဆေးတက္ကသိုလ်ရဲ့နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပိုင်း ဗိုင်နယ်လ်ပ်တူး ရောက်ခဲ့ပြီးချိန်မှာ … အဘွားဒေါ်မေကျွန်းမာရေး ဖောက်ပြန်လာပါသည်။ နောက်ဆုံးအချိန်မှာ နီးကပ်လာသော အဘွားဟာ သူ့ပစ္စည်းတို့ကို မြေးဖြစ်သူကို အမွေပေးတော့မှာမို့ အောင်မော်တို့ သားအမိ အခြေမပျက်ရအောင် … ရပ်ကွက်တစ်ခုမှာ သုံးလွှာနှင့် လေးလွှာ တိုက်ခန်းနှစ်လွှာနှင့် တကွ … ငွေဆယ်သိန်းကိုလဲ လုပ်ကိုင်စားဖို့ ပေးကမ်းပါသေးသည်။

"ကျွန်မတို့ သားအမိအတွက် ဒီလောက် မလိုပါဘူး ဒေါ်ဒေါ်ရယ် …၊ အောင်မော်ကို ဘွဲ့ရအောင် ပညာတတ်အောင် သင်ပေးခဲ့တဲ့ ကျေးဇူးကပဲ ဆပ်မကုန်ပါဘူး …"

ဒေါ်အောင်မော့် အမေက ငိုရှာသည်။

"အောင်မော် ဘွဲ့ရဖို့ ငါကုန်ကျရတဲ့ ငွေကြေးတန်ဖိုးက ညည်းတို့ကျေးဇူးနဲ့ မယှဉ်သာပါဘူး အေးမိရယ်၊ အထီးကျန်ပြီး တစ်ယောက်တည်း စောင့်ရှောက်မယ့်သူမရှိ အဖော်အလှော်မရှိ ဖြစ်နေတဲ့ ငါလို အဘွားကြီးတစ်ယောက်ကို ညည်းတို့သားအမိ မေတ္တာစေတနာနဲ့ အဖော်ပြုစောင့်ရှောက်ကြည့်ရှုပေးခဲ့တာက ဒီထက်မက တန်ပါတယ် … ညည်းတို့သားအမိဟာလဲ ငါ့ဆွေမျိုးပဲ …"

မိုးညချမ်းကို အမွေလွှဲပြောင်း ပေးအပ်ဖို့ သွားအကြောင်းကြားခဲ့ရသူက အောင်မော် ဖြစ်ပါသည်။ မိုးညချမ်းနှင့် စကားပြောဆိုရသောအခါ ဤသူဟာ အေးတိအေးစက်နိုင်သော်





လဲ … စိတ်နှလုံးသဘော အေးချမ်းသူ ဖြစ်ကြောင်း သိရပါသည်။ အဘွားထံ မလာတာဟာလဲ သူပြောသလို တကယ့်ကို စိမ်းနေ၍ မလာခြင်း သက်သက်ပင်။

အဘွားအပေါ် မကျေနပ်ချက် … တစ်စုံတစ်ရာသော အာဃာတ ရှိနေဟာမျိုးတော့ မဟုတ်ပြန်ပါ။

"အခု … အဘွားက အလွန်ဆုံးနေ တစ်လဆိုတဲ့ အခြေအနေမျိုး ရောက်နေပါပြီ အစ်ကို …၊ အစ်ကို့အတွက် သူစိမ်းတစ်ယောက် ဖြစ်နေပေမယ့် … တကယ်တမ်းကတော့ အဘွားရင်းချာပါ"

"ဒါပေမယ့် … သူ့မှာ ကျန်ရစ်တဲ့ ပစ္စည်းတွေ ကျွန်တော် လက်ခံရမယ်ဆိုတာတော့ မဟုတ်သေးဘူး …၊ ကျွန်တော်နဲ့ သူနဲ့မှ မသိဘဲ …"

"မသိပေမယ့် အစ်ကို့အမေရဲ့ အမေရင်းလေ …"

"အင်း … အဲလို အမွေတွေ လာလက်ခံရမယ် ဆိုတာ တစ်မျိုးကြီးပဲဗျာ …၊ စိတ်မသန့်သလိုပဲ၊ သိပ်စိမ်းနေတယ် …"

"ဒါပေမယ့် အဘွားမှာက အမွေဆက်ခံစရာ အစ်ကိုတစ်ယောက်ပဲ ရှိတာပါ …"

မိုးညချမ်းရဲ့ ကြီးဒေါ်ကလဲ အဘွား ကျောင်းစရိတ်တွေ ထောက်ပံ့ခဲ့သည့် အဖြစ်တွေကို ဝင်ပြောပြပေးနေပါသည်။ သူဟာ လူတစ်မျိုးတော့ လူတစ်မျိုးဟု အောင်မော် နားလည်ရပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုယ်ကရမည့် ကိစ္စတစ်ခုကိုပင် ... သင့်မသင့် ဝေဖန်ဆန်းစစ် နေချင်သေးပုံတွင် ဟန်ဆောင်မှု တကယ်မပါ။

"အဘွား အတော်နေမကောင်း ရှာတာပါ၊ ဒီအချိန်မှာ ဆရာဝန်ဖြစ်လုဆဲဆဲ မြေးများ အနားရောက်လာရင် အဘွား စိတ်ချမ်းသာရှာမှာပါ အစ်ကို ..."

"လိုက်သွားပါ မိုးညရယ် ...၊ အဘွားကြီးခမျာ သေတဲ့အထိ သူ့သမီးကို ပြန်မတွေ့သွားရှာဘူး ... ခုသူမသေခင် မြေးကိုတော့ တွေ့ခွင့်ရသွားရှာပါစေ ..."

မိုးညချမ်း လိုက်လာပါသည်။

တကယ်တမ်း သေလုမျောပါး အဘွားရင်းကို တွေ့လိုက်တော့လဲ သူဟာ နှလုံးသားနူးညံ့သူတစ်ယောက်ပါ။ နေ့စဉ်ရက်ဆက် ရောက်လာကာ ဆရာဝန်ညွှန်ကြားချက်နှင့် ပြုစုယုယကုသစောင့်ရှောက်ပါသည်။ ပွေ့ပွေ့ပိုက်ပိုက် ကြင်ကြင်နာနာရှိပါသည်။ မိုးညချမ်းဟာ စကားနည်း၍ ကြင်နာတတ်သူတစ်ဦးဆိုတာ အောင်မော် သိရသည်။

အဘွားဆုံးတော့ ... အောင်မော်တို့ သားအမိက တိုက်ခန်းကိုပြောင်းကာ ... မိုးညချမ်းကတော့ ကြီးဒေါ်အိမ်မှာပဲ ပြန်နေပါသည်။ အမွေရသော ခြံကျယ်နှင့် ဤတစ်ထပ်တိုက်ကလေးကိုတော့ ... မိုးညချမ်းက ငှားရမ်းထားခဲ့တာပါ ...။ သူ့ကြီးဒေါ်ရဲ့သားသမီး မောင်နှမဝမ်းကွဲတို့ကိုလဲ မိုးညချမ်းက စောင့်ရှောက်ပါသည်။ သူ့အစ်ကိုဝမ်းကွဲကို အဲဒီတုန်းက တန်ဖိုးဆယ့်





ငါးသိန်းလောက်နှင့် အငှားကားတစ်စီး ဝယ်ပေးကာ ... ကားဆွဲစေတာမို့ ကြီးဒေါ်မိသားစုလဲ အဆင်ပြေလာပါသည်။

ရိုးသားကျိုးနွံတတ်သည့် စရိုက်ရှိသည့် အောင်မော့်အမေဟာ မိုးညချမ်းကို အဘွားဒေါ်မေ၏ မြေးဖြစ်၍ ကိုယ့်ရဲ့အလုပ်ရှင် သခင်တစ်ယောက်နှယ် ဆက်လက် ကျိုးနွံမြဲ ...။ အမေ့ရဲ့ အဆက်မပြတ်စေမှုကြောင့်ပင် ... အောင်မော်နှင့် မိုးညချမ်းတို့ အမြဲတွေ့ဆုံဖြစ်ကြပါသည်။ အောင်မော်သည် မိုးညချမ်း၏ အကြံပြုမှုကြောင့်ပင် ကျောင်းအပြီးမှာ Lab technician တစ်ယောက်ဖြစ်ဖို့ ဆေးရုံကြီးမှာ သင်တန်းတက်ဖြစ်ခဲ့ပါသည်။

ဒါကြောင့်လဲ ... မိုးညချမ်း ကျောင်းအပြီး အလုပ်ဝင်ကာ ဆ-မ,ရတော့ ဒေါ်ပုလဲတို့ရဲ့ ဆေးခန်းကြီးမှာ နှစ်ယောက်အတူ အလုပ်လျှောက်ကာ နှစ်ယောက်လုံး အတူအလုပ်ဝင်နေခဲ့ကြတာပင်။ မိုးညချမ်းက တစ်ချိန်မှာ ကိုယ်ပိုင်ဆေးခန်းကြီးတစ်ခုထူထောင်ဖို့ စိတ်ကူးရှိတာမို့ ... အောင်မော့်ကိုပါ သူနှင့်မခွဲမခွာ လိုင်းသွင်းထားခဲ့တာ။

မိုးညချမ်း သစ်ခွဆေးခန်းကြီးမှာ အလုပ်ဝင်လုပ်ပြီး ဆေးခန်းပိုင်ရှင်ရဲ့သမီး ... သစ်ခွနှင့် မေတ္တာမျှ ချစ်သူတွေ ဖြစ်ကြသည့် ဇာတ်လမ်းကို အောင်မော် တောက်လျှောက် သိခဲ့ပါသည်။ ထိုဆေးခန်းမှာ စ,လုပ်ကတည်းက မိုးညချမ်းဟာ အောင်မော်တို့ တိုက်ခန်းသို့ ပြောင်းရွှေ့လာကာ အတူနေခဲ့တာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အောင်မော်တို့ တိုက်ခန်းနှင့် ဆေးခန်းတည်ရှိရာ တိုက်ကြီးဟာ ကြားမှာ ကန်ထရိုက်တိုက်ကြီး ခုနစ်လုံးသာခြား ကာ နီးနီးနားနား ရှိလှပါသည်။ ဒါကြောင့်လဲ ဆေးခန်းက ဆရာဝန်လေးနှင့် ဓာတ်ခွဲခန်းမှူးဟာ ညီအစ်ကိုလိုလို ဆရာတပည့် လိုလို။ တစ်ရပ်ကွက်လုံး တစ်လမ်းလုံးက မိုးညချမ်းကို ခင်မင် အားကိုးကြပါသည်။

ဆေးခန်းပိုင်ရှင်တို့ဟာ နောက်ဖက်လမ်းထဲက ခြံဝင်း နှင့်တိုက်မှာ နေကြတာမို့ ဒီရပ်ကွက်သားပဲဖြစ်ကာ ... သစ်ခွနှင့် မိုးညချမ်း၏ ဓာတ်လမ်းကိုလဲ တစ်ရပ်လုံး တစ်လမ်းလုံး သိနေ ကြတာပါ။ သူတို့ခင်မင်သော ဆရာဝန်လေးနှင့် တစ်ရပ်ကွက်လုံး ပြသနေရသည့် ဆေးခန်းပိုင်ရှင်သမီးတို့ရဲ့ ဓာတ်လမ်းကို တစ်ရပ် လုံးက နေနဲ့လ ရွှေနဲ့မြလို အဆင်ပြေ သင့်မြတ်လှသည် သတ် မှတ်ထားတာ။

စေ့စပ်ကြတော့မည့် သတင်းစကားကလဲ ဆေးခန်း အသိုင်းအဝိုင်းမှတစ်ဆင့် လွှင့်ပျံ့ပြီးသား။ စေ့စပ်ဖို့ ဆုတ်ဆိုင်းလိုက် ပြီး ပျက်သလောက် ဖြစ်သွားတာကို မိုးညချမ်းက အောင်မော်ကို ပင် ပြန်မပြောခဲ့ပါ။ ညဘက်ကစ်ည အိမ်ပြန်အလာကတည်းက မိုးညချမ်း မျက်နှာပျက်လာတာတော့ အောင်မော် ရိပ်မိသည်။ နောက်နှစ်ရက်လောက် ... မိုးညချမ်း ဆေးခန်းကို အလုပ်မသွား ဘဲ နေတာကို ဘာကြောင့်ပါလိမ့် စဉ်းစားနေဆဲ ... ဆေးခန်းပိုင် ရှင့်ရဲ့ ဒရိုင်ဘာထံမှ အောင်မော် သတင်းကြားခဲ့ရပါသည်။





အောင်မော်ကလဲ သူကြားခဲ့ရတဲ့ နေ့မှာပင် အိမ်ပြန် ရောက်တော့ မိုးညချမ်းကို ဖွင့်မေးပါသည်။

"အစ်ကို ... ဒရိုင်ဘာ ကိုချစ်က ပြောနေတယ်၊ မသစ်ခွနဲ့ အစ်ကို စေ့စပ်ပွဲပျက်သွားပြီတဲ့ ... အဲဒါ ဟုတ်လား၊ အစ်ကို ဆေးခန်းမသွားတော့တာ ဒါကြောင့်လား ..."

"ဟုတ်တယ် အောင်မော် ..."

"ဘာဖြစ်လို့ ပျက်သွားတာလဲ အစ်ကို ..."

"အဲဒါကော ... မင်း ကြားမလာဘူးလား ..."

အောင်မော်က တုံ့နေးသွားပြီးမှ ...

"ကိုချစ်ကပြောတော့ အစ်ကို့မှာ မိန်းမရှိတယ်ဆိုလား ...၊ အဲဒါ လုံးဝမဟုတ်မှ မဟုတ်တာပဲ၊ ကျွန်တော် သိတာပဲ"

"သြော် ... အဲဒီလို သတင်းဖြစ်နေလား၊ ဒီသတင်းက မကောင်းပါဘူးကွာ ...၊ သစ်ခွ သိက္ခာကျရှာပါ့မယ် ...၊ မဟုတ်ဘူး ဆိုတာ ... မင်းပြောပြပေါ့ ...၊ ငါတော့ ... ဒီတစ်ပတ်အတွင်းပဲ အိမ်ပြောင်းတော့မယ်ကွာ ...၊ ဟိုတိုက် လဲ လူငှားမရှိတာ ခုနစ်လလောက် ရှိပြီပဲ၊ ဆေးခန်းမှာလဲ ငါ ဆက်မလုပ်ဖြစ်တော့ပါဘူး ..."

အောင်မော်သည် မိုးညချမ်း အတွက် စိတ်မကောင်း ဖြစ်ကာ ...

"ဟာ ... အစ်ကို ဒီဆေးခန်းကထွက်ရင် ကျွန်တော်လဲ ထွက်မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာလို့ထွက်ရမှာလဲ၊ မင်းဘာသာ ဆက်လုပ်နေပေါ့ ..."

"ဘယ်ဆေးခန်းမှာလုပ်လုပ် ရတာပဲ၊ ခုဟာက မဟုတ်တဲ့ သတင်းကြီးနဲ့ အစ်ကို့ကို အထင်လွဲပြီး စေ့စပ်ပွဲပျက် ... အစ်ကိုလဲ ဆေးခန်းကထွက် ဖြစ်တာ၊ ကျွန်တော်လဲ ဆက်မလုပ်ချင်ပါဘူး ..."

"ထွက်နေတဲ့ သတင်းကတော့ မဟုတ်တဲ့ သတင်းပါ ...၊ ဒါပေမယ့် အန်တီပုလဲတို့ စေ့စပ်ပွဲဖျက်တာကတော့ ငါ့ကို အထင်လွဲလို့ မဟုတ်ဘူး အောင်မော် ...၊ သူတို့အကြောင်းပြချက်ကတော့ မှန်တယ် ..."

"အဲဒါ ဘာလဲ အစ်ကို ... ဘာအကြောင်းကြောင့်လဲ ..."

"မမေးပါနဲ့တော့ အောင်မော်ရာ ...၊ ငါလဲ ဒီမျက်နှာတွေ ဒီလမ်းထဲ ပြန်ရင်ဆိုင်နေရတာ မတွေ့ချင်လို့ အိမ်ပြောင်းမှာ ..."

ဘာကြောင့် စေ့စပ်ပွဲ ပျက်ရသည်ကို မပြောပြ၍ အောင်မော်လဲ ဇွတ်တော့ ဆက်မမေးရဲ။ သို့သော် အောင်မော်က ဆုံးဖြတ်ချက်ချကာ ...

"ကျွန်တော်လဲ အလုပ်ထွက်မယ်၊ ပြီးတော့ ဟိုမှာ အစ်ကို တစ်ယောက်တည်း သွားနေရမှာ ... ကျွန်တော်လဲ လိုက်နေမယ် ..."

"ဟာ ... မင်းအမေနဲ့ မင်းနေပေါ့ ..."





"အစ်ကိုတစ်ယောက်တည်း ဖြစ်နေမှာ ..."

"ဖြစ်ပါတယ်ကွာ၊ အရေးမကြီးပါဘူး၊ မင်းအမေ တစ်ယောက်တည်း ဖြစ်နေမှာကျတော့ ဘယ်လိုလုပ်မလဲ ...၊ ငါက ခဏရွှေ့တာ မဟုတ်ဘူး၊ အပြီးပြောင်းတော့မယ်၊ ပြီးရင် တခြားမှာ ဆေးခန်းတစ်ခုဖွင့်ဖို့ လုပ်မယ်၊ အဲဒီကျ မင်းကို ခေါ်လိုက်မယ်၊ ငါ့ဆီရွှေ့လုပ်ပေါ့ ..."

"ခုကတည်းက အလုပ်ထွက်မှာ ... အမေတစ်ယောက်တည်းနေလဲ ဘာဖြစ်လဲ ... ရပါတယ်၊ ဟိုကို အပြီးပြောင်းသွားရင် ... အမေတစ်ယောက်တည်းဆို အခန်းတစ်လွှာငှားစားလို့တောင် ရတယ် ..."

"မင်းကလဲကွာ ... ဒီက အခြေအနေကို ဖျက်ပြီး ..."

ဒေါ်အေးမိက ဝင်ကာ ...

"ဘာမှ အခြေမပျက်ပါဘူး မောင်မိုးည ...၊ မောင်မိုးည တစ်ယောက်တည်း မဖြစ်ပါဘူး၊ ကသီလင်တနဲ့ ...၊ အောင်မော်ကို ထည့်ပေးလိုက်မှာပေါ့ ...၊ ဒေါ်ဒေါ်နေလို့ ဖြစ်တယ် ...၊ ဘာမှ နောက်ဆံတင်းဖို့ မလိုဘူး ..."

"ဒါဖြင့်လဲ မထူးပါဘူး၊ အားလုံးပြောင်းလိုက်ရုံပဲပေါ့ ...၊ ဒီအခန်းကို နှစ်ထပ်စလုံးသာ လူငှားတင်ပစ်ခဲ့တော့ ..."

"အဲ့လိုလဲ ရတာပဲ ...၊ မောင်မိုးညက ခပ်မြန်မြန်ပြောင်းချင်တာ မဟုတ်လား၊ ဆရာတပည့် ညီအစ်ကိုနှစ်ယောက် အရင်ပြောင်းနှင့် ...၊ ဒေါ်ဒေါ်က အခန်းငှားဖို့ ပစ္စည်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေအပ် သေချာငှားပစ်ခဲ့ပြီးမှ ပြောင်းလာခဲ့မှာပေါ့၊ ဒေါ်ဒေါ်ပါလာရင် ... မောင်မိုးည စိတ်အနေ ကျဉ်းကျပ်မှာစိုးလို့သာ ...”

“ခုလဲအတူနေနေမှပဲ ဒေါ်ဒေါ်ရာ ... ကျဉ်းကျပ်စရာလား”

“မဟုတ်ဘူးလေကွယ်၊ မောင်မိုးညက မျက်နှာသိပ်ပျက်နေပြီး စိတ်ဆင်းရဲတဲ့ ပုံစံမျိုး မြင်နေရလို့ပါ ...၊ ဘာမှ ရေရေရာရာလဲ မသိတော့ ဘယ်လိုက မောင်မိုးညအတွက် အဆင်ပြေမလဲလို့ပါ ...၊ ဟိုမှာ အတူလာပြန်နေရ ... ပိုတောင်ကြိုက်တာပေါ့ ...၊ ဘာပြဿနာရှိမှန်း ဒေါ်ဒေါ်တို့က မသိတော့ အားနာလို့ပါ ...”

“ဘာမှ ပြဿနာမရှိပါဘူးဗျာ ...”

“သူတို့ တစ်ခုခု အထင်လွဲတာ မဟုတ်လား အစ်ကိုရာ”

“သူတို့ အထင်မလွဲပါဘူး အောင်မော်ရာ ... ငါ့ဘက်က တကယ်ရှိခဲ့တဲ့ နောက်ကြောင်းကြောင့်ပါ ...”

“အစ်ကို့မှာ မိန်းမတော့ မရှိဘူးမို့လား၊ ကျွန်တော်နဲ့ စသိခဲ့တဲ့လေးငါးနှစ်အတွင်းမှာတော့ မိန်းမ မရှိတာ သိနေတာပဲလေ ...၊ ဒီအရင်ကဆိုလဲ အစ်ကို ဆေးကျောင်းသားဘဝပဲ ရှိသေးတာပဲ၊ မိန်းမရှိစရာလား ...”

မိုးညချမ်းသည် မပြောချင်သော်လည်း သူ့ကိုဆွေလို



နှိုးလို အားကိုးချစ်ကြည်ကြသည့် ထိုသားအမိကို ဆက်ဖုံးမထားချင်။ တခြားတစ်နည်းနည်းနှင့်လဲ ကြဲဖန်သိသွားနိုင်တာပဲ။ သူ ပြောပြတာက ပိုကောင်းပါမည်။

“မိန်းမရှိတာ မဟုတ်ပေမယ့် မိန်းမခိုးပြေးခဲ့ဖူးတာကွ ...၊ ဒါကို ဒေါ်ပုလဲ ကြားလာတယ်၊ ကြားလာတဲ့သတင်းကလဲ မှန်တယ်၊ ကဲ ... ဒါပဲကွာ၊ ဆက်မမေးနဲ့တော့ ...”

အောင်မော်မှာ မကျေမလည် နှုတ်ပိတ်ခဲ့ရပါသည်။ ခုတော့ ... သူတို့နှစ်ယောက် အရင်ပြောင်းရွှေ့လာခဲ့ပြီ။ မကြာခင်မှာ အောင်မော်အမေ ဒေါ်အေးမိလဲ လိုက်လံပြောင်းရွှေ့လာပါလိမ့်မည်။ အိမ်ကို အကြမ်းဖျဉ်းပဲ ရှင်းလင်းကာ ရွှေ့ပြောင်းလာသည်မှာ ဒီနေ့ပါနှင့်မှ သုံးရက်ပဲ ရှိပါသေးသည်။

အိမ်ကလေးက သုတ်ဆေးသစ်အနံ့နှင့် စိမ်းရွှေရွှေဖြစ်နေသည်။ ပစ္စည်းတချို့ နေရာချလိုက်ပြီးလျှင်တော့ အိမ်ကျယ်ကျယ်ထဲ ပစ္စည်းနည်းနည်းနှင့် မျက်စိရှင်းရှင်း သပ်ရပ်သွားပါလိမ့်မည်။

“ကဲ ... အောင်မော်ရေ ... တော်လောက်ပါပြီကွာ ...၊ ငါ အထဲမှာ သိမ်းဆည်းမယ်၊ မင်း ဆေးပုံးတွေ လှေကားတွေ ဟိုးနောက်က ဂိုဒေါင်ထဲသာ သွားစုပုံခဲ့ကွာ၊ ပြီးမှ ထပ်ရှင်းမယ်၊ ဒီညနေဖက် ... ပစ္စည်းတွေ နေရာတကျချရအောင်၊ ဟော့ကောင် ... ဘာစိုက်ကြည့်နေတာလဲ ...”

“ဘာမှ မဟုတ်ပါဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့ကို ဘာပြောမလို့လဲ ... ပြောကွာ၊ ပြောခွင့်ပြုတယ် ..."

"မေးချင်တာ အစ်ကို ..."

"ဟင်း ... မင်းကလဲ ဒါပဲစိတ်ဝင်စားနေတော့တာပဲ ..."

"ဟုတ်တယ် ...၊ ကျွန်တော် သိချင်လို့ပါ ...၊ အစ်ကို နီး ပြေးတယ်ဆိုတဲ့ မိန်းမနဲ့ အစ်ကို မယူဖြစ်ဘဲ ... သူ ဘယ်ရောက်သွားလို့လဲ ..."

"သူ့အိမ်က ပြန်မိသွားတာပါပဲ အောင်မော်ရာ ...၊ ငါက မွဲတယ်မဟုတ်လားကွာ၊ အဲဒီတုန်းက ဆေးကျောင်းတော့ စ,တက်နေပါပြီ ...၊ ဒါပေမယ့် မုဆိုးမသားကွာ၊ အိမ်လေး တစ်ခြမ်းလောက်ကို ငှားနေရတယ်ကွာ၊ မေမေက စက်ချုပ်ပေမယ့် သိပ်မပြေလည်တော့ ... ငါက ကျောင်းဆင်း အပြီး ညနေပိုင်းမှာ ပုံနှိပ်တိုက်တစ်ခုမှာ နေ့စားအလုပ်ဝင်လုပ်နေရတယ် ...၊ သဘောတူနိုင်တဲ့ သမက်တစ်ယောက်ဖြစ်ဖို့ သိပ်နိမ့်ကျနေတယ်ပေါ့ကွာ ...၊ နှစ်ဆယ့်လေးနာရီ မပြည့်ခင် ပြန်မိပြီး သိမ်းသွားကြပါတယ် ..."

"ဟာ ... ရက်စက်လိုက်တာ၊ ဘာပဲဖြစ်ဖြစ် မိန်းကလေးက ပါလာပြီးပြီပဲ၊ အသက်မပြည့်ဘူးလား ..."

"အဲဒီတုန်းက ငါ နှစ်ဆယ့်နှစ်နှစ်ဆိုတော့ သူလဲ ဒီအရွယ်ပါပဲ၊ ငါ့ထက် လပိုင်းပဲ ငယ်ပါတယ်"

"ဟာ ... အစ်ကိုက အရင်ဆုံး လက်မှတ်ထိုးထားရမယ့်





ကိစ္စကို ...၊ ကျွတ် ...၊ အခုရော အဲဒီအစ်မကြီး ဘယ်မှာလဲ ..."

"တခြားမြို့တစ်မြို့မှာ ရှိပါလိမ့်မယ်၊ ငါမစုံစမ်းတော့ပါဘူး အောင်မော်ရာ ...၊ ငါနဲ့ခွဲ၊ တခြားမြို့ကို ပို့လိုက်ပြီး အဲဒီမြို့က သူဌေးသားတစ်ယောက်နဲ့ ပေးစားလိုက်တယ်ဆိုတာပဲ ငါသိလိုက်တယ် ..."

အောင်မော်က စိတ်မကောင်းသလို ငိုင်နေပါသည်။

"အစ်ကို ... အဲဒါကို မသစ်ခွကို မပြောထားခဲ့ဘူးပေါ့"

"ငါ ... ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောဘူး၊ ပြန်ကို မပြောချင်ဘူး၊ လုံးဝ မေ့ထားတယ်၊ သစ်ခွက တအားစိတ်ဆိုးစိတ်နာတာပေါ့ ... သစ်ခွတို့ ဒေါ်ပုလဲတို့ မမှားပါဘူးကွာ၊ မလွန်ပါဘူး ...၊ ကဲ ... ပုံးတွေ လေ့ကားတွေ သယ်သွားတော့ ..."

အောင်မော်က ဆေးပုံးလွတ် ... ခွလေ့ကားတို့ကို ထမ်းကာ ခြံထဲဆင်းလာခဲ့ပါသည်။ ခြံနောက်ဘက်က ကားဂိုဒေါင်အဖြစ် သုံးမရတော့အောင် ဟောင်းမြင်းအိုမင်းနေပြီဖြစ်သော ဂိုဒေါင်ပျက်လေးဆီ သယ်လျှောက်လာရင်း တစ်ဖက်ခြံစည်းရိုးဝင်းအတွင်းမှ နှစ်ခြံကြား ပုဏ္ဏရိတ် စည်းရိုးတန်းကို ညှိဖြတ်နေသူ တစ်ယောက်နှင့် ဆုံသည်။

ထိုသူက အောင်မော့်ကို ဖော်ရွေလိုသော မျက်နှာနှင့် ကြည့်ကာ ပါးစပ်မှ ဆေးလိပ်တိုကို ဖြုတ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"လူသစ် ပြောင်းလာသလားဗျ ..."

"ဟုတ်ကဲ့ ... သုံးရက်လောက်ပဲ ရှိပါသေးတယ် ..."

"လူငှားလား ... အိမ်ရှင် ပြန်နေတာလား ..."

"ဒီခြံပိုင်ရှင်ပါပဲ ...၊ အိမ်ရှင်က ဒေါက်တာမိုးညချမ်းပါ၊ ကျွန်တော်ကတော့ ညီတပည့်ပေါ့၊ အတူလိုက်နေတာ..."

"သြော် ... ဆရာဝန်တစ်ယောက် ပြောင်းလာတာကိုး ...၊ ဟန်ကျတာပေါ့ဗျာ၊ အားကိုးစရာရှိ ကိုးရတာပေါ့ ...၊ ကျွန်တော်က မောင်ထိပါ၊ ဒီက ဒရိုင်ဘာမာလီ ယိုရာသုံးပေါ့ဗျာ ... ဟားဟား၊ ဘာအကူအညီ ပေးရဦးမလဲ၊ ကျွန်တော် အားပါတယ် ...၊ သယ်စရာ ရွှေ့စရာရှိ ခေါ်လိုက်ပါ"

"ကျေးဇူးပါပဲ ကိုမောင်ထိ၊ ကျွန်တော်က အောင်မော်ပါ၊ ပစ္စည်းပစ္စယလဲ သိပ်မပါတော့ ... အလုပ်သိပ်မများပါဘူး"

"လိုတာရှိ ခိုင်းပါဗျာ ..."

"ကျေးဇူးပါပဲဗျာ ..."

အောင်မော်က ဂိုဒေါင်ဆီ ဆက်လျှောက်လာခဲ့ပါသည်။



၃

ရေချိုးခန်းထဲမှ ထွက်လာသော သက်လယ်သည် သူ့အိပ်ခန်းတံခါးဟဟအဝ၌ ရပ်နေသော မိကြွယ်ကို မြင်လျှင် ချက်ခုံးပင့်ပြကာ ...

"ဘာလဲဟေ့ ... မိကြွယ် ..."

"နက်ဖြန် ဘာချက်ရမလဲ မမ ..."

"ရေခဲသေတ္တာထဲမှာ ဘာတွေကျန်သေးလဲ ..."

"ငါးရံ့နည်းနည်း ကျန်သေးတယ် ... ဟိုနေ့က လပြည့်အတွက် ကြော်ပေးပြီး နှစ်ကွင်း သုံးကွင်းပဲ ကျန်တာ၊ ကြက်ပေါင်နှစ်ပေါင်ရယ် ... ဒါပဲရှိတော့တယ် မမ ...၊ နက်ဖြန်ဈေးဝယ်ရမယ် ..."

"သြော် ... အေး အေး ... ငါ နက်ဖြန် ဈေးဝယ်ခဲ့မယ်၊ စာအုပ်ထဲ ရေးမှတ်သွားဦးမှ၊ မေ့လိုက်တာက အလွန်ပဲ၊



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့ လပြည့်ဖို့ ကြက်နဲ့အာလူးနဲ့ အဖြူထည်လေး အချိုလုပ်ပေးလိုက်၊ ပဲငံပြာရည်လေး ခရုဆီလေးနဲ့ လုပ်တတ်တယ် မို့လား ..."

"ဟုတ်ကဲ့ ..."

"အရည်သောက်လေးက ပဲနဲ့ကြာဇံလေးဖြစ်ဖြစ်ဟယ် ... ရှိသေးလား ..."

"ဟုတ်ကဲ့ ..."

"ဘဲဥ ကြက်ဥ ရှိလား ..."

"ဟုတ်ကဲ့ ..."

"ကျန်တဲ့လူတွေအတွက်က ဘဲဥချဉ်ရည်လေးဖြစ်ဖြစ် ချက်လိုက်ဟယ် ...၊ ငါတော့ နက်ဖြန် ထမင်းချိုင့်မထည့်ဘူး၊ သွားရင်း လာရင်း ကြုံသလိုစားမယ်၊ ဆိုင်မှာ ငြိမ်းငြိမ်းပဲထားခဲ့ရမှာ ...၊ ဒီနေ့ ဦးဂျင်မီတို့ မမစန်းတို့ဆီက ဖုန်းလာသေးလား ..."

"မလာဘူး မမ ..."

"ဦးဂျင်မီတို့ ကွန်တိန်နာ ရောက်လာလို့ နက်ဖြန် ငါ ပစ္စည်းတွေ သွားကောက်ရဦးမှာ၊ ထမင်းချိုင့် မထည့်ဘူးနော် ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

"နေပါဦး ...၊ ခုန ငါ့ကို နက်ဖြန် ဘာလုပ်ရမယ် ပြောတာလဲ ... မေ့သွားပြန်ပြီ ..."





"ဈေးဝယ်ခဲ့ရမှာ မမ ..."

"အော် ... ဟုတ်ပြီ ... ဟုတ်ပြီ ..."

ရေသုက်ပြီးသွား၍ ညဝတ်အိပ်ဖို့ စပန့်သားဘလောက်စ်တစ်ထည်ကို ခေါင်းမှ စွတ်ချဝတ်လိုက်ပါသည်။

"မမ ...၊ မိချို့ လက်မှာ ဟိုနေ့က ငါးဆူးတောင် စူးတဲ့အနာက ရင်းလာပြီး ယောင်နေတယ် ...၊ အထဲမှာ ပြည်ရှိတဲ့ အရောင်ကြီးနဲ့ ဖောင်းတင်းနေတာပဲ၊ တအားနာပြီး နည်းနည်းဖျားချင်သလို ဖြစ်နေတယ် ..."

"ဟုတ်လား ... သွားခေါ်လိုက်စမ်း ...၊ ငါကြည့်ရအောင်"

"အိပ်သွားပြီ မမ ...၊ ကိုယ်နွေးပြီး ခေါင်းကိုက်လို့တဲ့ အိပ်သွားပြီ ..."

"မဖြစ်ဘူး ... အဲဒါ ဆရာဝန်ပြမှ ...၊ ငါကလဲ ဒီနေ့မှ အပြန်နောက်ကျနေတယ်၊ နက်ဖြန်ကျ ငါ နောက်မကျဘူး၊ ဆေးခန်းသွားဖို့ ငါ့ကို သတိပေးစမ်းနော် ...၊ အနာရင်းတဲ့ထဲ ညှော်တွေ ဘာတွေ ဝင်သွားရင် မကောင်းဘူး ..."

"ဟုတ်ကဲ့ ..."

"ဒီညနေ လပြည့် ဆရာမ လာရဲ့လား ..."

"လာပါတယ် မမ ..."

"အေး ... အေး ...၊ သွားတော့ ..."

"မမ ... ရေခဲသေတ္တာမှာ ကပ်ထားတဲ့ မီတာစာရွက်က ရက်ကပ်နေပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟော … ကြည့်စမ်း၊ နင် အဲဒါ ခုမှ ငါ့ကိုပြောသလား၊ ဦးမောင်ထိကို နေ့လယ်နေ့ခင်း ပြောပါလား၊ နက်ဖြန်ကျ ငါက ကားယူသုံးနေရဦးမှာ …၊ ရက်ကပ်မှပဲ သတိပေးကြတယ်ဟယ်၊ ငါကမေ့တာနဲ့ … နင်တို့က သတိမရတာနဲ့၊ နက်ဖြန် လပြည့်ကို ကျောင်းပို့ဖို့ ကားတော့ပြန်လွှတ်ဦးမှာပဲ …၊ ကျောင်းပို့ထွက်ရင် အဲဒီမီတာစာရွက် ပေးဖြစ်အောင် ပေးလိုက် …"

"ဟုတ် … ပိုက်ဆံတစ်ခါတည်း ပေးထားပါလား မမ"

သက်လယ်သည် အဝတ်စင်မှာ ချိတ်ဆွဲထားသော ပိုက်ဆံအိတ် သုံးလေးလုံးထဲက လွယ်လက်စ တစ်လုံးထဲ နှိုက်ရင်း …

"ဘယ်လောက် ရေးထားလဲ …"

"နှစ်ထောင့်ခုနစ်ရာကျော်ပဲ မမ …"

ထောင်တန်သုံးရွက် ဆွဲယူကမ်းပေးလိုက်ရင်း …

"ရေခဲသေတ္တာမှာ မီတာစာရွက်နဲ့တွဲပြီး သံလိုက်နဲ့တစ်ခါတည်း ဖိထားနော် …၊ သွားခါနီးမှ ပိုက်ဆံဘယ်နားသိမ်းမိမှန်းမသိ ဖြစ်နေဦးမယ် …"

"ဟုတ်ကဲ့ပါ …"

လှည့်ထွက်သွားသော မိကြွယ်ကို ကြည့်ရင်းမောလာကာ … ခုတင်စွန်းမှာ ထိုင်ချလိုက်ပါသည်။ မိကြွယ် တစ်ယောက် ချက်ချက်ချာချာလေးရှိလို့ တော်ပါသေးရဲ့။ အရာခပ်သိမ်း အားမ





ကိုးရပေမယ့် အတော်များများတော့ အားကိုးရရှာသည်။ နောက်တစ်ယောက် မိချိုကတော့ …အန့်၊အ,အ။ ဘာမှ သူ့ဟာသူ ဖြတ်ထိုးဉာဏ်မရှိ။ မိကြွယ်ရဲ့ လက်တိုလက်တောင်းတပည့် အဆင့်ပဲ ရှိသည်။

အင်း … သက်လယ် ကိုယ်တိုင်ဟာတောင် ဘယ်လောက်များ လည်ဝယ်ချက်ချာလို့လဲ …။ ဒီလိုပဲ ဖွတ်တိုးလုပ်ရင်း ကိုင်ရင်း သူ့ဟာနဲ့သူ ဖြစ်နေတာလောက်သာ ရှိပါသည်။ စာရင်းတွေ ရေးရဦးမည်။ ကိုယ်က ငွေချေစရာတွေ …။ ကိုယ်ကကြွေးရစရာတွေ ရေးမှတ်ပေါင်းနုတ်ရဦးမည်။

ဗိုလ်ချုပ်ဈေးထဲမှာ အဝတ်အထည်နှင့် ဖက်ရှင်ပစ္စည်းလေးတွေရောင်းသော ဆိုင်ကလေး ဖွင့်ထားသော သက်လယ်သည် သွားရင်းလာရင်း ခရီးသွားဟန်လွဲ စိန်ထည်ကလေး ဘာလေးလဲ ပွဲစားလုပ်လိုက်ပါသေးသည်။ ဗိုလ်ချုပ်ဈေးဆိုင် တစ်ခုတည်းနှင့်ကတော့ … ဘာမှမစုမိ …။

ဒါတောင် ဆိုင်ပိုင်မို့၊ ဆိုင်လခ မနုတ်ရလို့သာ …။ သက်လယ် ဝယ်တုန်းက ဆယ်ဂဏန်း ဆိုင်ခန်းဟာ ခုတော့ ရာဂဏန်းသို့ ဈေးတက်လာတာကလေးကတော့ မဆိုးဘူးပေါ့ …။ ဆိုင်ကလေးတစ်ခန်း၊ ကားကလေးတစ်စီးနှင့် စိန်ထည်လေးနည်းနည်းပါးပါးသာ ပိုင်ဆိုင်သော သက်လယ် ပုံစံကိုကြည့်ကာ လူတွေက ဒီလောက်ပဲ ချမ်းသာတာကို မယုံချင် …။

နှသန့်ကြော့ရှင်းသည့် သူ့ပုံစံဟာ အလိုလိုနေရင်း



www.burmeseclassic.com

www.burmeseclassic.com



သူဌေးရုပ် ထွက်နေသေးသတဲ့။ ဟား ဟား။ ယောက္ခမက ဂရိုဏ် သူဌေးဆိုတာ လူတွေသိကြ၍ အလကားနေရင်း အထင်ကြီးကြ သည်။ အခုနေနေသော ခြံနှင့်တိုက်ဟာ ငယ်သွင်ယယ်ချင်း ဒေစီ သူတို့မိသားစု နိုင်ငံခြားမှာ အနေကြာမှာမို့ လူစိမ်းအိမ်ငှား မတင်ရဲ ... ပိတ်ခဲ့ဖို့ရာလဲ အိမ်ပျက်စီးမှာ စိုးရိမ်၍ ... သက်လယ် ကိုဆို စိတ်လဲချရ၊ အိမ်စောင့်သဘောလဲဖြစ်၊ အိမ်ငှားခလဲ စား ဆိုပြီး တစ်ချက်ခုတ် အချက်ချက် ပြတ်အောင် စီစဉ်ငှားရမ်းခဲ့တာ မို့သာ တစ်လသုံးသောင်းတည်းနှင့် နေခွင့်ရနေတာ။

တစ်လသုံးသောင်းဆိုတာဟာ တကယ်တော့ စေ သတ်မှတ်သော ရယ်မောဖွယ် လခပါ။ တကယ်တမ်း သူစိမ်းလူ ဆီကသာ ငှားနေရမည်ဆိုလျှင် ဤခြံဤအိမ်ဟာ ခုကာလမှာ လခရှစ်သောင်း ... တစ်သိန်း ပြေးမလွတ်အောင် ပေးရမှာသာ တချို့တလေကများ ဤအိမ်ဟာ သက်လယ် အပိုင်ဟု ထင်နေ ကြသေးသည်။

အိမ်အခွံကြီးထဲ ထိုင်နေပြီး ဘာမှ မလုပ်မကိုင် မစားမသောက်ဘဲ နေမဖြစ်၍ အရင်က ပိုင်ဆိုင်ခဲ့ဖူးသော ခြံနှင့် တစ်ထပ်တိုက်ပြားလေးကို အပြီးရောင်းခဲ့ရပြီးပါပြီ။ အဲဒီငွေထဲက ထိုစဉ်က ဈေးသက်သာသေးသည့် ဆိုင်ခန်းကိုဝယ်၊ ကားတစ်စီး ဝယ်၊ ကျန်တာ အရင့်အနှီးလေးပြု ...။ ဆိုင်ခန်းဈေးတက်လာတာ ရော ... လွန်ခဲ့တဲ့ လေးငါးနှစ်က ခုနစ်သိန်းတန်ကား ... သိန်း ငါးဆယ် ခြောက်ဆယ် ဖြစ်လာတာရောဟာ ကုသိုလ်ကံပါပဲ။





သို့ပေမယ့် ... ဒါလေးတွေ ထုခွဲပြီး အိမ်ဖြစ်အောင် ...န်လုပ်လျှင် အလုပ်လုပ်စရာ ပိုက်ဆံတစ်ပြားမှ မကျန်ပြန်ဘဲ ...မှာမို့ ... အိမ်မဝယ်နိုင်ပါ။ ဒေစီတို့ ပြန်ရောက်လာလျှင် အိမ် ...ယ်ပေးရလျှင် ဘယ်လိုလဲ ... ဟု စဉ်းစားကြည့်ပါက အသက်ရှူ ...ျပ်စရာဖြစ်၍ မေ့ထားတာက ကောင်းပါသည်။

ရှေ့ရေးကို ဟိုးခပ်ဝေးဝေးထိ မကြည့်ချင်သေးပါ။ လောလောဆယ် ဤအိမ်ထောင်စုကြီးကို ကိုယ့်အလုပ်အကိုင်လေး ...င့် ပြည့်ပြည့်စုံစုံလေး ထိန်းထားနိုင်သေးတာက တော်လှပြီ ...။ ကိုယ်ကလွဲလို့ ဘယ်မှာလဲ ဦးဆောင်မယ့်သူ ...။

သက်လယ်သည် မှန်ရှေ့လာထိုင်ကာ ဆံပင်ကိုဖြီး ...င်း အတွေးတွေ လေလွင့်နေသည်။ စာရင်းတွေလုပ်ဖို့ ပျင်းပြီး ...တမင်တကာကို အချိန်ဖြုန်းနေတာပင်။ ဟော ... အခု ဆယ်နာရီ ထိုးသွားပြီ။ စာရင်းတွေက နှစ်နာရီနီးပါးစာလောက်ရှိသည်။ ခုကစလုပ်ရင် ဆယ့်နှစ်နာရီမှာ အိပ်ရမည်။

သန်းခေါင်ကျော် တစ်နာရီမှ အိပ်နိုင်တယ်ဆိုလျှင် ...အီးရောပျင်းရိချိန် တစ်နာရီယူလို့ ရသေးသည်။ သက်လယ် ကိုယ်ထဲမှာ စာရင်းမြန်မြန်ထ,လုပ်ဖို့နှင့် အီးရောလဲ အရေးမကြီးလှ ပါဘူးဆိုသည့် နှစ်စိတ်က တစ်လှည့်စီ ပြိုင်နေသည်။

မေမေနှင့် လပြည့်က သက်လယ် ရေမချိုးခင်က တည်းက အိပ်နေကြပြီ ...။ ဒီအိမ်မှာ နောက်အကျဆုံး အိပ်ရသူ ဟာ သက်လယ်ပင်။ မိကြွယ် ခမျာ ဒုတိယ နောက်အကျဆုံးအိပ်



www.burmeseclassic.com

www.burmeseclassic.com



ရတဲ့သူ ...။ အင်း ... ခုန မိကြွယ်က နက်ဖြန်လုပ်စရာတွေ
သွားတာ ဘယ်နှခုပါလိမ့် ...။ ဈေးဝယ်ဖို့ရယ် ...။

အော် ... စာရင်းတွေ လုပ်မှုပါပဲ ...။ ရစရာ
ပေးစရာ ဘယ်ဟာက ပိုနေသလဲ သိချင်သည်။ သက်လယ်
ဆိုးဆိုးဆတ်ဆတ် မုန်းရေ့ကထ,လာကာ စာရေးစားပွဲ၌ ထိုင်လို
ပါသည်။ စိတ်အလိုလိုက်ပြီး ဟိုတွေးဒီတွေးတွေ လုပ်နေ
မဖြစ်ပါ။ မြန်မြန်ပြီး မြန်မြန်နားရတာပေါ့ ...။

မှတ်စုစာအုပ်ထဲက ရက်စွဲတွေအတိုင်း ဂဏန်းပေါင်း
စက်တစ်လုံးနှင့် ပေါင်းလိုက် နုတ်လိုက် မြှောက်လိုက်။ ဒီလော
စီးပွားရေးလုပ်နေရတာတောင်မှ သက်လယ်က ဂဏန်းပေါင်းစ
အနှိပ် မကျွမ်းကျင်သေးပါ။ မှားနှိပ်တတ်သေးသည်။ အားလုံးပြ
စီးလျှင် နက်ဖြန်လုပ်ဖို့ကိစ္စဝိစ္စတွေကို မမေ့အောင် စာတစ်ရွက်မှာ
ချရေးရသေးသည်။

(၁) အိမ်ကထွက်ချင်း, ကချင်ပွဲစားဆီ အနီနှစ်ပွင့် ဝင်ယူ
(၂) ဦးဂျင်မီ ဂိုဒေါင်မှာ- ပစ္စည်းသွားရွေးကောက်၊
(၃) ပစ္စည်းတွေ ဈေးဆိုင်ကိုပို့၊
(၄) အနီနှစ်ပွင့် မှာထားသည့် ဒေါ်မိမိအိမ် သွားပြ၊
(၅) ဈေးကိုပြန်၊ ကားကို အိမ်ပြန်လွှတ်၊
(၆) ကားပြန်လာမှ လဲဆိုင်းရောင်းထားသည့် စိန်ထည်
အတွက် လစဉ်ကောက်နေကျငွေ ကောက်ရန်
နှစ်နေရာသွား။





(၇) ဈေးကိုပြန် ...၊ ကားကို ကျောင်းကြိုလွှတ်၊
(၈) မိချိုဆေးခန်းပြဖို့ ...။

စာရွက်ကို ပြန်ဖတ်ပြီး နာရီမော့ကြည့်လိုက်တော့ ဆယ့်နှစ်နာရီခွဲပြီ။ အိပ်ရာဝင်ခါနီး ကော်ဖီသောက်ကျင့် စွဲနေ၍ မိကြွယ် ပို့ထားသော အေးစက်နေပြီဖြစ်သည့် ကော်ဖီမတ်ခွက်ကို တစ်ရှိန်ထိုး မော့ချလိုက်ကာ ထိုင်ရာမှထ,ပြီး ရေချိုးခန်းဝင်ပါသည်။ ခြေဆေး၊ သွားတိုက်ပြီး ထွက်လာပြီးသော် ... အခန်းထဲကထွက်ကာ တစ်ဖက်က လပြည့် အခန်းကိုဖွင့်၍ စစ်ဆေးကြည့်ရှုသည်။

အဲကွန်းနည်းနည်းလျှော့ကာ စောင်ပါးခြုံပေးလိုက်ရသည်။ အပြင်မှာ မိုးစွေနေသဖြင့် ခါတိုင်းထက်အေးသည်။ လပြည့် အခန်းမှထွက်၍ တစ်ဖက်က မေမေ့ အခန်းကိုပါ တံခါးဖွင့်ကြည့်ရှု စစ်ဆေးလိုက်သည်။

"အင်း ... အင်း ..."

မသဲမကွဲ တိုးတိတ်သော ညည်းသံလိုလို မှောင်ထဲမှ ထွက်ပေါ်နေ၍ သက်လယ်က လန့်ကာ မီးဖွင့်လိုက်ပါသည်။

"အင်း ..."

ခုတင်ပေါ်မှ မေမေ့ကိုယ်ခန္ဓာမှာ တစ်စုံတစ်ယောက် ဖိထားခံရတာကို ရုန်းကန်နေသကဲ့သို့ ဖြစ်နေသည်။ ရုန်းကန်နေသလိုမို့ ခြေတွေလက်တွေ လှုပ်ရှားပြောင်းဆန်နေတာလဲ မဟုတ်။ ရုန်းနေလျက်က လှုပ်မရပုံဖြစ်သည်။ မသိမသာကလေးသာ ကိုယ်ကလှုပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



“မေမေ …”

“အစ် … အစ် …”

“ဟင် … မေမေ … ဘာဖြစ်တာလဲ …၊ ဘာဖြစ်လို့လဲဟင် မေမေ …”

မျက်စိပွင့်နေ၍ မေမေ အိပ်ပျော်မနေတာ သိသည်။ သို့သော် မေမေ ဘာမှပြန်မဖြေ။ မဖြေနိုင်ပါ။ မေမေ့ပါးစပ်တစ်ဖက်က မဲ့ကျသည့်သဏ္ဍာန် … ယောင်ယောင်မှု မဲ့စောင်းနေသည်။

“ဟင် … မေမေ … ဘာဖြစ်လို့လဲ …၊ မေမေ့ပါးစပ် ဘာဖြစ်လဲ၊ စကားမပြောနိုင်ဘူးလားမေမေ …၊ လက်ကော … လှုပ်လို့မရဘူးလား …”

သက်လယ်ရဲ့မေမေ ဒေါ်တင်လေးရီရဲ့ လက်ကမေ့ရာပေါ်ဘေးကို နည်းနည်းရွေ့လို့ရသည်။ အပေါ်မမြှောက်နိုင်။ မေမေဟာ တစ်ယောက်ယောက်ကို အော်ခေါ်ဖို့ အကူအညီတောင်းဖို့ ကြိုးစားနေဟန်ရှိပြီး သက်လယ်ကို မြင်တော့ ရှန်းကန်နေသလို လှုပ်ရှားအားထုတ်မှုကို ရပ်လိုက်ပါသည်။

မေမေ့မျက်ဝန်းထဲ မျက်ရည်တွေ လည်လာကာ … ပါးစပ်က ပုံမကျ ပန်းမကျ လေးလေးကြီး ပွင့်ဟလာပြီး …

“တက် … လဲ …”

သက်လယ်ကို မပီမသကြီး ခေါ်လိုက်၍ သက်လယ်ရင်ထဲထိတ်ခနဲ ပူဆို့သွားကာ … သိလိုက်ပါပြီ …။ မေမေ လေဖြတ်သွားတာပဲလား … တစ်ခုခုတော့ ဖြစ်ပြီ။ လှုပ်ရှားဖို့ အား





ထုတ်ထား၍ မေမေ့ နဖူးမှာ ချွေးထွက်နေတာကို ပွတ်သုတ်ပေးရင်း …

“မေမေ …၊ မေမေ နေမကောင်းဘူး ဟုတ်လား၊ သက်လယ် ဆရာဝန်ခေါ်ပေးမယ်နော် … အားမငယ်နဲ့ သိလား မေမေ၊ ငြိမ်ငြိမ်နေနော် …၊ ခဏနေခဲ့နော် …”

သက်လယ်သည် ရုတ်ခနဲထ,ပြေးကာ မီးဖိုဘက်က မိကြွယ်တို့ အခန်းဆီ ချက်ချင်းရောက်လာပြီး တံခါးပုတ်နှိုးသည်။

“မိကြွယ် … မိချို …၊ မိကြွယ် … မိချို …”

ခဏနေလျှင် နှစ်ယောက်သား အိပ်မှုန်စုံမွှား တံခါးလာဖွင့်ပါသည်။

“မမ … ဘာလဲ …”

“မေမေ … မေမေ နေမကောင်းဖြစ်တယ် …၊ မိချို … ကိုဒေါင်ကိုဆင်းပြီး ဦးမောင်ထီ သွားနှိုးစမ်း၊ ဆရာဝန်ခေါ်ရမယ် …”

“ဟုတ် … ဟုတ်ကဲ့ …”

“မိကြွယ် … လိုက်ခဲ့ …”

“ဟုတ်ကဲ့ မမ …”

မေမေ့ ခုတင်အနား ပြန်ရောက်ခဲ့သော်လည်း ဘာမှမလုပ်တတ်ဘဲ ခြေမကိုင်မိ လက်မကိုင်မိနှင့် ပါးစပ်ကသာ အသံတွေ ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြလက်စ ဆရာဝန်လဲမရှိ၊ ခင်တဲ့ဆရာဝန်လဲမရှိ၊ ဟိုလမ်းထိပ်က ... ကားနီလေးအိမ်ကဟာ ဆရာဝန်လင်မယားနော်"

"ဟုတ်တယ် မမ"

"သူတို့အိမ် သွားနှိုးရင် ကောင်းမလား၊ သူတို့ဖုန်းလဲမသိဘူး၊ တောက်၊ မေမေ ဒီနေ့ ဘာတွေစားလဲ ..."

"ညနေက အာပြဲခြောက်ကြော်တွေ စားတယ်"

"ဟာ ... ငါးခြောက်ဆိုတာ အငန်တွေ ...၊ မေမေကသွေးတိုးမရှိသေးပေမယ့် လူကြီးဆိုတာ အငန်လျှော့ရင် ကောင်းတယ်လို့ ငါပြောထားသားနဲ့၊ ဟင်းတွေကို ခပ်ပေါ့ပေါ့ပဲ အမြဲလုပ်ခိုင်းပါတယ် ဆိုနေမှ အာပြဲခြောက်ကြော်က ဘယ်ကရလာတာလဲ ..."

"အန့်တီက အာပြဲခြောက်ကြော် စားချင်လို့ဆိုပြီး ဦးမောင်ထိကို ဝယ်ခိုင်းတာ မမ ...၊ အဲဒါကြောင့် ကြော်ပေးလိုက်တာ၊ ညဦးက အန့်တို့ကို မိုင်လိုပို့ပေးတော့ ... အန့်တီက သူခေါင်းမူးနေဘယ်လို့တော့ ပြောသေးတယ် ..."

"ဟဲ့ ... အဲဒါ ငါ့ကို ဘာလို့ချက်ချင်း လာမပြောလဲ မိကြွယ်ရယ် ...၊ နင်တို့ဟာ အရေးကြီးတာကျ လာမပြောကြဘူး ..."

"အခု ... အန့်တီ ... အန့်တီ ဘာဖြစ်တာလဲ ဟင် ..."

သက်လယ်သည် မေမေ့ကို စိုးရိမ်ပူပန်စွာ နဖူးလေးသပ်ငုံ့ကြည့်ရင်း ... မျက်ရည် လည်လာပါသည်။ မေမေ့မျက်လုံးထဲမှာလည်း မျက်ရည်တွေ စီးကျလာသည်။ ပါးစပ်ကတော့ ရွဲ့တဲ့တဲ့။





"မေမေ ... အားမငယ်နဲ့ ဝမ်းမနည်းနဲ့နော် ...၊ သက်လယ်ခုပဲ ဆရာဝန် သွားခေါ်ပေးမယ် ..."

မိရှိုနှင့် ဦးမောင်ထိ အိမ်ထဲဝုန်းဝုန်းဒိုင်းဒိုင်း ပြေးဝင်လာပါသည်။

"ဦးမောင်ထိ ... မေမေ ဘာဖြစ်လဲ မသိဘူး၊ လေဖြတ်လားမသိဘူး၊ ဆရာဝန် ... ဆရာဝန် ခေါ်ရမယ်၊ လမ်းထိပ်ကကားနီလေးရှိတဲ့ခြံလေ ... အဲဒီမှာ ... ဆရာဝန်လင်မယားရှိတယ်၊ ခင်တော့ သိပ်မခင်ဘူး ..."

"သက်လယ် ... ဟိုဘက်ခြံမှာ ဆရာဝန်ရှိတယ် ..."

"ဘယ်ခြံလဲ ..."

"ဟိုဘက်က ... အရင်က မိသားတစ်စု ငှားနေတဲ့ခြံလေ၊ နောက်တော့ လူမနေတော့ပဲ ပိတ်ထားတဲ့ခြံ၊ အခုအိမ်ရှင်ဆရာဝန် လာနေနေတယ် ..."

သက်လယ်သည် အားတက်သွားကာ ...

"သေချာလား ... ဆရာဝန်ဆိုတာ ..."

"သေချာတယ်၊ သေချာတယ်၊ တပည့်ကောင်လေးနဲ့ စကားပြောဖူးပြီးပြီ ..."

"ဒါဖြင့် သွားခေါ်လိုက်ပါလား ဦးမောင်ထိ ..."

"ဟုတ်ကဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်ထိ လှည့်ထွက်သွားလျှင် သက်လယ်သည် တစ်မျိုးတွေးမိကာ ...

"သက်လယ်ပါ လိုက်မယ် ...၊ မိကြွယ်နဲ့မိချို ... ဒီမှာပဲ စောင့်နေ ..."

"ဟုတ်ကဲ့ ..."

သက်လယ်သည် ဦးမောင်ထိနောက်မှ အပြေးပါလာကာ ...

"အခြေအနေလဲ ပြောပြနိုင်အောင်၊ ပြီးတော့ ကိုယ်တိုင်လိုက်ခေါ်တာ ပိုပြီးတလေးတစားရှိရာ ကျတာပေါ့ ...၊ ဆရာဝန် သေချာတယ်နော် ..."

"သေချာပါတယ် ..."

"ဆရာဝန်ကြီးလား ... လူကြီးလား လူငယ်လား ..."

"လူငယ်ပဲ ... တစ်ခါ လှမ်းမြင်လိုက်တယ် ..."

ကိုယ့်ခြံထဲကထွက်ကာ ကပ်ရက်ခြံတံခါးဝ ရောက်လာပါသည်။ ခြံဝမှ အော်ခေါ်မည်ပြုပြီးမှ ဦးမောင်ထိက ခြံတံခါးခပ်အိုအိုကို လက်နှင့်နိုက်စမ်းကြည့်ကာ ...

"ကန့်လန့်ပဲ ထိုးထားတယ် ...၊ သော့မခတ်ထားဘူး၊ ဖွင့်လို့ရတယ် သက်လယ်၊ လာ ... လာ ..."

"ခွေးတွေ ဘာတွေ ရှိလား ..."

"မရှိဘူး ထင်တယ် ..."

ဦးမောင်ထိနှင့် သက်လယ် တစ်ထပ်တိုက်ပုလေးအထိ ပြေးဝင်လာကြပါသည်။ ပေါ်တီကိုလေးအောက်၌ မီးပွင့်အနီတစ်ပွင့် ထွန်းထားကာ အိမ်ထဲမှာတော့ မည်းမှောင်နေပါသည်။

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ...၊ ဒေါက်တာ ...၊ ဒေါက်တာ ခင်ဗျ ..."

ဦးမောင်ထိက မရပ်မတမ်း အခွန်းခွန်း ဆင့်ခေါ်နေကာ လက်ကလည်း ရှေးဟောင်း သံဘာဂျာတံခါးကို တဂျမ်းဂျမ်း လှုပ်နေပါသည်။ သက်လယ်သည် အိမ်ရှင်တို့ကို အားနာမိသော်လည်း မတတ်နိုင်ပါပြီ။ မေမေ့ အခြေအနေက အရေးကြီးနေသည်။

ခုမှပဲ မီးမွှေနေတာကို သတိထားမိတော့ကာ ထီးလဲမပါလာကြ၍ ဦးမောင်ထိရော သက်လယ်ပါ စိုတိစိုစွတ် ရှိနေပါပြီ။

"ဗျို့ ... ဘယ်သူလဲ ..."

အိမ်ထဲက အသံတစ်သံ ထွက်လာသည်။

"ဟိုဘက်ခြံကပါခင်ဗျ၊ ဒေါက်တာရှိပါသလား၊ အိမ်မှာလူနာအသည်းအသန် ဖြစ်လို့ပါ ..."

"သြော် ... ခဏနေဦး ..."

အထဲက လှုပ်ရှားတံခါးဖွင့်သံများနှင့် လူတစ်ယောက်ထွက်လာပါသည်။

"သြော် ... ဟိုဘက်ကပဲ ..."

"ဟုတ်ကဲ့ ...၊ ခင်ဗျားဆရာ ဒေါက်တာများ ရှိသလားဗျာ"

"ရှိပါတယ်၊ ဘာဖြစ်လို့လဲ"

သက်လယ်သည် ရှေ့နည်းနည်းတိုးရပ်ကာ ...







www.burmeseclassic.com

www.burmeseclassic.com



"ဟို ... ကျွန်မ အမေလေ ... လေဖြတ်တာ ထင်ပါတယ်၊ ဖြစ်နိုင်ရင် တစ်ချက်လောက် လိုက်ကြည့်ပေးပါလားရှင်"

"အောင်မော်ရေ ... ဘာလဲကွ ..."

အိမ်တွင်းက အသံတစ်သံ ထွက်လာကာ အောင်မော်က နောက်ဖက်လှည့်ပြီး ...

"ဟိုဘက်ခြံကပါ အစ်ကို ...၊ အိမ်မှာ လူနာတစ်ယောက် လေဖြတ်တယ် ထင်တယ်တဲ့၊ အဲဒါ အကူအညီ လာတောင်းတာ ..."

ဖျတ်ခနဲ မီးရောင်ထဲသို့ လူတစ်ယောက် ထွက်လာပါသည်။ သက်လယ်သည် အခြေအနေပြောဖို့ ခြေလှမ်းရှေ့တိုးလိုက်ပြီးမှ အရိုက်ခံလိုက်ရသလို မိုက်ခနဲဖြစ်ကာ ကောင့်တောင့်ကြီး ကြက်သေ သေသွားလေသည်။

ထွက်လာသော မိုးညချမ်းသည်လည်း အိမ်ပြင်ပေါ်တီကိုအောက်မှ မိုးရေစိုစွတ်နေသော သက်လယ်ကို အမြင်တွင် မျက်စိတွေ ပြာမိုက်ကာ ပါးစပ်အဟောင်းသား ဟ,သွားပါသည်။ စက္ကန့်အနည်းငယ်မျှ အသက်ကင်းမဲ့သလို ငြိမ်သက်တောင့်တင်းနေမိပြီးလျှင် သက်လယ်သည် ချာခနဲလှည့်ကာ မိုးရေထဲ ပြန်လှည့်ထွက်လိုက်မိသည်။

ရင်တွေတဆတ်ဆတ်ခုန်ကာ ဒူးပါတုန်ယင် အားလျော့လာပြီး လေးငါးလှမ်း လှည့်ထွက်သွားပြီးသော် ခြေစုံရပ်လိုက်မိပါသည်။





မိုးည ...။

ဒီဘက်ခြံ၌ မိုးည ရောက်ရှိနေလိမ့်မည်ဟု ဘယ်တုန်းကမှ စိတ်ကူးပင် ယဉ်မကြည့်မိဘူးခဲ့ ...။ ဘာကြောင့်များ အနီးကပ်ဆုံး နေရာတစ်ခုသို့ သူရောက်လာခဲ့ရပါလိမ့် ...။ သက်လယ်သည် ခြေစုံရပ်ကာ ပါးပြင်ပေါ် တလိမ့်လိမ့် စီးကျလာသော မျက်ရည်တို့ကို သုတ်ကာ နောက်ဖက်သို့ ဖြည်းဖြည်းလေး ပြန်လှည့်လိုက်ပါသည်။

မိုးညချမ်းက ခေါင်းကို စိုက်ချထားသည်။ ဦးမောင်ထိနှင့် အောင်မော်က သူတို့နှစ်ယောက်ကို အံ့အားတသင့် တစ်လှည့်စီ ကြည့်နေပါသည်။ သက်လယ်သည် ခြောက်သွေ့သော အာခေါင်ထဲ တံတွေးမျိုချလိုက်မိပြီး ...

"မိုးည ..."

ခပ်တိုးတိုးသာ ခေါ်လိုက်မိပေမယ့် မိုးညချမ်းက ဆတ်ခနဲ မော့လာသည်။ နွမ်းမှုန်သော မသက်မသာ မျက်နှာနှင့် သက်လယ်ကို စူးစိုက်ကြည့်နေလေသည်။

"မေမေလေ ... ခုပဲ ... လေဖြတ်သွားတယ် ထင်တယ် ...၊ ညနေက အကောင်းကနေ ... အခု ... ပါးစပ်လဲရွဲ့ပြီး စကားလဲ မပီဘဲ ... လှုပ်မရ ဖြစ်နေတယ် ...၊ တစ်ဆိတ်လောက်များ မိုးည လိုက်ကြည့်ပေးနိုင်မလား ..."

စကားပြောနေရင်း သက်လယ် ပါးပြင်ပေါ် လိုက်ကျ



www.burmeseclassic.com

www.burmeseclassic.com



လာသော မျက်ရည်ပေါက် နှစ်သွယ်ကို စိုက်ကြည့်နေမိကာ မိုးညချမ်း ရင်ထဲ နာကျင်၍ ပူလောင်မြိုက်ကျွမ်းလာပါသည်။

သက်လယ်။

သက်လယ်။

တွေ့စရာအကြောင်း မရှိတော့ဘူး ထင်ထားတာ။ ဒီမျက်နှာဟွေ ဒီမျက်နှာတွေကို ဘယ်လိုများ ပြန်ကြည့်ရမလဲ။ မိုးညချမ်း စိတ်ပျက်ခြင်း ဝမ်းနည်းခြင်း အံ့သြခြင်း နာကျင်ခြင်းတွေနှင့် တစ်ခဏ ငြိမ်နေသည်။ အောင်မော်က သူ့ကို အကဲခတ်နေရာမှ ...

"အစ်ကို ..."

သတိပေးသလို ခေါ်လိုက်ပါသည်။

"အေး ... အောင်မော် ... ဆေးအိတ်ယူလိုက်ပါ၊ နေ ... နေ ...၊ လေဖြတ်တယ် ထင်ရတာဆိုတော့ လိုအပ်မယ် ထင်တဲ့ဆေးတွေ လာထည့်ဦးမယ် ..."

မိုးညချမ်း လှည့်ဝင်သွားလျှင် သက်လယ်သည် ခေါင်းကိုငုံ့၍ အတွေးပေါင်းများစွာကို လျှပ်တစ်ပြက် ရှုပ်ယှက်ခတ်အောင် တွေးလိုက်မိပါသည်။ ဦးနှောက်ဟာ မီးကင်ခံလိုက်ရပြီး ကြီးမားပွထလာသလို ခေါင်းထဲ ပူလောင်ကျပ်ခဲလာသည်။ ပြန်မစဉ်းစားချင်သော အဖြစ်အပျက်တို့က ရှောင်လွှဲမရဘဲ ခေါင်းထဲ အစီအစဉ် မကျမန ပြေးလွှားရုန်းရင်းဆန်ခတ် ဖြစ်နေပါသည်။





"လာ ... သွားမယ်၊ အောင်မော် ... သော့ခတ်ပြီး လိုက်ခဲ့ ..."

"ဟုတ်ကဲ့ အစ်ကို ..."

ရှေ့ဆုံးက ဦးမောင်ထီ။ နောက်က မိုးညချမ်း။ နောက်က သက်လယ်။ မိုးစိုဟိစိုစွတ်ထဲ ခပ်သွက်သွက်လျှောက်လာခဲ့ရင်း ...

"ဘာများသေးသလဲ ...၊ စားတာသောက်တာ ... ဒါမှမဟုတ် တစ်ခုခု စိတ်အနှောင့်အယှက် ဖြစ်စရာ ..."

"ဘာမှတော့ မဖြစ်ပါဘူး၊ ဒါပေမယ့် အာပြဲခြောက်ကြော်တွေတော့ ညနေက စားတယ်တဲ့ ..."

"သွေးတိုးရှိလား ..."

"ရှိတယ်ပြောလို့ မရဘူး ...၊ လွန်ခဲ့တဲ့ တစ်နှစ်လောက်က အုန်းနို့ခေါက်ဆွဲစားပြီး နည်းနည်းမူးလို့ ဆေးခန်းပြဖူးတယ်၊ အဲဒီတုန်းက သွေးနည်းနည်းတက်နေတယ်တော့ ပြောတယ်၊ ဒီကြားထဲတော့ မတက်ဘူး ..."

"ပုံမှန်သွေးကျဆေး သောက်နေရတာမျိုး မရှိဘူးပေါ့ ..."

"မရှိပါဘူး ..."

ခမ်းနားသပ်ရပ်သော အိမ်တွင်းထဲကို မိုးညချမ်းက တစ်ချက်လောက်သာ အကဲခတ်ကာ ရှေ့က ဦးဆောင်ရာအတိုင်း လူနာအခန်းထိ ရောက်လာခဲ့ပါသည်။

"မေမေ ... ဆရာဝန် ပါလာပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



မိုးညချမ်းသည် သူ့ကို စိုက်ကြည့်နေသော ဒေါ်တင်လေးရီကို လက်မောင်းပတ်စည်း၍ သွေးဖိအားတိုင်းသည်။ နားကျပ်နှင့် အသေအချာ နားထောင်နေပါသည်။

"တစ်ရာကိုးဆယ့်ငါး တစ်ရာ ရှိတယ်၊ သွေးတက်လေ့မရှိတဲ့လူတစ်ယောက်အတွက်ဆို အတော်တက်သွားတာပဲ၊ ချက်ချင်း သွေးချပေးရမယ်၊ ဆေးနည်းနည်းထိုးမယ် ..."

ပြောပြီး သက်လယ်ထံ လှည့်ကြည့်လိုက်၍ သက်လယ်က သဘောတူကြောင်း ခေါင်းညိတ်ပြလိုက်ရပါသည်။ ဆေးပုလင်းရွေးချယ် ... တစ်ခါသုံးဆေးထိုးအုပ်ဖွင့်ပြီး ဆေးစုပ်နေသော မိုးညချမ်းကို နောက်ဘက်စောင်းစောင်းမှ ငေးစိုက်ကြည့်နေမိကာ ရင်ထဲ၌ အားကိုးခြင်းတို့နှင့် ပြည့်လျှံအားတက်ကာ ... လုံခြုံစိတ်ချမှုတစ်ခုကို ပီတိနှင့် ခံစားရသည်။

သူဆေးကုသနေပုံကို တစ်သက်နှင့်တစ်ကိုယ် ခုမှ ပထမဦးဆုံး မြင်တွေ့ဖူးတာဖြစ်၍ စိတ်၌ ကျေနပ်ကြည်နူး ဂုဏ်ယူကာနေမိသည်။ လျှံလျှံတက်လာသော မျက်ရည်တို့ကို မျက်တောင်ပုတ်ခတ်ထိန်းကာ မိုးညကို မှတ်မိနေမှန်း သိသာသော မေမေ့ကိုပါ အကဲခတ်၍ ကတုန်ကယင် ဖြစ်နေမိပါသေးသည်။

ဘာစကားတစ်ခွန်းမှ မဆိုဘဲ သူ့ဟာသူ လုပ်စရာရှိတာတွေသာ လုပ်နေသော မိုးညချမ်းကိုတစ်လှည့် ... မျက်ဝန်းများထဲမှ အရောင်အမျိုးမျိုး တလဲ့လဲ့လျှံဖြာနေသော ဝမ်းနည်းတုန်လှုပ်နေပုံရသည့် သက်လယ်ကိုတစ်လှည့် အောင်မော်က အကဲခတ်





နေပါသည်။ မြင်မြင်ချင်းပင် ပြင်းထန်စွာ တုန်လှုပ်သွားကြတဲ့ သူနှစ်ဦးပုံစံဟာ မရိပ်မိဘဲ နေနိုင်စရာ မရှိပါ။

"ကိုအောင်မော်နဲ့ တွေ့ဖူးပြီး ဒီအိမ်မှာ ဆရာဝန်ရှိမှန်းသိထားမိလို့သာ တော်ပါတော့ဗျာ ...၊ ညကြီးမင်းကြီးဆိုတော့ အားနာဖို့တော့ ကောင်းပါတယ် ..."

"ကိစ္စမရှိပါဘူး၊ လူနာက အရေးကြီးနေတာပဲ ..."

"ဒေါက်တာက ဘယ်ဆေးရုံကပါလဲ"

"ဂျိုက်ကာ ကပါ ..."

အမေးအဖြေ လုပ်နေသော ဦးမောင်ထိနှင့် အောင်မော်ရဲ့ စကားသံတွေကို နားစွင့်နေမိရင်း ... မိုးညကိုသာ မမှိတ်မသုန် ကြည့်နေမိပါသည်။

"ကျွန်တော်ပြောတာ ကြားတယ်နော် ...၊ ဟောဒီမှာ ကျွန်တော့်လက်ကို အားရှိသလောက် ဆုပ်ကိုင်စမ်းပါ ..."

ဒေါ်တင်လေးရီ လက်ဖဝါးထဲ မိုးညချမ်းက လက်ညှိုးထည့်ပေး၍ ဒေါ်တင်လေးရီက ညှစ်ဆုပ်ကိုင်ပါသည်။

"ဒီဖက်ကော ...၊ ဒီဖက်ကလဲ ဆုပ်ကြည့်ပါဦး ..."

ဒေါ်တင်လေးရီသည် မိုးညချမ်းကို မျက်ရည်လည်သော မျက်လုံးအစုံနှင့် စိုက်ကြည့်နေကာ မိုးညချမ်း ခိုင်းသည့်အတိုင်း လိုက်လုပ်နေပါသည်။ မိုးညချမ်းက ဒေါ်တင်လေးရီ မျက်နှာကို မကြည့် ...။ သူစေခိုင်းနေသော ကိုယ်အင်္ဂါအစိတ်အပိုင်းကိုသာ ကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလက်က အပေါ်နည်းနည်းမြှောက်ကြည့်ပါ"

အားယူ၍ တဖြည်းဖြည်းမြှောက်လာသည်။

"ဒီဖက်ကော ...၊ အဲ ... ရတော့ ရတယ်နော်၊ နည်းနည်းလေးနေတာတစ်ခုပဲ၊ စကားနည်းနည်း ပြောကြည့်ပါဦး၊ အခု ဘယ်လို ခံစားနေရသလဲ ..."

"မူး ... နေတယ် ..."

"နည်းနည်းပဲ မေးလေးနေတာ၊ ပြောလို့လဲ ရပါတယ်၊ ဘာမှဖြစ်ဘူး၊ သွေးတိုးနဲ့ နေကျင့်မရှိဘဲ ရုတ်တရက် ခပ်များများ တိုးသွားတော့ တစ်ကိုယ်လုံး အကြောအချဉ်တွေ တင်းပြီး လေးမယ်၊ သွေးတိုးကျသွားအောင်လဲ ဆေးထိုးခဲ့တယ် ...၊ အခု ဒီဆေးတွေတိုက်မယ်၊ ဒီဖက်လဲပါတယ် ... စိတ်ငြိမ်ပြီး ဖြည်းဖြည်းအိပ်ပျော်သွားအောင်ပေါ့ ... သွေးလဲ ဖြည်းဖြည်းချင်း ကျသွားပါလိမ့်မယ်၊ ကျသွားရင် ခုဖြစ်နေတာတွေ ကောင်းသွားမှာပါ၊ ဒါပေမယ့် နက်ဖြန်တော့ ဆရာဝန်ကြီး တစ်ယောက်ယောက်နဲ့ ပြလိုက်ပါဦး၊ စစ်စရာရှိတာတွေ စစ်ထားကြည့်ရအောင်"

သက်လယ်သည် လက်ပိုက်ရက်နှင့် ခေါင်းလေးပဲညိတ်နေမိရာ ... ဘာသံမှ နောက်ကမလာ၍ မိုးညချမ်း လှမ်းကြည့်လိုက်မှ ...

"ဟုတ်ကဲ့ ..."

ခပ်သွက်သွက် ဖြေလိုက်ပါသည်။





"သွေးတိုးနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှ သေချာမပြဖူးဘူးနော် ..."

"မပြဖူးပါဘူး ..."

"ဆရာကြီး '———'နဲ့ ပြလိုက်ပါ၊ ဗဟိုစည်မှာ ထိုင်ပါတယ်"

"ဟုတ်ကဲ့ ..."

"မနက်ကျ တစ်ခေါက်တော့ သွေးလာချိန်ကြည့်ပေးမယ်၊ ဒီညထဲ တစ်ခုခုထူးရင်လဲ လာထပ်ခေါ်လို့ရတယ် ... အားမနာပါနဲ့ ..."

"ကျေး ... ကျေးဇူးတင်ပါတယ် ... မိုးည ..."

"အခုချက်ချင်းလိုပဲ သွေးချလိုက်နိုင်မှာမို့ လေတော့မဖြတ်နိုင်ပါဘူး ...၊ မြန်မြန်သွေးကို မချနိုင်ဘဲ တရိပ်ရိပ် တစ်ရှိန်ထိုး ဆက်တက်သွားရင်သာ စိုးရိမ်ရမှာ ...၊ သွေးကမြင့်တယ်နော်၊ မပေ့ါပါနဲ့ ..."

မိုးညချမ်းက သူ့ဆေးအိတ်ကို ဂျပ်ခနဲ ပိတ်လိုက်၍ အောင်မော်ရော ဦးမောင်ထီပါ ရှေ့တိုးဆွဲယူလိုက်ကြပါသည်။

"ကျွန်တော် လိုက်ပို့ပါ့မယ် ကိုအောင်မော် ..."

"နေခဲ့ပါ ...၊ နှစ်ယောက် အဖော်ရှိတာပဲ ..."

ဦးမောင်ထီက သက်လယ်ကို အကဲတခတ်ခတ်လုပ်နေသော်လည်း သက်လယ်က ဆေးဖိုးဝါးခနှင့် ပတ်သက်၍ ဘာမှမပြောလေ၍ ပြန်ကြတော့မည့် ဆရာဝန်နှင့် တပည့်ဆီ ကွက်ကြည့် ကွက်ကြည့်လုပ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆေးဖိုး ဘယ်လောက် ကျပါသလဲ ဒေါက်တာ သက်လယ် ... မေးလေ"

သက်လယ်နှင့် မိုးညချမ်း ဖျတ်ခနဲ မျက်လုံးချင်း ဆုံကာ ဖျတ်ခနဲ ကိုယ်စီ မျက်နှာလွှဲရင်း ... မိုးညက ...

"နေပါစေ ...၊ ဒီတစ်ခေါက်တော့ မယူဘူး ... နောင် ကြုံမှပဲ"

"ကျေးဇူးပါပဲ ဆရာရယ် ..."

ခေါင်းညိတ်ကာ ဖျတ်ခနဲ အခန်းထဲက ခပ်သွက်သွက် ထွက်သွားသည့် မိုးညချမ်းတို့ ဆရာတပည့်နောက် ဦးမောင်ထီ ရော ... သက်လယ်ပါ ... ပါလာသည်။ တစိုက်စိုက်ထွက်သွား ပြီမို့ အိမ်တံခါးဝ ရောက်မှပင် ...

"ကျေးဇူးပါပဲ ... မိုးည ..."

ကမန်းကတန်း အမိလှမ်းပြောလိုက်ရကာ မိုးညချမ်း ကတော့ လှည့်မကြည့်ဘဲ ခေါင်းဆတ်၍ ထွက်သွားပါသည်။



၄

ညကတည်းက မေမေ့အနား သက်လယ် စောင့်အိပ် ပြီး ခဏ ခဏ ထ,ကြည့်နေခဲ့တာပင်။ မေမေ အေးအေးချမ်းချမ်း နှစ်နှစ်ခြိုက်ခြိုက်နှင့် မနက်ထိ အိပ်ပျော်ပါသည်။ မနက်ကျ ... မကြည်လင်သော ဦးခေါင်းနှင့် သက်လယ် အိပ်ရာထ,ရကာ နံနက်စောစော အိမ်ထဲမှာ စီစဉ်နေကျ ကိစ္စဝိစ္စတွေ ထုံးစံအတိုင်း ပြေးလွှားစီစဉ်ညွှန်ကြားနေရပါသည်။

မေမေ့ကိုလဲ မျက်နှာသစ်ဖို့ ကူညီလုပ်ကိုင်ပေးကာ စားစရာတစ်ခု စီစဉ်ပေးခဲ့ပြီး ခုမှ မျက်နှာသစ်ရင်း တစ်ခါတည်း ရေချိုးဖို့ သက်လယ် ရေချိုးခန်း ဝင်ခဲ့ပါသည်။ ညကတည်းက ဘယ်လိုမှ မတွေးမိအောင် ဖျောက်မရခဲ့သော အတွေးတွေက ခေါင်းထဲ အစီအရီ ဝင်ကာလာသည်။

မိုးည ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးညကို ဒီလို နီးနီးကပ်ကပ် ပြန်ဆုံစည်းရမည်ရယ် လို့ သက်လယ် တကယ်ပင် မထင်ခဲ့ပါ။ စိတ်ကူးပင် ယဉ်မကြည့် ခဲ့မိဖူးပါ။ လက်ရှိရောက်ရှိနေထိုင်နေကြတဲ့ အရပ်ဒေသဟာ ဟိုးတုန်းက မိုးညနှင့် သက်လယ်တို့ နေခဲ့ကြဖူးတဲ့ အရပ်ဒေသ မဟုတ် ...။

တစ်ရပ်ကွက်တည်း နေထိုင်ဆုံတွေ့ဖူးခဲ့ကြသည့် နောက်ပော့ သူတစ်နေရာ ကိုယ်တစ်နေရာ ဝေးကွာသွားခဲ့ကြပြီး ပြန်ဆုံစည်းကြတော့ တိုက်တိုက်ဆိုင်ဆိုင် နှစ်ဦးလုံးဟာ တစ်ရပ် ကွက်တည်း ဟာ်လမ်းတည်းကို ကပ်ရက်ခြံနှစ်ခြံမှာတဲ့ ...။

ခွဲခွာခဲ့ကြရတုန်းက မိုးညဘက်က နာကြည်းစရာ မခံရပ်နိုင်စရာတွေချည်းသာ ဖြစ်ခဲ့တာမို့ သက်လယ် ရင်ထဲ ထိခိုက်ခံစားခဲ့သမျှကို ပြောမပြတတ်ပါ။ ဘေးလူတွေ ယုံကြည်သည် ဖြစ်စေ ... မယုံကြည်ဘူးဖြစ်စေ ... သက်လယ်ရဲ့ ရင်ထဲမှာ မိုးည ချမ်းဆိုတဲ့ လူတစ်ယောက်ကို သတိမရတဲ့နေ့ ... တစ်နေ့ပင်မရှိ ခဲ့ပါ။

တမ်းတသည်ရယ်လို့ မဆိုနိုင်ငြားပေမယ့် ... တစ် နေ့ကိုတစ်ကြိမ်တော့ အနည်းဆုံး သတိရမိခဲ့တာပဲ မဟုတ်လား။ ရန်ကုန် ပြန်ရောက်လာတော့လဲ တကူးတက မစုံစမ်းပေမယ့် ကြားရသမျှ နားစွင့်ကာ မှတ်သားကာနှင့် ... မိုးည ဆရာဝန် ဖြစ်သွားတာ၊ ဆေးခန်းတစ်ခုမှာထိုင်တာ ... ဆေးခန်းပိုင်ရှင်သမီး နှင့် ချစ်နေကြတာအထိ ... သက်လယ် ကြားဖူးထားပါသည်။



ကိုယ်တိုင်က ဆိုင်ဖွင့်ထားတဲ့သူမို့ ... ကိုယ့်ဆီလာ ကြ အားပေးကြ ခင်မင်ကြနှင့် ဝင်ထွက်ကြသူတွေဟာ နေရပ်စုံ နေရာစုံက ...။ ခရီးသွားဟန်လွှဲဆိုဘာလို သတင်းစုံ ကြားနေရတဲ့ သူမျိုးပါ ...။ ပြီးတော့ ... ပွဲစားအလုပ်ကလဲ လုပ်နေသေးတော့ ပွဲစားဆိုသည်မှာ နေရာစုံကို သွားလာဝင်ထွက် ခြေဆန့်နေရသူ မျိုး မဟုတ်လား။

ရပ်ကွက်စုံ နေရာစုံကို ရောက်ပါသည်။ သတင်း မျိုးစုံကိုလဲ ကြားရပါသည်။ အလိုအလျောက်ပင် မိုးညရဲ့အကြောင်း တွေကို ကြားသိနေတာ ...။ မိုးညမှာ ချစ်သူရှိနေပြီဆိုတော့ ဝမ်း နည်းဝမ်းသာ ရင်မှာ ထိခိုက်ခံစားခဲ့ဖူးပါသေးသည်။ ပိုက်ဆံရှိသော မိဘတို့ရဲ့ တစ်ဦးတည်းသော သမီးလေး ဖြစ်ပြီး ... တစ်ဘက် မိဘကလဲ မိုးည အပေါ် ကြည်ဖြူလိုးဟာသည့်ဆိုတာပါ သိရတဲ့ အခါ ... သူ့ကိုယ်စား ကြည်နူးဝမ်းသာပေးနိုင်ခဲ့ပါသည်။

မိုးညနေထိုင်တာဟာ '----' ရပ်ကွက်မှာလို့ သိထား ပါလျက် လူချင်းသာ မဆုံစည်းတာ။ အခု ဘာကြောင့် တစ်ဖက် ခြံ ရောက်နေပါသလဲ။ ဦးမောင်ထီ စကားအရ ... အိမ်ငှားဆက် မထားတော့ဘဲ အိမ်ရှင်ဆရာဝန် ပြန်လာနေတာတဲ့။

မိုးညဟာ ဧကတစ်မတ်ကျော် ကျယ်ဝန်းသော နေ ရာကောင်းက ခြံတစ်ခြံနှင့် တိုက်တစ်လုံးကို ဒီနှစ်တွေအတွင်း ဘယ်လိုများ ပိုင်ဆိုင်သွားခဲ့ပါလိမ့် ...။ သူလက်ထပ်မည့်သူလေးရဲ့ ပိုင်ဆိုင်မှုများလား။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကလဲ ငြိုးစီစီ ရင်ကလဲ နောက်နောက် သည်နှင့် .. သက်လယ်သည် ရေကို အကြာကြီး စိမ်ချိုးနေမိ အတော်နှင့် မပြီးပါ။

အဲဒီအချိန်အတွင်းထဲမှာ မိုးညနှင့် အောင်မော် အိမ်ဝရောက်လာပါသည်။ ခြံဝက ဝင်လာကတည်းက ဦးမောင်ထိ က အပြေးကြိုကာ အိမ်ထဲ ဖော်ရွေစွာ ခေါ်လာခဲ့ပါသည်။ အိ ထဲမှာ တွေ့ရသော မိချို့ကို ...

"မိချို့ ... သက်လယ်ရော ...၊ ဆရာဝန်လာတယ်လို့ ခေ လိုက်ပါ"

"မမ ရေချိုးနေတယ် ... ဦးမောင်ထိ"

"ကိစ္စမရှိဘူး ဦးမောင်ထိ ...၊ လူနာနဲ့ တွေ့ဖို့လိုရင်းပါ တစ်ယောက် လိုက်ပို့ပေးပါ ..."

ဦးမောင်ထိသည် စကားနည်းကာ လိုရင်းပြောတတ် ရသည့် ဆရာဝန်လေးကို လေးလေးစားစားကြည့်ကာ ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ လာ မိချို့ ...၊ ငါပါအခန်းထ လိုက်ခဲ့မယ် ..."

မိချို့ ရှေ့က ဦးဆောင်ခေါ်သွားရာသို့ မိုးညချမ်း အောင်မော် ပါလာပါသည်။ အောင်မော်သည် အဖြစ်အပျက်တို့ ဆန်းကျယ်ရင်ဖိုနေသည်။ ညက တဘက်က ပြန်လာလာချင် အိမ်တံခါးတွေ ပိတ်ပြီးသည်နှင့် အကြီးအကျယ် မျက်နှာပျ တုန်လှုပ်နေဆဲဖြစ်သော မိုးညချမ်းကို ...





"အစ်ကို ... အဲဒါ အစ်ကိုခိုးခဲ့ဖူးတဲ့ မိန်းမများလား ..."

ဟိုအိမ်မှာတုန်းက တုန်လှုပ်မှုကို အေးဝါအေးစက် သိန်းထားခဲ့သလောက် ဒီဘက်က ကိုယ့်အိမ်ထဲ ရောက်သည်နှင့် တုန်လှုပ်ခြင်း ပြန်ပေါ်လာခဲ့သော မိုးညချမ်းက မျက်နှာပျက်ပျက် ငပြင် ဘဏ်ကြီးရှင် အောင်မော်ကို အားယူပြုံး၍ကြည့်ကာ ...

"မင်း မှတ်တော် တော်တာပဲ ..."

"အစ်ကို ဒီလောက်မျက်နှာပျက်တာကို ...၊ ဟိုအစ်မကလဲ တအားမှုပျက်တာပဲ၊ တစ်မျက်နှာလုံးကို တစ်ဆတ်ဆတ်ခုန် နေတာ ..."

"ဟုတ်တယ် အောင်မော်၊ ဘယ်လိုက ဘယ်လိုများ လာ ဆုံစည်းရပါလိမ့်ကွာ၊ ဖြစ်တောင့်ဖြစ်ခဲ ဆုံစည်းမှုမျိုးနဲ့ တိုက်ဆိုင်လွန်းတယ် ...၊ ခုတလောမှာမှ ဒီအဖြစ်အပျက် ဟာ သစ်ခွတို့ဆီလဲ သတင်းရောက် ... ငါတို့ချင်းလဲပြန် ဆုံကြ ... ဘယ်လိုဖြစ်တာလဲကွာ ..."

"ဆုံဖို့အချိန်ကျလာလို့ကို ဖြစ်တာပေါ့ ...၊ ဒီဘေးခြံကို အစ်ကို မရောက်ရောက်အောင်ကို ကံကြမ္မာက ပို့လိုက်တာ"

"အေးကွာ၊ သူတို့ကလဲ ဟိုဘက်ခြံမှာ နေရတယ်လို့ ..."

"အဲဒီအစ်မနာမည်က သက်လယ်တဲ့လား အစ်ကို ..."

"ဟုတ်တယ် ... သက်လယ် ... တဲ့ ..."

"တော်တော်လှတယ်နော် ...၊ အိမ်ထောင်သည် ဖြစ်ပေမယ့် လှတုန်းပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ပါစို့ကွာ ...၊ နက်ဖြန်မနက်တော့ သွားတစ်ခါ ပြန်ချိန်ပေးလိုက်ဦးမယ် ...၊ ကိုယ်ဒီညကုပေးလက်စမို့ ... အခြေအနေတစ်ခေါက်တော့ ကြည့်ရမယ်၊ ပြီးရင် ဆရာကြီး '---'နဲ့ လွှဲအပ်လိုက်မယ်၊ ပြီးပြီ ...၊ ဒါပြီးရင် ဆက်ဆံစရာမရှိတော့ပါဘူး ..."

"ဒီကနေတော့ အစ်ကို ထပ်မပြေးပါဘူးနော် ..."

"တော်ပါပြီ ...၊ ဟိုကနေ ဒီပြေးလာရတာတောင် ဘယ်နှစ်ရက် ရှိသေးလို့လဲ ...၊ ဒီတစ်ခါ ထပ်မပြေးတော့ပါဘူး၊ ပြေးစရာလဲ နေရာမရှိဘူး၊ ကိုယ်လဲ ကိုယ့်ဟာကိုယ်၊ သူလဲ သူ့မိသားစုနဲ့သူပဲ ...၊ မှန်တန်းနေရုံပဲ ...၊ ဘာမှရှောင်ရှားပုန်းအောင်းနေစရာ အကြောင်းမရှိပါဘူး၊ ငါရှောင်ပြေးရင်လဲ အဓိပ္ပာယ်တစ်မျိုး ထွက်စရာဖြစ်မှာ မလိုချင်ဘူး"

"သူ့အိမ်က ကောင်မလေးတွေတို့ ဦးမောင်ထိတို့က အစ်ကို့ကို မသိဘူးပေါ့ ..."

"မသိဘူး ... သူတို့လူသစ်တွေ ..."

"သူ့အမေကကော ..."

မိုးညချမ်းက ဖြီးပါသည်။

"သူကတော့ ကောင်းကောင်းကြီး သိတာပေါ့ အောင်မော်ရာ၊ မင်းနှယ် မေးစရာမှ မလိုတာ၊ သူလဲ ငါ့ကို မှတ်မိပါတယ် ..."

"အစ်ကို စိတ်မနာဘူးလား ..."





မိုးညချမ်းက တခဏ ငေးစိုက်နေပြီးမှ ...

"စိတ်တော့ သိပ်နာခဲ့ဖူးတာပဲ၊ ဒါပေမယ့် ခုဟာကတော့ သူကလူနာ ကိုယ်ကသမားတော်အဖြစ်နဲ့ ကြုံကြိုက်ရတာလေ၊ လူမှုရေး အာဃာတတွေ မရှိသင့်ပါဘူး၊ ဒီအာဃာတတွေကို ခြေဖျက်လိုက်တယ်ရယ်လို့လဲ မဟုတ်ဘူး၊ ဘာရယ်မှမဟုတ်ဘူး ... သူစိမ်းတစ်ယောက်ကို ကုရသလိုပဲ သဘောထားတယ် ...၊ သူ့ဟာနဲ့သူ ... ကိုယ့်ဟာနဲ့ကိုယ်ပဲပေါ့ အောင်မော်ရာ ..."

အောင်မော်သည် မိုးညချမ်းကို အဘွားဒေါ်မေ ပြေးမို့ အစ်ကိုဆရာ တစ်ယောက်လိုပဲ ချစ်ချစ်ခင်ခင် သဘော ထားလေရာ ... မိုးညချမ်း အတွက် စိတ်မကောင်းဖြစ်ကာ ကရု တာသက်လှပါသည်။

မိချို ဦးဆောင်ခေါ်ခဲ့သော ဒေါ်တင်လေး၏ အခန်း ထဲ ဝင်ခဲ့ကြလျှင် ဒေါ်တင်လေးရိုက ခုတင်ပေါ်တွင် ခေါင်းအုံး ဆင့်မှီကာ ထိုင်နေရာမှ လှည့်ကြည့်သည်။ မိုးညချမ်းကို တွေ့လျှင် က်နှာတစ်မျိုး ဖြစ်သွားကာ ...

"ဩော် ..."

"အန်တီ ... ဘယ်လိုနေသလဲ ...၊ ကျွန်တော် ညက ဆေး တင်ခဲ့တာဆိုတော့ တစ်ခေါက် ပြန်စစ်ကြည့်မလို့ပါ ..."

"ဟုတ်ကဲ့ ... အခု သက်သာနေပါတယ် ...၊ လှုန်းနေတာ တစ်ခုပါပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ပရက်ရှာ တိုင်းကြည့်မယ်၊ ပြီးရင်တော့ ကျွန်တော်ညက ပြောတဲ့ ဆရာကြီး '---'နဲ့ ဆက်ပြပေးပါ၊ ဆရာကြီးက အင်မတန်တော်ပါတယ်၊ အန်တီ့ကို သွေးတိုးရောဂါရှိမရှိ ဟုတ်မဟုတ် လိုအပ်တာတွေ သူစစ်ဆေးလိမ့်မယ် ...၊ သတိနဲ့ နေနိုင်တာပေါ့ ..."

"အေး ... အေး ...၊ ပြပါ့မယ် ..."

မိုးညချမ်းက ပရက်ရှာတိုင်းသည်။ ဒေါ်တင်လေးရီက မိချိုကို လှမ်းကြည့်ကာ ...

"မိချို ... နင့်မမရော ..."

"မမ ရေချိုးနေပါတယ် ..."

"ဝမ်းဖော်တိနိုင်းတိ ရှိတယ် အန်တီ ...၊ ကျွန်တော် နှစ်ရက်စာလောက်တော့ ဆေးပေးခဲ့မယ်၊ ဒီအတွင်း ဆရာကြီးနဲ့ ပြဖြစ်လို့ ဆရာကြီးက ဆေးပြောင်းတင်ရင်တော့ ကျွန်တော့်ဆေး ရပ်လိုက်ပါ၊ ဒါတွေသောက်ထားကြောင်းလဲ ပြောပြပါ၊ ကျွန်တော် တိုက်ထားတဲ့ဆေးတွေ ရေးပေးခဲ့မယ်၊ တစ်ရက် နှစ်ရက်အတွင်းတော့ ဆရာကြီးကို သွားပြလိုက်ပါ ..."

"ပြပါ့မယ် မောင်မိုးည ..."

"ဆီးဆေးလဲပါတော့ အန်တီ ဆီးတော့သွားနေမယ်၊ ရေတော့သောက်ပေးပေါ့ ..."





မိုးညချမ်းက သူတိုက်ထားသော ဆေးအမည်တွေ စာရွက်တစ်ရွက်မှာ ရေးပေးပြီး ဆေးသောက်ဖို့ကို ဒေါ်တင်လေးရီကိုပဲ ပြသရှင်းပြပါသည်။ ခြေသလုံးကို ဖိညှစ်စစ်ဆေးကြည့်ပြီးလျှင် ...

"ကောင်းပါတယ်၊ ကျွန်တော် ပြန်လိုက်ပါဦးမယ် ..."

"မောင်မိုးည ..."

ဒေါ်တင်လေးရီရဲ့ အလောတကြီး အသံကြောင့် မိုးညက ထ,ရပ်လိုက်ပြီးမှ ပြန်ထိုင်လိုက်ရင်း ...

"ပြောပါ အန်တီ၊ တခြား ဘာခံစားရသေးလဲ ..."

"တခြားခံစားရတာကတော့ မောင်မိုးညကို အားနာတာ ကျေးဇူးတင်တာတွေနဲ့ စိတ်မကောင်းဖြစ်ပြီး နောင်တရမိတာပါပဲကွယ် ..."

"ဒါတွေ စိတ်ထဲမထားပါနဲ့ အန်တီ၊ ကိုယ့်ကျန်းမာရေးပဲ ဂရုစိုက်ပါ ..."

"မောင်မိုးညက စိတ်ထဲမထားနဲ့ ဆိုပေမယ့် အလိုလို စိတ်ထဲ ရောက်နေတာပါ၊ အစစအရာရာအတွက် အန်တီတို့ဘက်က လွန်ခဲ့တာတွေရှိရင် အန်တီ တောင်းပန်ပါတယ်၊ ခုဆိုရင် မောင်မိုးညဟာ အန်တီ့အသက်သခင် ကျေးဇူးရှင်ပါ ..."

"ဒီလောက်လဲ မဟုတ်ပါဘူး အန်တီ၊ ဆရာဝန်နဲ့လူနာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညကဒီ အချိန်မှာ ကျွန်တော်တို့ ဆက်ဆက်ခနရင် ဦးနေ့ဘက် ကျွဲကျော်တွေ ဘာတွေ ထိန်းနိုင်ငံလယ်ပြီး သက်လယ် ပြောပြပါလား၊ အန်တီ ကျေးဇူးတင်ပါတယ် ..."

"ရပါတယ် အန်တီ ...၊ ကျေးဇူးတင်စရာ မလိုပါဘူး၊ ကျွန်တော်က ဆရာဂန်တစ်ယောက်ပါ၊ ခွင့်ပြုပါဦး ..."

"ဟိုရင်းပဲ လောပြတ်ပြီး ပြန်ဖို့ချည်း ပြင်မနေပါနဲ့ မောင်မိုးညှ၊ ရှေ့လျှောက် မိတ်ဆွေတွေကို သဘောထားနိုင် တယ် ခွင့်လွှတ်နိုင်တယ်ဆိုရင် ဆေးကုကဲ့ကိစ္စ ပြီးသော်လဲ [illegible] စကားလေး ဘာလေး ...ခွင့်ပြုပါဦး ..."

မိုးညှချမ်းသည် ချိုးမျှင်ဘဲ ပြုံးလိုက်ရပါသည်။ တတ်လဲပဲတတ်နိုင်ကဲ့ ဒေါ်ဟင်လေးရှိ ပါလား။ သို့သော် မိုးညှသည် ဘာမှမဖြစ်ခဲ့ဖူးသကဲ့သို့ မနေပည့် ဆုံးဖြတ်ထား၍ ဆက်ဟိုင်နေ လိုက်ရင်း ...

"ခြံနီးနားချင်း နေ့နေမှတော့ မိတ်ဆွေတွေပါပဲ အန်တီ ... စကားပြောလို့ ရပါတယ်၊ ကျွန်တော်က အန်တီနားရအောင် လို့ပါ ..."

"အခု ... ဟိုဘက်ခြံမှာ နေနေတယ် ဟုတ်လား ..."

"ဟုတ်ပါတယ် ..."

"အဲဒါ ဘယ်သူ့ခြံလဲ ...၊ မောင်မိုးညှနဲ့ ဘယ်လိုပတ်သက် လဲ ..."





"ကျွန်တော့်အဘွားခြံပါ အန်တီ ..."

မိုးညှချမ်းက ရိုးရိုးပဲဖြေ၍ အောင်မော်က ကြားက အားမလိုအားမရ ဖြစ်ကာ ...

"အစ်ကို့အဘွားဆုံးတော့ ... အစ်ကို့ကို အမွေပေးခဲ့တာ ပါ"

ဖွတ်ပဲ ဝင်ပြောလိုက်ပါသည်။ မိုးညှချမ်းသည် အောင်မော့် သဘောထားကို အကဲခတ်မိ၍ ပြုံးချင်တာကို အောင့် ကာ ...

"သူကတော့ ကျွန်တော့် ဟိုင်ခဲ့တဲ့ ဆေးခန်းက အတော်ကြွဲမှန် မှုပါ၊ အောင်မော်ပဲ ညီအစ်ကိုလိုပါပဲ၊ အခု သူက ပေမှု လိုက်နေပေးတာပါ ..."

"နှစ်ယောက်တည်း နေသလား ..."

"ဟုတ်ကဲ့ ...၊ မကြာခင်တော့ အောင်မော့်အမေက လာနေ ပေးပါလိမ့်မယ် ..."

"သြော် ...၊ မောင်မိုးညှ မိသားစုရော ..."

"မေမေ ဆုံးသွားပါပြီ ..."

"တခြားရော ...၊ ဆိုလိုတာကလေ ... မောင်မိုးညှ အိမ် ထောင်မကျသေးဘူးလား ..."

"မကျသေးပါဘူးခင်ဗျ ..."

"သြော် ..."



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲကို ရုတ်တရက် သက်လယ် ဝင်ရောက်လာကာ ...

"မေမေ ... မိုးညကို ဘာတွေ ကိုယ်ရေးကိုယ်တာတွေ လိုက်မေးနေတာလဲ ...၊ ကိုယ်နဲ့မဆိုင်ပဲနဲ့ ..."

"အို ... သိဟောင်းကျွမ်းဟောင်းမို့ မေးတာပဲ သမီးရယ်၊ မိချို ... ဒေါက်တာတို့ဖို့ ကော်ဖီသွားယူခဲ့ ..."

"နေပါစေ ...၊ မသောက်တော့ပါဘူး အန်တီ ..."

"ဪ ... ကော်ဖီလေးပဲကွယ်၊ အပန်းမကြီးလောက်ပါဘူး သွား ... မိချို ... ဇန်းနဲ့ယူခဲ့ ..."

သက်လယ်သည် သူ့အမေကို မျက်မှောင်လေးတွန့်၍ ကြည့်မိပါသည်။ မေမေ့ အကြောင်း အသိဆုံးမို့ စိတ်ရှုပ်ကာနေသည်။ မေမေဟာ ကိုယ်ဖြစ်ချင်တာ တစ်ခုသာ ခေါင်းထဲသိတဲ့ သူမျိုးပါ။ အသက်လေး ရလာတော့ ပိုလို့ပင် ဆိုးလာသည်။ သင့်မသင့် တော်မတော်တို့ အားနာရကောင်းမှန်းတို့လဲ တော်ရုံထည့်မတွက်ပါ။

"ဟိုတုန်းက ဖြစ်ခဲ့တဲ့ကိစ္စတွေအတွက် မောင်မိုးညကို အားလဲနာ မျက်နှာလဲပူ နောင်တတွေလဲ ရမိတယ် ...၊ ပြီးခဲ့သမျှကို တကယ် ခွင့်လွှတ်နိုင်ရဲ့လားဟင် ... မောင်မိုးည ..."

"ကျွန်တော် အာဃာတ မထားပါဘူး အန်တီ ...၊ ဘဝက အခြေအနေ ပေးသလိုပေါ့ ..."





"သက်လယ်ကိုရော ... အန်တီ့ကိုရော အရင်လိုပဲ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ခေါ်ပြောဆက်ဆံပါ၊ ဝင်ပါ ထွက်ပါ၊ ပစ်မထားပါနဲ့ကွယ်၊ ဒီလူနဲ့ ဒီလူတွေပဲ ရှိတာ ..."

"မေမေ ..."

သက်လယ်က တစ်ခွန်းဟန့်သလိုလေး ခေါ်သည်။ မိုးညကတော့ အောင့်သက်သက် ရယ်ချင်လာသည်။ ဟိုတုန်းက အရင်က ဒေါ်တင်လေးရီဟာ သူ့ကို ဘယ်တုန်းကများ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ခေါ်ပြောဆက်ဆံဖူးတာမို့လဲ ...။ ပစ်မထားပါနဲ့ဆိုသော စကားကရော ဘာအဓိပ္ပာယ်လဲ ...။ ပစ်မထားပဲ သူက ဘယ်လိုများ နေရဦးမှာတဲ့လဲ။

"သက်လယ်ရဲ့ယောကျ်ားလဲ ဆုံးသွားပါပြီ ..."

"မေမေ ..."

ဒီတစ်ခါတော့ သက်လယ် အသံက အကျယ်ကြီး ထွက်လာပါသည်။ မိုးညချမ်းသည် အံ့အားသင့်သွားကာ ခုမှပဲ သက်လယ်ကို တစ်ချက် လှည့်ကြည့်လိုက်မိပါသည်။ သက်လယ် မျက်နှာက နီရဲကာ သူ့အမေကို အလိုမကျစွာ ကြည့်နေပါသည်။

"ဖူးစာဆိုတာ ကိုယ်က တမင်တကာ ဖန်တီးယူလို့ မရဘူးဆိုတာ အန်တီ သိပါပြီ၊ ဖွတ်တရွတ် မရမက ခွဲခဲ့ပေမယ့်လဲ ... ကိုယ်ပေးစားတဲ့သူက ဆုံးသွားပြီး မင်းတို့ခုလို မမျှော်လင့်ဘဲ ပြန်ဆုံကြရတာပဲနော် ..."

"မေမေ ... ဘာတွေ လျှောက်ပြောနေတာလဲ၊ ကိုယ့်ကျန်း



www.burmeseclassic.com

www.burmeseclassic.com



မာရေးပဲ ကိုယ်စိတ်ဝင်စားပါ မေမေ ...၊ မေမေ ပြောနေတာတွေက သိပ်ရှက်စရာကောင်းတယ် ..."

"ဘာများ ရှက်စရာကောင်းလို့လဲ ...၊ မေမေဟာ ခုလိုပြန်ဆုံတွေ့ကြရတဲ့ ကံကြမ္မာကို အံ့သြပြီး ပြောပြတာပါ ..."

"မပြောပါနဲ့ မေမေ ...၊ မေမေ့ စကားက အဓိပ္ပာယ်တစ်မျိုးထွက်နိုင်တယ်"

"ဆုံကြလို့ ဆုံကြတယ် ပြောတာပဲ သက်လယ်ရယ်၊ ပြန်ဆုံပြန်တော့လဲ ညည်းက ယောက်ျားဆုံးနေပြီ ...၊ မောင်မိုးညကလဲ ..."

"မေမေ ..."

သက်လယ်သည် မျက်နှာရဲတွတ် မည်းမှောင်ပြီး အသံတွေတုန် ... လူပါ ကတုန်ကရီ ဖြစ်လာ ... ငိုလာပါလာသည်။ မှတ်ကျလှတဲ့ ဤအဘွားကြီးကြောင့် သက်လယ် မျက်နှာပေမည်။ မိုးညချမ်းက ဘာမှမဖြစ်သလို ပြုံးမြွေမပျက် နေလိုက်ရပါသည်။

"မေမေ ဒီစကားမျိုးတွေ ခုမှပြန်တွေ့တဲ့ မိုးညကို မပြောသင့်ပါဘူး၊ သက်လယ် မျက်နှာကို ထောက်သင့်ပါသေးတယ် ..."

သက်လယ် အသံသည် ရှိုက်သံစွက်လျက် နိမ့်ချည်မြင့်ချည် တုန်ခါနေသည်။

"မဟုတ်ပါဘူး သမီးရယ် ... မေမေ တစ်ချိန်က ပြုမှုခဲ့မိတာကို ခုချိန်မှာ နောင်တတွေရပြီး မောင်မိုးညကို သိပ်





အားနာနေမိတယ်၊ ငါတစ်ချိန်က ရက်ရက်စက်စက် ပြုမှုခဲ့မိတဲ့ ကောင်ကလေးဟာ အရေးကြုံတော့ ငါ့အသက်ကို လာကယ်ပေးနေတဲ့ အဖြစ်ပါလားလို့ တွေးမိပြီး ရင်ထဲမကောင်းလွန်းလို့ ပြောမိတာပါ သက်လယ်ရယ် ..."

ဒေါ်တင်လေးရီ ကိုယ်တိုင်ပင် အသံတုန်ကာ မျက်ရည်ရစ်ဝိုင်းလာပါသည်။ သူစီစဉ်ခဲ့သော အိမ်ထောင်ရေး၌ သူ့သမီး ကံမကောင်း အကြောင်းမလှခဲ့ကာ မုဆိုးမကလေး ဖြစ်ခဲ့ရရှာတာကိုလဲ တကယ်ယူကျုံးမရ ဖြစ်နေပုံ ပေါ်ပါသည်။ ဒီအခြေအနေမျိုးမှာ မိုးညချမ်းကို ပြန်တွေ့လိုက်ရတဲ့အခါ သူ့အသက်ကို ကယ်ကာ ဆေးလာကုပေးနေရသော အဖြစ် အပေါ်ပါ ထပ်ပေါင်း စိတ်ထိခိုက်၍ တကယ်ပင် ဝမ်းနည်းသွားပုံ ရတာပါပင်။

သူကိုယ်တိုင်ကလဲ လောလောဆယ် နမကောင်းချိန်မို့ အားငယ်စိတ်က ဝင်နေပေမည်။ သက်လယ်ကတော့ ခုမှ ပြန်တွေ့ပြီး ချက်ချင်းလို တစ်မျိုးတစ်မည် အဓိပ္ပာယ်သက်ရောက်သော စကားတွေ ဆိုနေသည့် သူ့အမေကြောင့် ရှက်ရှာမှာပင်။ ရစ်ဝဲသော မျက်ရည်ကို မသိမသာ တို့သုတ်ပစ်ကာ မေ့ရီးလေးတင်းအောင် ပြုံးဆယ်ပြီး ...

"မေမေ ... မိုးညကို ငါ့သမီးနဲ့ သဘောမတူနိုင်ဘူး ဆိုပြီး ဖွတ်ခွဲလို့သာ ရမယ်၊ ငါ့သမီးနဲ့ သဘောတူတယ်ဆိုတာမျိုး ဖွတ်စီစဉ်လို့တော့ ဘယ်တော့မှ မရဘူးဆိုတာ ... မေမေ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ပါ၊ မိုးညရယ် ... ရှင် ဘာမှမပြောဘဲနဲ့ ... ခုလို စကားလုံးတွေ တို့ပြောရတာ အားနာပါတယ်၊ ရှက်လဲရှက်ပါတယ် ...”

မိုးညချမ်းသည် ရင်ထဲ မချိတရိ စိတ်ထိခိုက်မိကာ

“ရပါတယ်၊ ကိစ္စမရှိပါဘူး၊ အန်တီကလူကြီးပဲ၊ ပြောချင်တာ ပြောပါစေ၊ ကိုယ် ဘယ်လိုမှ မနေပါဘူး၊ သက် သက်လယ် ယောကျ်ား ဆုံးသွားတယ် ဟုတ်လား၊ စိတ်မကောင်းပါဘူး သက်လယ်ရယ် ...”

မိုးည တကယ်ကို စိတ်မကောင်း ဖြစ်မိပါသည်။ သူ မပိုင်ဆိုင်ခဲ့ရပေမယ့် ပိုင်ဆိုင်ခွင့်ရသူလက်ထဲ ငြိမ်းချမ်းတင့်တယ်နေတာကိုသာ မြင်လိုတာပါ။ ဘဝတစ်လျှောက် သာယာစိုပြည်နေတာကိုသာ ကြားလိုတာပါ။

“အန်တီ့ကို ဘယ်လိုမှ မအောက်မေ့ပါနဲ့ မောင်မိုးည ...၊ မင်းတို့နှစ်ယောက် ခုလို ပြန်ဆုံတွေ့ကြတယ် ဆိုတာကို အန်တီ အစစ်အမှန် ဝမ်းသာနေမိတာပါ ...”

“မိုးညက စေ့စပ်တော့မှာ မေမေ ...၊ သူထိုင်တဲ့ ဆေးခန်းပိုင်ရှင်သမီးလေးနဲ့ လက်ထပ်မှာပါ ...”

သက်လယ်က စကားကို ပိတ်ပြောပစ်လိုက်ပါသည်။ နို့မို့ ... မေမေဟာ ဘယ်လောက်ထိ ဆက်ပြောနေဦးမှာလဲ မသိပါ။ မိုးညချမ်းကတော့ သက်လယ်ကို အံ့အားတသင့် ကြည့်နေမိပါသည်။ သူက သက်လယ် သတင်း ဘာမှ မကြားမိခဲ့ပါ။





သက်လယ်ကတော့ စေ့စပ်တော့မည် ဆိုသည်အထိ သိထားပြီးသားပါလား။

ဒေါ်တင်လေးရီသည် အံ့အားတသင့် အငိုက်မိသွားပါသည်။ မိုးညချမ်းဘက်ကို သူဘာမှ ထည့်တွေးမထားမိခဲ့။ စေ့တောင် စေ့စပ်တော့မည်ဆိုမှ စိတ်ဓာတ်ကျသလို ငိုင်ဆင်းသွားပါသည်။

သက်လယ်ကတော့ လူငယ်ပီပီ ခပ်မြန်မြန် ပြန်လည်ဟန်ချော်ဆည်နိုင်ကာ ... မီချို သယ်ဝင်လာသော လင်ပန်းကို လှမ်းယူရင်း ...

“ကော်ဖီသောက်လိုက်ပါဦး မိုးညရယ်၊ ဘာပဲဖြစ်ဖြစ် တို့တွေဟာ ငယ်သူငယ်ချင်းတွေပါ ...”

ငယ်သူငယ်ချင်းတွေတဲ့လား။ ဟိုးအရင်ကလို ငြိမ်းချမ်းနူးညံ့သူကာ ရှက်ရှက်ကြောက်ကြောက် သိမ်မွေ့လှတဲ့ ဟန်ကလေးတွေဟာ သက်လယ် ထံမှ ပျောက်ဆုံးသွားခဲ့ပြီး ရင့်ရင့်ကျက်ကျက် လူရာဝင်ဝင် ဣန္ဒြေရရနှင့် ရင်ဆိုင်ရဲသည့် သတ္တိလေးတစ်မျိုးက သက်လယ်ရဲ့ အသွင်သဏ္ဌာန်မှာ ထင်ဟပ်နေသည်။

ဘာရယ်မှန်း ပြောမပြတတ်သည့် ဆွတ်ပျံ့မှုတစ်မျိုးက မိုးညချမ်း ရင်ထဲ ညင်သာတိုးဖော့ဝင်လာကာ ... ပြည့်သိပ်တင်းကျပ်လာစေသည်။

“ကိုအောင်မော် ... ကော်ဖီ သောက်ပါဦးရှင် ...”

“ဟုတ်ကဲ့ ...”



www.burmeseclassic.com

www.burmeseclassic.com



အောင်မော်သည် ဘယ်လိုမှန်းမသိသော သဘောကျမှုတစ်မျိုးနှင့် သက်လယ်ကို အံ့ဩသဘောကျနေပါသည်။ သက်လယ် အသွင်သဏ္ဌာန်ဟာ ပြည့်သောအိုးတစ်လုံးနှယ်ပင်။

"မေမေ ..."

ရုတ်တရက် ထွက်ပေါ်လာသော အသံလေးတစ်ခုကြောင့် အခန်းထဲမှာရှိသော လူအားလုံးရဲ့ အာရုံဟာ ဘခန်းဝဆီ ရောက်သွားပါသည်။ မိုးညချမ်းသည် ကြည်လင်သန့်ဇင်သော မျက်နှာကလေး တစ်ခုကို အငိုက်မိသလို ငေးစိုက်၍ ကြည့်နေမိသည်။

"ဒီနေ့ အိမ်ကမုန့်တွေ မထည့်ချင်ဘူး၊ မေမေ အပြင်သွားတော့မယ်ဆိုရင် သားကို မုန့်ဖိုးပေးခဲ့ပါလားနော် ... နော်"

တီတာသော စကားသံနှင့် ချစ်မြတ်နိုးဖွယ် ကောင်းလှသော အပြုံးလေးက ချာတိတ်ကလေး၏ မျက်နှာကို ဝင်းလက်တောက်ပနေစေသည်။ မိုးညသည် ရင်ထဲနွေးလာကာ ကလေးကို ဆန်းကြယ်သော နှစ်လိုမှုတစ်မျိုးနှင့် မျက်တောင်မခတ် ကြည့်နေမိပါသည်။

"အဲဒါ ... တို့သားလေ ..."

သက်လယ် အသံလေးက တိုး၍တုန်နေသည်။

"နာမည်လေးက ..."

ဒေါ်တင်လေးရီ စ,လိုက်သော စကားကိုဖြတ်၍ ... သက်လယ်က ...





"နာမည်လေးက ... လပြည့် တဲ့၊ တစ်တန်းရောက်နေပြီ၊ တို့ရဲ့ ကမ္ဘာလောကလေးပေါ့ ..."

မိုးညချမ်းသည် ပြုံးနေသော သက်လယ်ကိုတစ်လှည့်၊ ချစ်ဖို့ကောင်းလှသော လပြည့်ကိုတစ်လှည့် ... တစ်လှည့်စီကြည့်နေမိကာ ရင်၌ ကြည်နူးခြင်းတစ်မျိုးနှင့် နွေးသိမ့်လျက် သူပါ အလိုအလျောက် ပြုံးနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၅

လမ်းထဲကို ကားမောင်းဝင်လာရာမှ ရှေ့ကတိုက်တ
တိုက်ရှေ့မှာ နောက်ပွင့်ကားကြီးတစ်စီးရပ်လျက် အိမ်ထောင်ပ
ဘောဂပစ္စည်းတချို့ သယ်တင်နေတာကို မြင်လိုက်ရလျှင် သစ်
သည် သူ့ကားလေးကို ထိုနေရာ မရောက်ခင် တစ်ဖက်သို့ ကပ်
ရပ်လိုက်ပါသည်။

မျက်မှောင်ကိုကုတ်ကာ ကားပြတင်းပေါင်ပေါ
တံတောင်ဆစ်တင်၍ ပါးပြင်၌ လက်ဝါးပြန်ထောက်ကာ ရှေ့က
မြင်ကွင်းကို ခပ်စူးစူး စိုက်ကြည့်ကာ နေသည်။ သူ့ရင်ထဲမှာ
မဖြေနိုင်တဲ့ ယူကျုံးမရ ပူဆွေးသောက ဒေါသတွေနဲ့ ...။ သို့သော်
ဤခံစားချက်တို့အတွက် ကိုကိုက တစ်ချက်ကလေးပင် ထပ်မံ
လာရောက် မတောင်းပန်ခဲ့ပါ ...။





မာမီ ခေါ်ပြောလိုက်ပြီးကတည်းက ပျောက်ကွယ်
သွားလိုက်တာ ...။ ဒီအရပ် ဒီလမ်းထဲက ဒီတိုက်မှာ မိုးညချမ်း
ရှိတော့ဘူး ဆိုတာကို သစ်ခွ မနေ့တစ်နေ့ကမှ သိရပါသည်။
ါတောင် ဆေးခန်းကောင်တာက ကောင်မလေး ပြောပြလို့သာ။
မာမီနှင့် စကားပြောပြီးကတည်းက ကိုကို ဆေးခန်းကို မလာတော့
ဘူးဆိုတာတော့ သစ်ခွ သိပြီးသားပါ။

ကိုအောင်မော်ပါ အလုပ်ထွက်သွားတာတော့ သစ်ခွ
လုံးဝမသိလိုက် ...။ ကိုအောင်မော် အလုပ်ထွက်တာကို မာမီ
သိဘဲ မနေပါ ...။ ဒီကိစ္စဟာ မာမီ့ဆီရောက်ပြီးမှ ပြီးမှာပဲ ...။
သို့သော် မာမီက သစ်ခွကို မပြော။

မနေ့တစ်နေ့ကမှပဲ ဆေးခန်းက ကောင်တာထိုင်
သော ကောင်မလေး ပြောပြ၍ ကိုအောင်မော်ပါ အလုပ်ထွက်ပ
တာကိုရော ...၊ ကိုကိုနှင့် ကိုအောင်မော် နှစ်ယောက်လုံး ဒီတိုက်ခန်းပါ
မှာ မရှိကြတော့ဘဲ ပြောင်းရွှေ့သွားကြပြီ ဆိုတာကိုရော ကြားသိ
ရပါသည်။

သစ်ခွကို လုံးဝတွေ့ဖို့ တောင်းပန်ဖို့ မကြိုးစားတော့
ဘဲ ကိုကို ပြောင်းရွှေ့သွားခြင်း၏ အဓိပ္ပာယ်မှာ ဘာပါလဲ။
ကိုကို သစ်ခွကို လုံးဝ ခြေရာဖျောက်သွားပြီလား။ ရှေ့ဆက်
ဆက်ဆံစရာအကြောင်း မရှိတော့ဘူးလား။ သူ့ရဲ့အတိတ်က
ဖုံးကွယ်ထားမှုတစ်ခုကို ထောက်ပြအပြစ်ဆိုလိုက်တာနဲ့ပဲ လုံးဝ
လမ်းခွဲလိုက်ပြီလား။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ... ဖြစ်သင့်တာက ... ကိုကို သစ်ခွကို ကောင်းပန်ရမည်။ သူဖုံးကွယ်တာ မဟုတ်ပါ ... ပြန်မပြောချင်တဲ့ ကိစ္စမျိုးမို့ပါ ... သစ်ခွသည်သာ ကိုကို့အတွက် ခုချိန်ခါမှာ အရေးအကြီးဆုံး အချစ်ဆုံး အချစ်စစ် ... ဘာညာ စတာတွေ လာ ရောက်အသနားခံ လျှောက်လဲရဦးမည်။

သစ်ခွက ခွင့်လွှတ်ချင် လွှတ်မည် မလွှတ်ချင် မလွှတ်ဘူးပေါ့။ မိန်းမခိုးပြေးဖူးတဲ့ ယောက်ျားတစ်ယောက်ကို လက်ထပ်သင့် မထပ်သင့်ဆိုတာ ဆုံးဖြတ်ချက် မကျသေးသော စဉ်းစားရမည့် ကိစ္စတစ်ခုပါ။ သစ်ခွ ဆုံးဖြတ်ချက် မကျသေးပါ။

ခုတော့ ကိုယ်က ဆုံးဖြတ်ရတာ မဟုတ်ဘဲ ... သူက ဆုံးဖြတ်သွားခဲ့သည်။ ဤအဖြစ်က သစ်ခွရဲ့ရင်ကို နာကျင်စေပါသည်။ ဘယ်လောက်ပဲ စိတ်ဆိုးဆိုး စိတ်နာနာ မိုးညိုဟာ သစ်ခွရဲ့ ပထမဦးဆုံးသော ချစ်ဦးသူပါ။ မချစ်စဖူး ချစ်မိခဲ့တာဖြစ်၍ အင်မတန် မြတ်နိုးခဲ့တာပါ။

ခုတော့ ... ဘယ်လိုလဲ ...။

သစ်ခွသည် နှုတ်ခမ်းသားလေးကိုကိုက်၍ ရှေ့က မြင်ကွင်းကို မကျေမချမ်း စိုက်ကြည့်နေသည်။ အလုပ်သမားအချို့က သုံးလွှာနှင့် လေးလွှာမှ ပစ္စည်းတွေကို သယ်မကာ ချလာလိုက် ကားပေါ်စနစ်တကျတင်ကာ နေရာချလိုက်။ အဲဒီအလုပ်သမားတွေကြားထဲမှာ အပေါ်တက်လိုက် အောက်ဆင်းလိုက် ညွှန်ရင်းကြားရင်း ပါဝင်နေသူဟာ ဒေါ်အေးမိ တစ်ဦးတည်းသာ ...။





သစ်ခွသည် ဒေါ်အေးမိပါ မရှိတော့ဘူး ဆိုလျှင် ကိုကို့အကြောင်း လုံးဝစုပ်စမြုပ်စ ပျောက်ကာ ဘာသတင်းမှရဖို့ မလွယ်တော့တာကိုလဲသိ၍ ... ပြေးလဲမေးလိုက်ချင်။ ကိုကိုကတောင် ပြတ်တောက်နိုင်စွာ တစ်ခွန်းမှ လာနှုတ်မဆက်ဘဲ ခြေရာဖျောက်သွားတာကို ... သစ်ခွက မနေနိုင် မပြက်နိုင်သလို မေးမြန်းစုံစမ်းရမှာလဲ အောက်ကျသည်ထင်သော မာနစိတ်က တားမြစ်ကာဆီးနေကာ အတန်ကြာ ဆုံးဖြတ်ချက်မကျ ...။

သို့သော် ကြာလာတော့ မနေနိုင်တော့ပါ။ ကြည့်ရတာ ပစ္စည်းတွေပင် ကုန်လုပြီ။ ဒေါ်အေးမိ ထွက်ခွာသွားပြီဆိုလျှင် ကိုယ်ဘာမှ တတ်နိုင်တော့တာမဟုတ်။ မိုးညချမ်းဆို မိုးညချမ်းကိုမှ စွဲစွဲလမ်းလမ်း အသည်းနှင့်အောင် ချစ်ခဲ့ဖူးရှာသော သစ်ခွလေးသည်၊ နောက်ဆုံးတော့ ... မာနတွေ အောက်ကျတာတွေ ထည့်မတွက်နိုင်ဘဲ ဘေးချိတ်လိုက်ရပါသည်။

ကားပေါ်မှဆင်းကာ ဒေါ်အေးမိ ရှိရာ ခပ်သွက်သွက် လျှောက်သွားလိုက်ရင်း ...

"ဒေါ်ဒေါ် ..."

"ဟင် ... သစ်ခွလေး ..."

ဒေါ်အေးမိမှာ ဒေါ်မေရဲ့မြေးဟူ၍ ... မိုးညချမ်းကိုပါ သခင်ကြီးတစ်ပါးလို သတ်မှတ်လက်ခံ ကျိုးနွံရှာသူဖြစ်ရာ ... မိုးညချမ်းရဲ့ ဇနီးလောင်းဖြစ်သူ သစ်ခွကိုလဲ ဟိုတုန်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com



အမြဲပင် လိုက်လိုက်လျောလျော ရှိရှိကျိုးကျိုး တလေးတစား ဆက်ဆံခဲ့သူပင်။

ခုလဲ သစ်ခွကို မြင်လျှင် မျက်နှာတွေပျက်ပြီး ကတုန်ကယင်နှင့် ကြားထဲက သူပဲ အပြစ်မကင်းသလိုလို ... အားပဲနာသလိုလို ...။ ပြောင်းရွှေ့ပြေးကြသည့် ကိစ္စရင်းဟာ သူနှင့်မဆိုင် သူ့ကြောင့်မဟုတ်ပါဘဲလျက် မရဲမဝံ့ နေရခက်ကာ ...

"သစ် ... သစ်ခွ ..."

"ဒေါ်ဒေါ် ... ခု ဘယ်ကို ပြောင်းမလို့လဲ ..."

သစ်ခွက ဒီအမျိုးသမီးကြီး သူ့ကို ထာဝစဉ် အရေးပေးတာ သိပြီးဖြစ်၍ အထက်စီးလေးကပင် ခပ်တည်တည် မေးလိုက်ပါသည်။

"ဒေါ်ဒေါ်ကတော့ မောင်မိုးညနဲ့ အောင်မော်ရှိတဲ့ နေရာပဲ လိုက်ပြောင်းနေရတော့မှာပေါ့ သစ်ခွလေးရယ်၊ ပြောင်းချင်လို့တော့ ဟုတ်ပါဘူး၊ မောင်မိုးညအိမ် လိုက်နေရမှာပေါ့"

"အဲဒီအိမ်က ဘယ်မှာလဲ ...၊ သူအမွေရထားတယ်ဆိုတဲ့ သူ့အဘွား အိမ်ကိုလား ..."

"ဟုတ်ပါတယ်၊ အဲဒီကိုပါပဲ သစ်ခွရယ် ..."

"အဲဒါက ဘယ်မှာလဲ ...၊ သစ်ခွကို လိပ်စာပြောခဲ့ဦးလေ၊ ဒေါ်ဒေါ်ပါ ဒီကပျောက်သွားရင် ကိစ္စရှိလို့မှ ဘယ်လိုဆက်သွယ်ရတော့မှာလဲ ..."

"ဟို ... ဟိုလေ ... ဟို ..."





"ဘာလဲ ... ကိုကိုက လိပ်စာမပေးခဲ့ရဘူး မှာထားတာလား"

သစ်ခွအသံလေးမှာ နာနာကျင်ကျင် တုန်ခိုက်၍ ခံမရပ်နိုင်သလို ဖြစ်နေပါသည်။

"မဟုတ်ပါဘူး ... မောင်မိုးညက ဒီလိုမမှာပါဘူး၊ မပေးခဲ့နဲ့လဲ မပြောဘူး ... လိပ်စာပေးခဲ့လဲ မပြောဘူးဆိုတော့ ပြောရမယ် မပြောရဘူး ဒေါ်ဒေါ် မဝေခွဲတတ်လို့ပါကွယ်"

"အမ လေး ... လိပ်စာလေး ပေးရတာ ဘာများဖြစ်သွားမှာ ဒေါ်ဒေါ်ရယ် ...၊ လိပ်စာသိလို့လဲ သစ်ခွက လိပ် တိုင်း လိုက်လာပြီး ဒေါ်ဒေါ်တို့ မောင်မိုးညကို ဓား နဲ့ထောက်ပြီး ပြန်ပေး ဆွဲမသွားပါဘူး ..."

"အဲဒါတော့ သိပါတယ်ကွယ် ...၊ ဒေါ်ဒေါ့်ကြောင့် သူ မကျေမနပ် မဖြစ်စေချင်လို့ပါ ...၊ အင်း ... ခက်လိုက်တာ၊ ဒုက္ခပဲ ..."

"ဘာမှ ခက်နေစရာ မလိုပါဘူး ဒေါ်ဒေါ်ရယ် ...။ အခု ဒါတွေသယ်ပြီး ဒေါ်ဒေါ်တို့ ထွက်သွားရင် ... အဲဒီကား နောက်က သစ်ခွ လိုက်လာလဲ ...'အဲဒီအိမ်ကို တိုက်ရိုက် ရောက်ပြီး လိပ်စာ သိနိုင်တာပါပဲ ...၊ အဲသလိုနောက်က ိုက်မလာချင်လို့သာ ဒေါ်ဒေါ့်ကို မေးနေတာ ...၊ ဒေါ်ဒေါ် ပြောရင်လဲ နောက်က လိုက်ကြည့်မှာပဲ၊ လိပ်စာသိတာက တော့ သိရမှာပဲ ...၊ အလွယ်တကူ ဒေါ်ဒေါ်ပြောလို့ သိရ ာနဲ့ အပင်ပန်းခံပြီးမှ သိရတာ ... ဒါပဲကွာမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးမိသည် သစ်ခွကို အားလဲနာ ကရုဏာလဲ သက်စွာ ငေးကြည့်နေရင်း ...

"အေးပါကွယ်၊ ဒေါ်ဒေါ် ပြောပါမယ် ..."

ဒေါ်အေးမိ ပြောပြသော လိပ်စာကို သစ်ခွက ပိုက်ဆံအိတ်ထဲက မှတ်စုစာအုပ်လေးထုတ်၍ ရေးမှတ်သည်။ အဲဒီလမ်းထဲမှာ သစ်ခွရဲ့သူငယ်ချင်း ကြူကြူလှိုင် နေတာပဲ။ သစ်ခွကျိတ်၍ ကျေနပ်အားတက်သွားပါသည်။ အရေးအကြောင်းရှိလဲ စုံစမ်းလို့ရ ...၊ ကိုယ်ကိုယ်တိုင်ကြီး အဲဒီလမ်းထဲ ရောက်မိရင်တောင် အကြောင်းပြချက် ရတာပေါ့။

ကိုယ့်ဘက်ကသာ ဒီလိုတွေ တွေးနေ စိတ်ကူးနေမိပေမယ့် ကိုကိုက ဘယ်လိုပါလဲ ...။ သူ့နောက်ကြောင်းပေါ်သွားတာ တစ်ခုတည်းနှင့် သစ်ခွကို သူ့ဘဝထဲက ထုတ်ပစ်လိုက်တာလား။ သူကပဲ တစ်ပြန်စီး။ အတာပြုရမည့်သူက အတာမပြုရဘဲ အတာမပြုရမည့်သူက အတာပြုနေလိုက်တာ။ မှန်းတယ် ...။

သစ်ခွသည် လိပ်စာကို ပြန်ငုံ့ဖတ်နေရင်း မျက်ရည်တွေ ရစ်လည်လာ၍ ဒေါ်အေးမိမှာ မဆီမဆိုင် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပါသည်။

"ဒေါ်ဒေါ်လဲ စိတ်မကောင်းလိုက်တာ သမီးရယ်၊ မောင်မိုးညဟာ လူကောင်းလေး တစ်ယောက်ပါကွယ် ..."

"ဘယ်သူကကော သူ့ကို မကောင်းတဲ့သူလို့ စွပ်စွဲမိလို့လဲ ဒေါ်ဒေါ်ရယ် ...၊ သူလူကောင်းမှန်း သိပါတယ်၊ ဒါပေမယ့်





သူ့ကို လက်ထပ်ဖို့ထိ စဉ်းစားတဲ့အခါ ... သူ့နောက်ကြောင်းကို ထည့်မစဉ်းစားရတော့ဘူးလား ...၊ ဒေါ်ဒေါ်ရော ... သမီးတစ်ယောက်သာရှိရင် ကိုယ့်သမီးကို မိန်းမခိုးပြေးမှုတဲ့ လူတစ်ယောက်နဲ့ အလွယ်တကူ သဘောတူလိုက်မှာလား၊ စဉ်းစားဦးမှာပဲမို့လား ..."

"ဒေါ်ဒေါ်ဖြင့်လေ ... သူနဲ့ ရင်းရင်းနှီးနှီး သိကျွမ်းဆက်ဆံလာတာ လေးနှစ်ခွဲကျော်လို့ ငါးနှစ်ထဲ ရောက်ပါပြီ ...၊ အဲဒါနဲ့ ပတ်သက်ပြီး သိုးသိုးသန့်သန့်လေးတောင် အရှုပ်အရှင်း မမြင်မိ မကြားမိဘူး၊ ကိုယ့်လူမို့ အမွှန်းတင်ပြောတာ မဟုတ်ပါဘူး၊ သမီးနဲ့တွေ့မှ ချစ်သူတွေ ဖြစ်ကြတာကလွဲလို့ မိန်းကလေးသနာကိစ္စ လုံးဝကင်းရှင်းတာ ကိုယ်တိုင်တွေ့နေတာပဲ ..."

"ခုဟာက သူကိုယ်တိုင်လဲ ဝန်ခံတာပဲ ဒေါ်ဒေါ်ရဲ့။ ဒေါ်ဒေါ်တို့ ရင်းနှီးတာက ငါးနှစ်ရှိပြီ ဆိုပေမယ့် သူမိန်းမခိုးမှုတာက လွန်ခဲ့တဲ့ ခုနစ်နှစ်ကကိစ္စ ..."

မျက်ရည်လေး လည်နေသော သစ်ခွကို ဒေါ်အေးမိက သနားနေမိပါသည်။ သူ့ခမျာလေးမှာ ထွေးရခက် ... မျိုရခက် ... ငုံထားရလဲခက် ... ဖြစ်နေမည်ပင်။

သစ်ခွသည် သူ့ဟာသူတခဏ ငြိမ်စဉ်းစားနေပြီးလျှင် ...

"ဒေါ်ဒေါ်တို့နဲ့ စ,ဆက်ဆံ ရင်းနှီးတဲ့ အချိန်ကာစ,လို့တော့



www.burmeseclassic.com

www.burmeseclassic.com



သူ ဘယ်မိန်းမတစ်ယောက်ယောက်နဲ့မှ စာအဆက်အသွယ် ဖုန်းအဆက်အသွယ် လူအဆက်အသွယ် မရှိဘူးပေါ့ ..."

"လုံးဝမရှိဘူးကွယ့်၊ ဒေါ်ဒေါ်၊ ငါးပါးသီလ မြဲပါတယ်ကွယ်၊ မလိမ်ပါဘူး"

"သူ့ဆီမှာ အမြတ်တနိုး အမှတ်တရထားတဲ့ မိန်းမဓာတ်ပုံတို့ ဘာတို့ရော ..."

"လုံးဝမရှိဘူး၊ ဘာမိန်းမဓာတ်ပုံမှ မရှိဘူး၊ သမီးပုံတောင် မရှိဘူး ..."

သစ်ခွက အောင့်သက်သက် ဖြစ်ရပါသည်။ ကိုကိုကမှ သူ့ကို တစ်ခါမှ ဓာတ်ပုံမတောင်းဖူးခဲ့ပဲ။ ပေးချင်ရင်တောင် ဘယ်လိုလုပ် ပေးမှာလဲ ...။

"ဗီရိုထဲတွေ ဘာတွေ ဖွက်သိမ်းထားရင်ကောလို့ ..."

"အဲဒါတော့ မပြောနိုင်ဘူးပေါ့ သမီးရယ်၊ ဒါပေမယ့် သူစိမ်းမိန်းမတစ်ယောက်နဲ့ ပတ်သက်တဲ့ ဘာအကြောင်းကိုမှလဲ မပြောဖူးဘူး၊ တစ်ယောက်ယောက်ကို တမ်းတရိပ်မျိုးလဲ လုံးဝမရှိပါဘူး ...၊ မောင်မိုးညှ ကိုယ်တိုင် မငြင်းဘူး ဝန်ခံတယ်ဆိုလို့သာ၊ ဒေါ်ဒေါ်ဖြင့် အံ့အားတောင် သင့်မိပါတယ် ..."

"အံ့အားသင့်မနေပါနဲ့ ဒေါ်ဒေါ်ရယ် ...၊ သူကိုယ်တိုင် ဟုတ်တယ်လို့ ဝန်ခံသွားတာပါ ...။ ဒီနေ့ ခိုးတယ်ဆိုရင် နက်ဖြန်ပဲ ပြန်သိမ်းမိသွားတယ်လို့ သူကပြောတယ် ...





ဒါပေမယ့် တစ်ရက်ပဲပေါင်းပေါင်း ... တစ်ညပဲပေါင်းပေါင်း မိန်းမခိုးဖူးတယ် ဆိုတာဟာ မိန်းမရဖူးတာပဲ၊ သစ်ခွ သိပ်စိတ်နာတယ် ..."

"ဒါပေမယ့် သမီးရယ် ... သမီးနဲ့ မတွေ့ခင် ဟိုးနှစ်တွေ အကြာကြီးတုန်းက ကိစ္စပါ၊ သမီးကို သစ္စာဖောက်တဲ့ကိစ္စမျိုးမှ မဟုတ်တာကွယ်၊ မောင်မိုးညှဟာ အင်မတန် ကိုယ်ကျင့်တရား ကောင်းပါတယ်၊ စိတ်ထားလဲ ကောင်းပါတယ်၊ ငယ်တုန်းရွယ်တုန်း ရူးရူးမိုက်မိုက်နဲ့ ချစ်ဖူးတဲ့ မိန်းကလေး တစ်ယောက်ကို ခိုးပြေးလိုက်မိတာ ဖြစ်ပါလိမ့်မယ်၊ အဲဒီမိန်းကလေးနဲ့လဲ ဆက်မပေါင်းဖြစ်ဘဲ အရွယ်ရလာမှ တကယ်လက်ထပ်မယ့် မိန်းကလေး တွေ့တော့ ဒါလေးဟာ ထောက်ကွက်ပြစ်ချက် ဖြစ်သွားရတာ ... သူ့အတွက်လဲ နစ်နာတာပါပဲ ...၊ ဘယ်လိုမှ သမီးအတွက် ပြန်ပြင်ပေးလို့ ရတာမျိုးလဲ မဟုတ်တော့ ... စဉ်းစားပါဦးကွယ် ..."

သစ်ခွသည် ရင်ထဲ ဆို့နင့်ကာလာသည်။ ဒေါ်အေးမိကသာ ဒီလိုကြားက ဝင်တောင်းပန်နေတာ။ ကိုကိုကဖြင့် ဒီစကားမျိုးတွေနှင့် တစ်ခွန်းမှလဲ လာမတောင်းပန်ပါလား။ သူ့အတွက် ပြန်စဉ်းစားပေးဖို့ ... အဲဒီပြစ်ချက်ကို မေ့လျော့ပေးဖို့တွေ လုံးဝမဆို ...။

သစ်ခွ အနားကသာ လုံးဝထွက်ခွာသွားလိုက်တော့တာ။ သူများဆီက လိပ်စာမေးမြန်း တောင်းယူရတဲ့အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ခွသည် ကိုကို့ကို စိတ်လဲနာသည်။ ကိုကို့အဖြစ်အပျက်ကြီးကိုလဲ မေ့မပစ်နိုင် ...။ သို့သော် တကယ်တမ်း ဝန်ခံရရင်ဖြင့် ကိုကို့ကိုလဲ မပြတ်နိုင်ပါကတကား။

ဦးမောင်ထီသည် အိမ်ထဲမှ ပစ္စည်းတွေ သယ်ပို့ဖုန်သုတ် ခင်းကျင်း ကူညီနေရင်း ကွမ်းကိုလဲ တဖတ်ဖတ်ဝါးနေကာ ဒေါ်အေးမိကို စကားလက်ဆုံ အဖွဲ့ကျနေပါသည်။

"ဆရာတို့ ယောက်ျားသားနှစ်ယောက်တည်း စားရသောက်ရ ချက်ရပြုတ်ရတာ ဖွယ်ဖွယ်ရာရာရှိမှာ မဟုတ်ဘူးဆိုပြီး အိမ်က မမက အမဲသားလေး ကောင်းကောင်းနှပ်ပြီး အပို့ခိုင်းလိုက်တာ အစ်မကြီးရဲ့ ...။ လာပို့တုန်း အစ်မကြီးပါ ပြောင်းလာတာနဲ့ လာဆုံနေတာ၊ အစ်မကြီးပါ ရှိမယ်ဆိုတော့ ပူစရာ မလိုဘူးပေါ့ဗျာ ...၊ အိမ်တစ်အိမ် မီးဖိုချောင်မှာ မိန်းမကွပ်ကဲမှ အူစိုတာဗျ ... ဖွယ်ဖွယ်ရာရာရှိတာ"

အသေအချာ တကူးတက ကောင်းကောင်း စီမံပေးလိုက်တာ သိသာအောင်ပင် အမဲနှပ်ရနံ့က တစ်အိမ်လုံး သင်းနေပါသည်။





"အလကား ဘာလို့ဒုက္ခရှာကြသလဲဗျာ ...၊ ကျွန်တော်တို့ဖြစ်သလို စားဟတ်ပါတယ်"

"ဒုက္ခရှာတယ် ဘယ်ဟုတ်ပါ့မလဲ ဆရာ ...၊ အိမ်နီးပါးချင်း အပြန်အလှန် သူ့စေတနာ ကိုယ့်စေတနာပေါ့ ...၊ ညကြီးမင်းကြီး အရေးပေါ်တော့ မမ အသက် ဆရာကယ်ပေးခဲ့တယ် မဟုတ်လား၊ နောက်တစ်နေ့ကျတော့ မိချို လက်ကပြည်အနာကြီးပါ အဆစ်ဖောက်ပေးလိုက်ရသေးတယ် ... ပြီးတော့ ဆေးဖိုးဝါးခကျ စေတနာအလျှောက် မယူဘူး"

"ဒီလူတွေကတော့ ... ဆေးဖိုးယူသင့်တဲ့သူမှ မဟုတ်ပဲဗျာ"

"အဲသလိုပဲ အပြန်အလှန် စေတနာပဲပေါ့ ဆရာရဲ့ ..."

"ဦးမောင်ထီက အတော်စကားပြော ကောင်းတာပဲ ...၊ သူတို့မိသားစုနဲ့လဲ ဆွေမျိုးသားချင်းတွေလိုပဲနော် ...၊ သူတို့ဆီ ရောက်တာ ကြာပြီလား ..."

"ကြာပြီပေါ့ ကိုအောင်မော်ရဲ့ ... ခုနစ်နှစ်လောက် ရှိမယ်ထင်ရဲ့ ..."

ခုနစ်နှစ်ဆို၍ မိုးညချမ်းက ဦးမောင်ထီကို လှည့်ကြည့်မိကာ ...

"ခုနစ်နှစ်တောင် ရှိပြီလား ..."

သက်လယ်ကို သူ့ရင်ထဲက ဆွဲထုတ်ယူသွားကြတဲ့ အထိကတော့ ဦးမောင်ထီ မရှိသေးပါ။ ဦးမောင်ထီကို မိုးညချမ်း လုံးဝမသိခဲ့ပါ ...။



www.burmeseclassic.com

www.burmeseclassic.com



"ရှိလောက်ပြီ ဆရာရဲ့ …၊ စသိတာတော့ သူတို့မိသား
သက်လယ် မင်္ဂလာကိစ္စအတွက် မြိတ်ကို ရောက်လာတုန်း
ကပါပဲ …"

"ဪ …"

မိုးညက သဘောပေါက်သွားရပါသည်။ သက်လယ် ကို သူတို့ ပြန်သိမ်းသွားကြပြီး သုံးလေးငါးရက် အတွင်း မြိတ် ကို ပို့လိုက်ကြတာပဲ။ ဟိုရောက်ပြီး တစ်လကျော်လောက်မှာ မင်္ဂလာဆောင်ကြလိမ့်မည်ဟု … သက်လယ်တို့အိမ်က ထမင်းချက် အဒေါ်ကြီးက ပြောပြလို့ သိခဲ့ရပါသည်။

မြိတ်ရောက်ရောက်ချင်း ဦးမောင်ထီနှင့် သိကြသည် ဆိုတော့ … သူလဲပဲ ခုနစ်နှစ်လောက်တော့ ရှိပြီပေါ့။

"ကျွန်တော်က ကိုဇော်ဦးအမေ ဒေါ်ခင်ရွှေ ပိုင်တဲ့ စက်လှေ
တစ်စင်းက ပဲ့နင်းပါ ဆရာ"

"ဪ …"

"ကိုဇော်ဦး ဆိုတာက သက်လယ် ခင်ပွန်းပေါ့ …"

ကိုဇော်ဦးရဲ့ အမည်ကိုတော့ မိုးညချမ်း သိခဲ့ပါသည် ဦးမောင်ထီက ဆက်ပြောလို့ရမရ … မိုးညချမ်းကို အကဲခတ်သည် ဟိုတစ်နေ့က ဒေါ်တင်လေးရီ အခန်းဝမှာ သူလဲရပ်နေခဲ့တာ ဒေါ်တင်လေးရီ၊ သက်လယ်နှင့် မိုးညချမ်းတို့ရဲ့ စကားဝိုင်းကို အားလုံး ကြားနေခဲ့ရပါသည်။





လုံးစေ့ပတ်စေ့ ပြန်ပြောကြတာ မဟုတ်၍ အတိ ကျ မဟုတ်တောင် … ဒီဆရာဝန်လေးနှင့် သက်လယ်တို့ ငယ် တ်လမ်းရှိပြီး သက်လယ် မိဘတို့က ခွဲခဲ့ကြတာကိုတော့ ရိပ်မိ ခဲ့ပါသည်။ ဒါကြောင့်လဲ … ဆက်ပြောဖို့ရော နားထောင်ဖို့ရော ညချမ်း ကြည်ဖြူရဲ့လားဟု အကဲခတ်လိုက်သေးတာပင်။

မိုးညချမ်းကလဲ စိတ်တော့ ဝင်စားပုံ ရပါသည်။ ကွက်မှုမရှိဘဲ ကုလားထိုင်ခြေထောက်တွေကို အစွပ်လေးတွေ ပ်မြဲတပ်နေသည်။ အောင်မော်ကတော့ တစ်စစီ ဖြုတ်ယူလာသော မင်းစား စားပွဲကို ခြေထောက်တွေ ပြန်ဆင်၊ အပေါ်စားပွဲပြား နေရာ ပြန်ချဖို့ ဦးမောင်ထီနှင့်အတူ လုပ်ကိုင်နေရာမှ ဦးမောင် ကို စိတ်ဖက်သန်စွာ လှမ်းကြည့်နားစွင့် နေပါသည်။

"သက်လယ် ယောက္ခမ ဒေါ်ခင်ရွှေက ပြောရရင် ကျွန်တော့်
အလုပ်ရှင် ဖြစ်ဖူးပါရဲ့၊ ဒါပေမယ့် အတော်မောက်မာတာဗျ၊
အလုပ်သမားလဲ မမြဲလှပါဘူးဗျာ …၊ ကျွန်တော့်ကိုလဲ
အရေးမကြီးလှတဲ့ အပြစ်တစ်ခုနဲ့ အလုပ်ဖြုတ်ပစ်လိုက်တာ၊
ကိုဇော်ဦးက သနားလို့ … သူလက်ထပ်ပြီးရင် နေဖို့ထားတဲ့
အိမ်မှာ … လောလောဆယ် အိမ်စောင့်ပေါ့ … နောက်တော့
လက်တိုလက်တောင်းကူ ဆိုပြီး ထားပေးတာ …၊ ကိုဇော်ဦး
က စိတ်ကောင်းရှိပါတယ် …"

"နောက်တော့ ဘယ်လို ဒီကိုပါလာလဲ …"

အောင်မော်က ဖြတ်မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ပြောပြမယ်ဗျ ...၊ သက်လယ်တို့ ရောက်လာတော့ ဒေါ်ခင်ရွှေတို့ တိုက်မှာပဲ အရင်တည်းတာပါ၊ ကျွန်တော်စောင့်နေတဲ့ အိမ်ကို မလာသေးဘူး၊ ကျွန်တော်ကလဲ တစ်ကောင်ကြွက်ကလဲဖြစ် ကိုဇော်ဦးကိုလဲ ခင်လို့သာ ဟိုဘက်အိမ်မှာ နေနေတာပါ၊ ဒေါ်ခင်ရွှေကြီးပဲ ဆိုရင်တော့ သူ့ဆီအလုပ် ဆက်မလုပ်ချင်ပါဘူးဗျာ၊ အားကြီး စိတ်ညစ်ရတာလား ကိုအောင်မော်ရ ...”

“အင်း ...အဲဒါကြောင့် ဦးမောင်ထိ စကားပြောတာ အသံတစ်မျိုး ဝဲတယ်တော့ ထင်သား ...”

“အာ ... ဒါ ... အတော်ကြီး မဝဲတာဗျ၊ တကယ် မြိတ်သံဝဲတဲ့သူပြောရင် ကိုအောင်မော် နားကိုမလည်နိုင်ဘူး ...”

“ဆက်ပြောပါဦး ဦးမောင်ထိရ ...”

“သူတို့ မင်္ဂလာဆောင်ကိစ္စတွေ ဘာတွေ စီစဉ်ကြတာပေါ့လေ ...၊ ဒီကြားထဲတော့ ... သက်လယ် အဖေအမေတို့ တစ်ခုခုလိုချင်တာ ခိုင်းချင်တာရှိရင် လုပ်ပေးဖို့ ကိုဇော်ဦးက မှာထားပါတယ်၊ အဲဒီမှာ သက်လယ် မိဘတွေနဲ့လဲ နည်းနည်းတော့ ရင်းနှီးသွားပါတယ် ...၊ တိုတိုပြောရရင် သူတို့မင်္ဂလာဆောင်နေ့မှာ မနက်ပိုင်း ပွဲပြီးတာနဲ့ သက်လယ်က ဟိုဘက်အိမ်ကို ပါလာတာပေါ့ဗျာ ...

အဲဒီမှာ ကိုဇော်ဦးရယ် သက်လယ်ရယ် ထမင်းချက်ဖို့ ဒေါ်နီရယ် ကျွန်တော်ရယ်ပေါ့ ...၊ ဒေါ်နီက ဒေါ်ခင်ရွှေ





လှုယံ့ကြီးပါ ...၊ အဲဒီနေ့ညဘက် ... ကိုဇော်ဦးက ဘက်ချလာနိုက်ဆိုပြီး သူငယ်ချင်းတွေကို ကျွေးမွေးအရက်တိုက်တယ်လေ၊ သိပ်တော့ ညဉ့်မနက်ပါဘူး၊ ဆယ်နာရီခွဲ ဆယ့်တစ်နာရီ ပြန်ရောက်လာတယ် ...၊ အဲဒီမှာ ...”

မိုးညချမ်းပင် စိတ်ဝင်တစား ခေါင်းမော်လာပါသည်။ ဦးမောင်ထိ မျက်နှာက စိတ်မချမ်းမြေ့ဟန် ထင်ရှားနေသည်။

“အဲဒီမှာ ... ရန်ဖြစ်ကြတယ်လို့တော့ ဒေါ်နီ ပြောတာပဲ၊ ကျွန်တော်က ဟိုးဘက်ထောင့် အဆွယ်ခန်းလေးမှာ နေတာဆိုတော့ ဘာမှသဲသဲကွဲကွဲ မသိမကြားတာတော့ အမှန်ပဲ၊ ဒါပေမယ့် ရန်ဖြစ်တယ်လို့တော့ မထင်ဘူး၊ စကားသံတွေတော့ ညမို့ ကြားနေရတယ် ...၊ ရိုးရိုး အပြန်အလှန် ပြောနေကြတာမျိုးပါ၊ သာမန်စကား မဟုတ်ဘဲ တစ်ခုခုကို သက်သေရှင်းနေသလို ငြင်းခုန်နေသလို ဖြစ်တာတော့ ဟုတ်ပါတယ်၊ ကျွန်တော်ကလဲ မအိပ်သေးဘူးလေ ...၊ ကိုဇော်ဦး မူးလာရင် အကူအညီလိုရင် ပြုစုပေးရအောင် မအိပ်ဘဲစောင့်နေတာပါ ...၊ တစ်ချက်တစ်ချက် စကားပြောလိုက်ကြ ... ရပ်သွားလိုက်ကြနဲ့ ... ညနှစ်နာရီထိုးမှာ ကိုဇော်ဦး ထွက်သွားတယ် ...”

“ဘယ်ကို ထွက်သွားတာလဲဗျ ...”

အောင်မော်က အံ့အားတသင့် မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးညချမ်းသည်လည်း စိတ်မဝင်စားသလို မသိမသာ နားစွင့်နေတာ မဟုတ်တော့ဘဲ လုပ်လက်စကိုရပ်ကာ ဦးမောင်ထီ စကားကို အတိအလင်း စိတ်ဝင်စားစွာ နားစိုက်နေပါသည်။

"ဘယ်ကို ထွက်သွားလဲတော့ ကျွန်တော်လဲ မသိဘူးပေါ့လေ ...၊ အဲဒီလို မသိလိုက်ရကောင်းလား ... သူ့သားကို မတားနိုင်ရကောင်းလား ဆိုပြီးတော့ပဲ ဒေါ်ခင်ရွှေကြီးက ကျွန်တော့်ကို နှင်လိုက်တာပါပဲ ..."

"မနက်ကျ သူ့သားက ဘယ်အချိန်မှ ပြန်လာလို့လဲ ...၊ ဒေါ်ခင်ရွှေကြီးကကော ဘယ်တော့ သိသွားတာလဲ ..."

"မနက်ကျမှ သိကြတာပါပဲ ...။ ကျွန်တော့်အဖို့လဲ ကိုဇော်ဦးကို ဘယ်လိုထွက်တားမလဲဗျာ ...၊ ဆိုင်ကယ်သံကြားမှပဲ ထွက်သွားတာ သိတာပါ၊ ကျွန်တော့်ကို လာအသိပေးပြီး သွားတာမှ မဟုတ်ဘဲ ...၊ ဘယ်လိုတားရမှာလဲ၊ ဒါပေမယ့် ... မထင်မှတ်ဘဲ ကိုဇော်ဦးက အဲဒီညမှာပဲ ဆိုင်ကယ်မှောက်ပြီး ဆုံးသွားတော့ အပြစ်ကြီးတစ်ခု ဖြစ်သွားတာပေါ့ဗျာ ..."

"ဗျာ ..."

"ဗျာ ..."

မိုးညချမ်းနှင့် အောင်မော့် နှုတ်မှ တအံ့တသြအသံက ပြိုင်တူပင် ထွက်ပေါ်လာပါသည်။ မိုးညချမ်းသည် အလန့်တကြား အံ့အားသင့်ခြင်းမျိုးနှင့် ...





"ကိုဇော်ဦးက အဲဒီညမှာပဲ ဆုံးသွားတယ် ... ဟုတ်လား ဦးမောင်ထီ ..."

"ဟုတ်ပါတယ် ဆရာ ...၊ ဩော် ... ဆရာတို့ လုံးဝမသိဘူးကိုး ..."

"သူတို့ မြို့တက်ကို ထွက်သွားကြတာရဲ့ နောက်ပိုင်းကိစ္စတွေ တစ်ခုမှ မသိတော့ပါဘူး ဦးမောင်ထီ၊ အဲဒီကတည်းက မတွေ့ကြတော့တာ ခုထိပါ ..."

"မနက်မှာ ကိုဇော်ဦး ဆုံးတာ သိကြရပြီး ... ဒေါ်နီကြီးကလဲ ဒေါ်ခင်ရွှေကို မျက်နှာလိုအားရ ဘာတွေပြောသလဲ မသိပါဘူး ...၊ ဒေါ်ခင်ရွှေကြီးက သက်လယ်ကိုလဲ မကျေနပ်ဘူး ဖြစ်တော့တာပဲ၊ သက်လယ် ခမျာ တောက်လျှောက်ငိုနေရှာတာပါပဲဗျာ ...၊ သနားပါတယ် ..."

မိုးညချမ်းသည် တွေဝေငိုင်စိုက်ကာ ငြိမ်သက်စဉ်းစားနေမိသည်။

"ဒေါ်ခင်ရွှေကြီးက ကျွန်တော့်ကိုလဲ သူ့သားကို မထိန်းသိမ်းမစောင့်ရှောက်နိုင်ရကောင်းလား ဆိုပြီး ဆဲဆိုလိုက်တာဗျာ၊ သူ့ပုပင်သောကနဲ့သူဆိုတော့ ကျွန်တော်လဲ ဇွဲမယူရက်ပါဘူး၊ ကိုဇော်ဦး ဆုံးသွားတာ ကျွန်တော်လဲ ဘယ်စိတ်ကောင်းနိုင်ပါမလဲဗျာ၊ ကိုယ့်အပေါ်ကောင်းတဲ့ လူတစ်ယောက်ပဲ၊ ဆုံးရတာကလဲ ခုလို ဥပစ္ဆေဒကကံနဲ့ဆိုတော့ မိုစိတ်ထိ



www.burmeseclassic.com

www.burmeseclassic.com



ခိုက်ရပါတယ်၊ ဒါကြောင့် ဒေါ်ခင်ရွှေ ဆဲဆိုသမျှလဲ ငုံ့ခံခဲ့ပါတယ်၊ ရက်လည်အပြီး ... လူကြီးတွေချင်း တကြိတ်ကြိတ်ပေါ့ဗျာ ... တိုင်ပင်ကြ ... ပြောကြဆိုကြနဲ့ ...အလုံးစုံတော့ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် ... သက်လယ်အဖို့ကလဲ အဲဒီမှာ တစ်ယောက်တည်း ဘယ်လိုဆက်နေခဲ့မလဲ ..."

ခုတော့ တစ်အိမ်လုံးဟာ တိတ်ဆိတ်နေပါသည်။ လုပ်လက်စ အလုပ်တွေကို အားလုံး ရပ်ထားကြကာ ဦးမောင်ထိ စကားကိုပဲ စိတ်ဝင်တစား နားစိုက်ထောင်နေကြပါသည်။

"ပြောရရင် ဆရာရယ် ... ဒေါ်ခင်ရွှေကြီးက သက်လယ်ကိုလဲ မကြည်ဘူး ... မကျေနပ်ဘူးဗျာ၊ သက်လယ် ခမျာ သနားစရာပါ ...၊ ကျွန်တော် ဘာမှမကြားပေမယ့် ဒေါ်နီက သူကြားတယ်ဆိုတာတွေ ဟုတ်မဟုတ်တော့ မသိဘူးပေါ့ဗျာ ... ဒေါ်ခင်ရွှေကို ပြန်ပြောတော့ သက်လယ်ကို အထင်မှား အမြင်မှားတွေ ဖြစ်တယ်လို့ပဲ အကြမ်းဖျဉ်း ရိပ်မိရတယ် ..."

မိုးညချမ်းသည် စိတ်မသက်သာလှသော မျက်နှာနှင့် ...

"အဲဒီကတည်းက သက်လယ်တို့ ရန်ကုန် ပြန်လာကြတာပေါ့ ..."





"ဟုတ်ပါတယ် ဆရာ ...၊ ရက်လည်အပြီး ပြန်ရမယ့်သူတွေကလဲ ပြန်လဲပြန်ချင် ... ခပ်မြန်မြန် ပြန်ဖို့လဲခက် ... ဒေါ်ခင်ရွှေကလဲ သူ မကြည်လင်တော့တဲ့ သက်လယ်ကို နေခဲ့ခိုင်းဖို့ တားရခက် ပြန်လွှတ်ရခက်နဲ့ ... နောက်ထပ်ဆယ်ရက်လောက် ကြာနေပါသေးတယ်၊ နောက်ဆုံးတော့ လူကြီးတွေ မပြတ်တဲ့ကိစ္စကို သက်လယ်ကပဲ ယတိပြတ်ဖြတ်ပြီး ပြန်မယ်လို့ ဆုံးဖြတ်ချက် ချလိုက်တာပါ ...

သူတို့ ရန်ကုန်ကို ပြန်ကြတော့မယ် ဆိုတော့ သက်လယ်အဖေကတော့ သက်လယ်ကပါ ကျွန်တော့်ကို လိုက်ခဲ့မလားလို့ ခေါ်ပါတယ်၊ မင်္ဂလာမဆောင်ခင်ရော ... ရက်မလည်ခင်ရော ရက်လည်နောက်ပိုင်းရော ကျွန်တော်ပဲ သူတို့ဝေယျာဝစ္စ ခိုင်းခဲ့ကူညီခဲ့တော့ ခင်သွားတယ် ထင်ပါတယ်၊ ကျွန်တော့်ကို ဒေါ်ခင်ရွှေက သူတို့ပြန်တာနဲ့ နှင်ချမှာပဲ ဆက်မထားဘူးဆိုတာ သိတာကိုး ..."

"ဦးမောင်ထိ တစ်ခါတည်း ပါလာတာပေါ့ ..."

"ဟုတ်ပါတယ် ဆရာ ...၊ အဲဒီတုန်းက သူတို့ခြံလေးက အလုံဘက်မှာပါ ...၊ အဲဒီမှာပဲ ... နောက်တစ်နှစ်ကျော်ကြာတော့ သက်လယ်အဖေ ဆုံးပါတယ် ..."

"သက်လယ် အစ်ကိုတွေရော ..."

"အစ်ကိုအကြီးဆုံး ကိုသန့်ဇင်က အိမ်ထောင်ကျပြီး ..."



www.burmeseclassic.com

www.burmeseclassic.com



အခု သီးသန့်အိမ်ခွဲနေတယ်ဆရာ၊ ကျောက်မြောင်းဘ
မှာတဲ့၊ အစ်ကိုအလတ် ကိုသစ်လွင်ကတော့ သင်္ဘောလို
သွားတယ်၊ လူပျိုပဲ ...၊ ပြန်မလာတာတောင် ကြာပြီ
"သြော် ...၊ အလုံကနေ ဒီကို ပြောင်းလာကြတာပေါ့
"ဟုတ်ပါတယ် ...၊ အလုံက ခြံနဲ့ တိုက်လေးကို ဆရာ
ဆုံးပြီးနောက်ပိုင်း ရောင်းလိုက်ပါတယ် ...၊ အစ်ကိုနှစ်ယော
ကတော်ပါတယ် ...၊ ကိုသန့်ဇင်ကလဲ သူ့စီးပွားနဲ့သူ အ
ပြေပြီး အိမ်ပိုင်ရာပိုင်ပဲမို့ သူ့အတွက် အမွေမယူ
ကိုသစ်လွင်ကလဲ သင်္ဘောပေါ် တက်တော့မယ်ဆို
လူပျိုလူလွတ်မို့ အမွေမယူဘူးတဲ့ ...၊ တစ်ဦးတည်းသေ
ညီမလေးကိုပဲ အိမ်ထောင်ရေးကလဲ မကောင်းတော့ သ
လို့ဆိုပြီး အားလုံးပေးကြပါတယ် ..."

တော်ပေသားပဲ ...။ ထိုအစ်ကိုနှစ်ယောက်ဟာ
ညီမလေးကို အလွန်အမင်း ချစ်ကြတာတော့ မိုးညချမ်း အသိ
ပင်။

"သက်လယ်လဲ သူ့အမေရယ် သူ့သားလေးရယ်ကို သ
ဦးဆောင်စီးပွားရှာ ကျွေးရတော့မှာမို့ အိမ်ရောင်းရရှာ
ပါ ...၊ ဗိုလ်ချုပ်ဈေးမှာ ဆိုင်ခန်းဝယ်ထားပါတယ်
ဆိုင်ထဲ အရင်းအနှီးထည့် ... ကားဝယ်နဲ့ ငွေသိပ်ပိုပုံ
ပါဘူး ဆရာ ...၊ ဒီအိမ်ကတော့ ငှားနေတာပါ ..."





မိုးညချမ်း ခေါင်းကို ဖြည်းဖြည်းညိတ်နေမိပါသည်။

"ကျွန်တော့်မှာ ဆွေမျိုးကလဲမရှိ ...။ ပြီးတော့ သူတို့မှာလဲ ယောက်ျားသနာ လူကြီးထဲက အိမ်မှာမရှိတော့ ... ကျွန်တော့်ကို ဆက်ခေါ်ထားပါတယ်၊ ဒီမိသားစုဆီမှာတော့ ကျွန်တော်လဲ လခရယ် ဘာရယ် အရေးမထားပါဘူး ဆရာ ...၊ ကျွန်တော့်မှာလဲ လှည့်ကြည့်စရာ ထောက်ပံ့စရာ ရှိတာမဟုတ်ဘူး၊ သံယောဇဉ်လဲ ဖြစ်နေပါပြီ ...၊ ကလေးဆိုလဲ ကျွန်တော့် လက်ပေါ် ကြီးလာတာပဲ၊ ဆွေမျိုးလိုပဲ သဘောထားပြီး နေပါတယ်"

"ကောင်းပါတယ် ...၊ ဦးမောင်ထိ စိတ်ထား သဘောထားကလဲ အင်မတန် ကျေးဇူးတင်စရာ ကောင်းပါတယ် ...၊ ခုလဲ သက်လယ်တို့မှာ ဦးမောင်ထိကို အတော်အားကိုးရတာပါ ...၊ ဒီလိုပဲ ဆက်နေသွားပါဗျာ ..."

"စိတ်ချပါ ဆရာ ...၊ သူတို့မနှင်သရွေ့ပေါ့ ဆရာ ...၊ သက်လယ်ကလဲ နှင်မှာမဟုတ်ပါဘူး၊ သက်လယ်က အင်မတန် စိတ်ကောင်းရှိပါတယ် ..."

အောင်မော်က မိုးညချမ်းကို လှမ်း၍ အကဲခတ်နေပါသည်။ မိုးညချမ်း မျက်နှာဟာ ရင့်ရော်နွမ်းမှုန်၍ မသက်မသာ ရှိလှပါသည်။ ကြားရသမျှဟာ ဘယ်လိုမှ စိတ်ကောင်းနိုင်စရာ မရှိ၍ အောင်မော်လို လူတစိမ်းပင် သက်လယ်ကို ကြင်နာကရုဏာ



www.burmeseclassic.com

www.burmeseclassic.com



သက်မီသေးရာ ... မိုးညချမ်း ရင်ထဲ၌ဆိုလျှင် ဘယ်သို့ရှိမည်နည်း။

စိတ်မချမ်းသာခြင်းက မိုးညချမ်း မျက်နှာပေါ်၌ ပေါ်လွင်နေသည်။

"ကျွန်တော် ပြောတာတွေကြောင့် ဆရာတောင် စိတ်ဆင်းရဲသွားပြီ ထင်တယ် ..."

"ကျွန်တော် မသိရသေးတာတွေ သိခွင့်ရတာပေါ့ ဦးမောင်ထိ၊ အမှန်ဆို သက်လယ်တို့ အကြောင်းတွေ ဦးမောင်ထိဆီ မေးဖို့ စိတ်ကူးမရှိပါဘူး၊ သိလဲမသိချင်ခဲ့ဘူး၊ ဒါပေမယ့် ခုလို ဦးမောင်ထိ ဘာသာ ပြောပြပြီး သိလိုက်ရတော့လဲ ဒီလိုသိခွင့်ရအောင် ပြောပြတဲ့ ဦးမောင်ထိကို ကျေးဇူးတင်မိတယ်၊ ဒီလိုတွေသာ သက်လယ် ဘဝလေး ဆိုးခဲ့ရတာဆိုရင်တော့ ဒါတွေကို ကျွန်တော် သိချင်စိတ် ရှိပါတယ် ...၊ သိရတဲ့အတွက်လဲ အကျိုးရှိတယ် ..."

မိုးညချမ်းက ကိုယ့်စိတ်ကူးနှင့်ကိုယ် ပြောမိသည်။ ခုတစ်ထိုင်တည်း သိလိုက်ရသမျှတို့အတွက် သူ့နှလုံးသားတို့ ပျော့ပျောင်းညွတ်နူးကာ သက်လယ်အပေါ် ကြင်နာခြင်းများစွာနှင့် လှုပ်ခတ်လှိုက်လှဲလာတာကို သူ ဝန်ခံဝံ့ပါသည်။ သက်လယ်တို့ မိသားစုကို မှန်တန်းကလေး ဆက်ဆံသွားဖို့သာ သူ စိတ်ကူးထားခဲ့တာပါ။ ခုတော့ သူ့စိတ်ကူးတို့ ... ကျွမ်းထိုးမှောက်ခုန် ပြောင်းပြန်လန်ကုန်ပါသည်။





အဲဒါ ဘာကြောင့်လဲ ...။ သူ့၌ ခိုင်လုံသော အကြောင်းပြချက် ရှိပါသည်။ သက်လယ့်လေးခမျာ ... သူနှင့် တစ်ညတာ ခိုးရာလိုက်ပြေးခဲ့မှုပြီး ... အိမ်ထောင်ကျပြန်တော့လဲ ခင်ပွန်းဖြစ်သူကို တစ်ညတာဦးကလေးသာ ပေါင်းလိုက်ရပြန်တာ။ အမည်ခံရရုံမျှနှင့် မုဆိုးမကလေး ဖြစ်ခဲ့ရှာတာ ...။

သူထင်ခဲ့တာက ... သက်လယ် ယောကျ်ားဆုံးသွားပြီ ဆိုတာဟာ ... မင်္ဂလာဆောင်ကြအပြီး ... အကော်အတန်ပေါင်းသင်းပြီးမှ သိပ်မကြာမကောင်းကမှများ ဆုံးပါးခဲ့တာလားလို့ပင်။ ခုတော့ ... သူ့ရင်ထဲ ပြည့်သိပ်နင့်နဲသော ပဟေဠိမေးခွန်းတစ်ခု ဝင်လာခဲ့ပါပြီ။ ဤပဟေဠိက သူ့ကို တုန်လှုပ်ချောက်ချားစေသည်။

ထိုင်နေရင်းကပင် ခေါင်းထဲ ဆံပင်ထဲ ဇောချွေးတွေ စိုစွတ်ကာ လက်ဖျားတွေပါ အေးစက်ထုံကျင်လာတဲ့အထိ သူ တုန်လှုပ်ချောက်ချားနေပြီ။ ရင်တွေလဲ ကတုန်ကယင် ခုန်လှုပ်ကာ ဦးနှောက်တွေပင် တဗွက်ဗွက် ဆူပေလာပလား ထင်မိသည်။ အမြဲလိုလို သွေးအေးတတ်မြဲ သူ့မှာ ခုတော့ သွေးမအေးနိုင်တော့ပါ။ သူ့သွေးတွေ ဆူပွက်နေပြီ။

ကိုဇော်ဦးနှင့်လဲ တစ်ညသာ ပေါင်းလိုက်ရပါသည် ဆိုသော သက်လယ်၌ ... သားကလေးတစ်ယောက် ထွန်းကားမွေးဖွားထားခဲ့သည်က သူ့အတွက် ရတက်မအေးစရာ ပူပြင်းတောက်လောင်နေသော ပဟေဠိတစ်ခု ဖြစ်နေခဲ့ပါပြီ။ သားက



www.burmeseclassic.com

www.burmeseclassic.com



လေး ...။ လပြည့်တဲ့ ...။ မြင်မြင်ချင်း သူ့ရင်ထဲ လင်းသွားသ
နွေးသွားသလို ကြည်နူးမှုလေးတစ်မျိုး ပေးနိုင်စွမ်းခဲ့သော သ
ကလေး လပြည့် ...။

လပြည့်လေးရဲ့ ဖခင်ဟာ ကိုဇော်ဦး တစ်ယောက်
ဖြစ်နိုင်မယ်တဲ့လား ...။ မြေစမ်းပါဦး သက်လယ်ရယ်။



## ၆

မိုးညချမ်းသည် ပေါ်တီကိုအောက်မှာ လက်ပိုက်ရပ်
တာ တစ်ဖက်ခြံကို ငေးကြည့်နေမိပါသည်။ လှမ်းမြင်နေရသော
တစ်ဖက်ခြံရဲ့ အိမ်ရှေ့မြေကွက်ထဲမှာ ... ဦးမောင်ထီနှင့် လပြည့်
တို့ ရောင်စုံလေဘောလုံး အကျားကြီးကို ပုတ်ကစားနေကြသည်။

မိုးညချမ်း သက်ပြင်းတစ်ချက် ရှိုက်လိုက်မိပါသည်။
သူ့ရင်ထဲမှာ အလိုလို လွမ်းမောဆို့နစ်လာသည်။ သူစိမ်းကလေး
လေးတစ်ယောက် ဆိုလျှင်ပင် ချစ်ရာကောင်းလှတဲ့ လပြည့်ကလေး
ဟာ အကယ်၍များသာ သူ့သွေးသားဆိုရင်ကော ...။ တွေးလိုက်
တိုင်း ကြက်သီးမွေးညင်းထကာ ကျောပြင်တစ်လျှောက် နွေးစိမ့်
သိမ့်သွားတဲ့အထိ သူ တစ်မျိုးကြီး ခံစားရပါသည်။

ကလေးကို အခွင့်သင့်တိုင်း လှမ်း၍ ဂရုပြုကြည့်နေမိ
သော မိုးညချမ်း အဖို့ ... ကလေးရဲ့ မိခင်ဟာလဲ အလိုအလျောက်



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းထဲ အာရုံထဲ ဂရုပြုမိစရာ ပေါ်လာတာချည်းပင်။ တကိုးကဗျာလေး တစ်ပုဒ်ထဲကလို သူ့ရင်မှာ အဦးဆုံး ဖူးပွင့်ခဲ့တဲ့ စံပယ်ဦးကလေးပါ။ နှလုံးသားရဲ့ အဦးဆုံး အသစ်ဆုံးသော အချစ်ဖူးကို ဘယ်သူဟာ ဘယ်လိုသော ကာလမှာ ဘယ်နည်းနှင့် မေ့နိုင်မှာတဲ့လဲ။

ဘယ်လိုမှ မအပ်စပ်တော့၍သာ မေ့လျော့ပြည်ဖုံးကားချလိုက်ခဲ့ရပါသည်။ ခုတော့လဲ ကိုယ့်မှာက အချစ်သစ်နှင့်။ သစ်ခွကို အပေျာ်သဘော အစားထိုးသဘောမျိုးနှင့် ချစ်ခဲ့တာတော့ မဟုတ်ရိုး အမှန်ပါ။ ပြုပြင်မရတဲ့ အတိတ်က ပြစ်ချက်ကိုထောက်၍ တစ်ဖက်က ပြန်စဉ်းစားဖို့ အဆိုသွင်းလာတဲ့အခါ ... သူက ငြိမ်းငြိမ်းချမ်းချမ်းပဲ သဘောတူနောက်ဆုတ်ကာ စဉ်းစားနိုင်ကြဖို့ အချိန်ပေးနေခဲ့တဲ့ သဘောပါပင်။

ဒီပြစ်ချက်ကို ခွင့်လွှတ်ပါရယ်လို့လဲ သူ မတောင်းပန်ချင်ပါ။ သူတို့ဘက်ကကြည့်သော် ဤအဖြစ်ဟာ ပြစ်မှုမြောက်နေပေမယ့် သူ့ဘက်ကတော့ မှားယွင်းသော အပြစ်တစ်ခု ကျူးလွန်ခဲ့တာမှ မဟုတ်ဘဲ။ ချစ်ခဲ့ဖူးသည်။ ချစ်သူကို ပိုင်ဆိုင်လို၍ စွန့်စားခိုးယူခဲ့ဖူးသည်။ ဒီလိုအဖြစ်ဟာ သူ့တစ်ယောက်မှာမှ ရှိတာမဟုတ်။ ဆက်ပေါင်းခွင့်ရလျှင် ဖြစ်ရိုးဖြစ်စဉ်တစ်ခုသာ ဖြစ်သွားမှာပင်။

ကွဲကွာခဲ့ရလို့ အသစ်ထပ်မံကြုံဆုံခဲ့ရလို့သာ အဖြစ်ဟောင်းက ထောက်စရာ အပြစ်တစ်ခု ဖြစ်သွားခဲ့တာပါ။





ဒါကြောင့်လဲ ... ဤကိစ္စကို မကြည်ဖြူပါဘူး ဆိုရင်ဖြင့် သူ့မှာ နောက်ဆုတ်လမ်းခွဲဖို့ တစ်ခုကလွဲ၍ ဘာများရှိပါသေးသလဲ။

ဒီအခြေအနေမှာ သက်လယ်ကို မမျှော်လင့်ဘဲ ပြန်လည်ဆုံစည်းရတော့ အနေအထားတွေက အနည်းငယ် ရှုပ်ထွေးလာပြီပင်။ ဒေါ်တင်လေးရီကို လူနာအဖြစ် သွားရောက်ကုသပေးခဲ့တဲ့အထိ ... သက်လယ်ကို ပြန်တွေ့ရသည် ဖြစ်ပေမယ့် သူ့၌ အံ့ဩတုန်လှုပ်မှုသာရှိပြီး သူ့စိတ်တို့ မပြောင်းလဲခဲ့ပါ။

ပထမဦးစွာ သက်လယ်မှာ ခင်ပွန်းသည် ဆုံးပါးသွားပြီ ဆိုတာ သိရတော့ သူကရုဏာသက်မိသည်။ ကိုယ်ချစ်ခဲ့ဖူးတဲ့သူကို ဘယ်နည်းနဲ့ဖြစ်စေ ငြိမ်းချမ်းသာယာနေတာပဲ မြင်တွေ့လိုတာ သူ့ဆန္ဒ အမှန်ပါ။ ကရုဏာသက်ခဲ့မိသည် ဆိုပေမယ့်လဲ အဲဒီအချိန်ထိ ငယ်သူငယ်ချင်း တစ်ယောက်လို ... နှမငယ်တစ်ယောက်လို သူဖြူစင်စွာ ကြင်နာသနားနိုင်ခဲ့တာပါ။

ခုမှ ...။

အရာခပ်သိမ်း အလုံးစုံကို ပြည့်ပြည့်စုံစုံ သိလာမှ။ သူ့စိတ်တို့ ပြန်လည်မလှုပ်ခတ်ပဲ နေနိုင်ပါတော့မည်လား။ လပြည့်ဆိုတဲ့ သားကလေးတစ်ယောက် ပိုင်ဆိုင်ကျန်ရစ်ခဲ့သော သက်လယ်ကို သူ့အတွေးထဲ ဦးနှောက်ထဲက မေ့ဖျောက်ထုတ်ပယ်ထားလို့ မရတော့ရင်း ... မရတော့ရင်း ...။

တစ်ချိန်က အသည်းနှင့်အောင် ချစ်ခဲ့သည့် အဖြစ်ဟာလဲ ရင်ထဲစူးစူးနစ်နစ် အသစ်ဖြစ်လာသည်။ သံသယတွေစခုက



www.burmeseclassic.com

www.burmeseclassic.com



လဲ သူ့ရဲ့နှလုံးသားကို လှုပ်နှိုးနေသည်။ သူ့ဘာကို ဘယ်လိုရှေ့ဆက် ဆုံးဖြတ်ရမလဲ မသိနိုင်တော့လောက်အောင် ဦးနှောက်တွေခြောက်ကပ်ကုန်ပလား ထင်မိသည်။

လပြည့်လေးကိုတော့ အချိန်ရတိုင်း အခွင့်ကြုံတိုင်း သူငေးမောကာ အရိပ်တကြည့်ကြည့် ရှိနေမိပြီတည်း ...။

"ဦးမောင်ထီရေ ... သွားမယ် ..."

တစ်ဖက်တိုက်တံခါးဝမှ အသံတစ်ခု ထွက်ပေါ်လာသည်။ တစ်ချိန်က မိုးညချမ်းရဲ့ လမင်းကလေးတစ်စင်း ဖြစ်ခဲ့ဖူးသော သက်လယ်သည် တံခါးဝ၌ အသရေတင့်တယ်စွာ ထွန်းလင်းတောက်ပနေပါသည်။

"သားလေးရေ ... မေမေ ဦးမောင်ထီနဲ့ သွားစရာရှိတယ်၊ ကစားတာ ရပ်တော့နော်"

"ဟာ ... မေမေကလဲ ... ခုမှ ကစားရတာ ... ခုလေးတင်ပဲ ရှိသေးတာ၊ ဆယ်မိနစ်တောင် မရှိသေးဘူး ..."

"သားကို ကျောင်းကြိုလာပြီးရင် မေမေ ချက်ချင်းတန်းထွက်ဖို့ စီစဉ်ထားပြီးသား သားရဲ့ ...၊ သားကပြေးဆင်းသွားပြီး ကစားနေလို့ မေမေက ခဏ အချိန်ဖြုန်းနေပေးရတာ၊ မမမိချိုတို့နဲ့ ကစားကွယ် ..."

"ဟာ ... မမမိချိုတို့က မိန်းမတွေ၊ မိန်းမတွေနဲ့ မကစားချင်ပါဘူး ..."

လပြည့်ရဲ့ စကားကို သက်လယ်က ကိုယ်ကလေး





လှုပ်ယမ်းအောင် တသောသော ရယ်နေလိုက်သလို မိုးညချမ်းမှာလည်း တစ်ယောက်တည်း အဖော်မရှိ ပြုံးလိုက်ရပါသည်။

"မိန်းမတွေလဲ ကစားလို့ ရပါတယ် သားလေးရယ် ..."

"ဟာ ... သူတို့က ဘောလုံးကန်မယ်ဆိုလဲ ကန်ချင်တာမဟုတ်ဘူး ... သေနတ်ပစ်မယ်ဆိုလဲ ပစ်ချင်တာမဟုတ်ဘူး၊ နွေးတုံ့နွေးတုံ့နဲ့ လျင်လဲမလျင်ဘူး၊ မကစားချင်ဘူး ..."

"ဒါပေမယ့် မေမေ သွားရတော့မယ်၊ မေမေ အလုပ်ကိစ္စ ချိန်းထားတယ်သား၊ မေမေ အလကား လျှောက်လည်မလို့ မဟုတ်ဘူး ..."

"မေမေကလဲ အလုပ်ပဲ လုပ်နေတာပဲ ..."

"အလုပ်လုပ်ရမှာပေါ့ သားရယ်၊ အလုပ်လုပ်မှ ထမင်းစားဖို့ မုန့်စားဖို့ အရုပ်ဝယ်ဖို့ ပိုက်ဆံရမှာပေါ့၊ မေမေ အလုပ်မလုပ်ရင် ပိုက်ဆံဘယ်ကရမလဲသား ..."

မိုးညချမ်းသည် နက်ပြာရောင် ဝတ်စုံလေးနှင့် လှပကြော့ရှင်းနေသော သက်လယ်ကို ကရုဏာတစ်ချက် သက်လိုက်မိပြန်သည်။ ခုလောက်ဆို သူဌေးဒွေးမ၊ သူဌေးလေးကတော် အဖြစ်နှင့် မကြောင့်မကြ ငြိမ်းချမ်းနေလိမ့်မည် ထင်ခဲ့ရသည့် သက်လယ်ခမျာ အားကိုးရာမရှိ လက်တွဲဖော်မရှိ ... သူပဲခေါင်းဆောင်လုပ်၍ ရုန်းကန်နေရရှာသည်။

ရုပ်၍ စကားမတုံ့ပြန်တော့သော လပြည့် မျက်နှာလေးက မကစားရတော့၍ အလိုမကျခြင်းနှင့် မှုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံဆောဒကတက်နေလို့လဲ အရာမရောက်နိုင်တာကို နားလည်ပုံရသည်။ မကျေမနပ် ဝမ်းနည်းရိပ်က လပြည့်ရဲ့ မျက်နှာပေါ်မှာ သနားစရာ ပေါ်လွင်နေလေသည်။

မိုးညချမ်းသည် နှစ်ခြံအကြား ပုဏ္ဏာရိတ်ခြံစည်းရိုးတန်းသို့ လျှောက်သွားလိုက်မိပါသည်။

"သက်လယ် ... သားကို ကစားဖို့ ဒီဘက်ပို့ထားခဲ့ပါလား"

ဖျတ်ခနဲ လှည့်ကြည့်ကာ ပါးစပ်အဟောင်းသားဟ,သွားသော သက်လယ်ရဲ့ မျက်နှာဟာ ဖြူဖျော့သွားသည်ဟု သူ့စိတ်က အလိုလိုထင်သည်။

"သား ...၊ လပြည့်၊ ဒီဘက်လာကစားမလား၊ ဦးနဲ့လဲကစားလို့ရတယ်၊ ဦးအောင်မော် ရှိသေးတယ် ...၊ သုံးယောက်ကစားကြမယ် ..."

လပြည့် မျက်နှာက ဝင်းပသွားပြီး သူ့အမေထံ အားတက်သရော လှည့်ကြည့်လိုက်ရှာပါသည်။

"အို ... နေပစေ ... မိုးည၊ နေပစေ ...၊ မိုးညတို့ ကရိကထ များပါတယ် ..."

"ဘာမှ ကရိကထ မများပါဘူး သက်လယ်၊ ကိုယ်ရော အောင်မော်ရော အားနေတာပါ"

"မိုးည ဒီနေ့ ဆေးရုံ မသွားရဘူးလား ..."

"ဒီနေ့အားတယ်၊ နက်ဖြန်မနက်မှ သွားရမယ် ..."





"အို ... လပြည့် တအားလျှောက်ဆော့ရင် ထိမိခိုက်မိနဲ့ အားနာ ..."

"ထိမိခိုက်မိလဲ ဘာဖြစ်လဲ သက်လယ်၊ ကလေးတစ်ယောက် ကစားလို့ အိမ်ပါပြိုမသွားနိုင်ပါဘူး၊ သူလဲကစားချင်မှာပေါ့၊ ကျောင်းက ပြန်လာတာ ကိုယ်လက်လှုပ်ရှား ကစားပေးတာလဲ ကောင်းပါတယ်"

"ဟုတ်အခင်း ... သူလဲ စာကျက်ရဦးမှာ၊ အိမ်စာတွေလဲပါသေးတယ် ..."

"ကစားပြီးရင် အိမ်စာတွေပါ ကိုယ်လုပ်ထားခိုင်းပေးလို့ရတယ်၊ သက်လယ် အလုပ်ရှုပ်တာ ဖြောင့်ဖြောင့်သွား"

"အို ... မဟုတ်တာ ..."

"ဘာကမဟုတ်တာလဲ သက်လယ်၊ မဟုတ်တာ ဘာပါလို့လဲ ..."

သက်လယ် မျက်ခုံးက တွန့်နေကာ မျက်နှာက သိနေသည်။ လပြည့်ကိုတစ်လှည့် မိုးညကိုတစ်လှည့် ကြည့်ကာ ခေါင်းကလေး ယမ်းရင်း ...

"အကျင့်ပါပါတယ် မိုးည၊ အမြဲတမ်း ခွင့်မပြုနိုင်တဲ့ ကိစ္စတစ်ခုကို ပထမဆုံးအကြိမ် ခွင့်မပြုလိုက်ဖို့ လိုအပ်တယ်"

"သက်လယ် ဘာအတွက် ခွင့်မပြုနိုင်တာလဲ ...၊ ဘာကြောင့်လဲ ..."

သက်လယ်က မိုးညကို စူးစိုက်၍ ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ထဲမှာ စကားတွေ အဓိပ္ပာယ်တွေ ပါသည်။ မိုးညကလဲ သက်လယ်ကို ပြန်လည်စူးစိုက်ကြည့်နေပါသည်။ ဦးမောင်ထီသည် အပြန်အလှန် အပြိုင်အဆိုင် စူးစိုက်ကြည့်နေကြသော စုံစုံရဲ့ မျက်လုံးနှစ်စုံကို တစ်လှည့်စီ ကြည့်နေမိသည်။

"ပြောပါဦး သက်လယ်၊ လပြည့်ကို ကိုယ်တို့ခြံဘက် ကူး မကစားစေချင်ရလောက်အောင် အိမ်နီးနားချင်း သဘော တောင် မရင်းနှီးစေချင်ရလောက်အောင် ဘာအကြောင်းများ ရှိလို့လဲ ...၊ သာမန်ကိစ္စလေးတစ်ခုပါ ..."

သက်လယ်က သက်ပြင်းတစ်ချက် ချလိုက်ကာ မျက်နှာကို လွှဲလိုက်ပါသည်။

"မဟုတ်ပါဘူး မိုးညရယ် ...၊ တို့သားကြောင့် အလကား အနှောင့်အယှက် ဖြစ်နေရမှာ စိုးလို့ပါ ..."

"အနှောင့်အယှက် အဖြစ်ခံပြီးတော့တော့ တကူးတက ဘယ်သူကမှ မခေါ်ပါဘူး၊ ကိုယ်တို့တကယ်အားနေတာပဲ၊ ကလေးတစ်ယောက် အိမ်မှာလာကစားနေတဲ့ အဖြစ်ကိုလဲ ကိုယ် သဘောကျလို့ပါ၊ လပြည့်ကို ဒီဘက်ကူးကစားခွင့် ပြုပေးပါ ..."

သက်လယ် မျက်နှာကလေးက စိတ်ရှုပ်သလို ညိုကာ နေသည်။ ခွင့်မပြုလိုတာက သိသာလွန်းနေပါသည်။ အဲဒီ ခွင့် မပြုမှုကိုပဲ မိုးညက ပိုသိသယ ဖြစ်သေးတာ။ ဘာကြောင့် သူနှင့် လပြည့်ကို မရင်းနှီးစေချင်ရတာလဲ။





"ကိုယ်နဲ့လပြည့်ကို ရင်းနှီးခွင့် မပြုနိုင်တဲ့ သဘောလား ..."

မေးခွန်းကြောင့် သက်လယ်သည် ရုတ်တရက် ထိုင်ငိုချင်စိတ်ပင် ပေါက်လာသည်။ ချက်ချင်း ဘာကြောင့်ခွင့် မပြုလိုက်မိပါလိမ့် ...။ တဖြည်းဖြည်းနှင့် ထိုခွင့်မပြုခြင်းပြဿနာက ပုံကြီးချဲ့ကာ ကြီးထွားလာသည်။

"ဘာလို့ အလကား တားနေတာလဲ သက်လယ် ... သွား ကစားပါစေ ...၊ သူတို့မအားရင် ဘယ်ခေါ်ကစားပါ့မလဲ ...၊ ဒီလောက် စဉ်းစားနေစရာလဲ အကြောင်းမရှိပါဘူး ...၊ သွား ... သွား ... ငါ့မြေး၊ ဟိုဦးဦးတို့ခြံ သွားကစားချေ"

ရုတ်တရက် အိမ်ဝရောက်လာပြီး ဝင်ပြောလိုက်သော ဒေါ်တင်လေးရီ စကားကြောင့် လပြည့်က 'ဟေး'ခနဲအော်ကာ ဘောလုံးကိုင်ပြီး ဒီဘက်ကို ပြေးလာသည်။ ခြံစည်းရိုးနားက အုတ်ပုံပေါ် တစ်ဆင့်တစ်ဆင့်တက်ကာ ခြံစည်းရိုး အမြင့်နားနီးလု ထိ အုတ်ပုံထိပ်ရောက်သော် မိုးညချမ်း ရင်ခွင်ဘက် ခုန်ချဖို့ နှုးလေးညွတ်ညွတ် အားယူနေပါသည်။

"လာ ... သား ...၊ ခုန်ချလိုက် ..."

လပြည့်က မြောက်ခနဲ ခပ်ရဲရဲ ခုန်ကျော်လိုက်ရာ မိုးညချမ်းက ဆီးပွေ့ချီ ဖမ်းလိုက်ပြီး အားရပါးရ ရယ်လိုက်ကြသံ က သက်လယ်နားထဲ ခပ်စူးစူးဝင်ကာလာသည်။ သက်လယ်သည် မေမေ့ကို မကျေနပ်သလို တစ်ချက်လှည့်ကြည့်လိုက်ပါသည်။ မေမေက သူ့ကို ကြည့်မနေပါ။ တစ်ဖက်က လုံးထွေးပွေ့ဖက်



www.burmeseclassic.com

www.burmeseclassic.com



သွားသော သဏ္ဍာန်ကို သူပါ အသည်းယားသွားသလို တဟား ဟားနှင့် သဘောတကျ ရယ်နေပါသည်။

သက်လယ်က စိတ်ရှုပ်ရှုပ်နှင့် ကျွတ်ခနဲ အသံထွက် ရှိသော ပြုံးနိုင်တော့ကာ ...

"လာ ... ဦးမောင်ထိ ...၊ သွားမယ် ..."

ကားနောက်ခန်းထဲ ဝင်ထိုင်ပြီး တစ်ဖက်ခြ မကြည့်တော့ဘဲ ငိုချင်သလို မျက်နှာကို ဘေးဖက်လှည့်လွှဲထား လိုက်သည်။ သူနှင့် ပတ်သက်၍ တစ်နေ့မပြတ် ခုန်လှုပ်ခဲ့ရသော ရင်တို့က ခုလဲ ခုန်ပေါက်လှုပ်ရှားနေပါသည်။

❀❀❀

ဈေးဆွဲခြင်း ကိုင်ဆွဲကာ ခပ်မှန်မှန် လျှောက်လာ ယမ်းထိပ်ကပ် ထွက်လာသော ဒေါ်အေးမိသည် ...

"ဒေါ်ဒေါ် ... ဒေါ်ဒေါ် ..."

နောက်ဘက်ခပ်နီးနီးမှ ခေါ်သံတစ်ခု ထွက်လာ လှည့်ကြည့်မိချင် သူဖြတ်လျှောက်နေဆဲ ခြံကြီးရဲ့ ဝင်းတံခါး နောက်မှ လှမ်းခေါ်နေသော သစ်ခွကို မြင်လိုက်ရလေရာ အံ့အား သင့်သွားမိပါသည်။ သစ်ခွဘေးမှာ သစ်ခွတို့ အရွယ်တူ ကောင် လေးပဲ့ခ်စ်လောက် ရပ်နေသည်။





"ဒေါ်ဒေါ် ဘယ်လဲ ..."

"ဈေးသွားမလို့ပါ ..."

"သစ်ခွ လိုက်ပို့မယ် ..."

"အို ... နေပါစေ ... မပို့ပါနဲ့ အနီးလေးပါ ..."

"မနီးပါဘူး ... တော်တော်လှမ်းသေးတာကို ..."

"ဒီထိပ်ရောက်ရင် ဆိုက်ကားဂိတ်က ဆိုက်ကားငှားပြီးသွား နေကျပါ၊ လိုက်မပို့ပါနဲ့ ..."

"အို ... သစ်ခွလဲ ခုပဲပြန်မှာ ...၊ လမ်းသင့်တာပဲ ... လိုက် ပို့မယ် ...၊ သစ်ခွလဲ ဒီက သူငယ်ချင်းဆီ လာလည်နေ တာ ..."

ဒေါ်အေးမိ ဘာမှမပြောနိုင်ဘဲရှိစဉ် သစ်ခွက ကောင် မလေးဘက်လှည့်ပြီး ...

"ကြူကြူ ... ငါပြန်တော့မယ် ... နောက်လဲ ငါလာခဲ့ ဦးမယ် သိလား ..."

"သိပါတယ်ရှင် ... ရောက်ရောက်လာဦးတော့မှာကို ..."

သစ်ခွက ချစ်စဖွယ် ရယ်မောရင်း ခြံထဲကကားဆီ ပြေးသွားရာ ကြူကြူက ခြံတံခါးကို အသင့်ဖွင့်ထားပေးလိုက် ပါသည်။ ချက်ချင်းပဲ သစ်ခွက ကားလေးမောင်းကာ ထွက်လာ ပြီး ...

"လာ ... ဒေါ်ဒေါ် ... တက် ..."

ဒေါ်အေးမိမှာ ဘယ်လိုမှ မငြင်းသာပဲ သစ်ခွ ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်သော တံခါးမှ ထွက်ထိုင်လိုက်ရပါသည်။ ကားမှတ်တိုင် တစ်တိုင်စာကျော်ရုံ ခရီးဖြစ်၍ ဆိုက်ကားနှင့်ပင် ဘာမှမကြာတတ်လေရော ... ကားလေးက ဈေးရှေ့ကို ချက်ချင်းပဲ ရောက်လာပါသည်။

"ကျေးဇူးပါပဲ သမီးရယ် ..."

"အို ... ကျေးဇူးတင်မနေပါနဲ့ဦး၊ သစ်ခွက အလကားလိုက်ပို့တာ မဟုတ်ပါဘူး၊ ဒေါ်ဒေါ်နဲ့လဲ စကားပြောချင်သေးလို့ပါ၊ ဟိုလက်ဖက်ရည်ဆိုင်မှာ ခဏထိုင် စကားပြောမယ်၊ ခဏလေးပါ ... ဈေးဝယ်တာ နောက်မကျပါဘူး"

ဒေါ်အေးမိမှာ ဘာမှ ပြန်မငြင်းတတ်ပါ။ နံနက်စောစော အမဲချက်ပြုတ်ရမည့် ဆင်ခြေမျိုးလဲ ပေးမရ ...။ ညနေစောင်းမို့ နောက်နေ့တွေအတွက် သုံးလေးရက်စာ အဆင်သင့်ရှိအောင် ထွက်ဝယ်တာမျိုးပါ ...။

လက်ဖက်ရည်ဆိုင်ထဲ ထိုင်မိကြလျှင် ... သစ်ခွက လက်ဖက်ရည် မှာလိုက်ပြီး ...

"ကိုကိုရော ..."

"ဆေးရုံသွားတယ်ကွယ် ..."

"ဘာထူးသေးလဲ ဒေါ်ဒေါ် ..."

မေးလိုက်သော သစ်ခွ အသံလေးမှာ ဟန်ဆောင်ထားသည့်ကြားက ညှိုးငယ်လှ၍ ဒေါ်အေးမိမှာ ရင်ထဲ စိတ်မကောင်းနိုင်ခဲ့ပ ...။





"ဘာမှတော့ ထူးထူးထွေထွေ မရှိပါဘူး သမီးရယ် ..."

"သစ်ခွနဲ့ ပတ်သက်လို့ ဘာဆိုဘာမှ မပြောဘူးလားဟင်"

"သူ့စိတ်ထဲတော့ တစ်ခုခု ရှိမှာပေါ့လေ ... ဒေါ်ဒေါ့်တော့ ဘယ်တိုင်ပင် ဖွင့်ပြောပါ့မလဲ၊ အောင်မော့်ကိုမှ ပြောရင်ပြောပြဦးမယ် ..."

ဒါလဲဟုတ်သည်။ သစ်ခွသည် တစ်လကျော်တဲ့ထိ အချိန်တွေ ကြာညောင်းလာပြီမို့ ဒီတိုင်းကြီး မထူးမခြား မပြောင်းမလဲ အီးလေးဆွဲကာ အေးတိအေးစက် ဇာတ်မျောသွားမှာကိုလဲ အဖြစ်မခံနိုင်ပေ ...။ သူတို့ဘက်က စတင်ပြီး ရှေ့ရေးကို ပြန်စဉ်းစားဦးဖို့ ပြောဆိုခဲ့တာ ဖြစ်ပေမယ့် ခုတော့ သူကပဲ မနေနိုင်အောင် ဖြစ်နေပါသည်။

ဒီရက်တွေအတွင်း မိုးညချမ်းကို ဘယ်လောက်ထိ အောက်မေ့တမ်းတ သတိရရသည်ဆိုတာ သစ်ခွသာပဲ အလုံးစုံ သိပါသည်။ ညညတွေကျ နေစိမ့်လှတဲ့ မိုးညချမ်းကြောင့် ခေါင်းအုံးတွေမှာ မျက်နှာအပ်ကာ မျက်ရည်ကျခဲ့ရတာ အကြိမ်မနည်းတော့ပါ ...။

ကိုကိုဟာ သစ်ခွကို တကယ်ကော ချစ်ပါရဲ့လား။ ဖြတ်ခနဲ ယတိပြတ် ဖြတ်နိုင်လွန်းတဲ့ထိ ကိုကို့ အသည်းတွေက မာနိုင်ရသလား။ အသေအချာ တွေးကြည့်တော့ အတိတ်က အဖြစ်အပျက်ဆိုတာဟာ ပြန်လည်ပြုပြင် မရတော့တာမျိုးပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကို ကိုယ်ခွဲနိုင်သလား မေ့နိုင်သလား သေချာ ဆန်းစစ်ပြီး မမေ့နိုင် မခွဲနိုင် ဆိုလျှင်ဖြင့် ... ဟိုတုန်းကကိစ္စကို မေ့ပျောက် မျက်ကွယ်ပြုကာ ဒီအတိုင်း လက်သင့်ခံလိုက်ရုံသာ ရှိတော့တာပါပဲ ...။ ဒီကိစ္စကို ခွင့်မလွှတ်နိုင် မသတိနိုင်ရင်လဲ ကိုကို့ကိုပဲ မေ့ပျောက်ခွဲခွာလိုက်တော့ရုံပါ။

ထိုကိစ္စကို မေ့ပျောက်နိုင်စွမ်း မရှိပေမယ့် ကိုကို့ကို မေ့ပျောက်နိုင်စွမ်း မရှိတာက ပိုပါသည်။ ပြီးတော့ ကိုယ်နဲ့မတွေ့ ခင်ကကိစ္စ။ သစ်ခွနဲ့ ချစ်နေတုန်း ကိုကို သစ္စာဖောက်တာမျိုးလဲ မဟုတ် ...။ ဒါကြောင့် ယတိပြတ် နာကြည်းမှုလဲ ခက်ပြန်သည်။

ဒီအကြောင်း မာမီ ဗသိလာကာစက ဒက်ဒီက ခရီးထွက်နေရ၍ ဒက်ဒီ့ကို မပြောရသေးပါ။ ဒီကြားထဲ သစ်ခွက တလူးလူး တလိမ့်လိမ့် မျက်နှာအပျက်ပျက်နှင့် ပူလောင်ခံစားလွန်း နေရတာ မာမီ ရိပ်မိရှာပါသည်။ မာမီသည်လဲ သစ်ခွ စဉ်းစား သလိုပင် စဉ်းစားဟန် တူပါသည်။ စားရမှာလဲ သဲနဲ့ရှပ်ရှပ် ပစ် ရမှာလဲ ဆီနဲ့ဝင်းဝင်း ဆိုတာလို ကိုယ့်သမီးက ဒီလောက်စုံမက် နေတဲ့သူလဲဖြစ် ... လောလောဆယ်မှာလဲ ဘာအပြစ်မှမရှိ ...။

ငယ်စဉ်က အမည်းစက် တစ်ခုကြောင့်ပဲ လူငယ် ချင်းကို ခွဲပစ်သင့်မသင့် ... ဆုံးဖြတ်ချက် မကျနိုင်အောင် ဟိုဘက် ယိမ်း ဒီဘက်ယိမ်း ဖြစ်နေပုံပါပင်။ သစ်ခွကိုတော့ ...

"နောက်ဆုံးတော့ မာမ့်သမီး စိတ်ချမ်းသာမှုကို မာမီ





ကြည့်ရမှာပဲကွယ် ...၊ သမီးတစ်သက်လုံး စိတ်ထောင်း ကိုယ်ကြေ ဖြစ်သွားမှာမျိုးလဲ မာမီ မလိုချင်ပါဘူး။ သမီး ခေါင်းအေးအေးနဲ့ အချိန်ယူ ဆုံးဖြတ်ပါ၊ ဆုံးဖြတ်ပြီးရင် မပြင်နဲ့တော့ ...၊ မာမီလဲ ကြားကပင် ဆုံးဖြတ်မပေးနိုင် အောင်ပဲကွယ် ..."

ထိုသို့ဆိုကာ ဒက်ဒီ ကော့သောင်းဘက် ခရီးထွက်က ပြန်လာတဲ့အခါ ဒက်ဒီ့ကိုပင် သူကြားခဲ့ရသည့် မိုးညချမ်းရဲ့ အတိတ်ကိစ္စကို ဖွင့်မပြောပြခဲ့ပါ။ အမေဆိုပေမဲ့ ... ဟန်မျိုးဆုံး ဖြတ်လျှင် ဆုံးဖြတ်မည်။ သစ်ခွ ခံစားရမှာကိုလဲ မာမီ မငဲ့လား။ ခုကိုပဲ သစ်ခွ ပုံစံက ညှိုးနွမ်းချိနဲ့ကာ ဝေဒနာတစ်ရပ် ရင်ထဲမျို အောင်းနေတာ ဒက်ဒီ ရိပ်မိလောက်သည်ထိ ဖြစ်နေပြီလေ။

ဒက်ဒီက မေးတော့မှပင် ...

"မောင်မိုးညနဲ့ လူငယ်ချင်း နားလည်မှု လွဲတာလေး ကတောက်ကဆ ဖြစ်တာလေး ရှိကြတယ် ...၊ လောလော ဆယ် မပြေလည်ကြလို့ ... သစ်ခွ စိတ်ဆင်းရဲနေတာပါ"

"ဘာကိစ္စလဲ ...၊ ဒီကောင် သစ္စာဖောက်တာမျိုးလား ..."

"မဟုတ်ပါဘူး ... မောင်မိုးညလိုလူက သစ္စာဖောက်တတ်တဲ့ လူစားထဲကလဲ မဟုတ်ပါဘူး ဒက်ဒီရယ် ...၊ သွားမမေးပါ နဲ့ ... သူတို့ချင်း သွေးအေးမှ ညှိနှိုင်းပါလိမ့်မယ်၊ အေး ဆေးအတိုင်း ရှိပါစေ ...၊ ရှင် အေးအေးဆေးဆေး နေပါ"



www.burmeseclassic.com

www.burmeseclassic.com



"မိုးညချမ်းရော အောင်မော်ပါ အလုပ်က ထွက်သွားကြတယ် ဆိုတာကိုထောက်တော့ ပြဿနာက သေးသေးတော့ ဖြစ်နိုင်မယ် မထင်ဘူး ...၊ ဟိုဘက်ကလဲ လူကြီးမိဘ ရှိတာမှ မဟုတ်တာ၊ ကိုယ်ကဝင်ဆုံးဖြတ်တန် ဆုံးဖြတ်ပေးရမှာပေါ့ ..."

"မလိုပါဘူး ... သူတို့ချင်း ရှင်းပါလိမ့်မယ်၊ ဒက်ဒီအသာနေပါ၊ ဒက်ဒီ ဝင်ပါမှ ပြဿနာပိုကြီးလာဦးမယ်၊ သမီးသူ့ဟာသူ စဉ်းစားပါလိမ့်မယ်"

မာမိ မနည်းဖုံးဖိပေးထားတာကို ကြည့်ပြီး မာမိသဘောထားကိုလဲ သစ်ခွ မှန်းဆနိုင်ခဲ့ပါသည်။ ဒီဘက်က ခွင့်လွှတ်ဖို့ အသင့်နီးပါး ရှိပေမယ့် တစ်ဖက်က ခွင့်လွှတ်ခံရဖို့ပင် မဆက်သွယ်။ တစ်လကျော်လာတော့ သစ်ခွ ရင်တွေပူလောင်လာပြီ။ ကိုကို အသစ်ပဲ တွေ့သွားပြီလား။ တစ်လဆိုတဲ့ အချိန်ကာလဟာ ချစ်ဖူးတဲ့ မိန်းမတစ်ယောက်အပေါ် အချစ်ပြယ်အောင် စက်သွားဖို့ရော လုံလောက်သလား။

သစ်ခွဘက်ကတော့ မရိုးမရွ ... စိတ်ပူရင်ပူ ... ဗလောင်ဆူလုပါပြီ ...။

"ဘာပြောချင်လို့လဲဟင် သမီး ... ငြိမ်နေလိုက်တာ ..."

"ကိုကိုက ... သစ်ခွကို ဘာလို့ လုံးဝမဆက်သွယ်တော့ပဲ နေတာတဲ့လဲဟင်၊ အဲဒါကို သစ်ခွ သိချင်တယ်၊ လုံးဝခေါင်း





ထဲ မရှိတော့တာလားဟင် ... ဒေါ်ဒေါ် ...၊ ဒေါ်ဒေါ်ကိုလဲ ကိုယ့်အဒေါ်လို သဘောထားပြီး သစ်ခွ ရက်မနေတော့ပါဘူး ဒေါ်ဒေါ်ရယ်၊ တစ်နေ့ ဖြေရှင်းနိုး ... တစ်ရနေ့ တောင်းပန်နိုးနဲ့ အချိန်တွေလဲ ကြာလာပြီ ...၊ ကိုကိုက ဘာမှမဖြစ်သလိုပဲလားဟင် ..."

"မငိုပါနဲ့ သမီးရယ်၊ ဒေါ်ဒေါ်လဲ စိတ်မကောင်းဘူး၊ သူ့ရင်ထဲရှိတာ ဒေါ်ဒေါ်လဲ ဘယ်လိုလုပ် အတိအကျတော့ သိမလဲ၊ ဒါပေမယ့် တစ်လကျော်ဆိုတဲ့ အချိန်ဟာ ကိုယ်ချစ်ခဲ့တဲ့ စေ့စပ်တော့မယ့် မိန်းကလေးကို မေ့ရ မုန်းရ သွေးအေးရလောက်အောင်တော့ မလုံလောက်ဘူး ထင်တာပါပဲ ..."

ဒေါ်အေးမိသည် တစ်စုံတစ်ရာကို စိတ်ထဲ ချိတုံ့ချတုံ့ ဖြစ်လာပါသည်။ ကိုယ့်ရှေ့မျက်ရည်ကျလာတဲ့ သစ်ခွကိုမြင်ရတော့ စိတ်ကမခိုင် ...။ အရင်ထဲက အိမ်မှာ ဝင်ကာထွက်ကာ တီတီဘာတာ ရှိခဲ့တဲ့ ကလေးမလေးမို့လဲ သံယောဇဉ်က ရှိသင့်သလောက်ရှိခဲ့ပြီးသား ဖြစ်နေသည်။

"ကိုကိုက သူ့အပြစ်ကို ဖော်လိုက်လို့ပဲ သစ်ခွတို့ သားအမိကို မုန်းလိုက်ပြီလား ..."

"မုန်းတော့ မမုန်းလောက်ပါဘူးကွယ်၊ မောင်မိုးညကလဲ ဒီလောက် အသည်းမမာပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်မော်ကကော ... ဒီကိစ္စအတွက် ကိုကို့ကို ဘာမှ အကြံမပေးဘူးလား၊ သူတို့ချင်း မတိုင်ပင်ကြဘူးလား ဟင် ..."

"အောင်မော်ကလဲပဲ မောင်မိုးညအတွက် ဆုံးဖြတ်ချက် တစ်ခုခုတော့ ပေးပိုင်တာမျိုးမှ မဟုတ်တာ ...၊ ဒါပေမယ့် တစ်ခုတော့ရှိတယ် သမီးရဲ့ ..."

"ဘာတစ်ခုလဲဟင် ... ဒေါ်ဒေါ် ..."

"ဒေါ်ဒေါ် ဒီကိစ္စတွေ ပြောသင့် မပြောသင့် ဝေခွဲမရဘူး ကွယ် ..."

"အို ... ပြောသင့်တယ်၊ ဘာမဆို သစ်ခွကို ပြောသင့်ပါ တယ်၊ ကိုကိုနဲ့ ပတ်သက်တာအားလုံး သစ်ခွ သိခွင့်ရသင့် ပါတယ်၊ သစ်ခွက ကိုကို့ကို အသက်လောက်ချစ်တဲ့သူပါ၊ ဟိုပြဿနာသာ ဝင်မလာရင် ခုလောက်ဆို စေ့စပ်လို့တောင် ပြီးလောက်ပါပြီ ..."

ဒေါ်အေးမိက ချိတုံချတုံ ပါးစပ်ပြင်ကာ ငိုင်နေဆဲ ...

"ပြောပါ ဒေါ်ဒေါ်ရဲ့ ... ပြောပါ ...၊ ဘာလဲဟင် ... ကိုကို က အသစ်တွေ့သွားပြီလား၊ သစ်ခွ ထင်တော့ထင်သား ပဲ ... ဒီလောက်တောင် နေနိုင်တာ ..."

"အို ... အသစ်တွေ့တာတော့ မဟုတ်ပါဘူးကွယ်၊ အဲသလို လဲ မဟုတ်ပါဘူး ..."





"ဒါဖြင့် ဘာလဲ၊ ပြောပါ ဒေါ်ဒေါ်ရယ် ...၊ ကိုကိုနဲ့ သစ်ခွ ပြေလည်မှုရဖို့ အရေးမှာ အနှောင့်အယှက်ဖြစ်မယ့် ကိစ္စ မျိုးလား ..."

"အဲသလိုမျိုး ဖြစ်လာနိုင်မလားလို့ပါ ...၊ ဒုက္ခပါပဲ၊ ဒေါ်ဒေါ်ကလဲ အာချောင်မိပြန်ပြီ၊ မောင်မိုးညက သိစေချင် ပါ့မလား မသိပါဘူး ..."

"အို ... ဒေါ်ဒေါ်တို့ရော အားလုံးသိခွင့်ရနေတဲ့ကိစ္စ ... သစ်ခွက ဘာဖြစ်လို့ သိခွင့်မရရမှာလဲ၊ သိခွင့်တာန်းတူရှိ တယ်၊ ပြောပြပါ ဒေါ်ဒေါ် ...။ မပြောပြရင် ဒေါ်ဒေါ်ပဲ သစ်ခွအပေါ် သစ္စာဖောက်တာပဲ ...။ သစ်ခွဘက်သားမဟုတ် တာ ... သစ်ခွ အပေါ် စေတနာမထားဟာ သိသာတာပဲ ..."

ထိုသို့တော့ ဒေါ်အေးမိက အဖြစ်မခံနိုင်။ မိုးညချမ်း နှင့် သစ်ခွ လက်ထပ်ဖြစ်လျှင် သစ်ခွကို သူက အိမ်ကြီးရှင် သခင်မလေးလိုကို သဘောထားဦးမှာ ...။

"ကဲပါ သမီးရယ် ... ပြောပြပါ့မယ်၊ ဒါကို ဒေါ်ဒေါ်ပြော တယ်လို့တော့ ဘယ်သူမှ မပြောနဲ့ ...၊ ခုနေတဲ့ခြံနဲ့ ကပ် ရက်ခြံမှာလေ ... မိန်းကလေးတစ်ယောက် ရှိတယ် ..."

"ဟင် ..."

မိန်းမပါလာ၍ သစ်ခွက အံလေးကြိတ်ကာ ရင်ထဲ အောင့်မျက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးထက်တော့ ကြီးပါတယ် ...၊ မောင်မိုးညနဲ့ ရွယ်တူလောက်ပါ ...၊ သူက သက်လယ် တဲ့၊ အဲဒီ သက်လယ်က ... သက်လယ်က ..."

"ကိုကို့ကို လိုက်ကြိုက်နေတာလား ..."

"လိုက်မကြိုက်ပါဘူး ... သက်လယ်ကလဲ အနေမှန်ရှာပါတယ်၊ မိန်းမကောင်းပါ ..."

"ဒါဖြင့် ... ကိုကိုက ..."

"မောင်မိုးညကတော့ ... အကဲခတ် မရဘူး၊ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ သက်လယ်ဟာ သူ့ခိုးပြေး ခဲ့ဖူးတယ်ဆိုတဲ့ မိန်းကလေးကွယ်၊ တိုက်တိုက်ဆိုင်ဆိုင် ခြံချင်းကပ်မှ လာဆုံနေဟာယ် ..."

"ဟင် ..."

သစ်ခွ ရင်ထဲ ဒိန်းခနဲ ဗုံးကွဲသလို တစ်စစီ ကွဲကြေကုန်ရတော့တာပင်။

"ကိုကို ... ကိုကို ခိုးပြေးဖူးတဲ့ မိန်းမက အခုဘေးခြံမှာ ဟုတ်လား ...၊ သေချာလား ..."

"သေချာပါတယ် သမီးရယ် ..."

"ဒါဖြင့် သူက ယောက်ျားကြီးငုတ်တုတ်နဲ့ ဖြစ်နေမှာပေါ့၊ ဒါကို ကိုကိုက ဘာဖြစ်နေရတာလဲ ..."

"ယောက်ျားမရှိရှာတော့ဘူးကွယ့်၊ မုဆိုးမလေး ဖြစ်နေရှာ





ပါပြီ ...၊ သားကလေးတစ်ယောက်လဲ ရှိတယ် ..."

"ဟင် ..."

သစ်ခွ အရိုးတွေ ကြေမွသွားသလို ပျော့ခွေသွားရပါသည်။ ကလေးတစ်ယောက်နဲ့ မုဆိုးမ ဖြစ်နေရှာတဲ့ ငယ်ချစ်ဦးကို ပြန်တွေ့ပြီး ကိုကို ကရုဏာမိုး အကြင်နာမိုးတွေ ရွာသွန်းပုံကျသွားပြီပေါ့ ...။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာတဲ့။ ငယ်ချစ်ဦးကို မြေဦးရတောင် မမေ့ဘူးတဲ့။

ဒါဖြင့် သွားပြီပေါ့ ...။ ကိုကို့ကို ဆုံးရှုံးပြီပေါ့။ သစ်ခွသည် ပေါက်ခနဲ ပေါက်ခနဲ အဆက်မပြတ် ကျလာသော မျက်ရည်တွေကို သုတ်ကာ ပူဆွေးကြေကွဲခြင်းနှင့် တစ်ကိုယ်လုံး မီးအုံမြိုက်ခံရသလိုပင်။

"မောင်မိုးည စိတ်ထဲရှိတာ ဒေါ်ဒေါ် သေချာမသိနိုင်ပါဘူး၊ အကဲလဲ မခတ်တတ်ပါဘူး၊ ဒါပေမယ့် ... ကလေးကိုတော့ ဖအေမရှိတဲ့ ဖတဆိုးလေးဆိုပြီး သိပ်ကရုဏာသက်ပုံရတယ်၊ အင်မတန် ဂရုစိုက် ကြင်နာတယ် ...၊ သက်လယ် အပေါ် အခေါ်အပြော ရှိပေမယ့်လဲ တတွဲတွဲတော့လဲ မဟုတ်ကြပါဘူး၊ သက်လယ်ကဆို ပိုတောင် ဆင်ခြင်ပါသေးတယ် ..."

"အဲဒီ သက်လယ်က ဘယ်သူနဲ့ နေနေလဲ ... သားအမိ နှစ်ယောက်တည်းလား ..."



www.burmeseclassic.com

www.burmeseclassic.com



"သက်လယ်အမေ ရှိတယ် ... အလုပ်သမားတွေနဲ့ပေါ့"

"အဲဒီ သက်လယ် အမေဆိုတာကကော ... အစကတော
သဘောမတူလို့ ခွဲခဲ့တယ်ဆို ..."

"ခုတော့ မောင်မိုးညကို သိပ်အရေးပေးပါတယ်၊ အဲ
အမျိုးသမီးကြီး ညကြီးမင်းကြီး လေဖြတ်မလို ဖြစ်တ
မောင်မိုးညက အသက်ကယ်လိုက်ရတယ်လေ ...၊ ခုတော့
အသက်သခင် ကျေးဇူးရှင်ကလဲဖြစ် ... မောင်မိုးညကလ
သူ သဘောမတူစဉ်တုန်းက အခြေအနေ မဟုတ်တော့ဘူ
မို့လား ..."

ပြီးတော့ သူ့သမီးကလဲ မုဆိုးမ ငယ်ငယ်ရွယ်ရွယ်
ဖြစ်နေသေးတာ။ အရေးပေးတော့မပေါ့။ သဘောတူတော့မပေါ့
ကိုကိုကလဲ ခပ်ပါပါ။ ယောက္ခမလောင်းကလဲ ကိုယ်တိုင်ဆော
မည့်သဘော ...။ အခြေအနေတွေ အားလုံးက တစ်ဖက်သတ်
ဟိုဘက်ကိုပဲ ပေးနေသည်။ ခြံချင်းကလဲကပ်ရက်။ နေ့စဉ်နဲ့အမ
တွေ့မြင်ကြုံကြိုက်နေရတာ။

ဒီမျက်နှာနဲ့ ဒီမျက်နှာ ...။ ချစ်လွန်းလွန်းလို့ လူကြ
မိဘ တားဆီးပိတ်ပင်တဲ့ကြားက စွန့်စားခိုးပြေးကြတဲ့ထိ တစ်ဦး
တစ်ဦး ဘဝပေးပြီးသား ချစ်သူဟောင်းနှစ်ဦး။ ဘယ်လိုမှ ရင်ထဲ
မတုန်မလှုပ်ဘဲ နေနိုင်ကြမည် မထင်ပါ။ နေနိုင်ပါသည် ဆိုရင်လ
မယုံပါ။





ကိုကို့ အတိတ်ဇာတ်ကြောင်းကို ဖော်ပြောလိုက်သည့် မာမိုမိတ်ဆွေကိုပဲ အပြစ်တွေပုံချ နာကြည်းရတော့မလား။ သူသာ နှုတ်ဆိတ်နေလိုက်လျှင် ကိုကိုနှင့် သစ်ခွဟာ ခုချိန်မှာ စေ့စပ်ကြောင်းလမ်း ပြီးစီးသွားပါပြီ။ ကိုကိုလဲ ဒီခြံကို အလျှင်စလို ရောက်လာစရာ မရှိပါ။ သစ်ခွနှင့် လက်ထပ်ပြီးမှသာ ပြောင်းနေကြဖို့ ကိုကို စီစဉ်ထားတာ။

လက်ထပ်ပြီး ဒီရောက်လာမှ ဆုံစည်းကြရင်တော့လဲ ကိုကိုဟာ လက်ထပ်ဇနီးကိုဖြင့် သစ္စာမဲ့စွာ ဖောက်ပြန်မည့်ယောကျ်ားမျိုး မဟုတ်နိုင်ပါ။ ကိုကို့ အတိတ်ကို မသိခဲ့သေးသည့် သစ်ခွကလဲ သက်လယ်ကို မြင်လို့မှ ကိုကို ခိုးပြေးခဲ့သူဆိုတာ သိနိုင်မှာမဟုတ်ပါ။ ကို့ကြောင့် စိတ်ဆင်းရဲ ဝန်တိုပူလောင်နေရမှာလဲ မဟုတ်ပါ။

အားလုံးဟာ တစ်နေရာကလေး ချော်သွားတာနှင့် သွားရမည့် လမ်းကြောင်းအတိုင်း မသွားတော့ဘဲ ကောက်ကွေ့တိမ်းစောင်းသွားခဲ့တာ။ သစ်ခွ ဘာလုပ်ရပါတော့မည်လဲ ...။ တကယ် စဉ်းစားလိုက်ရင် ... ဤအဖြစ်အပျက်မှာ တကယ်တမ်း အရေးကြီးသည့် အဓိကသော့ချက်က သက်လယ်ပဲ။

ကိုကိုက စိတ်ထဲဘယ်လိုရှိရှိ ... သက်လယ်က လက်ခံမှသာလျှင် ဤကိစ္စကြီး ဖြစ်ထွန်းခွင့်ရမှာ ...။ အဲဒီ သက်လယ်ကပဲ ကိုကို့ကို ပြန်အမိဖမ်းလိုလျှင်လဲ ကိုကို ဘယ်ပြေး ရိုးသားစိတ်ထားထား ပြန်ပါသွားနိုင်တာ။



www.burmeseclassic.com

www.burmeseclassic.com



အဓိကအကျဆုံးက သက်လယ် ...။ အဲဒီသက်လယ် ဆိုတဲ့ အမျိုးသမီးက ကိုကို့ကို စိတ်မဝင်စားမှသာ ...၊ လက်သင့်မခံဖို့ ဆုံးဖြတ်မှသာ ဤကိစ္စ ဖြစ်မြောက်မလာနိုင်မှာ။



## ၇

ဒီကောင်မလေး ဘယ်သူလဲ ...။

သက်လယ် ထိုသို့ စဉ်းစားလာရလောက်အောင်ပင် ဒီကောင်မလေးက သတိပြုမိစရာ ဖြစ်နေပါပြီ။ ဆိုင်ကို ဈေးဖွင့်ရက် တစ်ပတ်အတွင်းက ခြောက်ရက်ထဲမှာ သုံးကြိမ်လာသည်။ သုံးကြိမ်လုံး တစ်ခုမဟုတ်တစ်ခု ဝယ်ယူအားပေးသွားပြီး ရက်တရက် ဖောက်သည်ဖြစ်လာတဲ့ အဖြစ်ဟာ အံ့သြစရာ မဟုတ်ဖူးပဲလား။

ဆိုင်ကိုလာတိုင်း သက်လယ်ကို ကြည့်သော သူ့မျက်လုံးတွေက လူသိတစ်ယောက်ရဲ့ အကြည့်ဖြစ်သည်။ တစ်ခါတစ်ရံ ငေးစိုက်လိုက်ကြည့်နေတတ်ကာ သက်လယ်က ဂရုပြုလိုက်မှ မျက်လွှာချသွားတတ်တာလဲ ကြုံရသည်။ အကြည့်ကိုက ထူးခြားနေသည်။ မျက်လုံးတွေက မရိုးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



မရိုးသားဘူး ဆိုလို့လဲ မကောင်းသော အကြံအစည် တစ်ခုခု ရှိနေပုံရတာကို ဆိုလိုတာ မဟုတ် ...။ မရိုးသားတာက လွှဲရင် ဆိုးပါသော အကြည့်တော့လဲ မဟုတ်ပြန်။ တစ်ခါတစ်ရံ တော့ ဒီကောင်မလေး မျက်လုံးအကြည့်ဟာ ဝမ်းနည်းကြေကွဲရိပ် သန်းနေပြန်သလိုလို့။

အဲဒီအပြင် ဒီကောင်မလေးဟာ သက်လယ် သွားလေ ရာ နေရာတွေမှာ မလှမ်းမကမ်း၌ ရှိးခနဲ ရိပ်ခနဲ တွေ့လိုက်ရတာ မျိုး မကြာခဏ။ နောက်ယောက်ခံပဲ လိုက်နေသလိုလို စိတ်က ထင်,ထင်လာသည်။ သူ့ကိုလဲ ကိုယ်ကမသိ။ ကိုယ့်ဘက်ကလဲ ဘာအကြောင်းကိစ္စမှမရှိ။ ထိုအခါ သက်လယ် စိတ်အနှောင့်အယှက် ဖြစ်လာသည်။

ကိုယ်ဘာတွေလုပ်နေလဲ ... ဘယ်လိုခြေလှမ်းတွေ လှမ်းနေလဲ လိုက်စောင့်ကြည့်နေသလို ဖြစ်လာသည်။ ဟိုတွေ့ ဒီတွေ့ တွေ့တိုင်းလဲ ခိုးကြောင်ခိုးဝှက် မျက်ဝန်းမျိုးတွေ ကောင် မလေးဟာမှာ တွေ့ရသည်။ ဘယ်ကကောင်မလေးလဲ။ ကိုယ်နှင့် ဘာကိစ္စ ရှိချင်သလဲ သက်လယ် လုံးဝစဉ်းစားမရပါ။

ကဲ ... ဒီကနေ့တော့ ဆိုင်ရောက်သည်နှင့်ပင် ဆိုင် တံခါးပင် မဖွင့်ရသေး။ ရောက်နှင့် ရပ်စောင့်နေသည့် ဆိုင်က အကူဝန်ထမ်း ငြိမ်းငြိမ်းက ...

“မမ ... ကောင်မလေးတစ်ယောက် လာမေးတယ်၊ ဆိုင်မှာ ခဏလော ဝယ်နေကျ ကောင်မလေးပဲ ...၊ မမ ဆိုင်လာမ





ဖွင့်သေးဘူးဆိုတော့ ခဏနေ တစ်ပတ်ပြန်လှည့်လာမယ် တဲ့”

သက်လယ် မျက်ဝန်းထဲ ထိုကောင်မလေးကိုပဲ ...ာန်းခနဲ မြင်ယောင်သည်။ ကဲ ... သိရသေးတာပေါ့ ...။ တိုက်ရိုက် ...င်လာပြီဆိုတော့ သူ့မှာ ဘာကိစ္စရှိသလဲဆိုတာ သိရပေတော့မည်။ [ဆ]ိုင်မှာ ဈေးဝယ်လူငယ်လေးတွေ ကျလာပြီး အတန်ကြာမှ ထို [က]ောင်မလေး ရောက်လာပါသည်။

“မမ ... ဟိုမှာလာနေပြီ ...၊ ဟိုတစ်ယောက်ပဲ ...”

သက်လယ်သည် ဆိုင်ခန်း မှန်တံခါးရဲ့ အဝနားမှာ [ရ]ပ်နေသည့် ကောင်မလေးဆီသို့ လျှောက်သွားလိုက်ကာ ...

“ဘာကိစ္စများ ရှိလို့လဲ ... ညီမ ...”

“ဟိုဟာပါ မမ ...၊ ဟိုလေ ...”

သစ်ခွသည် ဆိုင်တွင်းက လူရှုပ်ရှုပ်တွေကို တစ်ချက် [ဝ]ေ့ဝဲကြည့်ရင်း ... ဒီထဲဖြင့် ပြောဆိုဆွေးနွေးဖို့ မဖြစ်ဟု သိပါ သည်။

“မမဆီက ... စိန်လက်စွပ်လေး တစ်ကွင်းလောက် ကြည့် ချင်လို့ပါ ...”

မထင်မှတ်ထား၍ သက်လယ် မျက်ခုံးနှစ်ဖက်က မြင့်တက်သွားရပါသည်။

“စိန်လက်စွပ် ကြည့်ချင်လို့ ... ! ”

“ဟုတ်ကဲ့ပါ၊ ဒီဆိုင်ထဲမှာတော့ လူရှုပ်တယ်နော် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒီမှာလဲ ရတနာကိစ္စ တို့မလုပ်ပါဘူး၊ ဒီနေ့ တော့လဲ တို့မှာ လက်ဝတ်ရတနာတွေ မပါလာဘူး၊ ဒီနေ့က ဒီဆိုင်အတွက် ပစ္စည်းယူစရာ သွားစရာလေးတွေရှိလို့ ဒါတွေ ထည့်ယူမလာခဲ့ဘူး၊ ပစ္စည်းကြည့်ချင်တာ မှန်ရင်တော့ အိမ်အထိလဲ တို့ လိုက်ပြပေးပါတယ် ..."

"အဲဒါဆို အဆင်ပြေတယ် မမ၊ တစ်ရက် ချိန်းပေးပါလား"

"တို့ကတော့ နက်ဖြန်လဲ အားပါတယ်၊ အိမ်ကိုလာပြရမှာလား၊ အိမ်က ဘယ်မှာလဲ ..."

"အိမ်က မမတို့ လမ်းထဲက အိမ်တစ်အိမ်မှာပါပဲ ..."

"ဟို့အိမ်ကို မင်းက သိလို့လား ..."

"ဟုတ်ကဲ့ ... သိပါတယ်၊ မမတို့လမ်းထဲက ခြံနံပါတ်(၈)က ကျွန်မသူငယ်ချင်းရဲ့အိမ်ပါ၊ အဲဒီမှာ မမ လာပြပေးနိုင်မလား ..."

"ပြပေးနိုင်ပါတယ်၊ နီးနီးလေးပဲဟာ၊ ဝယ်မှာက အဲဒီသူငယ်ချင်းက ဝယ်မှာမို့လို့လား ..."

"ဝယ်မှာကတော့ ကျွန်မပါ။ သူလဲကြည့်ရအောင်ပါ"

သက်လယ်က ခပ်အင်အင် ခပ်လေးလေးပင် ခေါင်းကို ညိတ်ပြလိုက်ရင်း ...

"ဖြစ်ပါတယ်၊ နက်ဖြန် ဘယ်နှစ်နာရီလဲ ..."

"နေ့လယ် ဆယ့်တစ်နာရီ ... ဆယ့်တစ်နာရီခွဲလောက်ပေါ့"

"အဆင်ပြေပါတယ်၊ အဲဒီအချိန် တို့သားကို ကျောင်းပို့ဖို့





အိမ်ကိုကားပြန်ရတဲ့ အချိန်ပါပဲ၊ ဘာပစ္စည်းမျိုးတွေ ကြည့်ချင်တာလဲ ..."

"စိန်လက်စွပ်လေးတွေပေါ့၊ အထူအပျစ် လူကြီးပုံကြီးတွေ မဟုတ်ဘူးလေ၊ တစ်လုံးတည်းလေးတွေတို့ ... အပွင့်နည်းနည်း ပုံဆန်းလေးတို့ ... တန်းကွင်းလေးတွေတို့ဆိုရင် ဖြစ်ပါတယ် ..."

"အဲဒါမျိုးလေးတွေ အသင့်ရှိပါတယ်၊ ညီမက ငွေအမောင့်ထိ ဘယ်လောက်ခန့်မှန်းလဲ၊ ဘယ်လောက်တန်ဖိုးအတွင်းက ဟာတွေ ယူခဲ့ပြရမလဲလို့ပါ ..."

"နှစ်သိန်း နှစ်သိန်းခွဲလောက် ...၊ နောက်ဆုံး ... သုံးသိန်းလောက်ပေါ့ မမရယ်၊ တကယ်ဝယ်ဖို့ပါ ..."

"ဝယ်ဖြစ် မဝယ်ဖြစ်ကတော့ ပစ္စည်းမြင်ပြီး စိတ်တိုင်းကျ မကျ ... ဈေးညှိလို့ တဲ့မတဲ့အပေါ် မူတည်ပါသေးတယ်၊ ပြဖြစ်ပြီး မဝယ်ဖြစ်လဲ တို့ ဘယ်လိုမှ မနေပါဘူး၊ လာပြပေးရလို့ အားနာပြီး မဝယ်မဖြစ် ဝယ်ရမယ်လို့ မရှိပါဘူး ညီမရယ်၊ ကြည့်ပြီးမှ စဉ်းစားပေါ့ ...၊ ကဲ ... ဒါဆို ဟုတ်ပြီလေ ..."

ကောင်မလေး နှုတ်ဆက်ပြန်သွားတဲ့အခါ သက်လယ်ရင်ထဲ မတင်မကျ ကျန်ရစ်ခဲ့ပါပင်။ ဘယ်နည်းနှင့်မှ စိန်ဝယ်ဖို့ သက်သက် သူ့အပေါ် စိတ်ဝင်စားနေတာ မဟုတ်နိုင်သည့် အကြည့်တွေ မျက်ဝန်းတွေကို အကဲခတ်တတ်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်တို့ အဖို့ကတော့ စီးပွားရေး လုပ်နေတာမို့ အစိမ်းသက်သက် အိမ်ကိုလဲ သွားပြရတာတ်စမြဲပါ။

လိုအပ်လျှင် ဦးမောင်ထီကိုပါ အိမ်ထဲထိ ကိုယ့်နံဘေးခေါ်ချင်ခေါ်ထားလိုက်တာပါပဲ။ ခုဟာကတော့ ကိုယ့်လမ်းထဲက အိမ်တစ်အိမ်မို့ စိတ်ပူစရာ မရှိလှပါ။ အိမ်အမှတ်(၈)ဟာ ရဲမှူးကြီးတစ်ယောက်ရဲ့ အိမ်လို့လဲ သက်လယ် သိထားပါသည်။ ထို့ကြောင့် စိတ်ထဲ သိပ်မတင်ကျလှသော်လည်း သက်လယ်က ရှည်ရှည်ဝေးဝေး ထပ်မတွေးနေတော့ဘဲ နောက်တစ်ရက်မှာသွားဖို့ မှတ်သားစီစဉ်လိုက်ရပါသည်။

အဲဒီနောက်တစ်ရက်ကျတော့ ဗိုလ်ချုပ်ဈေးကဆိုင်ကို ဖွင့်ပေးခဲ့ပြီးသော် တခြားအလုပ်ကိစ္စလဲ မရှိသည်နှင့် သက်လယ်က လပြည့်ကို ကျောင်းပို့ဖို့ ကားအပြန်မှာ ပြန်လိုက်လာခဲ့ပါသည်။ အိမ်ကိုဝင် ... ပစ္စည်းတချို့ယူ ...၊ အနီးကလေးပင်ဖြစ်သော လပြည့်ရဲ့ကျောင်းကို အရင်ဝင်ချပြီးမှ ကိုယ့်လမ်းထဲက အိမ်အမှတ်(၈)ကို ပြန်လာခဲ့ပါသည်။

ခြံတံခါးကို အိမ်ဖော်အမျိုးသမီးတစ်ဦးက လာဖွင့်ပေး၍ ခြံထဲသို့ ကားကို မောင်းဝင်ခဲ့ပြီးလျှင် ...

"သက်လယ် ...၊ အိမ်ပေါ်လိုက်ရဦးမလား ..."

အိမ်အစိမ်းအသစ်မို့ အထာသိနေပြီဖြစ်သော ဦးမောင်ထီက အလိုက်တသိ မေးပါသည်။

"နေပစေတော့ ဦးမောင်ထီ ...၊ ကားလဲ ပေါ်တီကိုအောက်





တင် ရပ်ထားတာပဲ၊ ဦးမောင်ထီ ညှော်ခန်းထဲ လှမ်းမြင်နေရမှာပါ၊ ပြီးတော့ ဒီခြံက ရဲမှူးကြီးတစ်ယောက်ရဲ့ ခြံပါ"

"ကြော် ... အင်း ... အင်း ..."

သက်လယ်ကို အိမ်တံခါးဝ၌ ကောင်မလေးနှစ်ယောက် ရပ်ကြိုနေပါသည်။ ရဲမှူးကြီးသမီး ဖြစ်ပုံရသော အိမ်ရှင်ကောင်မလေးကို သက်လယ်က ဖြတ်သွားဖြတ်လာ မြင်ဖူးတွေ့ဖူးနေပါသည်။ ဆိုင်ကိုလာသော ကောင်မလေးကလဲ တစ်မျိုးသောအပြုံးကလေးနှင့် ကြိုဆိုနေကာ ...

"ထိုင်ပါ မမ ..."

ဧည့်ခန်းမှာ ထိုင်မိကြလျှင် သက်လယ်က လိုရင်းဦးတည်လျက် ...

"ပစ္စည်းတွေ ကြည့်လိုက်ကြတာပေါ့နော် ..."

"မမ အချိန်မရလို့လား ... ဘုရားစရာရှိသေးလို့လားဟင်"

"အချိန်တော့ ရပါတယ်၊ ဒါပေမယ့် ဆိုင်ကိုလဲ ပြန်ရဦးမှာလေ ..."

သက်လယ်က လက်ကိုင်အိတ် ကြီးကြီးထဲမှ မဂ္ဂဇင်းအရွယ် ကတ္တီပါခရမ်းရောင် ဘူးပြားပြားကြီးကို ထုတ်ယူ၍ ဖွင့်ပြလိုက်ပါသည်။ ကောင်မလေးမှာသော ပစ္စည်းမျိုး ဘောင်ဝင်တာနည်း ရွေးထည့်ယူခဲ့တာဖြစ်၍ တခြားအပိုမပါ။ စိန်လက်စွပ်လှလှကလေးတွေသည်သာ ဘူးထဲ၌ အကန့်လိုက် တဖျိုးဖျိုး တဖျပ်ဖျပ် တောက်ပနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှင် မိန်းကလေးက ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"ကော်ဖီဖျော်လိုက်ဦးမယ် ..."

"နေပါစေ ... တို့ အဲလို မသောက်တတ်လို့ပါ ..."

"မဟုတ်တာ မမ ...၊ အေးအေးဆေးဆေး ထိုင်ပါဦး ..."

အိမ်ရှင် ကောင်မလေး ဝင်သွား၍ ဆိုင်ကိုလာသော ကောင်မလေးသာ ကျန်ရစ်ပါသည်။ ဘူးကိုကောက်ကိုင်ကာ လက်စွပ်ကွင်းလေးတွေကို သုံးလေးခု ဖြုတ်ကြည့်နေသော်လည်း သိပ်ကြီး စိတ်ဝင်စားမှု မပါကြောင်း သိသာနေ၍ သက်လယ်က အကဲခတ်နေမိပါသည်။

"မမ ... ကျွန်မ ... မမနဲ့ စကားပြောချင်တာလေးလဲ ရှိလို့ပါ ..."

သစ်ခွက ဘူးကို စားပွဲပေါ်ချလိုက်ရင်း ဆိုလေရာ သက်လယ်က အံ့သြသြနှင့် ...

"ဘယ်လိုစကား ပြောချင်တာလဲ ..."

"ဒီလိုပါ ...၊ မမနဲ့ တိုင်ပင်ဆွေးနွေးစရာ အကြောင်းလေး တစ်ခုရှိလို့ပါ ..."

တစ်ခုခု ရှိလိမ့်မည်ဆိုတာ စိတ်ထဲ သံသယရှိပြီး ဖြစ်သော သက်လယ်သည် တကယ်လဲ စိန်ကြည့်ဖို့ လိုရင်းမဟုတ်၊ ပြောစရာရှိနေလို့ဆိုတာ သိလိုက်ရသောအခါ ကျွဲမြီးတိုသလို ဖြစ်သွားရပါသည်။





"ဘာအကြောင်းလဲ ... မင်းကိုလဲ တို့မှ မသိဘဲ ..."

"မမက မသိပေမယ့် ကျွန်မက သိပါတယ်၊ အရင်ဆုံး မိတ်ဆက်ပါရစေနော် ...၊ ကျွန်မနာမည်က သစ်ခွ ပါ ..."

"သစ်ခွ ..."

သက်လယ် မျက်ခုံးပင့်သွားရပါသည်။ မိုးညရဲ့ သတင်းတွေကို တိုက်ဆိုင်စွာ ကြားနေရတတ်တဲ့ သက်လယ်ဟာ ကိုယ်တိုင် မမြင်ဖူးပေမယ့် မိုးည စေ့စပ်တော့မည့် ချစ်သူသစ်ကလေး အမည်ဟာ 'သစ်ခွ' ဆိုတာကိုပင် တစ်နေရာမှ အတိအကျ ကြားဖူးထားပြီးသားဖြစ်ရာ ... လူတစ်ကိုယ်လုံး သတိဆွဲလိုက်သလို ဖြစ်သွားရရင်း ...

"သစ်ခွ ဆိုတာ ..."

"ကို ... ကိုမိုးညချမ်းနဲ့ စေ့စပ်တော့မယ့်သူပါ ..."

"ဪ ..."

သက်လယ် မျက်နှာလေးမှာ နီမြန်းသွားရပါသည်။

"ဒါဖြင့်ရင် ... ဘာဖြစ်လို့ စိန်လက်စွပ်ကြည့်မယ်လို့ တို့ကို အကြောင်းပြရတာလဲ၊ တို့စီးပွားရေးကို မင်းအသုံးချပြီး ခုတုံးလုပ်လိုက်တာပဲကွာ ...၊ ပြောစရာရှိလို့ပါဆိုတာ ပွင့်ပွင့်လင်းလင်းပြောလဲ ရတယ် ...၊ ခုတော့ ... မင်းပြောချင်တဲ့ စကားတစ်ခွန်းကို တို့က မင်းရှိရာ အရောက်လာနားထောင်ပေးရတဲ့ပုံ ဖြစ်နေတယ် ...၊ တကယ်ဆို ... ပြောချင်တာက မင်းပဲဖြစ်တဲ့အတွက် တို့ရှိရာ အရပ်ကိုလာပြော



www.burmeseclassic.com

www.burmeseclassic.com



ရမယ် ...၊ ဒါမှမဟုတ် ... ပွင့်ပွင့်လင်းလင်းပြောပြီး နှစ်
သဘောတူ နေရာတစ်နေရာကို ချိန်းသင့်တယ် ...”

နဂိုကမှ မရဲဟာရဲ ... အရဲစွန့် စီစဉ်ကြံစည်ရသေ
သစ်ခွမှာ သက်လယ်ရဲ့ စကားသံပြတ်ပြတ်အောက်၌ မျက်ရည်
လည်လာပါသည်။ သတ္တိကောင်းလွန်း စွာလွန်းလို့ ဒီလို စီစဉ်တ
လဲ မဟုတ်ပါ ...။ ကြောက်ကြောက်နှင့်ပင် စိတ်ကူးပေါက်သ
လုပ်မိတာ။ သက်လယ်ကို သစ်ခွ ပြောဆိုမည့် စကားတို့မှာ
အကြောကြီး အတင်စီးကြီးတွေနှင့် ပြောဆိုမည့် စကားမျိုး
မဟုတ်ပါ။ ခုတော့ ... သက်လယ်က သူ့ကို ခေါ်ပြောလိုက်သ
ထင်သွားပုံရလေသည်။

“မဟုတ်ပါဘူး မမ ...၊ ဆိုင်မှာလဲ လူတွေကြား လာမ
ရဲ ...၊ ဒါကိုပြောချိန်းရင်လဲ မမ လက်မခံမှာစိုးလို့ သ
လုပ်မိလုပ်ရာ လုပ်မိတာပါ၊ မမကိုခေါ်ပြီး ပြောတယ်ဆို
တင်စီးတဲ့သဘော မပါပါဘူး၊ ဒီမှာက ဒီအချိန် လူကြီး
လဲမရှိ ... လွတ်လပ်လို့ ဒီကိုစိတ်ကူးမိတာပါ ...၊ ပြီး
ပြီးတော့ စိန်လက်စွပ်လဲ တကယ်ဝယ်မှာပါ ...”

သက်လယ်သည် တုန်ယင်သော ကောင်မလေ
စကားသံကို အံ့အားတသင့် နားထောင်ကာ မျက်နှာကြောနှ
နည်း လျော့သွားပါသည်။ မျက်ရည်တွေပင် လည်လာတာ
ကြည့်ပြီး သူထင်သလို မဟုတ်ပါလားလို့ သိသွားပါသည်။

သက်လယ် တွေးလိုက်မိတာက ... အကြောကြီး





ခေါ်ပြီး ... ကင်းကင်းနေဖို့ ရှင်းရှင်းနေဖို့ စသဖြင့် ... တိုက်စစ်ဆင် နှိပ်ကွပ်ပြောဆိုတော့မည် ထင်လိုက်တာ။ ခုတော့ ဘာမှမပြောရသေးခင် မျက်ရည်လည်လာ၍ သူထင်သလိုဖြင့် မရိုင်းပုံပေါက်နိုင်ပါ။

နာမည်သာ ကြားဖူးခဲ့တဲ့ သစ်ခွကို ခုမှ အကဲခတ်ကြည့်လိုက်တော့ သူတို့နှင့်စာသော် အတော်နုနယ်ငယ်ရွယ်သေးသူဖြစ်ကာ လောကရေးရာ ဘာမှနားမလည် မရင့်ကျက်သေးဟဲ့ ပိဘိကျောင်းသူရွယ်ကလေး တစ်ယောက်နှယ် ကလေးဆန်ဆန်လေး ဖြစ်နေပါသည်။ သက်လယ်လို လောက၌ ရင်နာ နာကြည်းစရာ အဖြစ်မျိုးတွေ လောကဓံတွေကို ခံစားဖူးကာ ရင့်ကျက်တည်ငြိမ်နေသည့် အနေအထား မဟုတ်သေးပါ။

ဤမိန်းကလေးနှင့် အနိုင့်အထက် လုယက်ယှဉ်ပြောကြဖို့ ရှိလျှင်ပင် ဤမိန်းကလေးဟာ ခွက်ခွက်လန် ရှုံးရမည့် ပြိုင်ဘက်မဟုတ်သူကလေးသာ ...။ မိုးညနှင့် သစ်ခွတို့ စေ့စပ်ပွဲမပြေမလည် ဖြစ်ခဲ့ရသည့် အဖြစ်အပျက်ကို အောင်မော်မှ ဦးမောင်ထိ ... ဦးမောင်ထံမှ တစ်ဆင့် သက်လယ် သိခွင့်ရပြီးချေပြီ။

သူတို့ဘက်ကပဲ စေ့စပ်ပွဲကို ရွှေ့ဆိုင်း၊ သူတို့ဘက်ကပဲ ပြန်စဉ်းစားဖို့ အဆိုတင်ကာ တကယ်တမ်း မိုးညက လုံးဝရှောင်ထွက်လာတော့ ... မနေနိုင်ပြန်သူကလေးမှာ ဤကလေးမပဲဖြစ်နေမည်ပင်။ သက်လယ်သည် ဖြူဖြူကြည်ကြည် ရပ်ကလေးနှင့် သစ်ခွကို သနားသွားမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရုပ်ကလေးထဲမှာ အဆိပ်အတောက် မပါပါ ...။ ကိုယ့်အပေါ် ဘာမှလုပ်နိုင်စွမ်းမည့် သူမျိုးလဲပဲ မဟုတ်ပါ ...။ သူ သိပ်ချစ်ခဲ့ရတဲ့ မိုးည ဆိုသည့် ယောကျ်ားတစ်ယောက်အပေါ် သူ့လိုပဲ သိပ်ချစ်နေရှာသည့် မိန်းကလေးတစ်ယောက် အဖြစ်လဲ ကိုယ်ချင်းစာ ကြင်နာလိုက်မိပါသည်။

သက်လယ် ခိုးရာလိုက်ပြေးခဲ့စဉ် အရွယ်လောက် ကလေးသာ ရှိသေးတာပဲ။ သူ့နှလုံးသားလေးလဲ နုနယ်ရှာပါလိမ့် ဦးမည်။ ပြီးတော့ ... စိတ်မကောင်းစရာက ... သစ်ခွလေးရယ် မိုးညဟာ တို့ကို ဘယ်လောက်ထိ ချစ်ခဲ့တယ်ဆိုတာ တို့အသိဆုံး ပါ။ ပြန်တွေ့တွေ့ချင်း ... ကာမပိုင်ခင်ပွန်း ရှိသည့် အထင်နှင့် တည်ငြိမ်စွာ ဆက်ဆံနိုင်ခဲ့ပေမယ့် ...၊ နောက်တစ်ရက် ... ခင်ပွန်း ဆုံးပါးသွားပြီဆိုတာ သိခွင့်ရတော့လဲ ... ဖြူစင်စွာ ကြင်နာခဲ့ လောက်သာ ပြနိုင်ခဲ့သေးပေမယ့် ...။

တစ်ရက်ထက်တစ်ရက် ... တစ်စထက်တစ်စ ... မိုးညရဲ့ ပြောင်းလဲဆန်းကျယ်လာမှုတွေကို တို့ သိပ်သိနေပါတယ်။ မိုးည မျက်နှာကို စာတစ်အုပ်လို ဖတ်နိုင်တဲ့ မိန်းမလို့ ကိုယ့်ကို ကိုယ် အမွှန်းတင်ရင် မင်း ဘယ်လိုနေမလဲဟင် ...။ တို့ သိနေ တယ် ...။ တို့သားလေး လပြည့် အပေါ် တစ်စုံတစ်ရာသော သံသယတစ်မျိုး ဝင်လာပုံရတဲ့ မိုးညဟာ တို့အပေါ်ကိုလဲ သားလေး ကြောင့်ကိုပဲ ပြန်လည်လှုပ်ရှား အသက်ဝင်ချင်လာတယ်ဆိုတာ

မိုးည မျက်ဝန်းတွေဟာ ပြန်တွေ့တွေ့ချင်းနဲ့ မတူဘဲ





ဆန်းသစ်ရှိဝေလာခဲ့ပြီဆိုတာ သိလွန်းအားကြီးလို့ ကြည့်ကျက် ကြံဖန် ရှောင်တိမ်းနေရတဲ့ တို့ပါကွယ်။ မင်းအတွက် စိတ်မကောင်း တော့ ဖြစ်မိပါတယ် ...။

သက်လယ်သည် သက်ပြင်းတစ်ချက်နှင့်အတူ မျက် နှာကို ပျော့ပျောင်းနွေးထွေးစေလိုက်လျက် ခရမ်းရောင် ဘူးကလေး ကို လှမ်းဆွဲ ပိတ်သိမ်းလိုက်ပါသည်။

“မမ ... သစ်ခွ ... လက်ဖွပ်တစ်ကွင်း ဝယ်မှာပါ ...၊ ပိုက်ဆံပါ တစ်ခါတည်း ပါပါတယ် ...”

“မလိုပါဘူးကွယ်၊ တို့နဲ့ စကားပြောခွင့်ရဖို့ ဒီလောက်ရင်း စရာ မလိုပါဘူး ...၊ ပြောစရာရှိတာ ပြောပါ ...၊ တို့နား ထောင်ပါ့မယ်၊ တစ်နာရီခွဲလောက်တော့ အချိန်ပေးနိုင်ပါ တယ် ...”

“ကျေးဇူးပါပဲ မမရယ် ...။ မမသဘောကောင်းလို့ တော် သေးတယ်၊ သစ်ခွလေ ပြောချင်လွန်းလို့သာ ကြောက် ကြောက်နဲ့ ဒီလိုစိတ်ကူးမိတာပါ၊ ခုထိကြောက်တုန်းပါ၊ ရက်လဲရက်ပါတယ် ...။ မတရားသဖြင့် တစ်ဖက်သတ် ပြောဖို့ဆိုဖို့လဲ မဟုတ်ပါဘူး မမရယ် ...”

“အင်းပါလေ ... မင်း ဘာတွေပြောလိမ့်မယ် ဆိုတာလဲ တို့ သိနေပါတယ်၊ ဒါပေမယ့် ပြောပါ၊ နားထောင်ပေးပါ့ မယ် ...”

“သစ်ခွ ဆိုတဲ့ နာမည်ကြားတာနဲ့ မမ သိသွားသလိုပဲနော်”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... တိုက်တိုက်ဆိုင်ဆိုင်ပဲ ...၊ တို့ လုံးဝမစုံစမ်းရ ပါပဲနဲ့ မိုးညှ သတင်းတွေကို ဟိုက ဒီက အမြဲကြားခွင့် ရနေတယ် ...၊ အဆက်မပြတ် သိနေတယ် ...၊ တကူးတက မစုံစမ်း မဖန်တီးရတာအမှန်ပါ၊ ဒါပေမယ့် သစ်ခွ ဆိုတာ မိုးညှရဲ့ ချစ်သူလေးမှန်း တို့သိနေပါတယ် ..."

"သစ်ခွတို့ အကြောင်းတွေ ခုထိ အားလုံးသိနေလားဟင်"

"အင်း ... စုံစုံစေ့စေ့တော့ မဟုတ်ဘူးပေါ့၊ အကြမ်းဖျဉ်း ပေါ့၊ သိပါတယ် ..."

"ဒါတွေကျတော့ ... မမ ဘယ်လိုသိလဲဟင် ..."

"ဒီလိုပါပဲ ...၊ သတင်းကြားရပြီး ပြန်ပြောမယ့်သူတွေက ရှိနေတယ် ..."

သစ်ခွသည် တည်ငြိမ်လွန်းရသော သက်လယ်ရဲ့ မျက်နှာကို ခပ်ရှိန်ရှိန် ကြည့်မိပါသည်။ သူ့ထံမှာ အရှိန်အဝါ တစ်မျိုး ရှိနေပါရဲ့။ ရင့်ကျက်သည့် မျက်ဝန်းများကြောင့်ပဲလား တော့ မသိပါ။ အင်မတန် လှပကျက်သရေရှိသော ရုပ်ဆင်းအင်္ဂါ ကလဲ သစ်ခွကို အားငယ်စေပါသည်။ ကလေးအမေ တစ်ယောက် လို့ ထင်ရဲစရာမရှိအောင် အပြစ်ကင်းကင်း ကြော့ရှင်းနေပုံကလဲ ငေးကြည့်ချင်စရာပါ။

ကိုကို ... ငေးငေးကြည့်နေတော့မှာပဲ ...။ ကိုကို သိပ်ချစ်ခဲ့ဖူးတဲ့ ... ကိုကို့ပွေ့ဖက်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်ပဲ ...။ ရင်ထဲမှာ သံယောဇဉ်ဟာ ပူနွေးတုန်းပဲ နေမှာပါ။





"ကဲ ... ပြောလေကွယ် ..."

"သစ်ခွနဲ့ ကိုကို စေ့စပ်ဖို့ ရှေ့ဆိုင်းပြီး ပျက်သွားတာနဲ့ ကိုကိုဟာ လုံးဝနောက်ကြောင်းလှည့်မကြည့်ဘဲ ထွက်သွား လိုက်တော့ မယုံနိုင်လောက်အောင်ပါပဲ မမရယ် ...၊ မမကို ခိုးပြေးဖူးတယ်ဆိုတော့ သိသိချင်း ရင်ထဲမှာ တအားမနာလို သဝန်တိုမိတာ၊ မိန်းမတစ်ယောက်ကို သူသိပ်ချစ်ခဲ့ အရူး အမူးဖြစ်ခဲ့ ခိုးယူခဲ့တယ် ဆိုတာကို လက်မခံချင်ဘူး သဝန်လဲတိုတယ် ... ကိုကို့ကိုလဲ သစ်ခွ သိပ်ချစ်တယ်၊ ပစ်လဲမပစ်နိုင် ခွင့်လဲမလွှတ်ချင် ဖြစ်ခဲ့မိပါတယ် ..."

သက်လယ်သည် ရင်ထဲ တဒုန်းဒုန်းခုန်လှုပ်ရှား ယောက်ယက်ခတ်နေသော်လည်း တည်တည်ငြိမ်ငြိမ် လေးပဲ ထိုင်ကာ မျက်လွှာလေးချလျက် ခပ်အေးအေး နားထောင်နေ ရာမှ ...

"ဒီလိုပါပဲ၊ ဒီလိုပဲ ဖြစ်ကြမှာ သဘာဝပါပဲ ..."

"တကယ်တမ်းက အတိတ်က ဖျက်မရတဲ့ ကိစ္စတစ်ခုပါပဲ၊ ကိုကို သစ်ခွကို သစ္စာဖောက်တာမျိုးလဲမဟုတ် ... လော လောဆယ် အပြစ်ကျူးလွန်တာလဲ မဟုတ်တော့ ကိုကိုက သာ မရမက ချော့မော့တောင်းပန်ရင် ကြည်ဖြူပေးလိုက် ရမှာပဲ မဟုတ်လား မမရယ် ..."

"ဒါပေါ့ကွယ် ...၊ လူဆိုတာလဲ အမှားကင်းကြလှတယ် မဟုတ်ပါဘူး၊ အဲဒီတုန်းက ကိစ္စကလဲ ခိုးပြေးဖြစ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တယ် ဆိုတာလေး တစ်ခုပါပဲ …၊ ချက်ချင်းပဲ ပြန်သိမ်းမိသွားကြတာပါ …၊ အကောင်းဆုံးက ဘာမှမတတ်နိုင်တော့တဲ့ ဟိုးတုန်းက ပြစ်ချက်တစ်ခုကို မေ့ပျောက်ပြီး ကြည်ဖြူလိုက်ဖို့ သင့်တာပါပဲ …”

“ဟုတ်ပါတယ် …၊ ဒါပေမယ့် ကိုကိုက အဲသလို ကြည်ဖြူပေးဖို့ကိုတောင် တစ်ခွန်းမှ လာမတောင်းပန် မတောင်းဆိုခဲ့တာပါ၊ လူအထင်ကြီးအောင်လဲ ကိုယ့်ကိုကိုယ် သိက္ခာဆယ်မနေချင်ပါဘူး မမရယ် …၊ ကိုကို လာတောင်းပန်အောင် သစ်ခွ စောင့်နေမျှော်နေခဲ့ပါတယ် …”

သက်လယ်သည် သက်ပြင်း ကျိတ်ရှိုက်ကာ အနေခက်လာမိသည်။

“တစ်လတောင်ကျော်လာတော့ … ကိုကို သွေးအေးသွားမှာကိုလဲ စိုးရိမ်လာတယ်၊ ဒီလိုပဲ ဓာတ်မျှော်ကြီးဖြစ်ပြီး ပြီးသွားမှာမျိုးကိုလဲ စိုးရိမ်မိပါတယ် …”

သနားစရာကောင်းလှတဲ့ မိန်းကလေးရယ် …။ နားထောင်ပေးနေရတာပင် သက်လယ် မျက်နှာတွေ ပူနေပါသည်။

“မမ စိတ်မဆိုးပါနဲ့နော် …”

“မဆိုးပါဘူး … မဆိုးဘူး၊ ပြောချင်တာ အားလုံးပြောမှ ရှင်းလင်းမှာ …”

“သစ်ခွလေ … ကိုအောင်မော့အမေကို ဆက်သွယ်ပြီး စုံစမ်းမေးမြန်းကြည့်မိတာပါ၊ အဲဒီမှာ … ကိုကိုနဲ့မမ မမျှော်



BURMESE CLASSIC .com



လင့်ပဲ ခြံချင်းကပ်ရက် ပြန်ဆုံနေကြတယ်လို့ သိရပါတယ်။ သစ်ခွလေ … သစ်ခွ … စိတ်တအားပူ … အီး … ဟီး … စိတ်မဆိုးပါနဲ့ မမရယ် …”

သက်လယ်သည် ငိုချလိုက်သော ကလေးမကြောင့် ရောယောင် ဝမ်းနည်းမျက်ရည်ဝဲလာကာ စိတ်ဆင်းရဲရဲနှင့် …

“သြော် … မငိုပါနဲ့ ညီမရယ် … တိတ် … တိတ်၊ စိတ်မဆိုးပါဘူးကွယ် … သစ်ခွ စိတ်ပူတာ သဘာဝကျပါတယ် …၊ ပူသင့်တာပဲ ပေါ့ …၊ တို့ကလဲ ယောက်ျားဆုံးပြီး မုဆိုးမ လူလွတ် ဖြစ်နေတယ် မဟုတ်လား …”

“မမရယ် … သစ်ခွ တစ်ကိုယ်ကောင်း ဆန်နေရင်လဲ ခွင့်လွှတ်ပါ …။ ဘာလုပ်လို့ ဘာကိုင်ရမယ် ဆိုတာလဲ မသိပါဘူး၊ ကိုကိုကမှ လာမဆက်သွယ်ဘဲ ကိုကို့ကို ဆက်သွယ်ရမှာလဲ သစ်ခွ မလုပ်ချင်ဘူး …၊ ဒါကြောင့် လုပ်မိလုပ်ရာ စိတ်ကူးထဲ ပေါ်လာပြီး … မမကို တောင်းပန်မယ်ဆိုပြီး …”

သက်လယ်သည် မျက်ခုံးလေး တွန့်ကာ …

“နေပါဦး … တို့ကို ဘာတောင်းပန်မှာလဲကွယ် …”

“ကိုကို့ကို … ကိုကို့ကို … ဟိုလေ … ကိုကို့ကို … မမ”

သက်လယ်သည် ရင်ထဲကျပ်သွားအောင် အသက်ရှူရင်း လက်ဝါးလေးကာ,ကာ …

“ရပြီ … ရပြီ … တို့သိပါပြီ …”



www.burmeseclassic.com

www.burmeseclassic.com



သစ်နွှသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ သဲသဲမဲမဲ ငိုသည်။ ကိုကို့ကို ချစ်လွန်း၍ ဖောက်လွှတ်မခံနိုင်၍ အင်မတန်ဆိုးရွားကျသော လုပ်ရပ်မျိုး လုပ်မိရပြီ။ သက်လယ်ကို စော်ကားရာရောက်မှာလဲ စိုးရိမ် ... နေပိုလုပ်မိပြီး ပြောမိပြီးမှပင် မှားပြီလားရယ်လို့လဲ နောင်တရသလိုလိုဖြစ်ကာ အကြီးအကျယ် ဝမ်းနည်းပက်လက် ဖြစ်နေမိပါတော့သည်။

"တို့ သိပါပြီ ညီမရယ် ...။ သစ်နွှရယ် ... သစ်နွှ ပြောချင်တာ တို့သိပါပြီ၊ မပြောနဲ့တော့ ...၊ ဒီအတွက် သစ်နွှ ပူစရာမရှိပါဘူး ...၊ ပြန်မဆုံကြခင်ကတည်းက မိုးညမှာ ခံမှုဆဲတော့မယ့် ချစ်သူရှိတာ တို့သိနေတာပဲ၊ တို့ ဘာမှလဲ မျှော်လင့်မနေဘူး။ လွန်ခဲ့တဲ့ ခုနစ်နှစ်ကတည်းက အဆုံးထားပြီးသားလူပါကွယ်၊ မဆုံခင်ကတည်းက သူ စေ့စပ်တော့မယ် လက်ထပ်တော့မယ်ဆိုတာ သိပြီးသားမို့ ... ဆုံလာရတော့လဲ ဘာမှ မထူးခြား မပြောင်းလဲဘူး၊ အကယ်၍ မိုးညက စိတ်လည့်လာရင်တောင် တို့က ငြင်းကိုငြင်းရမှာပဲ၊ သူလဲ၊ သစ်နွှက လက်ရှိချစ်သူပဲ ... ဘယ်အလွယ်တကူ ခွဲထွက်မှာလဲကွယ် ...၊ တို့က ကလေးတစ်ယောက်အမေ မုဆိုးမပါ ...၊ ဘယ်ပြန်လက်သင့်ခံသင့်တော့မလဲ၊ မဖြစ်နိုင်တာကိုစွဲ၊ စိတ်အေးအေးသာထားပါ ညီမရယ် ..."

သက်လယ်သည် မျက်တောင်ကို ပုတ်ခတ်၍ မျက်ရည်သိမ်းကာ အသံမတုန်အောင် သတိကြီးစွာထား၍ ပြောပါသည်။





"မမရယ် ... သစ်နွှကို ခွင့်လွှတ်ပါနော် ..."

"ဩော် ... ပြောနေစရာ မလိုပါဘူး၊ မိန်းမချင်း ကိုယ်ချင်းစာနားလည်နိုင်ပြီးသားပါ၊ သစ်နွှကသာ သစ်နွှရဲ့ကိုကို စိတ်လည်မှာ စိုးရိမ်နေပေမယ့် သူ့မှာလဲ ဖေ့ပစ်နိုင်စရာ မရှိတဲ့ နာကြည်းချက်တွေ တစ်ပုံတစ်ပင်နဲ့ပါ၊ တို့မိသားစု အပေါ် သူ သိပ်စိတ်နာစရာဖြစ်ခဲ့တာပါ ...။ သစ်နွှ စိုးရိမ်တာတွေ အလွယ်တကူ မဖြစ်နိုင်ပါဘူး"

"ဘယ်လို စိတ်နာစရာတွေ ရှိလို့လဲဟင် ..."

"တို့ရဲ့ မိသားစုအပေါ်ကိုပါ ..."

သက်လယ်သည် ... အဟောင်းတွေ အသစ်ဖြစ်လာသလို ... ရင်ထဲ နင့်ကာ လာသည်။ သူ့ရင်ထဲမှာ မိုးညအပေါ် သနားခြင်းကြီးစွာ အားနာခြင်းကြီးစွာ ခံစားခဲ့ရတာတွေဟာ ဘယ်တုန်းကမှ ရိုးမသွားခဲ့ပါ။ နှစ်တွေ ပြောင်းလာပေမယ့် မပြောင်းမလဲ ခံစားဆို့နင့်ရမြဲ။ တကယ်တော့ အားနာသနားကြင်နာခဲ့ရတာတွေအပြင် အချစ်တွေဟာလဲပဲ ခုထိမပြောင်းမလဲ မရိုးနိုင်ပဲ သစ်နေခဲ့ရဆဲပါ ...။

"ညီမ နားထောင်နိုင်မယ်ဆိုရင် ပြောပြပါ့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ချင်း မတူပေမယ့် မြို့နယ်ချင်းက တစ်မြို့နယ်တည်းရယ်။ မိုးညတို့က လက်လုပ်လက်စားဆန်သော လူနေရပ်ကွက်မှာ ...။ သက်လယ်တို့က ကိုယ်ပိုင်ခြံဝန်းလေးတွေရှိသည့် ဆိတ်ငြိမ်ရပ်ကွက်မှာ ...။ သို့သော် တစ်မြို့နယ်တည်းမို့ ဒီလမ်းတွေ ဒီလမ်းတွေကိုသာ ဖြတ်သန်းအသုံးပြုနေကြသော သူတို့ချင်းဟာ မျက်မှန်းတန်း ရင်းနှီးခဲ့ကြတာ ဟိုး အတော်ကြာကြာကတည်းက ...။

ကျောင်းချင်း မတူပေမယ့် ... သူနဲ့ကိုယ် အတန်းတူဟူပဲဆိုတာ ကိုယ်စီ သိနေကြသည်က တစ်ယောက်ကိုတစ်ယောက် မျက်လုံးချင်း အသိအမှတ်ပြုထားမိလို့ပါ။ ခုလို အေးတိအေးစက်သဏ္ဍာန် မဟုတ်ဘဲ တက်ကြွနွေးထွေးလှတဲ့ မိုးညဆိုတဲ့ ကောင်ကလေးဟာ သက်လယ်မျက်လုံးထဲ ဘယ်လိုပဲကြည့်ကြည့် ဘယ်အချိန်ကြည့်ကြည့် ... ကြည့်လို့အကောင်းဆုံး လူချောလူသန့်ကလေးပါ။

မရှိရှိအောင် လမ်းကြုံရှာကာ သက်လယ်တို့ ခြံဝန်းလေးရှေ့က သူ နေ့စဉ်လို ဖြတ်လျှောက် ခိုးကြည့်သွားတတ်တဲ့ မျက်လုံးကလေး အကြောင်းကိုလည်း သက်လယ် ရိပ်မိပါသည်။





အလွယ်တကူ ပွင့်လင်းရဲဖို့ အခြေအနေချင်း ကွာခြားနေတာက နှစ်ဦးကြားက တံတိုင်းတစ်ချပ်လို ဖြစ်ခဲ့တာမို့ နှစ်ပေါင်းများစွာ တိုင်အောင် မျက်လုံးကလေးတွေချင်းသာ ဆက်သွယ်ရင်ခုန်နေခဲ့ကြရတာ။

တကယ်တမ်း မိုးညနှင့် သက်လယ် ချစ်သူတွေ ဖြစ်ခဲ့ရတဲ့ အချိန်ထက် နှစ်ပေါင်းများစွာ စောစောကတည်းက တစ်ယောက်ကိုတစ်ယောက် အချစ်ကြီး ချစ်နေခဲ့မိပြီးသားပါ။ ဆယ်တန်းမှာ တစ်ခုသော ကျူရှင်၌ မမျှော်လင့်ဘဲ အတူဘက်ဖြစ်ကြတဲ့အခါမှ မရဲတရဲ ပြုံးပြရဲကြတဲ့ အဆင့်ထိ တက်လာတာ။

ဆယ်တန်းအောင်စာရင်းတွေ ထွက်သည့်နေ့က သူငယ်ချင်းတစ်ယောက်လက်ကို ဆွဲကာ မိုးညရဲ့ အောင်စာရင်းကို အရဲကိုးပြီး သွားကြည့်ခဲ့မိတဲ့ သက်လယ် ... မိုးညနာမည်ဘေးမှာ လေးဘာသာဂုဏ်ထူးတွေကို တန်းစီတွေ့လိုက်ရတဲ့အခါ တအားကို ပျော်ရွှင်ကြည်နူးသွားမိရင်း ...

"ဟယ် ... သူ လေးဘာသာတောင်ထွက်တယ် ... သိလား လေးဘာသာတောင်မှဟယ် ..."

လို့ နောက်လှည့်မကြည့်စတမ်း ဆွေ့ဆွေ့ခုန်နေမိတာ။ "သိလားဟဲ့ ..." လို့ အိကို နောက်လှည့် လက်နဲ့လှမ်းအပုတ် နောက်မှာ ပြုံးတုံ့တုံ့ ရီညို့ညို့ မျက်ဝန်းလဲ့ကလေးနှင့် မိုးညရောက်နေပြီး သူ့ကို ငေးစိုက်ကြည့်နေတာ မြင်လိုက်ရတဲ့အခါ သက်လယ် ရှက်သွားမိတာ မပြောပါနဲ့တော့။



www.burmeseclassic.com

www.burmeseclassic.com



စတော်ဘယ်ရီသီးလို နီရဲသော မျက်နှာလေးကို ငုံ့နှုတ်ခမ်းကို ကိုက်ရင်း အဟင်း ဟင်း ဟင်းနဲ့ ရှက်ရယ် ရယ်လိုက်မိတော့တာပါပဲ။ အဲဒီနေ့မှာ မိုးညနှင့်သက်လယ် စကားစတင်ပြောခဲ့ဖူးပြီး ဘာမှမကြာလှတဲ့ လပိုင်းလေးအတွင်း ချစ်သူတွေ ဖြစ်သွားခဲ့ကြတာပင် ...။

သိပ်ကို သိပ်ကို ချစ်တာတွေဟာ ဘာနဲ့နှိုင်းပြလို့မှ မရနိုင်အောင် နှစ်နှင့်ချိပြီး ရင်ထဲ အုံပုန်းခိုးဝှက်ကာ ကိုယ်စီ ချစ်မြပ်နိုး ဖွဲ့လမ်းနေခဲ့ကြတာ ကြာပြီမို့ ပွင့်ပွင့်လင်းလင်း ချစ်ခွင့်ရလိုက်ခြင်းအပေါ် အရူးအမူး အသည်းအသန် ယစ်မူးစွာ တစ်ယောက်ကိုတစ်ယောက် မျက်စိအောက်က အပျောက်မခံနိုင်အောင်ပါ။

နှစ်ဖက်သူငယ်ချင်းတို့က ... "သဲပါ ... ရူးပါ့ဟယ်" လို့ ဝိုင်းဝန်းထောပနာ ပြုကြရအောင် အချစ်ကြီးခဲ့ကြပါသည်။ မိုးညက ဆေးတက္ကသိုလ်ဝင်ကာ သက်လယ်ကတော့ စီးပွားရေးတက္ကသိုလ်ဝင်ပါသည်။ ဆေးကျောင်းက လူတွေအားလုံးလဲ သက်လယ်ကို မသိသူ မရှိ။ စီးပွားရေးက သက်လယ် အတန်းက လူတွေလဲ မိုးညကို မသိသူ မရှိ။ အဲဒီလောက်ထိ နှစ်ကျောင်းကို တစ်ကျောင်း ပေါင်းထားသလို မခွဲမခွာ ရှိခဲ့ကြတာ။

အချစ်ကြီးချစ်လှတဲ့ ချစ်သူနှစ်ဦး ဇာတ်လမ်းကို ပယ်မဆုံး သိသွားတဲ့သူက ကိုကြီးပါ။ မြို့ထဲတစ်နေ့ရာမှာ သက်လယ်ရဲ့ အစ်ကိုကြီး သန့်ဇင်ရဲ့ကားရှေ့ကမှ လက်တွဲကူး





ဖြတ်ပြေးမိကြတဲ့အဖြစ် ...။ လူကြားသူကြား မာန်မဲဆောင့်ဆွဲကာ သက်လယ်ကို ကားပေါ်ဆွဲတင်သွားသည်။ ပြီး သက်လယ်တို့ ကိစ္စကို အိမ်မှာ ကျပ်ကျပ်တည်းတည်း ချုပ်ချယ်ပိတ်ပင်လိုက်တော့တာပင်။

ဘယ်လောက်ပဲ ကားမြစ်ချုပ်ချယ်နှုယ် အချစ်စစ်တို့မည်သည်မှာ ကျိုးကြေသေဆုံးရိုး ထုံးစံ မရှိလေရာ အင်မတန်ထောင့်စေ့အကွက်စေ့လှတဲ့ အချုပ်အချယ်တွေကြားကပင် တစ်မိနစ်ကလေးလစ်လစ် မဖြစ်ဖြစ်အောင် ခိုးတွေ့လိုက်ကြသေးတာပင်။ နှစ်ဖက်သော သူငယ်ချင်းအပေါင်းအသင်းတို့မှာလဲ သူတို့နှစ်ဦးကိစ္စအတွက် သက်စွန့်ဆံဖျား ကူညီရ ... အငြိုအငြင်ခံရ။

မိုးညတို့ အိမ်အနေအထားကို သက်လယ်အစ်ကိုတွေက သိပါသည်။ တစ်မြို့နယ်တည်းက ကောလိပ်သားတွေချင်းမို့ မသိကျွမ်းတာတောင်မှ ဘယ်သူ ဘာဆိုတာတော့ အားလုံးသိနေကြသည်ချည်းပင်။ သက်လယ်အစ်ကိုနှစ်ယောက်လုံးဟာ ပြည့်စုံသောမိဘတို့ရဲ့ သားပီပီ အရပ်ထဲမှာ တော်ရုံ လူမထင်တဲ့အချိုးထောင်ထောင် ထောင်ထောင်နှင့် လူမပါလူဇော် နှစ်ယောက်ပါ။

ဒီညီမတစ်ယောက်လေးကိုလဲ ရွှေလိုဥကာ အင်မတန် တိုထွာလှသည်ဖြစ်ရာ မိုးညကဲ့သို့ အဆင့်မပြောနှင့် ခပ်မြင့်မြင့်က သက်လယ်ကို မှန်းနေသော ကောင်စားမျိုးတွေကိုပင် ခပ်ရင့်ရင့် ဆက်ဆံနေကျ ...။ ချစ်သူ ကြိုက်သူတွေ များတဲ့ကြားက ဆင်းတောင့်ဆင်းရဲ မုဆိုးမသားကိုမှ ရွေးကြိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသလားရယ်လို့ နှမြော ဒေါသ အာဃာတတွေနှင့် ဆတ်ဆတ်ခါခဲ့ကြပါသည်။

မိုးညကို မုဆိုးမသားလို့ ခေါ်တာကိုပင် သက်လယ်က မခံမရပ်နိုင် နာသည်။ မုဆိုးမဆိုတာ နာမ်နှိမ်ပြောဆိုစရာလား။ မုဆိုးမတို့မည်သည် ကိုယ်မဖြစ်ချင်ပါလဲ လင်ယောက်ျားဆုံးပါးလို့ မဖြစ်မနေ ဖြစ်ရတာ။ ဘာအပြစ်ရှိတာမို့ ‘မုဆိုးမသား’ရယ်လို့ ဝိသေသပြုစရာလိုသလဲ။

အကျင့်သိက္ခာ စာရိတ္တပိုင်းဆိုင်ရာနှင့် အပြစ်ဖွဲ့လို့ မရတော့ ဆင်းရဲတာကိုပဲ ဝိတ္ထာရချဲ့ကာ မတန်မရာသလို ပြောဆိုကြပါသေးသည်။ ကိုကြီးတို့ ကိုလေးတို့ကို အောက်ကျ နောက်ကျ ငုံ့ခံသည်းခံခဲ့ရှာသော မိုးညကို ပို၍ သက်လယ်က အကြင်နာ ပိုရပါသေးသည်။

အိမ်ထဲ သော့မခတ်ထားရုံတမယ် ချုပ်ချယ်စိစစ်သည့် ကြားတည်းက သဲသဲမဲမဲ ရှူးရှူးမူးမူး မတွေ့ရ မနေနိုင် ခိုးတွေ့ဖြစ်အောင် တွေ့နေကြသေးသည့် သက်လယ်တို့နှစ်ယောက်ကို အကြိမ်ကြိမ်မိ၊ အခါခါမိ၊ ဘယ်လိုမှဖျက်မရ ခွဲမရ ဇွဲနဘဲကြီးလှတာ သိလာတဲ့အခါ အနိုင်နိုင် ကျောင်းစရိတ်လေးရဖို့ ကာမိဖို့ပင် ပုံနှိပ်တိုက်၌ ညဘက်နေ့စားဝင်လုပ်နေရသော မိုးညရဲ့ နွမ်းပါးမှုကြောင့် ဘယ်လိုမှလဲ သဘောမတူနိုင်ကြတဲ့အတွက် သက်လယ်ကို အိမ်ထောင်ချပေးဖို့ စပ်ဟပ်ကြပါတော့သည်။

အသိအကျွမ်း မိတ်ဆွေ သင်္ဂဟတွေက တစ်ဆင့်



BURMESE CLASSIC .com



စပ်ကြ ဟပ်ကြ စကားတောက်ကြ တီးခေါက်ကြတဲ့ အထဲက ကိုဇော်ဦးဆိုတဲ့ သူကို ရွေးချယ်ကာ သက်လယ်နှင့် လက်ထပ်ပေးစားဖို့ စီစဉ်ကြတော့ပြီ ...။ ချစ်သူကိုလဲ မခွဲနိုင် ... မချစ်တဲ့သူကိုလဲ မပေါင်းနိုင်တဲ့အဆုံး ကြားက နှစ်ဖက်သူငယ်ချင်းတွေ အကူအညီနှင့်ပင် ခိုးပြေးကြဖို့ တိုင်ပင်စီမံကြရပါသည်။

အမျိုးစုံ ကလိန်စေ့ငြမ်းဆင်ပြီး သက်လယ်ကို အိမ်က ရအောင်ထုတ်ယူကာ သူငယ်ချင်းတွေပါ တတပ်တအား ဝိုင်းခိုး ပေးခဲ့ရတာပါ။ အိမ်ထောင်ချပေးတော့မည် ကြံကတည်းက ခိုးပြေးနိုင်သည်လို့လဲ ကြိုတင်တွက်ဆထားကြကာ သက်လယ်ကို စောင့်ကြပ်ရုံမက မိုးညပါ ဘာအခွင့်မှ မသာအောင် မိုးညရဲ့ အိမ်ပတ်ဝန်းကျင် ... မိုးညသွားလေရာတို့၌ပါ အစ်ကိုတွေက အစောင့်အကြပ်တွေ ချထားခဲ့တာ။

သက်လယ်မပြောနှင့်။ မိုးညပင်လျှင် အစ်ကိုတွေရဲ့ လူတွေမသိဘဲ ဘယ်မှသွားဖို့မလွယ်။ အဲသလောက် ကျပ်တည်းလုံခြုံလှတဲ့ကြားတည်းက အငိုက်မိအောင် မျက်စိလှည့်စားပြီး မရမက ထွက်ပြေးဖြစ်အောင် ပြေးခဲ့ကြတာ ဖြစ်ပါသည်။

သက်လယ် ပျောက်သွားသည်နှင့် မိုးည ထံကို တန်းရောက်သွားကြကာ မိုးညကိုလဲ မတွေ့တော့ သက်လယ်ရဲ့ အစ်ကိုနှစ်ယောက် ရမ်းကား ပွဲကြမ်းကြတော့သည်မှာ မိုးညရဲ့ မိခင်ခများ မျက်ရည်စက်လက်နှင့် ရုံး၊ ဂါတ် ရောက်ရသည်အထိ၊ လမ်းကြောင်းမျိုးစုံနှင့် မရမက ကိုယ်ထိလက်ရောက် ပြုသကာပြု၊



www.burmeseclassic.com

www.burmeseclassic.com



မရမက တောနင်းရှာသလို ပိုက်စိပ်တိုက် ရှာကြသည်မှာ တစ်ရပ်ကွက်လုံး ဟိုးလေးတကြော် ဖြစ်ရသည် အထိပါပင်။

နောက်ဆုံးတော့ သူငယ်ချင်းတစ်ယောက်ရဲ့ ဖော်ကောင်လုပ်မှုကြောင့် တောင်ဥက္ကလာပမြို့နယ်ထဲက အခန်းငယ်လေးတစ်ခုမှာ ရောက်နေကြသော သက်လယ်နှင့် မိုးညကို ခြေရာခံမိသွားခဲ့ပါသည်။ ဖော်ရသော သူငယ်ချင်းခများလဲ ဖော်ချင်လို့ဖြင့် မဟုတ်ရှာ ...၊ မိဘတွေကိုပါ ဖိအားပေး နိုင်ရာကိုင်လာ၍ သူ့မိဘတွေရဲ့ ဇွတ်တိုက်တွန်း ကြိမ်းမောင်းမှုကြောင့် ရင်နာနာနှင့် ဖော်လိုက်ရတာသာ ...။

ညလုံးပေါက် မအိပ်မနေ လိုက်ခဲ့ကြတာမို့ နောက်တရက် မိုးအလင်းမှာ ဘယ်မှာရှိနေကြောင်း အစ်ကိုတတွေ သိပါပြီ။ အမှန်တော့ သက်လယ်တို့ကလည်း ထိုမနက်မှာ နေရာပြောင်းရွှေ့ဖို့ စီစဉ်ပြီးသား။ မထွက်ခင် အုပ်မိ ဖမ်းမိ သွားရတာကြောင့်ပင် ...။

အဲဒီမနက်က မိုးတွေ မည်းသည်းနေကာ မိုးလင်းတာတောင် အလင်းရောင်ကောင်းကောင်း မရှိပါ။ အိမ်ရှေ့ကို လူအုပ်စုလိုက်ကြီး ရောက်လာတဲ့အခါ ဘယ်လိုမှ ပြေးဖို့မမီတော့။ နောက်ဖေးပေါက်ကပင် လစ်ဖို့ မဖြစ်နိုင်အောင် ကိုကြီးကိုလေးနှင့် သူငယ်ချင်းတစ်စုက ရှေ့နောက်ဝိုင်းရံထားပါသည်။

အိမ်ရှေ့က ကားပေါ်မှာ မေမေကိုယ်တိုင်ပါလာခဲ့တာ။ အဖြစ်အပျက်တွေဟာ ယောက်ယက်ခတ် ရှုပ်ထွေးလှ၍





မှန်တိုင်းခတ်သည့်နယ်ပင် ...။ မိုးညကို ဆွဲထုတ်သွားကြတာ။ ဆိုးကြိတ်ကန်ကြောက်ကြတာ ...။

သက်လယ့်မှာ အော်ဟစ်ငိုယို တောင်းပန်ခိုက်ရသည်မှာ အသံတွေပင် မထွက်တော့တဲ့ထိ ပြာနှမ်း ငယ်သံပါသာသည်။ မိုးညကလဲ မည်သို့မျှ မခုခံ။ ခုခံလျှင်လဲ လူအားကမမျှ။ ကိုကြီးနှင့်ကိုလေးတို့ဟာ သူတို့ အထူးအမြတ် အဖူးအညွှန့်ထားကာ ရွှေလိုဥထားသော နှမငယ်ကို မတန်မရာ ရာရာသသခိုးယူပေါင်းသင်းဝံ့ရကောင်းလားရယ်လို့ ဆတ်ဆတ်ခါ နာနေကြသည်ဖြစ်ရာ ...။

ဤမြင်ကွင်းမျိုး မသေမီစပ်ကြား နောက်တစ်ကြိမ်မမြင်ရပါစေနှင့်ဟုသာ သက်လယ် တိုင်တည်ဆုတောင်းနိုင်ပါသည်။ မိုးညရဲ့ ဦးခေါင်းမှ နှုတ်ခမ်းမှ နှာခေါင်းမှ ခြေမှလက်မှ စီးဆင်းထွက်လာသော သွေးတို့ဟာ မိုးရေထဲ၌ စိမ့်စီးကုန်သည်။

မိုးညအမည်ကိုသာ အသည်းနှလုံး နှစ်ခြမ်းကွဲလုအောင် မြည်တမ်းရင်း မေမေနှင့် ကိုကြီး ကိုလေးတို့ လက်သို့ သက်လယ် ပြန်ပါသွားခဲ့ရပါသည်။ မိုးကြောင့်ဖြစ်သော ရွှံ့အိုင် ဗွက်အိုင်ထဲ လူးလဲထဖို့ ခွန်အားမကျန်အောင် သွေးအလူးလူး လဲပြိုကျန်ရစ်ခဲ့ရသော မိုးညရဲ့ သဏ္ဌာန်ဟာ ဒီနေ့ထိကိုပဲ သက်လယ် ‌ေက်ဝန်းထဲက မထွက်ပါ ...။

ခုတွေး ခုနာကျင်လှိုက်လှဲ ဆို့နစ်လာသည်အထိ ခံစားရဆဲ ...။ အဲသလောက် နိုင်လိုမင်းထက် နှိပ်စက်ကလူပြုခဲ့သော



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ကိုလေးတို့ အပြုအမူကိုလဲ မိုးည အသက်ရှင်သမျှ ကာလပတ်လုံး မေ့ပစ်နိုင်လိမ့်မည် မဟုတ်ပါ။ သက်လယ်အပေါ် အပြစ်မထားတောင်မှသက်လယ်၏ မိသားစုအပေါ် သူ့ရဲ့ နာကြည်းမုန်းတီးမှုဟာ ဘယ်တော့မှ ပျက်ပြယ်မည် မထင်ပါ။

ကိုယ် ထပ်မံကြိုးစားလျှင် ချစ်ရသူ မိုးည သာလျှင် ထမ်မံအနိုင်ကျင့်နှိပ်စက်ခံရလိမ့်ဦးမည်ကို အတပ်သိနားလည်စွာ ငါးရက်အကြာမှာ မြို့ကို လိုက်ပါဖို့ သဘောတူကြည်ဖြူ၍ အားမတန် မာန်လျှော့ခဲ့ရပါချေသည်။

❧



## ၈

သက်လယ်သည် ဦးမောင်ထိကို စမ်းသပ်နေသည့် မိုးညကို နောက်နားမှ စိုက်ကြည့်နေရင်း သက်ပြင်းလေးတွေသာ ရှိုက်လို့နေမိပါသည်။ လူတို့ရဲ့ ကံကြမ္မာဆိုတာကို ဖန်တီးရေးဆွဲချယ်လှယ်ကစားနေသည့် ကံဇာတ်ဆရာ ဆိုတာကြီးကို တစ်ခုလောက်တော့ တွေ့မေးလိုက်ချင်သည်။ သူ့စိတ်တိုင်းကျ ခွဲတုန်းက ခွဲခဲ့ပြီးကာမှ ဘာကြောင့်များ ပြန်လည်ဆုံစည်းပေးရပြန်တာလဲ လို့ပင်။

ခွဲလက်စနှင့် အပြီးအစီး တစ်သက်လုံး ခွဲလိုက်ပါတော့လား။ ပြန်လည်ဆုံစည်းစေခြင်းဟာ ကာယကံရှင်တို့ရဲ့ နှလုံးသားကို ဆိုးသထက်ဆိုးအောင် နှိပ်စက်ကလူပြုရာ ကျလိမ့်မည်ဟု မတွေးတတ်လေရော့လား။



www.burmeseclassic.com

www.burmeseclassic.com



"တုပ်ကွေးပါပဲ ဦးမောင်ထိ …၊ ဒီရာသီက ဒီလိုပဲ ဖြစ်တတ်ပါတယ် …၊ ဘာမှမစိုးရိမ်ရပါဘူး၊ အဖျားတက်နေတာလဲ အလွန်ဆုံး သုံးရက်ပေါ့ …၊ ကျသွားမှာပါ"

"ကျွန်တော်က တော်ရုံတန်ရုံ မဖျားမနာပါဘူး ဆရာ …၊ တစ်နေ့က မိုးလဲ နည်းနည်းမိသွားတာပါမယ် …၊ ဆရာကို အားနာလိုက်တာ၊ ကျွန်တော်က ညနေမှ ကိုယ့်ဟာကိုယ် လမ်းထိပ်ဆေးခန်းလေး ပြေးလိုက်မလို့ …"

"ဆေးခန်းပြေးနေစရာ လိုလားဗျာ၊ ခြံချင်းကပ်ရက် ကျွန်တော် တစ်ယောက်လုံး ရှိနေတာပဲဟာ …"

"ဆရာနဲ့ဆိုတော့ ဆရာက အိမ်ထိလာကြည့်ပေးမှာ အားနာလွန်းလို့ပါ"

"ဒါဖြင့်လဲ လမ်းထိပ်ပြေးမယ့်အစား ကျွန်တော့်အိမ် ပြေးခဲ့ပေါ့၊ လာကြည့်ရလဲ ဘာအပန်းကြီးတာမှတ်လို့ဗျာ"

ဦးမောင်ထိက မိုးညချမ်းကို ခင်မင်ကြည်ညိုစွာ ကြည့်ရင်း …

"ဆရာ ဘယ်လိုလုပ်ပြီး သိသွားတာလဲ…"

"မိကြွယ် ပြောပြတာလေ …၊ ကျွန်တော့်ကားက စက်နိုးမလွယ်ဘဲ ဖြစ်နေလို့ …၊ တွန်းနိုးနေရတယ်၊ စတော့တာမော်တာပဲလား … ဘက်ထရီလား ကျွန်တော်လဲ သိပ်နားမလည်တော့ အောင်မော်က ဦးမောင်ထိ ကျွမ်းတယ်ပြောတာနဲ့ ခြံစည်းရိုးကနေ လှမ်းခေါ်တာ၊ မိကြွယ်ပဲ ထွက်လာပြီး





ပြောပြတာလေ၊ ဦးမောင်ထိက တစ်ညလုံးပေါက် အဖျားတက်နေတယ်တဲ့၊ မနက်အစောကြီးက စောင်ကြီးခြုံပြီး ရေနွေးပူဘွေ လာတောင်းသွားတယ်ဆိုတာနဲ့ အခုလာကြည့်ပေးမယ် … ဦးမောင်ထိကို ပြောထားလို့ ပြောလိုက်တာ၊ မိကြွယ်က သက်လယ်ကိုပါ သွားပြောတယ် ထင်တယ် …"

"ဟုတ်တယ် …၊ မိကြွယ်လာပြောမှပဲ ဦးမောင်ထိ ဖျားနေတာ သက်လယ်လဲ သိတာ၊ မိုးညကိုလဲ သိပ်ကျေးဇူးတင်တာပဲ၊ အားတော့နာမနေတော့ပါဘူးလေ၊ အားနာတယ်ဆိုရင် သူ့စိမ်းဆန်ပြီး တော်ကားရာကျမှာစိုးလို့ပါ၊ အိမ်မှာ ဘာအဖျားအနာလေးပဲရှိရှိ … နီးနီးနားနား အားကိုးနေရတာ သိပ်ကျေးဇူးတင်ဖို့ ကောင်းတာပဲ"

မိုးညချမ်းက သက်လယ်ကို ခပ်ပြုံးပြုံး စိုက်ကြည့်ကာ မှားကောင်နေပါသည်။ စကားဆုံးတဲ့အထိ အပြုံးက မပျက် ဆက်လက်စိုက်ကြည့်နေ၍ ရှက်ကိုးရက်ကန်း အမူအရာမဖြစ်မိအောင် သတိထားရင်း ဘေးက ဓာတ်ဘူးကို ရေနွေးရှိမရှိမကြည့် ပန်းကန်လုံးကိုင်ကြည့်နှင့် အဓိပ္ပာယ်မရှိ ဟိုထိဒီကိုင် လုပ်နေမိပါသည်။

"ကျွန်တော် ဆေးပေးခဲ့မယ် ဦးမောင်ထိ"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ … ဆရာ၊ သက်လယ်တော့ ခက်ပြီ၊ ကျုပ် အားနာလိုက်တာ၊ နေ့လယ်တော့ လပြည့်ကို လိုက်ပို့နိုင်မယ် ထင်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဦးမောင်ထီကလဲ အားနာစရာမရှိ ကြံဖန်ပူနေပြန်ပြီ နေမှမကောင်းပဲဟာ ... တစ်ခါတလေ ဒီလိုပေါ့၊ နေ့လယ်လဲ ဘယ်သက်သာဦးမှာလဲ၊ ဘာမှခေါင်းထဲ တွေးမနေနဲ့ သက်လယ်က ဘာမှကိစ္စမရှိဘူး၊ လပြည့်ကိုလဲ မိကြွယ်နဲ့ လမ်းလျှောက်ပို့ခိုင်းလိုက်မယ်၊ ဘာမှဝေးတာမှ မဟုတ်ဘဲ ဟာ ..."

"သက်လယ် ကားမမောင်းဘူးလား"

"သင်တော့ သင်ဖြစ်ခဲ့ပါတယ် မိုးညရယ် ...၊ ဒါပေမယ့် လူက မရဲတော့ မမောင်းဖြစ်တာနဲ့ သင်ထားတာလဲ အလကားပါပဲ၊ သတ္တိမှ မရှိတာ မမောင်းဝံ့ဘူး"

"အရာရာကို သတ္တိရှိရှိ ဦးစီးဦးဆောင် လုပ်နေပြီး ကားမောင်းဖို့ကျမှ သတ္တိမရှိဘူးရယ်လို့ ... သက်လယ်ရယ်"

သက်လယ်သည် လွင်လွင်ကလေး ရယ်မောလျက် ...

"ကြောက်တယ် မိုးညရဲ့ ... မဖြစ်ဘူး၊ စိတ်လဲ ပင်ပန်းတယ် သင်တာတောင် တစ်ကိုယ်လုံး ချွေးနဲ့ရွဲနေတာ၊ တစ်ခါကရဲ့ အဆင်မပြေတာတော့ တက္ကစီပဲ စီးလိုက်ရတာပဲ"

ကျောလယ် မရှိတရှိ ဆံပင်ပျော့လေးတွေကို နားနောက် သပ်ကာ ပြောနေသော ဟန်ကလေးက ရုတ်တရက် ကလေးဆန်သွားသလိုပင် ...။ ထိုဆံပင်ပျော့ကလေးတွေကြောင့်ပင် အသက်နှစ်ဆယ့်ကိုး ရှိနေပြီဖြစ်သော သက်လယ်ရဲ့ ရုပ်





သဏ္ဍာန်လေးက နုနေပါသည်။ မိုးညချမ်းသည် သတိလက်လွတ် တစ်ချက် ငေးကြည့်နေမိပြီးမှ မျက်နှာလွှဲလိုက်ရသည်။

သိပ်ခက်ပါလား ...။ သူဟာ သစ်ခွကို အေးအေးချမ်းချမ်း စိတ်အနှောင့်အယှက်ကင်းကင်း စဉ်းစားဆုံးဖြတ်နိုင်ဖို့ အချိန်ပေးထားတာသာဖြစ်ပြီး စွန့်ခွာလိုက်သေးတာလဲ မဟုတ်။ ခုလို သက်လယ်ကို သားလေး လပြည့်နှင့် တွေ့ရတဲ့အခါ ... သူ့ရင်မှာ လှုပ်ရှားရတာ ပန်ခံရတော့မှာပါပဲ ...။

သားကလေးကိုသာ သူ သိသယ မဝင်ခဲ့ရင် အတတ်နိုင်ဆုံး ချုပ်ထိန်းမျိုသိပ်နေနိုင်မှာပါ။ ခုတော့ ချစ်ခဲ့စဉ်က သာမန်ပေါ့ပေါ့ပါးပါး ချစ်ခဲ့ရတာ မဟုတ်တဲ့ ချစ်သူ။ အခက်အခဲအတားအဆီးတွေ အများကြီးကြားထဲက သူ့ဘက်ပါခဲ့သော ချစ်သူ ...။ သစ်ခွနဲ့ ချစ်ခဲ့ကြရတဲ့ ခရီးလမ်းတစ်လျှောက်မှာက အနှောင့်အယှက် ခလုတ်ကန်သင်း မရှိလေခဲ့။ အေးချမ်းဖြောင့်ဖြူးခဲ့သည်။

ဒါကြောင့်ပဲ ရင်ထဲ လေးလေးနင့်နင့်နင့် မရှိမိဘူးလေလား။ သူ သစ်ခွအပေါ် အပြစ်မကင်းသလို ခံစားမိပါသည်။ သို့ပေမယ့်... သက်လယ်ကြောင့် သူ့ရင်တွေ လှုပ်ရှား ပင့်သက်ဖြာနေရပြီကတော့ အမှန်ပါတည်း။

"သက်လယ်လဲ တက္ကစီနဲ့ မသွားပါနဲ့၊ ဦးမောင်ထီလဲ နားပေါ့၊ သက်လယ်ကိုလဲ ကိုယ် လိုက်ပို့ပါ့မယ်၊ သားကိုလဲ ကိုယ်ပဲ ကျောင်းပို့ပေးမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



'သား'ဆိုတဲ့ နာမ်စားကြောင့် သက်လယ်ရင်ထဲ ဒုန်းခနဲ ဖြစ်မိပြန်ကာ ...

"ဟာ ... မဟုတ်တာ မိုးညှရယ်၊ အခက်အခဲဖြစ်မှကူညီပါ၊ ဘာမှ မခက်တာကို အလကား မကူညီပါနဲ့ ... မပို့နဲ့ ရတယ်"

"ကိုယ် ဒီနေ့ ဆေးရုံ မသွားရဘူး ...၊ ညမှ သွားရမယ်"

"အို ... ဒါပေမယ့် ကိစ္စမရှိပါဘူး ...၊ ကိုယ့်ဘာသာ သွားမှာပါ ... ရတယ် ... ရတယ် ..."

ဦးမောင်ထိမှာ သူလဲ ဘယ်လိုမှ ကားမမောင်းနိုင်အောင် ကိုက်ခဲချမ်းစိမ့်နေ၍ ဘာမှ ဝင်မပြောနိုင်ပါ။ မိုးညှချမ်းလိုက်ပို့မည်ဆိုတာကို အားနာသော်လည်း သူ ကျိတ်၍ သဘောကျနေမိပါသည်။

"အားလို့ ကိုယ် ပို့ပေးမှာပါ၊ မအားရင် မပို့နိုင်ပါဘူး"

"ဟင့်အင်း ... ရတယ် ..."

အဲဒီတုန်း ခြံထဲ ကားတစ်စီး ဝင်လာခဲ့ပါသည်။ ညွှ်သည့်ထင်၍ စကားဖြတ်ကာ ထွက်သွားဖို့ ကြံသော သက်လယ်သည် ... ဝင်လာသော ကားကို ဂိုဒေါင်ဘေးခန်းလေးမှ လှမ်းကြည့် မြေ့မြင်လိုက်လျှင် ခေါင်းပင် ကိုက်သွားသလိုပင်။ ကိုကြီးရဲ့ ကားပါလား။ သက်လယ် ဒီက ထွက်သွားလျှင် ဆေးကုသမှုပြီးနေပြီဖြစ်သော မိုးညှချမ်းလဲ ပြန်ဖို့ထွက်လာမှာပင်။ ကိုကြီးနှင့် မိုးညှကို မဆုံစေလို။





ကိုကြီးဟာ ငယ်ငယ်ကလို မဟုတ်ပဲ လူကြီးဆန်နေပြီဖြစ်ပေမယ့် မိုးညှကို သက်လယ် မျက်နှာပူသေးသည်။ ဒီတော့ ဦးမောင်ထိအခန်းမှ ထွက်ခဲ့ဖို့ ခက်ကာ ယောင်ပေပေနှင့် ဟိုလိုလို ဒီလိုလို ဆက်ရပ်နေရပါသည်။

"မေမေ ... နေကောင်းလား ..."

"အေး ... ကောင်းပါတယ် သားကြီး ... ဘာကိစ္စပါလဲ"

"ဘာမှမရှိပါဘူး ... လေဆိပ်မှာ ညွှ်သည်ကြိုဖို့ရှိတာ ...၊ ဆယ့်ငါးမိနစ်လောက်လေး စောနေတာနဲ့ ဒီဝင်ကြည့်တာ၊ ဆယ့်ငါးမိနစ်ပဲ နေမှာ ..."

"နီနီနဲ့ ကလေးတွေ နေကောင်းလား ..."

"ကောင်းပါတယ် ...။ ကလေးနှစ်ယောက်က အကောင်းတောင် လွန်နေတယ်၊ မျောက်ကိုရှုံးနေတာပဲ ...။ လပြည့်ကြီးကော ..."

"ရှိတယ် ... မုန့်စားနေတယ် ထင်တယ်"

"သက်လယ်ရော ..."

"ဦးမောင်ထိ ဖျားလို့ ဦးမောင်ထိဆီ ရောက်နေတယ် ...၊ မိုးညှ ဟိုဘက်ခြံရောက်နေတာ ဟိုတစ်နေ့က ဖုန်းထဲက မေမေ ပြောပြီးပြီမို့လား၊ ခုလဲ မိုးညှ လာကြည့်ပေးနေတယ်"

"မိုးညှ ရောက်နေတယ် ဟုတ်လား"

"အေး ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်လေးရီက သနပ်ခါးဖင်မျက်နှာကို အကဲခတ်ရာ သနပ်ဖင်မှာ တွေဝေနေပါသည်။ ငယ်ငယ်ကတော့ ဒီကောင်ကို ကြည့်မရတာ အမှန် ...။ ဆင်းရဲသားက ကိုယ့်ညီမ အကောင်းစားကို တက်ကြိုက်ရသလားရယ်လို့ မာန်မာနတွေ မောက်မာခဲ့တာလဲ အမှန်ပင်။ ငယ်စိတ်နှင့် သွေးကလဲ ရဲလှတော့ ... မရမက ခွဲပစ်ကာ ဟိုကောင်ကို နှိပ်စက်ထိုးကြိတ်လိုက်ရတာကိုပဲ အရသာရှိကာ ကျေနပ်နေခဲ့တာပါ။

မိဘနှင့် သူတို့တွေ ဝိုင်းစီစဉ်ပေးခဲ့တဲ့ အိမ်ထောင်ရေးမှာ သက်လယ်လေးတစ်ယောက် ကံမကောင်း အကြောင်းမလှရှာဘဲ နောက်တစ်မနက်မှာပင် ယောက်ျားဖြစ်သူ ဆိုင်ကယ်မှောက်သေကာ မုဆိုးမလေး ဖြစ်ခဲ့ရှာကတည်းက ညီမကို သိပ်သနားကာ ယူကျုံးမရ ရင်ကွဲမိတာပါ။ သူတို့သာ မိုးညချမ်းနှင့် ဖွတ်လိုက်မခွဲခဲ့ရင် ခုလိုကံစွမ်း ကြုံရမှာ မဟုတ်ဘူးလို့ ယုံကြည်ကာ စိတ်မကောင်းဖြင်းကြီးစွာ ဖြစ်ခဲ့ရပါသည်။

ခုတော့ ညီမလေးခမျာ သားတစ်ယောက်အမေမုဆိုးမကလေး။ ဒါတွေထဲမှာ သူတို့ရဲ့ ရက်စက်မှုပယောဂတွေ ပါခဲ့သည်လို့ သူ နောင်တ,ရတတ်ပါပြီ။ သူတို့ ခွဲခဲ့တဲ့ သက်လယ်ချစ်သူဆိုတာကလဲ တကယ်တော့ ဆင်းရဲတာ တစ်ခုက လွဲရင် အပြစ်မရှိရှာပါ။ နောင်အခါ ဆရာဝန်ဖြစ်လာရင်လဲ သူ့ဟာနှင့်သူ အဆင်ပြေသွားမှာသာ ...။





ကိုယ် မဖြစ်စေချင်တာ ဖြစ်ခွင့်မရှိရ ... ရယ်လို့ တစ်ယူသန် ငါဂုဏ်မောက်ခဲ့ကာ မာန်မာနတွေ ရှေ့ထားမိခဲ့တာကိုလဲ ဂုဏ်ယူသည့်အရွယ် လွန်ခဲ့ပါပြီ။ လောကရဲ့ အရေးကြီးခြင်း အရေးမကြီးခြင်း ... ဆိုးခြင်း ကောင်းခြင်းတို့အပေါ် အမိပ္ပာယ်သတ်မှတ်မှု ပြောင်းလဲလာခဲ့တဲ့အရွယ်ကို ရောက်လာခဲ့ပါပြီ။

"သူတို့ ဘယ်လိုလဲ မေမေ ..."

"ဒီလိုပါပဲ ... အနေမှန်မှန်ပါပဲ သားကြီးရယ် ..."

"အပြစ်တင်ချင်လို့ မေးတာ မဟုတ်ပါဘူး၊ သိချင်တာ သက်သက်ပါ"

"မိုးညက နေ့စပ်တော့မယ့်သူ ရှိတယ် ဆိုလားပဲ ..."

"ဩော် ..."

ရင်ထဲနှမြော တသ,သလို ဖြစ်သွားရတာ အမှန်ပင်။ နှမြောတသမှုဟာ မိုးည အခြေအနေကောင်းလာတာနှင့် မပတ်သက်ပါ။ သူ့ညီမလေးများ စိတ်ချမ်းမြေ့သာယာရဖို့ အခွင့်အလမ်းပြန်ရှိလာမလားလို့ မျှော်လင့်တွေးထင်ထားမှု ပျက်သွားရတာကြောင့် သက်လယ်ရဲ့ စိတ်ချမ်းမြေ့မှုလေးကို နှမြောတာပါ။

"မမျှော်လင့်ဘဲ ဆုံရရင်လဲ ကောင်းကောင်း ဆက်ဆံလိုက်ပါ သားရယ်၊ မဆက်ဆံချင်ရင်တောင်မှ ရှောင်နေလိုက်ပါ၊ အာဃာတ မထားပါနဲ့နော် ..."

"ကျွန်တော် နားလည်ပါတယ် မေမေရယ် ... လူကြီးလဲ ဖြစ်လာပြီ ...၊ တကယ်တမ်း အာဃာတ ထားမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူက ပိုတောင် ထားသင့်သေးတာပါ၊ ပြီးတော့ မေမေ့ကို အသက်ကယ်သလောက်နီးနီး ကုသစောင့်ရှောက်ထားတာ က ရှိသေးတာပဲ၊ ကျွန်တော် ဒီလောက်မရိုင်းပါဘူး"

"အေး ... အေး ... ဝမ်းသာလိုက်တာ သားကြီးရယ် ..."

"ခုလဲ ကျွန်တော်ပဲသွားနှုတ်ဆက်လိုက်ပါ့မယ်၊ ဦးမောင်ထိ လဲ သတင်းမေးရင်း ..."

"အေး ... အေး ..."

ကားရုံဘက် ထွက်သွားသော သန့်ဇင်ကို ဒေါ်တင် လေးရီက ပြုံးကြည့် ကျန်ရစ်ရာပါသည်။ သန့်ဇင်သည် ဖွင့်ထား သော တံခါးဝမှာ ရပ်လိုက်ရင်း ...

"ဦးမောင်ထိ ဖျားနေတာဆို ..."

အသံကြောင့် သက်လယ် မျက်နှာလေး ပျက်ကာ မိုးညချမ်းလဲ အမှတ်တမဲ့ လှည့်ကြည့်လိုက်ပါသည်။ သန့်ဇင်ကို မြင်လျှင် ပြုံးမြကြည်လင်နေသည့် မိုးညချမ်းမှာ ဆတ်ခနဲ ပြောင်းလဲ သွားပါသည်။

"ဩော် ... ကိုကြီး ရောက်လာတာကိုး ...၊ ဦးမောင်ထိက တုပ်ကွေးပါ၊ လာ ... လာ ... အိမ်ပေါ်သွားကြစို့"

မိုးညရှိတာ မေမေ မပြောလိုက်ဘူးလားလို့ စိတ်ထဲ ထိတ်ရင်း သက်လယ်က သန့်ဇင်လက်ကို ဆွဲကာ ထွက်သွားဖို့ ကြိုးစားသည်။

"မေမေနဲ့ တွေ့ခဲ့ပါပြီ ..."





"လာပါ ... ပြောစရာရှိသေးတယ် ..."

"ဘာပြောစရာလဲ ..."

"ကိုကြီး အားရင် ... သက်လယ်ကို ဈေးပို့ပေးပါလား"

အမှန်က ပို့ဖို့မလို။ ကားငှားသွားလို့ လွယ်ပါလျက် ကားငှားလျှင် မိုးညက မပြစ်မနေ ပို့ကိုပို့မှာ စိုးရိမ်နေလို့ပင်။

"ငါ မအားဘူးဟ၊ လေ့ဆိပ်မှာ ညှိသည်ကြိုဖို့ အချိန် နည်းနည်းပိုလို့ ဝင်လာတာ၊ ဆယ့်ငါးမိနစ်လောက်ပဲ အချိန်ရတာ၊ ခုပဲ ငါးမိနစ်လောက်ကုန်ပြီ"

"လာလေ ... အိမ်ပေါ်ကို ..."

"နေပါဦး ... ငါ ... ကိုမိုးညနဲ့ စကားပြောဦးမလို့ပါ"

"ဟင် ..."

သက်လယ်မှာ အံ့အားတသင့် ဖြစ်ရသည်။ မိုးည ကိုများ ကိုမိုးည ... တဲ့။ အဆုံးတိုင်တော့ စိတ်မချိုင်သေးဘဲ ကိုကြီးကို သက်လယ်က အကဲခတ်နေမိသည်။ သန့်ဇင်သည် ထိုင်နေသော မိုးညချမ်းထံ ညာလက်ကမ်းလိုက်ရင်း ...

"သူဘယ်သူ ငါဘယ်သူဆိုတာ သိပြီးသားပေမယ့် မိတ် ဆွေသဘောမျိုးနဲ့ တစ်ကြိမ်မှ နှုတ်မဆက်ဖူးခဲ့လို့ ခုမှပဲ မိတ်ဆက်ရတယ် သဘောထားပါ ကိုမိုးည ..."

မိုးညသည် သန့်ဇင်ကို ကြည့်နေမိရာမှ ထပ် လက်ကမ်းလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးညလို့ ခေါ်ဖို့ အလိုအပ်ပါဘူး ကိုသန့်ဇင် ...။ မိုးညပဲ ခေါ်ပါ ..."

"ဆရာဝန်တစ်ယောက်ဖြစ်မှ ... ဟန်ဟန်ပန်ပန် ရှိမှ 'ကို' တပ်ခေါ်တယ် မယူဆစေချင်ဘူး၊ ကိုယ်ကိုယ်တိုင်လဲ လူကြီးဖြစ်လာပြီး စိတ်ထားတတ်လာတဲ့ အကြောင်းကြောင့်လဲ ပါတယ်၊ တစ်ချိန်က လူငယ်စိတ်နဲ့ ကိုယ်ဖြစ်ချင်တာ ဖြစ်အောင် မဖြစ်ချင်တာ မဖြစ်အောင် ခပ်ရမ်းရမ်းနေထိုင် ပြုမူခဲ့ဖူးတာတွေ အနည်ထိုင်ပြီး နောင်တ ရလာတာလဲ ပါတယ် ...၊ မေမေ့ကို ပြုစုစောင့်ရှောက်ပေးခဲ့တဲ့ ကျေးဇူးကို မပြောတတ်အောင် ကျေးဇူးတင်လို့လဲ ပါပါတယ် ကိုမိုးည ..."

"ဒါဆိုရင် ... ကျေးဇူးပြုပြီး ... မိုးညပဲခေါ်ပါ ကိုသန့်ဇင်"

"ကောင်းပါပြီ ... မိုးည ..."

မိုးညချမ်း ရင်ထဲမှာ မပြောတတ်အောင် ခံစားရပါသည်။ ဒီညီအစ်ကိုကို သူ မှန်းတီးနာကြည်းခဲ့ဖူးပါသည်။ သို့သော် တစ်ဖက်က ဤသို့ လူကြီးလူကောင်းဆန်ပါလျက် သူ့ဘက်က ရိုင်းပျခြင်းနှင့် အာဃာတကို ဆွဲဆန့်မနေလိုတော့ပါ ...။ ဒါတွေဟာ တကယ်တော့ တကယ့်ဘဝရဲ့ တစ်စိတ်တစ်ပိုင်းမှုသာပါ ...။

"ဖြစ်ခဲ့သမျှကို ကျွန်တော် စိတ်ထဲမှာ ဘာမှမထားတော့ပါဘူး၊ ကိုသန့်ဇင်အနေနဲ့ ဘာမှ မဖြစ်ခဲ့ဖူးသလိုပဲ သဘောထားပါ"



"ကျေးဇူးပါပဲ မိုးညရာ ...၊ ဒီဘက်မှာ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လိုသမျှ လာစောင့်ရှောက်ပေးနေတာလဲ သိပ်ကျေးဇူးတင်တယ်၊ ဆက်ပြီး လိုတာကူညီစောင့်ရှောက်ပါကွာ ...၊ ကိုယ်ကလဲ နေတာလှမ်းတော့ ဒီအမေ ဒီညီမဆီ သိပ်မရောက်ဘူး ...၊ တစ်ခါတစ်ရံမှ ရောက်တယ်၊ ကိုယ့်အလုပ်နဲ့ကိုယ်ပဲ ရှုပ်ယှက်ခတ်နေတယ် ..."

"ဟုတ်ကဲ့ ... ကျွန်တော် စောင့်ရှောက်မှာပါ ..."

"အခု ဆေးရုံမှာကော အလုပ်ဝင်လှား ..."

"ဟုတ်ကဲ့ ... ဂျိုက်ကာမှာပါ"

"ကောင်းပါတယ်ကွာ ...၊ နောက်မှ အေးအေးဆေးဆေး စကားပြောပါဦးမယ်၊ ဒီနေ့က အချိန်လုပြီး ခဏလေး ဝင်လာရလို့ ကိုယ့်ကို ခွင့်ပြုပါဦး ..."

"ဟုတ်ကဲ့ ..."

ဦးမောင်ထိပါ နှုတ်ဆက်ပြီး သန့်ဇင် ထွက်သွားတဲ့ အခါ သက်လယ်ဟာ စိတ်အေးသွားရသော သက်ပြင်းလေး တစ်ချက်ချကာ မိုးညကို စိုက်ကြည့်ပြီး သူ့အစ်ကိုနောက်မှ ပါသွားပါသည်။ မိုးညကိုလဲ ကျေးဇူးတင်သည်။ ကိုကြီးကိုလဲ ကျေးဇူးတင်သည်။ ဤသို့ ပြေလည်ချစ်ကြည်သော စကားမျိုးတွေသာ ကြားချင်ပါသည်။

သွေးထွက်သံယိုဖြစ်တဲ့ထိ ကိုယ်ထိလက်ရောက် ကျူးလွန်ခဲ့သော ကိုကြီးတို့အပေါ် တကယ်တော့ မိုးည စိတ်ဆိုးနေ

www.burmeseclassic.com

www.burmeseclassic.com



ဦးမည်ဆိုလဲပဲ အလွန်မရှိပါ။ အဲဒီတုန်းက မိုးညရဲ့ အမေဟာ အတော်မခံမရပ်ဖြစ်ပြီး သူတို့ကို ကိုယ်ထိလက်ရောက် ကျူးလွန်အနိုင်ယူမှုနှင့် တိုင်တွာန်းတရားစွဲမည်လို့ပင် ဆန္ဒရှိခဲ့သတဲ့။

သက်လယ်တို့ မြို့တ်မှ ရန်ကုန်ကို ညှိုးချုံးစွာ ပြန်ရောက်လာရချိန်မှာ ကြားခဲ့ရသော သတင်းဖြစ်ပါသည်။ မိုးညကပဲ သူ့အမေကို တားမြစ်ဖျောင်းဖျခဲ့ရပါသတဲ့။ အလွန် နာကြည်းမို့ ကောင်းသော်လည်း နာလဲနာကြည်းခဲ့မှာ သေချာ သော်လည်း လူယဉ်ကျေးပီသစွာ ကိုကြီးကို ကျေကျေအေးအေး ဆက်ဆံတဲ့အတွက် သက်လယ် ရင်ထဲ ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။

သက်လယ်သည် ကိုကြီး ပြန်သည်နှင့် အိမ်ပေါ်တက် ရေမိုးချိုး ကမန်းကတန်း ပြင်ဆင်ပြီး အိမ်ကထွက်ဖို့ပြင်သည်။ ခုလောက်ဆို မိုးညလဲ ဟိုဘက်ခြံမှာ ရေချိုးနေမည်။ သူ့ကားပြန်ယူချင် ယူနေမည်။ အဲဒီကုန်း လစ်ထွက်ရမည်။ နို့မို့ ဇွတ်လိုက်ပို့နေဦးမည်။

သက်လယ်က မိကြွယ်ကိုတော့ ခေါ်၍ မှာပါသေးသည်။

"မိကြွယ် ... ဒေါက်တာက နေ့လည်ကျ လပြည့်ကို ကျောင်းပို့မယ် ပြောနေတယ်နော်၊ အဲဒါ ... သူ ဇွတ်လိုက်ပို့ရင်လဲ ပို့ပစေတော့ ...၊ အရိပ်အခြည်ကြည့်ပြီး သူ့ကို မတွေ့ရင် ... နင် လမ်းလျှောက်ပြီး လိုက်ပို့ ...၊ လက်တွဲထားနော် ...၊ လမ်းဘေးကပ်လျှောက်၊ နေပူရင်လဲ ထီးဆောင်းကြဦး ...၊ ထီးအကြီးယူသွား ..."

တွတ်တွတ် တွတ်တွတ် မှာကြားရင်း ဖိနပ်စင်က ဖိနပ်ယူစီးနေသော သက်လယ်ကို ထမင်းစားခန်းမှ မြေးအဘွားက လှမ်းကြည့်နေသည်။

"မေမေရေ၊ သွားပြီနော် ...၊ သားလေး မေကြီးသွားပြီ"

"မေကြီး တာ့တာ ..."

"တာ့တာ ..."

ဖျတ်ခနဲ အပြင်လှမ်းထွက်လိုက်သော သက်လယ်သည် ခြေလှမ်းဆတ်ခနဲ တုံ့သွား၍ ချော်လဲမည် ကဲ့သို့ပင် ဖြစ်သွားပါသည်။ ပေါ်တီကိုအောက်က သက်လယ်တို့ ကားပေါ်မှာ မိုးညချမ်းက အသင့်ထိုင်နေသည်။ ခုနဝတ်စုံနှင့်ပဲ။ ခုထိ လုံးဝ မပြန်သေးတာ သေချာသည်။

မိုးညကို သက်လယ် အကဲခတ်နေစဉ် မိုးညက သက်လယ်ကို စေ့စေ့မကြည့်ဘဲ သူ့ဘေးတစ်ဖက်မှ တံခါးကို လှမ်းဖွင့်ပေးထားလိုက်ပါသည်။ ပုံကတော့ အပိုင်ပဲ ...။ သက်လယ် အလစ် ထွက်သွားမည်ဆိုတာ သိလို့ မပြန်ဘဲ ကားပေါ်ထိ တက်ထိုင်နေတာ ဖြစ်မည်။ သူ့ကားတောင် ပြန်မယူ ...။ သက်လယ်တို့ အိမ်ကကားနဲ့ပဲ။

ခုချိန်မှ အီး ... အဲ ... ဘာဘူး ... ညာဘူး ... ထပ်ပြောနေရင်လဲ ဘာမှ အကျိုးထူးမည် မဟုတ်တော့၍ သက်လယ်သည် ကားတစ်ဖက်ကို ကွေ့လျှောက်ခဲ့ကာ သူ့ဘေးနေရာမှာ







www.burmeseclassic.com

www.burmeseclassic.com



ဝင်ထိုင်လိုက်ရပါသည်။ သူဟာ ဖွတ်ပဲ။ အရင်က ဒီလို ဖွတ်ကျားကျ မဟုတ်ပါဘူး။ သူနှင့် မသွားလိုဘူးဆိုတာ သူ နားမလည်ဘူးလား။

ဤသို့ မသွားလိုရခြင်းဟာလဲ သူ့ကို အလိုမရှိ၍ မဟုတ်ဘဲ နှစ်ဦးစလုံးအတွက် အကောင်းဆုံးဖြစ်မည် ထင်သည့် အခြေအနေတစ်ခုသို့ မျှော်လင့်ရည်ရွယ်၍ ဆင်ခြင်နေတာပါ။ သူလဲ ဒီလောက်တော့ သိသင့်ပါသည်။ သူ့မျက်လုံးတွေကို ဖတ်ရှုတတ်ပါသည်ဆိုတဲ့ သက်လယ်ဟာ သူ အနေရပ်နေရာ အလယ်နေရာမှ သစ်ခွရှိရာဘက်စွန်းသို့ မတိုးဘဲ သက်လယ်ရှိရာဘက်စွန်းကို တိုးလျှောက်လာမည့် ခြေလှမ်းပြင် စ,နေပြီဆိုတာကို မြင်နေရပါသည်။

ခက်တာပါပဲ မိုးညရယ် ...။

"တိတ်လှချည်လား သက်လယ် ...၊ ဘာလဲလစ်ထွက်မယ် ကြံတာ ... အသင့်ထိုင်စောင့်နေတာနဲ့ တိုးလို့ ကို့ရို့ကားရား ဖြစ်နေသလား ..."

သက်လယ်က သက်ပြင်းချရင်း ...

"မိုးညက အရင်က ဒီလို ဖွတ်ကျကျ မဟုတ်ပါဘူးနော်"

"သက်လယ်လဲ အရင်က ဒီလို တစ်ဖွတ်ထိုး မဟုတ်ပါဘူး၊ ကိုယ်ပြောတာဆိုရင် အမြဲလက်ခံနေကျပဲ ..."

"ဒါတွေက ဟိုတုန်းကပါ ...၊ ခုတော့ အသက်အရွယ်က





ရော ... ဘဝပေးတဲ့ အခြေအနေတွေကကော လူကိုပြုပြင်လိုက်ပြီလေ ..."

"ဘယ်လောက်များ ပြောင်းလဲကုန်ပြီလဲ သက်လယ် ..."

"အားလုံးလိုလိုပါပဲလေ ...၊ တကယ့်ကို အားလုံးနီးပါးပါပဲ ..."

"ကိုယ် သက်လယ်ကို စကားတစ်ခွန်း ပြောချင်တယ်"

သက်လယ်က တမင်ပင် နှုတ်ခမ်းကို တွန့်ပြီးကာ ...

"အဟင်း ... ဘာပြောမှာလဲ ..."

"ရယ်စရာ မဟုတ်ဘူး သက်လယ်၊ ကိုယ့်ဘဝအတွက် အရေးပါတယ် ...၊ ကိုယ့်အကြောင်းတွေလဲ သက်လယ် သိထားတယ်နော် ...၊ ကိုယ့်မှာ သစ်ခွဆိုတဲ့ တစ်ယောက် ထပ်ရှိခဲ့တယ်၊ လောလောဆယ် မပြေလည်ပဲ သူ့တို့ဘက်က စဉ်းစားဆဲ ဖြစ်နေတယ်၊ ဒါပေမယ့် ကိုယ်က အရင်စဉ်းစားပြီးသွားပြီ ...၊ ကိုယ် သစ်ခွကို တောင်းပန်စကား သွားပြောလိုက်မယ်၊ သက်လယ်ကို ကိုယ် ဒုတိယအကြိမ် ချစ်ရေးဆို ..."

"ဟိတ် ...၊ ဘာတွေ လျှောက်ပြောနေတာလဲ ..."

သက်လယ်သည် မျက်နှာလေးနီနီနှင့် ပိတ်အော်လိုက်ပါသည်။

"ကိုယ် အတည်အတံ့ ပြောနေတာ သက်လယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်တာတွေ မိုးညို…၊ သူ့မှာဖြင့် သူ့ရည်းစားနဲ့သူ၊ တို့လဲအိမ်ထောင်ထပ်ပြုဖို့ လုံးဝ မစဉ်းစားတော့ဘူးကွာ၊ တို့ မိုးညိုကို မမုန်းပါဘူး၊ ငယ်သူငယ်ချင်းတွေပဲကွာ၊ ဒါပေမယ့် တော်ပါပြီ … မဖြစ်နိုင်ဘူး …"

"ဘာက မဖြစ်နိုင်တာလဲ …"

"သစ်ခွကို … ဒီလိုပဲ လွှင့်ပစ်လိုက်လို့ ဘယ်ရမလဲ"

"မလွှင့်ပစ်ပါဘူး၊ တောင်းပန်မှာ …၊ ဒါပေမယ့် သူ့တို့ဘက်က စ,တင်းသွားတာပါ၊ ဒီဇေစပ်ပွဲကလဲ ပျက်ဖို့ရှိနေပြီ၊ ပျက်ကိုပျက်နေပါပြီ၊ မပျက်ဘူး ဆိုရင်တောင် … ကိုယ် …"

မိုးညိုချမ်းက နှုတ်ခမ်းကို ကိုက်ကာ ခဏတိတ်သွားပြီးမှ …

"ကိုယ့်ဘက်က ဖျက်မယ် …"

"မိုးညို … ထင်ရာတွေ စိတ်ကူးမနေနဲ့ … မဖြစ်နိုင်ပါဘူး၊ တို့က ကလေးတစ်ယောက်အမေ … မုဆိုးမ …"

"အာ … အဲဒါတွေ တော်စမ်းပါကွာ …"

"တော်လို့ မရဘူးလေ …၊ တို့မှာ သားရှိတယ် …၊ တို့ … တို့ သား … အဲဒီသားကို ပထွေးတစ်ယောက် မပေးနိုင်ဘူး"

သက်လယ်သည် ဖွတ်မိုတ်ပြောချလိုက်ပါသည်။

"ပထွေး …"





မိုးညိုက မပြုံးတပြုံး မျက်လုံးမေးစင်းကာ သက်လယ်ကို လှည့်ကြည့်လာသည်။

"သေချာလား၊ ပထွေးဆိုတာ …"

"ဟော့ … မိုးညို …၊ ဘာတွေ စိတ်ရှုပ်နေပါလိမ့်နော်"

သက်လယ်သည် မျက်နှာကို အနိုင်နိုင် ဟန်ဆောင်ကာ မပိမရိ တလွှင်လွှင် ရယ်သွမ်းသွေးလိုက်ပြန်ပါသည်။

"စိတ်လှုပ်ရှားတိုင်း ရယ်မနေပါနဲ့ သက်လယ်၊ ကိုယ့်မှာ ဘာအမှုအရာရှိရင် ကိုယ် ဘာဖြစ်နေတယ် … သက်လယ် သိခဲ့သလို သက်လယ်မှာ ဘာအမှုအရာရှိရင် သက်လယ် ဘာတွေ တွေးနေတယ် ကိုယ်သိပြီးသားပါ …"

"မိုးညိုရယ် …"

သက်လယ် ရင်တစ်ခွင်လုံး ညွတ်နူးနွေးထွေး ရှိန်းသည်မှာ ကြက်သီးမွေးညှင်းဖြာထ,၍ မျက်ရည်ပါ လည်ဝိုင်းလာရတဲ့ အထိပါပင်။

"ကိုယ် တစ်ခုမေးမယ် သက်လယ်၊ အမှန်အတိုင်း သိချင်တယ်"

သက်လယ်က တိတ်နေသည်။

"လပြည့်က ဘယ်သူ့သားလဲဟင် …"

မိုးညိုချမ်းရဲ့အသံကြောင့် သက်လယ်ရဲ့ ဖွတ်စိုစိုဝန်းတို့ဟာ မျက်ရည်တွေ ပြည့်အိလာတော့ကာ …



www.burmeseclassic.com

www.burmeseclassic.com



"အို … မိုးညရယ် …၊ လပြည့်ဟာ သူ့အဖေသားပေါ့၊ ကိုဇော်ဦးသားပေါ့၊ ဘာတွေ စဉ်းစားနေသလဲ မိုးညရယ်"

"ကိုဇော်ဦးလဲ နောက်တစ်နေ့ မနက်မှာပဲ သက်လယ်ကို ခွဲသွားရတဲ့ သူပဲလေ …၊ ကိုယ့်ကို မညာပါနဲ့ သက်လယ်၊ လပြည့်ဟာ ကိုယ့်သားလားဟင် …"

သက်လယ်သည် မိုးညကို ခပ်ဆွေးဆွေး လှည့်ကြည့်လိုက်မိပါသည်။ မိုးညချမ်းရဲ့ မျက်ဝန်းတို့ဟာ ဆွေးမြည့်ရီဝေကာ စိုစွတ်နေပါသည်။

"ဩော် … မိုးညက ဒီသံသယဝင်နေတာကိုး၊ ဒါကြောင့် ဒီသားကြောင့် တို့ဘက်ကို ပြန်ပြီး စိတ်ယိုင်လာမိတာ မဟုတ်လား၊ ဒါအတွက်တော့ စိတ်ကူးမလွဲမှားမိပါစေနဲ့ မိုးညရယ် …၊ လပြည့်နဲ့ မိုးည မဆိုင်ပါဘူး …၊ သူက ကိုဇော်ဦး ရင်သွေးပါ"

"သက်လယ် ကျိန်ရဲလား …"

"ကျိန်စရာ မလိုပါဘူး၊ ကျိန်တယ်ဆိုတာ အလကားကိစ္စပါ၊ တို့ ပြောစကားကို လက်ခံယုံကြည်လိုက်စမ်းပါ၊ ပြန်လဲတွေ့ဆုံရ …၊ တို့ကလဲ အစောင့်အရှောက်မဲ့ မုဆိုးမလေးဖြစ်နေ …။ သားကိုလဲ မိုးည သံသယဝင်၊ ဒါတွေပေါင်းရုံးပြီး ဆုံးဖြတ်ချက် မှားပါ့မယ်၊ တို့အပေါ် ကရုဏာသက်တာရယ်၊ သားကို မေတ္တာသက်ဝင်ပြီး သံသယစိတ်ထားနေတာရယ်ကြောင့်တော့ စေ့စပ်ဖို့ကို မိုးညဘက်က





မဖျက်ပါနဲ့၊ တို့တွေကို ဘေးအိမ်က မိတ်ဆွေသားအမိလို့ပဲ သဘောထားပါကွယ် …"

"မဟုတ်ဘူး၊ ဒါကြောင့် မှန်ပေမယ့် … ဒါတွေကြောင့်ချည်းပဲလဲ မဟုတ်ဘူး၊ ကိုယ် မပြောတတ်ဘူး …၊ ကိုယ် သက်လယ်ကို လက်ထပ်ပါရစေ …"

"အို … တော်ပါဆို … ဇွတ်ကို ပြောနေတော့တာပဲ၊ လပြည့်ဟာ ရှင့်သားမဟုတ်ဘူး မိုးည …၊ ဒါပဲ …၊ အထင်တွေကို ပြင်လိုက်၊ လပြည့်ကို ပထွေးတစ်ယောက် ဆောင်ကျဉ်းမပေးချင်ဘူးလို့ ပြောပြီးပြီ၊ ဒါ စကားကုန်ပဲ"

"ကိုယ်က ပထွေးဖြစ်တာ သေချာရဲ့လား …"

"ကဲ …၊ ခက်နေပါလား မိုးညရယ် …"

"ပထွေးပဲ ထားဦး၊ ကိုယ် လပြည့်ကို ပထွေးလို ဆက်ဆံမှာ မဟုတ်ဘူး၊ သားလိုဆက်ဆံမှာ၊ လပြည့်ဟာ ကိုယ့်သားလို့ ကိုယ်ထင်နေတယ်၊ ထင်နေတာထက် ပိုတယ်၊ ယုံနေတယ်၊ အောင်မော်ကလဲ ကိုယ်နဲ့ တူတယ်လို့ ပြောတယ် …"

"ဘုရားရေ …၊ တူနေရပြန်ပြီ၊ ခက်လိုက်တာ မိုးညရယ်"

"လပြည့်ရဲ့တချို့အသေးစိတ် အမူအကျင့်လေးတွေဟာ ကိုယ်ငယ်ငယ်က အမူအကျင့်တွေနဲ့ တူနေတယ်၊ ထားပါ၊ သက်လယ် ဆက်ငြင်းနေမှာပဲ၊ ကိုယ်လဲ ထင်ချင်တာကိုပဲ ထင်နေမှာပဲ၊ ဒီကိစ္စက ကိုယ့်ဟာကိုယ် ဆုံးဖြတ်လို့ရအောင် လုပ်ယူမယ်၊ ဒါကို မငြင်းခုန်တော့ဘူး …"



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ လုပ်ဦးမလို့လဲ မိုးညရယ် ..."

သက်လယ် ညည်းညူမိပါသည်။

"သက်လယ် ဖြေပါ ...၊ ကိုယ့်တောင်းဆိုချက်ကို လက်ခံနိုင် မခံနိုင်"

"လက်မခံနိုင်ဘူး၊ စဉ်းလဲမစဉ်းစားဘူး မိုးည၊ တို့ ဆုံးဖြတ် ချက်ကိုက မိုးညကို ငြင်းတာ၊ ဒါပေမယ့် တခြားလဲရှိသေး တယ်၊ ပထမတော့ မပြောတော့ဘူးလို့ပဲ၊ ဒါပေမယ့် မ ဘူး၊ ပြောမှ ဖြစ်မယ်၊ နို့မို့ မိုးညက ဒီဘက်ကိုပဲ ယိမ်း နေတယ်၊ ဒီဘက်နဲ့ပဲ တွေ့ထိဆက်ဆံနေရတာကိုး"

"အဲသလို တောင်လေလာ တောင်ဘက်ယိမ်း ... မြောက် လေလာ မြောက်ဘက်ယိမ်း ဖြစ်နေတာလဲ မဟုတ်ဘူး ကိုယ်က အဲဒီလောက်လဲ စိတ်မခိုင်တာ မဟုတ်ဘူး၊ ယခု ချိန်က ကိုယ် သိပ်ချစ်ခဲ့တဲ့ သက်လယ်ဟာ ... အခု ကိုယ့်သားလေးနဲ့ တစ်ယောက်တည်း ရုန်းကန်နေရတယ် ဆိုရင် ..."

"အဲဒါ လုံးဝမဟုတ်ဘူးလို့ ငြင်းပြီးပြီ မိုးည ...၊ ဒီကိစ္စကို ထပ်မပြောပါနဲ့၊ တို့ပြောချင်တာလဲ ပြောပါရစေဦး ..."

"သက်လယ် ပြောချင်တာ ဘာလဲ ..."

"တို့နဲ့ သစ်ခွ တွေ့တယ် ..."

"ဟင် ... ဘယ်လို တွေ့တာလဲ၊ သက်လယ်တို့ သိကြလို့ လား"





"အရင်က မသိပါဘူး၊ ရှင်းရှင်း ပြောရရင် သူတမင်လာ တွေ့တာပဲ၊ ကောင်မလေးက သနားစရာကောင်းပါတယ်၊ မိုးညကိုလဲ သူ သိပ်ချစ်ရှာပုံပါတယ်၊ တို့နဲ့ကျတော့ ငိုတောင် ငိုသွားသေးတယ်၊ သူက စိုးရိမ်နေတယ်၊ တို့နဲ့ မိုးည ခြံချင်းကပ် နေနေကြတော့ ပြန်နီးစပ်သွားမှာ သူ ပူတယ်၊ သူပူတာလဲ သဘာဝကျတယ်၊ ဖြီးတော့ ... သူတို့ဘက် က ဒီသတင်းကို ကြားပြီး အင်တင်တင် ဖြစ်သွားရတာ ဟာလဲ သူတို့ မလွန်ပါဘူး၊ ဖြစ်မယ့်သာဖြစ်တာ သူ့ခမျာ မိုးညကို မပြတ်ပါဘူး၊ ခုချိန်ထိ အတိတ်က အဖြစ်ကို မေ့ပျောက်ပြီး ခွင့်လွှတ်ကြည်ဖြူပေးဖို့ မိုးည လာတောင်း ပန်မလားလို့ သူ့ခမျာ တစောင့်စောင့်ရှိတုန်းပဲ ..."

"သက်လယ်နဲ့ မတွေ့လဲ ... ကိုယ် အဲဒီလိုတော့ တောင်း ပန်ဖြစ်မှာ မဟုတ်ဘူး သက်လယ်၊ သူ ဆုံးဖြတ်ချင်သလို ဆုံးဖြတ်ဖို့ စောင့်နေခဲ့တာပဲ၊ သူ သက်လယ်ကို လာတွေ့ တယ်ဆိုတာ အံ့သြစရာပဲ ..."

"တော်ရုံတန်ရုံ ချစ်စိတ်မျိုးနဲ့ ဒီလို ဘယ်အောက်ကျခံပြီး လာတွေ့ စကားပြောပါ့မလဲ မိုးည ...၊ မတောင်းပန်ချင်ရင် လဲ မတောင်းပန်လို့ရတယ် ...၊ ကိုယ့်ကို လက်ထပ်နိုင်ဦး မလားဆိုတဲ့ စကားတွေနဲ့ပဲ မေးလိုက် ... သူ ချက်ချင်းပဲ လက်ခံခေါင်းညိတ်လိုက်မှာ သေချာတယ် ..."

မိုးညချမ်းသည် သစ်ခွကို အမှန်တကယ် ကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



သနားမိပါသည်။ သို့ပေမယ့် နောက်ကျပြီထင်သည်။ သူဟာ သက်လယ် ကစ်ယောက်တည်းနှင့် ယှဉ်ရလျှင်တော့ လက်ရှိချစ်သူအပေါ် ငဲ့ညှာချင်စိတ်နှင့် တွေဝေနေဦးမှာပါ။ ခု ... ဒီဘက်မှာက နှစ်အား၊ သက်လယ်နှင့်သား။

"ရောင်ဖယ့်နေကြမယ့်အစား ... မိုးညက ယောက်ျားပါ၊ သူ့ကို သွားတွေ့လိုက်ပါ မိုးညရယ်"

မိုးညက ဆုံးဖြတ်ချက် ချလိုက်ပါသည်။

"တွေ့မယ် ... ကိုယ် သူ့ကို သွားတွေ့မယ်၊ ဟိုအဖြစ်အပျက်အတွက် မတောင်းပန်ဘူးဆိုပေမယ့် တခြားတောင်းပန်စရာ ရှိပါသေးတယ် ..."

သက်လယ်သည် သက်ပြင်းကြီးချကာ ခေါင်းကို ယမ်းလိုက်ပါသည်။

"မိုးည ...၊ ရှင့်ကို သက်လယ် ငြင်းနေတာဟာ သစ်ခွကြောင့် မဟုတ်ဘူးနော် ...၊ သစ်ခွနဲ့ရှင် ပြတ်ပြတ်သားသား လမ်းခွဲဖြစ်သွားလို့လဲ တို့ မိုးညကို ခေါင်းညိတ်မှာ မဟုတ်ဘူးနော် ..."

"ဒါကို သဘောပေါက်ပါတယ်၊ ကိုယ်ကလဲ သစ်ခွနဲ့ ရှင်းရှင်း လမ်းခွဲလိုက်ရင် သက်လယ် လက်ခံမလားလို့ မျှော်လင့်မထားပါဘူး၊ သတ်သတ်စီပါ ...၊ သက်လယ်နဲ့ သားကို ကိုယ် စောင့်ရှောက်ကြင်နာခွင့်ရဖို့ သီးသန့် ကြိုးစားဦးမှာပါ"





"မိုးည ..."

သက်လယ် အသံလေးက ဆတ်လာပါသည်။ ရင်ထဲ နင့်နင့် စိတ်ညစ်ညစ်နှင့် ဝမ်းနည်းမျက်ရည်တွေလဲ ပြန်လည်ဝိုင်းလျှံလာပါသည်။

"သားဟာ ရှင့်သား မဟုတ်ဘူး"

"ဒါပေမယ့် ကိုယ်က ထင်နေတယ်"

"ရှင် ထင်မနေနဲ့၊ အပိုပဲ၊ မဟုတ်တာက ဘယ်တော့မှ ဟုတ်မလာဘူး"

"ဒါက သက်လယ်ရဲ့ စကားပဲ ရှိသေးတာပဲ၊ ကိုယ် အချိန်ယူဦးမှာပါ"

"ရှင် ခေါင်းမာလှချည်လား မိုးညရယ် ...၊ ဘာလဲ ... မေမေကလဲ ကြည်ဖြူသလိုလို ဖြစ်နေ၊ ကိုကြီးကလဲ ပြီးခဲ့တာတွေမေ့ပြီး မိတ်ဆွေသဘော ဆက်ဆံသွားလို့ ရှင့်ဘက်က အလေးသာနေပြီဆိုပြီး ..."

"မဟုတ်ဘူး ...။ ဟိုတုန်းကလဲ သက်လယ် မိသားစု သဘောကို ကိုယ် ထည့်စဉ်းစားခဲ့တာမှ မဟုတ်ဘဲ၊ ခုလဲ သက်လယ် မိသားစုသဘောက ကိုယ့်အတွက် အဓိက မကျပါဘူး"

"ဒါဖြင့် ဘာဖြစ်လို့ ဒီလောက် ခေါင်းမာနေရတာလဲ ဘာက အဓိက ကျနေလဲ"



www.burmeseclassic.com

www.burmeseclassic.com



သက်လယ်ရဲ့ စိတ်မရှည်သော ဒေါသအရိုးအလျှံနှင့် နာကျင်ကြေကွဲရိပ် ရောယှက်နေသည့် မျက်ဝန်းလေးကို မိုးည ငုံကြည့်ကာ တိုးတိုးဖြေသည်။

"အခိကက ကိုယ် သက်လယ်ကို ပြန်ချစ်နေမိပြီ"



## ၉

မိုးညချမ်းသည် သူ့ရှေ့မှာ ခေါင်းငုံ့ထိုင်နေသော သစ်ခွကို ကြင်နာစွာ ကြည့်နေမိသည်။ မှာထားသော မစ်လ်ခ်ရှိတ်ကို သူသာ သောက်ဖြစ်သော်လဲ သစ်ခွ ခမျာ မသောက်ရှာ။ သောက်နိုင်ပုံလဲ မရ။ စိတ်နှလုံး တုန်ယင်လှုပ်ရှားနေပုံ ရပါသည်။

မနေ့ညနေက ဖုန်းဆက်လိုက်တော့ အသံတုန်ကလေးနှင့် စကားလက်ခံပြောရှာတဲ့ ကောင်မလေး၊ ဒီနေ့အတွက် တစ်နေရာရာမှာဆုံဖို့ ချိန်းလိုက်တော့လဲ လက်သင့်ခံရှာသည်ပင်။ မိုးည စိတ်ထိခိုက်မိပါသည်။ သို့သော် သူ မလိမ်ညာ မလှည့်စားလိုပါ။ ခုချိန်မှာ သစ်ခွကို သူ ဇွတ်မှိတ် လက်ထပ်လိုက်လျှင် တစ်ဘဝလုံးစာ အမှားဖြစ်သွားမှာပါ။

သူ့စိတ်ဟာလဲ မချမ်းမသာ လှုပ်ချင်ရာ လှုပ်နေတော့မည် ဆိုမှဖြင့် သစ်ခွ ခမျာလဲ မပျော်ရွှင်တဲ့ လင်ယောကျ်ားရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဖနီးမယားအဖြစ် တစ်သက်လုံး ပျော်နိုင်ပါ့မလား။ သစ်ခွဘဝဟာလဲ တစ်ဘဝလုံး သေဆုံးသွားသလိုသာ ဖြစ်ပါလိမ့်မည်။

"သစ်ခွ ... သောက်ဦးလေ ..."

သစ်ခွက ထိတ်ိုကာ သောက်သည်ဆိုရုံလေး သောက်လိုက်သည်။ သူ့စကားကို လိုက်နာပြရုံလေးသက်သက်ပါ။ စိတ်မကောင်း ဖြစ်ရပါသည်။

"ကိုယ် ပြောမယ့်စကားတွေကို သစ်ခွ ခေါင်းအေးအေးနဲ့ နားထောင်စေချင်တယ်"

ဤသို့ စကားစလိုက်ရုံရှိသေး ... သစ်ခွ မျက်ဝန်းအိမ်၌ မျက်ရည်တွေ အိခနဲ ဝိုင်းတက်လာသည်။ မိုးညချမ်းကို မျက်လွှာလေးပင့်၍ အသက်ပင်ရှူရဲ့လား ထင်ရအောင်ပင် ငြိမ်စိုက်ကြည့်နေပါသည်။

"ကိုယ် သစ်ခွကို တောင်းပန်ချင်တာပါ"

"ဘာကို တောင်းပန်မှာလဲ ကိုကို ..."

"ဖြစ်သွားတဲ့ အနေအထားအပေါ်မှာ ကိုယ် တစ်မျိုးတစ်ဖုံ ဆုံးဖြတ်စရာ ဖြစ်လာတာကိုပါ"

"တော် ... တော်ပါတော့ ကိုကို ... မကြားချင်ဘူး၊ သစ်ခွ မကြားချင်ဘူး၊ ကိုကို့အတိတ်က ကံစွကို ကြည်ဖြူဖို့ တောင်းပန်မယ်မှတ်လို့ သစ်ခွ လာတာပါ၊ ဒါတွေဆိုရင် မကြားပါရစေနဲ့"

သစ်ခွသည် မျက်နှာလေးမဲ့ကာ ထ,ပြေးဖို့ ရုတ်





တရက် ပြင်သည်။ မိုးညချမ်းသည် သစ်ခွရဲ့ လက်ကို ဖျတ်ခနဲ လှမ်းဆုပ်ဆွဲကိုင်လိုက်ရရင်း ...

"နေပါဦး သစ်ခွ ... ထိုင်ပါဦး ..."

အတင်းပင် ခံမှာ ပြန်ထိုင်စေရပါသည်။ သစ်ခွကား ခေါင်းငုံ့ချကာ ကျိတ်ငိုနေသည်။

"သစ်ခွကို သေချာပြောမပြရရင် ... ကိုယ်က တမင်သက်သက် သစ္စာမဲ့ရာ သဘောမျိုးပဲ သစ်ခွ ထင်နေမယ်"

"ဟုတ်တာပဲ၊ ကိုကို သစ္စာမဲ့တာ၊ မသက်လယ်ကို ခဏလေး ပြန်တွေ့လိုက်တာနဲ့ သစ်ခွအပေါ် သစ္စာမဲ့လိုက်တာ"

"မဟုတ်ဘူး သစ်ခွ၊ အဲသလောက် မပေါ့တိမ်ပါဘူး"

"ဘာမှမဆိုင်ဘူး၊ ကိုကို သစ်ခွကို တကယ်မချစ်တာ၊ အဲဒီမိန်းမလောက်ကို မချစ်တာ၊ ကလေးအမေ မုဆိုးမ တစ်ယောက်နဲ့ ပြိုင်ရတဲ့နေရာမှာ သစ်ခွ ရှုံးရတာ သိပ်ရင်နာဖို့ကောင်းတယ်၊ ရှက်စရာလဲ ကောင်းတယ်၊ ကိုကို သူ့ကိုမှ တကယ်ချစ်ခဲ့လို့ပေါ့ ...၊ သစ်ခွကို အလကား ချစ်တာ"

"မဟုတ်ဘူး သစ်ခွ၊ သစ်ခွကို ကိုယ် တကယ်ချစ်ခဲ့မိတာပါ"

"ချစ်ခဲ့မိတာဆိုတော့ ခုမချစ်တော့ဘူးပေါ့နော် ...။ ရှင် အပြောင်းအလဲ သိပ်မြန်တယ်၊ တစ်လခွဲ နှစ်လအတွင်း ဒီလောက်ထိ အပြောင်းအလဲ မြန်မယ် မထင်ခဲ့ဘူး"

"နားထောင်ဦး သစ်ခွ၊ သစ်ခွကို ကိုယ် မချစ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး၊ ဒီလိုပြောရတာ ကိုယ့်အတွက် ဘယ်လောက်ခက်တယ် ထင်သလဲ၊ သက်လယ်ကိုလဲ ကိုယ် ချစ်ခဲ့တာမှန်တယ်၊ သစ်ခွကိုလဲ ချစ်ခဲ့တာပဲ၊ ခုချိန်မှာ သက်လယ်ကို တစ်ယောက်တည်း ပြန်တွေ့ရရင်တောင် … ကိုယ့်အကြောင်းမဲ့ သစ်ခွကို ထားရစ်ခဲ့ဖို့ခက်ပါတယ်"

"ခုက ဘာဖြစ်နေလို့လဲ …"

မခံမရပ်နိုင်ခြင်းနှင့် သစ်ခွအသံက ကဲကဲဆတ်နေသည်။

"ခု … သက်လယ်မှာ သားတစ်ယောက် ရှိတယ်၊ သစ်ခွလဲ သိပြီးသား ဖြစ်ပါလိမ့်မယ်"

"သားရှိတော့ ဘာဖြစ်လဲ …၊ မုဆိုးမတစ်ယောက် ယောကျ်ားသေတော့ သားကျန်ရစ်တာ ဘာဆန်းလဲ …"

"ရိုးရိုးပဲ ဆိုရင်တော့ မဆန်းဘူးပေါ့ သစ်ခွရယ် …"

"ဩော် … ဩော် … ခုမှပဲ ရှင်းတော့တယ်၊ ရိုးရင် မဆန်းဘူးပေါ့၊ တော်တော်မှန်တဲ့ စကားပဲနော် …"

"ကိုယ်ပြောတာကို ကောင်းကောင်း နားထောင်ပေးပါ သစ်ခွရယ်၊ ဒါမှ သစ်ခွလဲ နားရှင်းမှာပါ၊ ဒီစကားကို နားထောင်ပြီးရင် သစ်ခွ ကိုယ့်ကို ပြောချင်တာပြော … ရိုက်နှက်ချင်လဲ ရိုက်နှက်သွား …၊ သက်သက်မဲ့ သစ္စာဖောက်တဲ့သဘော မဟုတ်တာကိုတော့ နားလည်အောင် ရှင်းပြခွင့်ပြုပါ"





သစ်ခွသည် မိုးညချမ်းကို ငေးကြည့်ရာမှ …

"ပြောပါ ကိုကိုရယ် …၊ ရှင်းပြပါ၊ သစ်ခွ ကောင်းကောင်း နားထောင်ပါ့မယ်"

မိုးညချမ်းက သစ်ခွမျက်နှာလေးကို ကြင်ကြင်နာနာကြည့်ရင်း …

"ကိုယ် … သက်လယ်ကို ပြန်တွေ့တွေ့ချင်း တည်တည်ငြိမ်ငြိမ်ပဲ ဆက်ဆံခဲ့ပါတယ်၊ စိတ်ထဲလဲ ရုတ်တရက်ပြန်စိတ်ဝင်စားသွားတာမျိုး မဖြစ်ခဲ့ပါဘူး …။ ကိုယ့်စိတ်ထဲရိုးသားပါသေးတယ်၊ နောက် သူ့ယောကျ်ား ဆုံးပြီဆိုတာသိရတယ်၊ အဲဒီအထိလဲ ကိုယ် ရိုးသားပါသေးတယ်၊ အဲဒီနောက် သူ့သားလေးကိုတွေ့တော့ ကိုယ့်စိတ်ထဲတစ်မျိုးပဲ … ဘယ်လိုခံစားရမှန်း မသိဘူး၊ ကလေးကိုလဲ သိပ်ချစ်မိတယ်၊ အလိုလိုကို သံယောဇဉ်ဖြစ်မိတယ် …၊ အဲဒီနောက်မှ မမျှော်လင့်ဘဲ သူ့ယောကျ်ားဆုံးပုံကို သိလိုက်ရပြန်တော့ …"

သစ်ခွသည် မှိုင်ငိုင်သွားသော မိုးညချမ်းကို စိုက်၍…ားစွင့်နေပါသည်။

"ဒီနေ့ပဲ မင်္ဂလာဆောင်ကြပြီး … ညဘက်မှာ ဘက်ချလာနိုက်လုပ်တော့ သူ့ယောကျ်ား နည်းနည်းမူးပြီး ပြန်လာတယ်၊ အဲဒီမှာ နည်းနည်း စကား ကတောက်ကဆတ်ဖြစ်တယ်လို့ သိရတယ်၊ အဲဒီည သန်းခေါင်ကျော်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျားက ဆိုင်ကယ်နဲ့ ထွက်သွားပြီး နောက်မနက်မှာ ညက ဆိုင်ကယ်မှောက်ပြီး ဆုံးပါးတဲ့သတင်း ကြားရတယ်"

"ဟင် ..."

သစ်ခွ မျက်လုံးလေး ဝိုင်းကျယ်သွားရပါသည်။

"တကယ်ပဲ အဲဒီညက ဆိုင်ကယ်မှောက်သေသွားတာပေါ့"

"ဟုတ်တယ် သစ်ခွ ...၊ အိမ်က မိန်းမကြီးက သက်လယ်ရဲ့ ယောက္ခမကို ညကစကားများကြကြောင်း တိုင်လို့ ယောက္ခမကလဲ မကြည်တော့ဘူး၊ ရက်လည်ပြီး မကြာခင်ပဲ သက်လယ်တို့ ရန်ကုန်အပြီး ပြန်လာကြတယ်"

သစ်ခွ မျက်ခုံးလေးမှာ ပင့်ရာကနေ ပြန်မကျနိုင်။

"ဒီကိစ္စမှာ သစ်ခွ စဉ်းစားကြည့်ပါ၊ ကိုယ်နဲ့ကိစ္စတုန်းကလဲ နောက်တစ်မနက်မှာပဲ လူကြီးတွေ ပြန်ခွဲသွားတယ်၊ ယောက်ျားယူတော့လဲ သူ့ယောက်ျားဟာ နောက်မနက်မှာပဲ သေသွားတယ်၊ ပြီးတော့ သားကလေးတစ်ယောက် မွေးဖွားလာခဲ့တယ်"

သစ်ခွသည် မျက်လွှာကလေးချသွားပြီးမှ စိတ်စောတကြီး ပြန်မော့လာပြီးလျှင် ...

"အဲဒီတော့ ... အဲဒီတော့ ... အဲဒီကလေးဟာ ... အဲဒီကလေး ... ဟာ ဘယ်သူ့ကလေးတဲ့လဲဟင် ..."

မိုးညချမ်းက စိတ်ထိခိုက်စွာ ပြုံးရင်း ...





"အင်း ... သစ်ခွ အဲသလို ချက်ချင်း တွေးလိုက်တယ်မို့လား၊ ကိုယ်လဲ အဲဒီလိုပဲ တွေးလိုက်မိတာပေါ့ သစ်ခွရယ်"

"ကိုကို တွေးတာ ထားပါ၊ အဲဒါ ဘယ်သူ့ကလေးတဲ့လဲ"

မိုးညချမ်းက ပခုံးတစ်ချက် တွန့်ရင်း ...

"သက်လယ်ကတော့ အဲဒါဟာ ကိုဇော်ဦး ကလေးလို့ ပြောတယ်၊ ကိုဇော်ဦးဆိုတာ သူ့ခင်ပွန်းပေါ့၊ ဒါက သူ့စကားလေ"

"ကိုကို မယုံဘူးပေါ့"

"ကိုယ် မယုံနိုင်ဘူး သစ်ခွ၊ ကိုယ် အဲဒီသားလေးကို ထူးထူးဆန်းဆန်း ချစ်မိတယ်၊ ကိုယ်နဲ့ ရုပ်ချင်း တူတယ်လို့လဲ အောင်မော်တို့က ထင်ကြတယ်၊ ပြီးတော့ သူကလေးမှာ ကိုယ် ငယ်ငယ်က အကျင့်စရိုက် အပြုအမူလေးတွေတချို့ တွေ့ရတယ်"

"ဟင် ... တကယ်လား ..."

"ကိုယ် မညာပါဘူး သစ်ခွ ...၊ ဒါပေမယ့် အဲဒီအပြုအမူ အကျင့်စရိုက်လေးတွေ ဆိုတာတွေကတော့ သက်သေပြရခက်တဲ့ကိစ္စပါ၊ ကိုယ့်ကလေးများ ဖြစ်နေမလားလို့ ကိုယ်ထင်လာမိတဲ့အခါ သက်လယ်ကို သိပ်သနားသွားမိပါတယ်"

သစ်ခွသည် မျက်ရည်လေးလည်ကာ မိုးညချမ်းကို ငေးကြည့်နေပါသည်။

"သူ့ကို ဖွင့်မေးတော့ ဘယ်တော့မှ ပထွေးမရစေရဘူးဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တော့လဲ ကိုယ့်ကို ငြင်းပါတယ်၊ သူ့ဆီ သစ်ခွ လာတွေ့တာလဲ ပြောပြပါတယ်”

သစ်ခွ ခေါင်းငုံ့လိုက်မိပါသည်။

“သူက သစ်ခွကို တောင်းပန်ချော့မော့ပြီး ပြန်လက်ထပ်ဖြစ်ကြဖို့ပဲ တိုက်တွန်းနေပါတယ် သစ်ခွ ...၊ ဒါပေမယ့် ကိုကို ပြောမယ် ...၊ ကိုဇော်ဦးအမေဟာ ကလေးခြောက်နှစ်ကျော်လာတဲ့အထိ တစ်ကြိမ်မှလာမကြည့်ဘူး၊ အဲဒါဘာသဘောလဲ ...၊ ကိုယ့်သားရဲ့သွေး ... ကိုယ့်မြေးဆိုရင် ကိုယ့်သား ရှိသည်ဖြစ်စေ၊ မရှိတော့သည် ဖြစ်စေ အဘိုးအဘွားဆိုတာ သံယောဇဉ် ရှိမှာပါ၊ အဲဒီအချက်ဟာလဲ ထည့်စဉ်းစားစရာ ဖြစ်နေတယ်၊ ဒါကြောင့် အဲဒီကိစ္စကို အချိန်ယူပြီး ကိုယ် စုံစမ်းမယ် ...”

“စုံစမ်းပြီးရင် ...”

“ကိုယ့်သားဖြစ်ခဲ့ရင် ... ကိုယ်ဟာ ကိုယ့်သားနဲ့ ကိုယ့်သားရဲ့အမေနဲ့သာ ဘဝကိုခရီးဆက်ဖို့သင့်တယ် မဟုတ်ဘူးလား သစ်ခွရယ်၊ ကိုယ့်မှာ သားတစ်ယောက်လဲ ရှိနေတယ်၊ သက်လယ်ကလဲ လူလွတ်ဖြစ်နေတယ်ဆိုရင် ကိုယ် အရွေးချယ်သင့်ဆုံးလမ်းက အဲဒီလမ်းပါပဲ ...

ကိုယ် သစ်ခွကိုပဲ လက်ထပ်လိုက်တယ် ဆိုပါစို့၊ သားရင်းတစ်ယောက်ဆိုတဲ့ သံယောဇဉ်ကို ကိုယ် ဘယ်လိုဖြတ်ရမလဲ သစ်ခွ ...၊ ကိုယ့်စိတ်ဟာ ကိုယ်တို့အိမ်ထောင်ကို





တအုံနွေးနွေး လောင်မြိုက်လာမယ်၊ သစ်ခွ သေသေချာချာ ဦးနှောက်သုံးပြီး စဉ်းစားပါ ...

သစ်ခွနဲ့ လက်ထပ်ပြီးမှ သားနဲ့ သွားသွားတွေ့တဲ့အခါ သားအိမ်ကို သွားတဲ့အခါ သစ်ခွ ဘယ်နှခါ အလွယ်တကူ ကြည်ဖြူနိုင်မလဲ ...၊ သစ်ခွ တစ်သက်လုံး သောကမီးတွေ ကြားထဲမှာ မပျော်ပိုက်ဘဲနေသွားရလိမ့်မယ်၊ ကိုယ် တို့နှစ်ယောက်လုံးအတွက် ဘယ်လိုမှ မသာယာ မငြိမ်း ချမ်းနိုင်ဘူး ...

နောက်တစ်ခုက ကိုယ် မိန်းမခိုးဖူးတယ် ဆိုတဲ့ အဖြစ်ကြောင့် ခုလို စေ့စပ်ပွဲရွှေ့ဆိုင်းတာ ပြန်စဉ်းစားတာ တွေဖြစ်ခဲ့ရတာ၊ ဒီယက်ဆိုးတဲ့ ကိုယ့်မှာ သားရင်းတစ်ယောက် ခြောက်နှစ်ကျော်အရွယ်တောင် ရှိနေပြီဆိုရင် သစ်ခွ မိဘတွေအဖို့ရော ကြည်ဖြူနိုင်ဦးမှာတဲ့လား”

သစ်ခွသည် အတော်ကြာကြာ ငိုင်ငေးတွေဝေနေပါ သည်။ ကလေးအဖေတစ်ယောက်ကို သူ လက်ထပ်နိုင်ပါသလား။ နဆူဝေနေသောသစ်ခွရဲ့ စိတ်တွေ အနည်ထိုင်ကျကာ အလေး နက် တွေးရပါပြီ။ အတန်ကြာမှပင် ...

“အဲဒါ ကိုကို့သား ဟုတ်မဟုတ် ... ကိုကို ဘယ်လို အတိအကျ သိနိုင်မလဲဟင်”

ရင်နင့်နင့်နင့်ပဲ မေးရပါသည်။

“အကြောင်းကြောင်းတွေကို စုံစေ့အောင် စုံစမ်းစဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကောက်ချက်ဆွဲရမှာပဲ...၊ သက်လယ်စကားတစ်ခွန်းတည်း ကိုယ် မယုံကြည်နိုင်ဘူး၊ တစ်ချိန်တုန်းက သူ့မိသား ကိုယ့်အပေါ် ပြုမူထားဖူးတာတွေနဲ့ ပတ်သက်ပြီး သူဟာ တော်ရုံနဲ့ ကိုယ့်ကို ပြန်လက်ခံမှာ မဟုတ်တာ ကိုယ် သိပါတယ်၊ ကိုယ့်ဆန္ဒဟာလဲ သားပေါ်အများဆုံး တည်ေ မယ်ဆိုတာ သူသိတယ်၊ သူကတော့ ငြင်းနေမှာပဲ"

သစ်ခွသည် မိုးညချမ်းကို ဆွေးမြည့်စွာ ငေးကြ နေမိပါသည်။ ပထမတစ်ခါ သူ့အကြောင်း သိလိုက်ရတု ကလဲ စိတ်ထဲ အင်တင်ဟင် ဖြစ်သွားရကာ အပူလုံးဆို့ပြီး ခွင့် လွှတ်နိုင်အောင်ကို သဝန်တိုခဲ့လို့ ခုလောက်ထိ နောက်ဆက ပြဿနာတွေ ဖြစ်ခဲ့ပြီးပြီ။

ခုတစ်ခါလည်း ကိုကို့သားရင်းသာ ဖြစ်နေရင် ဟု တွေးကြည့်မိကာ အတွေးဟာ လူကို ပူထူချောက်ချားသွားစေ စိတ်ထဲ လေးပင်သွားရပြန်ပြီ ...။ ကိုကို ပြောသလိုပဲ ကိုကို့သား ကိုကို သွားတွေ့တဲ့အခါတိုင်း သားရဲ့အမေနဲ့လဲ ဆုံနေမှာပဲ သစ်ခွက အေးဆေးစွာ ကြည်ဖြူနိုင်မှာတဲ့လား ...။

ကိုယ့်မှာ သားသမီး ထွန်းကားမွေးဖွားလာရင်တော့ သူ့သားကြီးကိုလဲ ချစ်နေမည့် ကိုကို့မေတ္တာကို တိုင်းထွာနိုင်ပါ ပြီး တိုထွာမနေဘူးလို့ ပြောနိုင်ပါ့မလား။ အဲဒီအပြင် ဒက် မာမီကကော သားတစ်ယောက် အဘိအလင်းရှိနေမည့် ကိုကို့ သဘောတူနိုင်ဦးမှာတဲ့လား။





သစ်ခွသည် ရင်မောစွာ သက်ပြင်းရှိုက်လိုက်မိပါ သည်။

"တကယ်လို့ ... အဲဒါ ကိုကို့သား မဟုတ်ဘူးဆိုရင်ကော ဟင် ..."

မိုးညချမ်းသည် သစ်ခွကို ကြင်နာစွာ ပြုံးပြမိပါသည်။ သစ်ခွကို မှန်းတီးရတာ မဟုတ်၍ သူ့ရင်ထဲလည်း ခံစားရပါသည်။

"ကိုယ့်သားမဟုတ်ရင် သက်လယ်ကို ကိုယ် မွေးခဲ့ရင် ကိုယ်ဟာ အဲ့ဒီကလေးရဲ့ ပထွေးဖြစ်သွားမှာပေါ့ ...၊ ပထွေးတစ်ယောက်တော့ မဖြစ်ချင်ကောပါဘူး သစ်ခွလေး ရယ်၊ အဲဒီအခါကျရင် ကိုယ့်ကို ပြန်ပြီး အရေးဆိုခွင့်ပြုပါ နော် ... လို့ ... ကိုယ်မပြောတော့ပါဘူး သစ်ခွရယ် ...၊ ဒီစကားဟာ သစ်ခွအပေါ် မတရားရာကျတယ်၊ ဘယ်အချိန် ဘယ်အခါမှန်း မသိတဲ့ အချိန်တွေ အတော်ကြာ ... သစ်ခွ ရဲ့စိတ်ကို ချုပ်နှောင်ထားရာ ကျတယ်၊ ... ခိုင်လုံတဲ့ အချိန်ကျ ကိုယ့်သားဖြစ်နေမယ် ဖြစ်မနေ ... ကြိုပြောလို့မရဘူး ...၊ ဘာမှန်း မသိတဲ့ အရာကြီးတစ်ခု အတွက် သစ်ခွကို ကိုယ် ... မချင်ဘူး

ဒါကြောင့် သစ်ခွကို ကိုယ် ... ကိုယ့်ကို ခွင့်လွှတ်ပါ ကလေးရယ်၊ သစ်ခွက ခွင့်ပြုရင် ကြိုတဲ့အခါတိုင်း ... ဖို့ အသင့်ရှိတဲ့ ... ဆွေတစ်ယောက်အဖြစ် ... ရှိပါရစေ



www.burmeseclassic.com

www.burmeseclassic.com



ဪ … စကားတတ်လိုက်တာ ကိုကိုရယ် … သေချာတဲ့ထိ စောင့်နေပါလို့ မပြောတော့ဘဲ တစ်ခါတည်း ယတိပြတ် လမ်းခွဲတာပေါ့နော် …။

"သစ်ခွကို တစ်ခုတော့ အတိအကျ ပြောနိုင်ပါတယ် … သားဟာ ကိုယ့်သားဆိုရင် သက်လယ်ကို လက်ထပ်ခွင့်ရဖို့ ကိုယ် ကြိုးစားမယ်၊ သားဟာ ကိုယ့်သား မဟုတ်ခဲ့ဘူး ဆိုရင် သက်လယ်ကိုလဲ ကိုကို လက်မထပ်တော့ပါဘူး … ကိုယ်ပြောတာတွေ သစ်ခွ သဘောပေါက်ရဲ့လားဟင် …

"သဘောပေါက်ပါပြီ ကိုကိုရယ် …။ သစ်ခွ သဘောပေါက်ပါပြီ …"

"ကိုယ် ဝမ်းသာပါတယ် သစ်ခွရယ် …၊ ပြောခွင့်ပြုတာအတွက်လဲ ကျေးဇူးတင်ပါတယ် …"

သစ်ခွသည် မျက်ရည်လည်လည်နှင့်ပင် …

"ကိုကို ခုလို သံယောဇဉ်ကြီးနေတဲ့ ကလေးလေးဟာ ကိုကို့သားလေးပဲ ဖြစ်ပါစေလို့လဲ သစ်ခွ ဆုတောင်းပါတယ် ကိုကိုရယ် …။ အကယ်ကို စစ်မှန်တဲ့စေတနာနဲ့ ကိုကို့ စိတ်ချမ်းသာစေချင်လို့ ဆုတောင်းပေးတာပါ"





လပြည့်ကို မိုးညချမ်း ကျောင်းသွားကြိုမည်ဟု ဦးမောင်ထိထံက သိရတော့ သက်လယ်သည် ဘယ်သူ့ကို စိတ်တိုရမှန်းမသိ နောက်ကျိသွားကာ အနီးဆုံးရှိသည့် ဦးမောင်ထိ ကိုပင် …

"ဦးမောင်ထိကလဲ … သူက ကြိုမယ်ဆိုတာနဲ့ ကြိုခိုင်းစရာလား၊ ဘာဆိုင်လို့လဲ…၊ ကိုယ့်ဘာကိုယ် နေ့စဉ်နဲ့အမျှ လုပ်နေကျပုံစံအတိုင်းပဲ လုပ်ရမှာပေါ့ …"

"ကျုပ်ကို လာပြောတာ မဟုတ်ရပါဘူး သက်လယ်ရယ်၊ မမကို ပြောတာပါ၊ ဒီနေ့လဲ သူ နိုက်ဂျူတီတဲ့ …၊ အပျင်းပြေ သားကို ကျောင်းသွားကြိုမလို့တဲ့ …၊ နောက်လဲ သူ အားတဲ့ရက်တွေ ဒီလိုပဲ ရံဖန်ရံခါ ကြိုခွင့်ပြုပါတဲ့ …၊ မမက အသာတကြည် ခွင့်ပြုလိုက်တော့ ဆရာက ကျုပ်ကို ဈေးပဲ သွားတော့ဆိုပြီး လွှတ်လိုက်တာ၊ ကျုပ်က ဘာ စောဒကတက်ခွင့်ရှိမှာလဲ သက်လယ်ရယ် …"

သက်လယ်သည် သက်ပြင်းကို ရှိုက်ရင်း …

"အင်းပါလေ …၊ ဟုတ်ပါတယ်၊ သက်လယ် စိတ်စောသွားလို့အပြစ်ပြောမိတာပါ၊ ဦးမောင်ထိမှာ အပြစ်မရှိပါဘူး၊ ဆောရီး ဦးမောင်ထိရယ် …"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် သက်လယ်ရယ်၊ ကျုပ်များ ဆောရီးပြောနေစရာ မလိုပါဘူး"

ခါတိုင်းဆို လပြည့်ကို ကျောင်းကြို အိမ်ပို့ပြီးမှ သက်လယ် ဈေးကို လာကြိုမြဲမို့ နောက်ကျပါသည်။ ဒီနေ့တော့ ကားလဲစောရောက်တာမို့ ဆိုင်ကို စောစောပဲ သိမ်းလိုက်ကာ အိမ်ပြန်လာသည်။ အိမ်ပြန်ရောက်ချိန်ဟာ အမှန်ဆို လပြည့် ပြန်ရောက်နေရမည့်အချိန်ပါ။

သို့သော် မရောက်သေး။ သက်လယ်သည် အဝတ်အစားပင် မလဲနိုင်ဘဲ ဧည့်ခန်းထဲ ဟိုလျှောက်ဒီလျှောက် တဖျစ်တောက်တောက်နှင့် ရေရွတ်နေသည်။

"မေမေတို့ကလဲ ... မိုးညက ကြိုမယ်ဆို တစ်ခါတည်း 'အင်း' ချလိုက်တာပဲနော်၊ သူက ဘာလို့ လပြည့်ကို ကျောင်းကြိုရမှာလဲ ...၊ အဓိပ္ပာယ်မရှိတာ၊ ကြိုစရာ ဘာအကြောင်းမှ မရှိဘူး"

"မကြိုစရာလဲ အကြောင်းမရှိပါဘူး၊ ညည်း ဘာတွေ ဒီလောက် ဖြစ်နေတာလဲ ..."

"အို ... မကြိုက်ပါဘူး၊ မကြိုစေနဲ့ပေါ့ ..."

ဒေါ်တင်လေးရီသည် သက်လယ်ကို စိတ်ပျက်ခြင်းတစ်ဝက် သနားခြင်းတစ်ဝက်နှင့် ကြည့်နေကာ ...

"ငါ ညည်းအမေပါ သက်လယ်ရယ်၊ ညည်း ဘာတွေ ဖြစ်နေလဲသိပါတယ်၊ ဒါပေမယ့် သူ့ဟာသူ ကလေးကို





ချစ်နေတော့လဲ ဘာကိစ္စနဲ့ ဖျက်လိုဖျက်ဆီး တားမြစ် ပိတ်ပင်နေရမလဲအေ ...၊ ချစ်ပါစေ ..."

မေမေက သိပါတယ် ဆို၍ သက်လယ်က မျက်နှာကို တစ်ဖက်သို့ လှည့်ထားလိုက်ပါသည်။ မေမေ ဘာတွေ သိနေတာတဲ့လဲ ...။ အို ... သိချင်သိ ... မသိချင်နေ။ သက်လယ် စိတ်ရှုပ်ပါသည်။ ရင်ထဲ အသည်းထဲက မရှောင်ချင်ဘဲ တမင်တကာ ကြိုးစားပမ်းစား ရှောင်နေရသော အဖြစ်ဋ္ဌလည်း အသည်းနှလုံး တွေပါ မောဟိုက်လှပါပြီ။

"သူလဲ တစ်မျိုးတစ်မည် ထင်ရင်ထင်မှာပဲ ..."

"ထင်ရင်ထင်မှာပဲ မဟုတ်ဘူးမေမေ ... မွှင့်ကို မေးပြီး ပြီ"

စိတ်လိုက်မာန်ပါလေး ပြောရင်း သက်လယ် မျက်ရည် လည်လာသည်။

"သူ့သားလားတဲ့ ..."

ဒေါ်တင်လေးရီမှာ နားနှင့် ဆတ်ဆတ်ကြားလိုက်ရတဲ့အခါ ထပ်မံပြီး တုန်လှုပ်မိပါသေးသည်။ သက်လယ် ဟိုမှသည်မှ ရွေ့လျားနေတာကိုပဲ လိုက်ကြည့်နေမိသည်။

"ကိုဇော်ဦး သားလို့ ပြောပြီးပြီ ...၊ ယုံကို မယုံဘူး ..."

သက်လယ်သည် မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။ ဒေါ်တင်လေးရီသည် သက်လယ်ကို ကြေကြေကွဲကွဲ ငေးနေမိပါသည်။ တကယ်တော့ ဒီကိစ္စဟာ သက်လယ်ကို[illegible]ဝန်



www.burmeseclassic.com

www.burmeseclassic.com



ရှိမှန်း စတင်သိရသည့် အချိန်ကတည်းက ဒေါ်တင်လေးရီ ရင်ထဲ လိပ်ခဲတည်းလည်း ဖြစ်နေခဲ့သော ကိစ္စပါပင်။

သို့သော် မိသားစုတွင်း သားအမိချင်း တစ်ကြိမ်တစ်ခါမှ ပွင့်ပွင့်လင်းလင်း ဖွင့်ဟမဆွေးနွေးခဲ့တဲ့ အကြောင်းအရာ။ ဒါကို မပြောဆိုမိ စကားမစပ်မိအောင် တမင်တကာ ရှောင်ခဲ့ကြပါသည်။ ယနေ့ထိ ...။ နှစ်ပေါင်းများစွာတိုင်အောင် ဒေါ်တင်လေးရီ နှုတ်ဖျားမှ တစ်ခွန်းမှ ထုတ်မမေးခဲ့ဖူးပါ။

စိတ်ထဲမှာတော့ ရှိနေခဲ့ပါသည်။ အဲဒီစိတ်ထဲရှိနေကာကြီးဟာ ဟိုဘက်ခြံ့က မိုးညချမ်း ဘွားခနဲ ပေါ်လာတော့ အလန့်တကြား ပြန်လည်ခေါင်းထောင်ပြီး နိုးကြားလာခဲ့သည်။ သူကိုယ်တိုင် ရင်ထဲတထင့်ထင့် တအုံနွေးနွေး။ မိုးညချမ်းသည်လဲပဲ ဖော်ဦး ကွယ်လွန်ပုံကို သိတဲ့အခါ သူ့လိုပဲ ခံစားလာရမည်သာ။

မိုးညချမ်းက ကာယကံရှင်။ ဒေါ်တင်လေးရီ ထက်ဟောင် ရင်ထဲ တုန်လှုပ်နေပါဦးမည်။ ဒီကိစ္စကို သိလဲ သိလိုသည်။ သိလည်း မသိလို။ မေးလည်း မေးလိုသည်။ မေးလည်း မမေးလို။

"အမှန်တိုင်း ပြောရရင် ခုချိန်မှာ မေမေလဲ ဒါကို သိချင်တယ်"

"မေမေ ...၊ မေမေ ကိုယ်တိုင်က ဒီလိုမေးချင်နေရင် သူက ပိုရောင့်တက်နေမှာပေါ့ ..."

"မဆိုင်ပါဘူး သက်လယ်ရယ် ...၊ သိချင်ပေမယ့် ဆွေးနွေးလို့လဲ အကျိုးမရှိတဲ့ ကိစ္စမို့ ငါမျိုသိပ်လာတာ ခုထိပါ ...





သူသိချင်တာမေးတာ အပြစ်မရှိပါဘူး၊ ဒါပေမယ့် ညည်းပုံစံက သဘာဝကို လွန်နေတယ်၊ ညည်း ထိတ်ထိတ်ပျာပျာ ဖြစ်နေပုံကိုက သံသယဝင်ချင်တဲ့သူတွေကို ပိုတွန်းအားပေးနေသေးတယ် ...၊ သူ့ဟာသူ ကလေးကို ခင်တာ ချစ်တာ သံယောဇဉ်တွယ်တာ ရှိပါစေလား၊ ဘာလို့ ဒီလောက် ပျာပျာသလဲ ပိတ်ပင်နေရတာလဲ ..."

"အို ... သူထင်တာ မဟုတ်ကြောင်း သိအောင် ခပ်တင်းတင်းနေရမှာပဲ"

"ခပ်တင်းတင်းလဲ နေစရာ မလိုဘူး၊ ဘာသိဘာသာ အလိုက်သင့်နေရုံပဲ ...၊ ညည်း လုပ်နေပုံကြောင့် ပိုဆိုးတယ်"

"မေမေကပါ ... သံသယ ရှိနေတာပေါ့ ဟုတ်လား ..."

သက်လယ် အသံက တုန်ခါနေသည်။ ဒေါ်တင်လေးရီသည် မောလာသောရင်ထဲက သက်ပြင်းလုံးကို ရှိုက်ထုတ်ရင်း ...

"သမီးရယ် ...၊ ညည်း ပြောသလိုပဲ သဘောမတူလို့သာ ခွဲလို့ရမယ်၊ သဘောတူတယ်ဆိုပြီး ခုချိန်မှ ရိုက်ပေးစားလို့မရတာ မေမေ သိပါတယ်၊ ဒါပေမယ့် အလကား အဓိပ္ပာယ်မရှိ တင်းမာနေမယ့် အစား ကိုယ်ဘာဝရှေ့ရှေး အဓိပ္ပာယ်ရှိလာအောင် ကြည့်ရဦးမယ်၊ ညည်း သူကို အနည်ထိုင်စေချင်ပါတယ်အေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခု ... သက်လယ်က အဲနည်မထိုင်လို့ ဘာဖြစ်နေလို့လဲ မေမေရယ် ..."

"ညည်းကို ငါမွေးထုတ်ထားတာပါ၊ အရင်က အနည်ထိုင်နေပေမယ့် အခု 'အနည်ထ,လာတာ ငါ မြင်နေရတယ်၊ အကြောင်းမဲ့ အဓိပ္ပာယ်မရှိ ကိုယ့်ဒုက္ခ ကိုယ့်ဝေဒနာကိုယ် မရှာသင့်ဘူး သက်လယ်ရယ် ...၊ အကောင်းနဲ့အဆိုး ချိန်ကြည့်ပါဦး"

"ချိန်စရာလဲ မလိုပါဘူး မေမေ ...၊ သူ့ကို သက်လယ် ဘယ်တော့မှ ပြန်စဉ်းစားဖို့ မရည်ရွယ်ဘူး"

"ဘာလို့ ဒီလောက် ယတိပြတ် ဆုံးဖြတ်ထားရတာလဲ"

သက်လယ်က ပိုးပိုးပေါက်ပေါက် ကျနေသော မျက်ရည်တွေကို သုတ်လိုက်ပါသည်။ မေမေလည်း အသက်ကြီးပြီ။ သမီးတစ်ယောက်ဖြစ်ပြီး မေမေ့အပေါ် ပြန်ပြီးတော့လဲ စိတ်နာမနေတော့ပါ။ အပြစ်လဲ မတင်တော့တာ အမှန်ပါ။ ကိုယ့်ဘဝဇာတ်ကြောင်းကိုသာ စိတ်နာပါသည်။

"ဆင်းဆင်းရဲရဲ မုဆိုးမသား၊ ညဘက်မှာ နေ့စားအလုပ်သမား ... အိမ်ပိုင်ရာပိုင်မရှိ သူများ အိမ်တစ်ခြမ်းလေး ငှားနေရတဲ့ ဘဝတုန်းက ကိုယ်ထိလက်ရောက် ပြုမူတဲ့ထိ မရဲမက ခွဲခဲ့ပြီးမှ ခါးခါးသီးသီး ဆတ်ဆတ်ခါ သဘောမတူနိုင်ခဲ့ပြီးမှ ... ဒါတွေကို လက်ခံနာယူပြီး တခြားသူဌေးသားတစ်ယောက်ကို လက်ထပ်ယူခဲ့ပြီးမှ ...





ဆရာဝန်ဖြစ်၊ ဒီနေရာမျိုးမှာ ခြံနဲ့တိုက် အမွေရပြီး အတွင်းပစ္စည်းတွေပါ အတော်ရှိနေတယ်ဆိုတဲ့ သူဌေးတစ်ယောက်ဘဝ ရောက်လာတော့မှ သူ့ကိုလက်ထပ်ဖို့ ခေါင်းညိတ်တယ်ဆိုတဲ့ မိန်းမတစ်ယောက်ဘဝ ဘယ်တော့မှ မရောက်ပါရစေနဲ့ မေမေရယ် ...၊ ရှက်လွန်းလို့ လဲသာသေလိုက်ချင်တယ် ... သူ့ကိုတော့ လက်မခံဝံ့တော့လို့ပါ၊ ဒါ သက်လယ် နှလုံးသားထဲက စကားမှန်ပါ မေမေ ...၊ ကိုယ့်လိပ်ပြာ ကိုယ်သန့်အောင် ကိုယ့်မိသားစု သိက္ခာရှိအောင် ... သက်လယ် မိုးညကို ဘယ်တော့မှ ပြန်လက်မခံဘူးလို့ ဆုံးဖြတ်ထားပါတယ် မေမေရယ် ..."

ဒေါ်တင်လေးရီသည် သက်လယ်ကို ရင်နာစွာကြည့်နေမိသည်။ ဖွတ်တရွတ်ခွဲကြတဲ့ အုပ်စုမှာ သူ့သားနှစ်ယောက်အပါအဝင် သူပါ ပါသည်မဟုတ်လား။ သက်လယ်အဖေကတော့ အဲဒီတုန်းကတည်းက ခိုးပြေးတာကိုသာ မကျေမချမ်းဖြစ်ပြီး မိုးညချမ်းအပေါ် ညှိုးမှု မနှိမ်ချ မခါးသီးခဲ့သူပါပဲ။

မောက်မာခဲ့မိတာ ... ဂုဏ်နှင့်ငွေကို မက်ခဲ့မိတာ ... ဆင်းရဲသားမို့ မတူမတန် မာန်တက်ခဲ့တာ သူတို့ပါ။ သက်လယ်မှာ အပြစ်မရှိခဲ့ရှာ။ ခုတော့သူတို့ သားအမိသုံးဦးရဲ့ ထိုစဉ်ကတင်စီးရက်စက်ခဲ့မှုတို့အတွက် သူ့သမီးဟာ ပျော်ရွှင်ချမ်းမြေ့ရမည့်လမ်းကြောင်း တစ်ခုကိုမြင်နေရပါလျက် ကွေ့ဖယ်ရှောင်ထွက်နေရပြီ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကလည်း တစ်ကြိမ် … သက်လယ်အသည်းတွေကို သူတို့ ခြေမှုပစ်ခဲ့ကာ ခုတစ်ကြိမ်လည်း အရင်တစ်ကြိမ်ရဲ့ အကျိုးဆက်ကြောင့်ပဲ သက်လယ်ခမျာ အသည်းတွေ ကွဲကြေရပြန်ဦးတော့မည်။

"သမီးအဲသလို ပြောတော့ မေမေ့အသည်းနှလုံးတွေ အရေခံရသလို ခံစားရပါတယ်၊ ခုလိုဖြစ်အောင် မေမေပဲ လုပ်ခဲ့မိဟာ၊ မေမေ ယူကျုံးမရဖြစ်မိပါတယ်၊ မောင်မိုးညနဲ့သမီးကို ခုချိန်မှာ ရင်ထဲကနေ ကျိတ်သဘောတူနေတာ မှန်ပေမယ့် ဒါဟာ မောင်မိုးညရဲ့ ဂုဏ်ဒြပ်ပိုင်ဆိုင်မှုတွေနဲ့ မပတ်သက်ရိုး အမှန်ပါ၊ ငါ့သမီးလေး ဒီတစ်ကြိမ်တော့ ချစ်တဲ့သူနဲ့ ဖူးစာမှန်လို့ ကြိဖန်ပြန်ဆုံရတယ်ဆိုပြီး သမီးစိတ်ချမ်းသာရေး … သမီး ဘဝလေး သာယာစိုပြည်ရေး၊ ရေ့လျှောက် သမီးတစ်သက်လုံး ငြိမ်းချမ်းပျော်ရွှင်ရေးကိုပဲ မျှော်လင့်ပြီး သဘောတူနေမိတာပါ၊ သမီး မကြိုက်ရင် မေမေက ဇွတ်မတိုက်တွန်းပါဘူးကွယ်၊ ဒါပေမယ့် ငါ့သမီးလေးကို ငါ သနားလှတယ် …၊ မေမေ့အပြစ်တွေပါ၊ ဒါပေမယ့် သမီးရယ် …၊ တစ်ခွန်းတော့ အကြံပြုပါရစေဦး၊ လပြည့်လေး … ငါ့မြေးလေး အတွက်ပါ ထည့်စဉ်းစားပါအေ …"

"လပြည့်အတွက် မိုးညကို စဉ်းစားရမယ်ဆိုတော့ လပြည့်ကို မိုးညရဲ့သားလို့ မေမေကပါ စွပ်စွဲယူဆတာပေါ့နော်၊ မေမေ ဘယ်လိုယူဆပါစေ …၊ သူ ဒီလိုမယူဆဖို့လိုတယ်၊ မိုးည အဲဒီလို မထင်ဖို့ မမျှော်လင့်ဖို့ လိုတယ်"

"သက်လယ်၊ မေမေ မှန်တာတစ်ခု ပြောမယ်၊ လပြည့်ဟာ မိုးညနဲ့ တူတယ်"

"မေမေ … တော်ပါတော့ …၊ တော်ပါတော့ မေမေရယ်"

"သူလဲ ဒါကိုမြင်မှာပဲ၊ ဖော်ဦးက တရုတ်စပ်တဲ့ ရုပ်ရည်ပဲ၊ လပြည့်မှာ ဘယ်မှာလဲ အဲဒီရုပ် … ဟင် …"

"တော်ပါတော့ မေမေရယ် … သက်လယ် ရှိခိုးပါတယ်၊ တော်ပါတော့ …၊ ကျေးဇူးပြု၍ တော်ပါတော့နော် … မေမေရယ် …"

သက်လယ်သည် ဧည့်ခန်းက ခုံတစ်ခုမှာ ဝင်ထိုင်ကာ မျက်နှာကို လက်ဝါးနှင့်အုပ်ပြီး တသိမ့်သိမ့် ငိုနေမိပါသည်။ ငိုနေတုန်းပဲ ကားဝင်လာသံ ကြားရတာကြောင့် ကမန်းကတန်း မျက်ရည်တွေ သုတ်ပစ်ရသည်။ ကားရပ်သံကြားပြီးသည်နှင့် လပြည့် ဟစ်အော်ပြေးတက်လာသံကို ကြားရပါသည်။

"မေကြီးရေ …"

"သားလေး …၊ မေမေက နောက်ကျလို့ စိတ်ပူနေတာ၊ ဘယ်တွေ သွားနေကြသလဲဟင် …"

"ဟင် … မေမေက သားကို စိတ်ပူလို့ ငိုနေတာလား"

နောက်မှ လိုက်ဝင်လာသော မိုးညသည် လပြည့်



www.burmeseclassic.com

www.burmeseclassic.com



စကားကြောင့် ငိုထားတာ သိသာလှသော သက်လယ်ကို အံ့အား တသင့် ကြည့်နေမိပါသည်။

"မဟုတ်ပါဘူး သားရယ်၊ မေမေ ခေါင်းကိုက်လို့ ငိုနေတာ ပါ ..."

"လာ ... မြေးလာ ...၊ ဘွားဘွားကြီးနဲ့ အကျီသွားလဲမယ်"

ဒေါ်တင်လေးရီက လပြည့်ကို ဆွဲခေါ်သွားပါသည်။

"လပြည့်ကို ကိုယ်က ဘာစားချင်လဲ မေးတော့ အိုက်စ် ကရင်မ် စားချင်တယ်ဆိုတာနဲ့ လိုက်ကျွေးလိုက်တာပါ၊ အဲဒါကြောင့် နည်းနည်း နောက်ကျသွားတာ"

"နောက်တော့ မကြိုပါနဲ့ မိုးညရယ်၊ အားနာပါတယ်"

"သက်လယ်တို့ကို ကူညီတဲ့အနေနဲ့ ကြိုပေးတာမဟုတ်လို့ အားနာနေဖို့ မလိုပါဘူး၊ ကိုယ့်စိတ်ချမ်းသာမှုအတွက် ကိုယ် ကြိုတာပါ"

သက်လယ်သည် မိုးညကို ကျွဲမြီးတိုတိုနှင့် ကြည့် ကာ ...

"ဒါဖြင့်လဲ အားမနာဘူး၊ ဒါပေမယ့် နောက်မကြိုပါနဲ့တော့ မိုးည၊ သူ့ကို သက်လယ်ထားတဲ့ ပုံစံဘောင်ထဲပဲ လှုပ်ရှား စေချင်တာ၊ ခုလို အပြင်လူကြိုတာတွေ ဘာတွေဆို နောင် ဟိုလူနဲ့လိုက်ချင် ဒီလူနဲ့လိုက်ချင် အကျင့်ပျက်မယ်"

"ကိုယ် အားသရွေ့ကတော့ သူ သွားချင်လာချင်တာရှိရင် ပျော်ပျော်ကြီး ပို့မှာပဲ၊ သားကို ကြိုရ ပို့ရတာ ကိုယ် စိတ်





ချမ်းသာလို့ပါ၊ ကိုယ့်ကို ဒီလောက်တောင် အခွင့်အရေး လေး မပေးနိုင်ဘူးလားဟင် ..."

"သက်လယ် ပြောပြီးပြီပဲ မိုးညရယ်၊ သက်လယ်ရဲ့ စည်းကမ်း၊ သက်လယ်ရဲ့ ပုံသွင်းမှုအတိုင်း ထားချင် တယ်"

"ကိုယ်ကမေး ..."

"ရှင်က ဘာဆိုင်လို့လဲ မိုးညရဲ့ ... ခက်လိုက်တာ ..."

မိုးညချစ်က သက်လယ်ရဲ့ မျက်ဝန်းထဲကို ထိုးထွင်း ကြည့်ကာ ...

"ဒီနေ့ သားဖွားအုပ်မှာ ယူကြည့်မိမှ သားနာမည် အပြည့် အစုံကို သိရတယ်၊ သားနာမည်က 'ကျော်ညီလ'တဲ့ ... ဟုတ်လား သက်လယ် ..."

သက်လယ်သည် မျက်နှာ ပျက်လျက်နှင့်ပင် ...

"ဒါ ဘာဆန်းလို့လဲ ..."

"'ည'ဟာ ထူးဆန်းတာပေါ့"

"ဘာမှမထူးဆန်းဘူး ...၊ 'ည'ဆိုတဲ့ စကားလုံးကို မိုးည တစ်ယောက်ပဲ ပိုင်လား၊ ဘယ်သူမဆို ပိုင်ခွင့်ရှိသားပဲ၊ ဘယ်သူ့နာမည်မှာမဆို ထည့်သုံးခွင့် ရှိတာပဲ"

"သူက သက်လယ်သားလေ ...၊ တခြားကလေး မဟုတ်ဘူး၊ တခြားကလေးတွေ နာမည်ထဲ ဘယ်နေရာ 'ည' ပါပါ မထူးခြားပေမယ့် သက်လယ်ရဲ့ သားနာမည်မှာ 'ည'ပါ



www.burmeseclassic.com

www.burmeseclassic.com



တာဟာ ထူးခြားတယ်၊ ကိုယ့်နာမည်ထဲ 'ည' ပါတာ သက်လယ်လဲ မေ့နေတာ မဟုတ်ဘူးလေ ...”

သက်လယ်က မျက်ခုံးကို ပင့်ချီပြုံးလိုက်ရင်း ...

“စိတ်ကူးက အဘက်ဘက်က လှည့်ယဉ်တတ်တော့တာပဲနော်၊ သားလေးကို မွေးတာ တပေါင်းလပြည့်နေ့ညမှာ မွေးတာ၊ ညဆယ့်တစ်နာရီတိတိ၊ လမင်းကြီးက သာလိုက်တာ ထိန်လို့တဲ့၊ အဲဒါကြောင့် လပြည့်ညလို့ မှည့်မိတယ်၊ အဲဒါ အပြစ်များ ဖြစ်နေလား”

“ကိုယ့်ကို စကားပြောတဲ့အခါ ဘာဖြစ်လို့ ထေ့တာငေါ့တာ အငေါ်တူးတာတွေ ဖြစ်နေပါလိမ့် သက်လယ်”

သက်လယ်က မျက်နှာကို ပြင်ကာ ...

“သက်လယ် ရိုးရိုး ပြောတာပါ”

“မဟုတ်ဘူး၊ အကြောင်းမဲ့သက်သက် အကြီးအကျယ် မလိုလားတဲ့ သဘောဖြစ်နေတာ အမှန်ပဲ၊ အဲဒါဘာကြောင့်လဲ၊ ကိုယ် ဘာလုပ်မိလို့လဲ ...”

သက်လယ်သည် အားနာစိတ်နှင့် ခေါင်းငုံ့ချရင်း ...

“မိုးည ဘာမှ မလုပ်ပါဘူး၊ တကယ်တမ်းမှာ သက်လယ်တို့ဘက်ကသာ မိုးညအပေါ် အမှားအလွန် ရှိခဲ့တာပါ၊ သက်လယ် လေသံ မာတာကို ခွင့်လွှတ်ပါ၊ သက်လယ်သားကို သူများနဲ့ မထည့်ဖူးလို့ စိတ်ပူလို့ပါ”

“ခွင့်မလွှတ်စရာ အကြောင်းမရှိပါဘူး၊ ဟိုတုန်းက အလွန်





တွေ အမှားတွေ ဆိုတာတွေထဲမှာလဲ သက်လယ်မှ မပါတာ၊ ဘာပဲဖြစ်ဖြစ် သားလေးနာမည်ဟာ 'လပြည့်ည'ဖြစ်နေလို့ ကိုယ် တအားရင်ခုန်ရတယ်၊ ကိုယ့်နာမည်နဲ့ ဆင်လို့လေ”

“မတော်တဆ နာမည်ဆင်သွားတာ စိတ်ထဲ ဘယ်လိုမှ မထားနဲ့နော်”

မိုးညချမ်းသည် သက်လယ်ကို ပြုံး၍ ကြည့်နေသည်။ သနားခြင်းကြီးစွာနှင့်လည်း ရင်ထဲသိမ့်ကာ ငွေးတွေးကာ မြလာသည်။

“ထားပါတော့ သက်လယ်ရယ်၊ ဒီမှာ သက်လယ် ... ယူပါဦး”

ခုမှ မိုးညလက်ထဲ ကိုင်ဆွဲထားသော ကြွပ်ကြွပ်အိတ်ပ်ကို မြင်ကာ သူက လက်လှမ်းနေပြီမို့ အလိုက်သင့် ဆွဲလှမ်းလိုက်မိရင်း ...

“ဘာလဲဟင် ...”

“သက်လယ် ဖာလူဒါ ကြိုက်တယ်မို့လား၊ အဲဒါတွေးမိလို့ ဝယ်လာခဲ့တယ်၊ အန်တီ့ဖို့လဲ ပါပါတယ်”

ယူမိပြီး လက်ထဲရောက်နေမှ သက်လယ့် စိတ်ရှုပ်းရပြန်ပါသည်။ ကြိုက်နှစ်သက်တာတွေကို မမေ့မလျော့တတ်တာရ ဖြစ်နေပြန်ပြီ။ အစားလေးတစ်လုပ်ကို ငြင်းဆန်နေလို့ မကောင်းတတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ မိုးည ..."

အသံမတုန်အောင် ကြိုးစားပြီး ပြောသော်လည်း မှန်ထုပ်ကိုင်ဆွဲသည့် လက်ချောင်းလေးများကတော့ တုန်ယင်နေစက်နေခဲ့ပါသည်။



## ၁၀

သက်လယ်သည် ငြိမ်းငြိမ်း ခေါက်ကာ အထုပ်ထဲ ထည့်ပေးနေသော အင်္ကျီနှစ်ထည်ကို လှမ်းကြည့်ပြီး သစ်ခွအနား ...ကာ တိုးကပ်လာပါသည်။

"မမ ... နှစ်ထည် ဘယ်လောက်ကျလဲဟင် ..."

"သစ်ခွရေ ... ဟိုအဖြူလေးတစ်ထည်အတွက်ပဲ ပိုက်ဆံပေး၊ သုံးထောင်ရှစ်ရာပဲ ...။ နီညိုရောင်ကာ တို့လက်ဆောင်ပေး မလို့"

"ဟာ ... မမကလဲ ... မဟုတ်တာ ...၊ ပိုက်ဆံယူပါ"

"မဟုတ်ဘူး၊ သစ်ခွ ဝင်လာကတည်းက တစ်ခုခုဝယ်ဝယ် မဝယ်ဝယ် ... အင်္ကျီလေးတစ်ထည် လက်ဆောင်ပေးဖို့ စဉ်းစားပြီးသား၊ တို့က ရွေးပေးရင် တော်ကြာ သစ်ခွ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်တာဖြစ်ရင် ဖြစ်နေဦးမယ်၊ အခုက သစ်ခွဘာသ
အကြိုက်ရွေးထားတာကို လက်ဆောင်ပေးရတာ သိ
အဆင်ပြေတာပဲ"

"မမရယ် ... ဒါဖြင့်လဲ အဖြူလေးကိုပဲ လက်ဆောင်ဆေ
လိုက်ပါ၊ ဟိုနီညိုလေးက လေ့စ်လေးတွေပါသေးတယ်
ဈေးပိုကြီးမှာ သစ်ခွ သိတယ်"

"ဟင့်အင်း ...၊ ပိုလှတယ်ထင်တာကို တို့ လက်ဆော
ပေးတာ ...၊ ကဲပါ ... သုံးထောင့်ရစ်ရာပေးပါ ...

"ဟင် ... မမဆိုင်လာဝယ်ရမှာတော်င် တွန့်သွားပြ
မမဆိုင်မှာက ဆင်တူမရှိတဲ့ အထည်ကောင်းလေးတွေ
အိတ်ဆန်းလေးတွေ ရတတ်လို့ တအားသဘောကျတာ

"သဘောကျရင် လာဝယ်ပါ၊ အခေါက်တိုင်းတော့လည်
တို့က ဘယ်လက်ဆောင်ပေးနိုင်ပါ့မလဲ သစ်ခွရယ်၊ အခု
စဉ်းစားထားတာလဲ ကြာပြီ၊ သစ်ခွကို တစ်ခုခု လက်ဆော
ပေးမယ်လို့"

"မမရဲ့ စိန်လက်စွပ်လေးတစ်ကွင်း သစ်ခွ အတင်းလာ
ဝယ်လို့ပါ၊ သစ်ခွကို အားနာသွားတာ မဟုတ်လာ
သစ်ခွ တကယ်ကြိုက်လို့ပါ"

"အဲဒါကြောင့် ပြန်လက်ဆောင်ပေးတာချည်း သက်သ
မဟုတ်ပါဘူး၊ သစ်ခွကို ခင်လို့ပါ"

"မမကိုလဲ သစ်ခွ ခင်တာပဲ၊ ဆန်းတယ်နော် မမ ...





သစ်ခွတို့ချင်း တစ်ယောက်ကိုတစ်ယောက် ခင်တာ
သိပ်ဆန်းတာပဲနော် ...၊ အဲလိုခင်နိုင်တာ ဘာကြောင့်လဲ
ဆိုတော့ နှစ်ယောက်လုံးဟာ ကိုကို့ကို တကယ်မြတ်နိုး
လို့ပါ"

"ဟင် ... တို့နဲ့ ဘာဆိုင်လဲ ...၊ မဆီမဆိုင်ပါတော်၊
မမြတ်နိုးပါဘူး လုံးဝပဲ"

သက်လယ် အမူအရာကြောင့် သစ်ခွက ရယ်မောနေ
ပါသည်။ အင်း ... အဲဒီအစ်မကြီးနဲ့ဆိုရင်သစ်ခွ ကြည်ဖြူနိုင်ပါတယ်
ကိုကိုရယ်။ သူ့ဆီမှာ ခပ်တင်းတင်းကြားကပဲ ကိုကို့ကို ချစ်တဲ့
အရိပ်အယောင် ပေါ်နေပါတယ်၊ မိန်းမချင်း သိပါတယ်။

သူဟာ လှတယ်၊ မိန်းမပီသတယ်၊ စိတ်သဘောထား
ပြည့်ဝရင့်ကျက်တယ်၊ သစ်ခွထက် နေရာများစွာမှာ ပိုထက်မြက်
ပါတယ်၊ ဒါကြောင့် သစ်ခွကို လက်ထပ်ရတာထက်တောင် ပိုကံ
ကောင်းမှာ သစ်ခွ သိပါတယ် ကိုကိုရယ် ...။

"ဘာတွေ ဒီလောက်ရယ်နေတာလဲ သစ်ခွရယ် ..."

"မမငြင်းတဲ့ပုံကို သဘောကျလို့ပါ"

"ဟန်လုပ်နေတာ မဟုတ်ဘူး သစ်ခွ၊ စိတ်ထဲမှာကို မရှိ
ဘူး၊ အေးအေးနေပါရစေကွယ် ..."

"မမဆီမှာ သစ်ခွ အပွင့်လင်းဆုံး ဝန်ခံနိုင်သလို မမလဲ
သစ်ခွအပေါ် ပွင့်လင်းလို့ ရပါတယ်၊ မမ ဒီလိုပြောတာပိုက
ကိုကို့ကို မြတ်နိုးလို့ဆိုတာ သစ်ခွ သိပါတယ်၊ မိန်းမချင်း



www.burmeseclassic.com

www.burmeseclassic.com



လဲဖြစ် ဒီလူကိုပဲ ကွယ်ကာမိကြတဲ့ သူတွေလဲဖြစ်တော့ ပိုရိုပိမိပါတယ်"

"ဘုရားရေ ...၊ ဖွတ်ပါလား သစ်ခွရယ် ...၊ သူကြားလို့ ကလေးအမေနဲ့ သမုတ်ရကောင်းလားလို့ ဒေါကန်နေပါဦးမယ်"

"မမက သစ်ခွ စိတ်ချမ်းသာအောင် ပြောနေတာပါ၊ အခု သစ်ခွ စိတ်တွေ တည်ငြိမ်မှုရှိပါပြီ မမရဲ့၊ ခေါင်းအေးအေးနဲ့ စဉ်းစားပြီးသားပါ၊ ကိုကိုနဲ့လဲ တွေ့ပြီးပါပြီ"

"ဟင် ... ဘယ်လိုတွေ့ကြလဲ ..."

"ကိုကိုက ချိန်းလို့ သစ်ခွ သွားတွေ့ပါတယ် ..."

သက်လယ်ရဲ့ တည်ငြိမ်ဟန်ဆည်ထားရသော မျက်နှာဟာ အနည်းငယ်ကျဉ်းတော့ ပျက်သွားရသည်။ ကလေးမလေးကို မိုးညက ဘာတွေများ လျှောက်ပြောမလဲဟု စိတ်စောရပါသည်။ သက်လယ်ကို ပြန်လည် စိတ်ဝင်စားနေကြောင်း ဖွင့်ဟလိုက်ရင်တော့ ချောလေး သနားပါတယ်။ မိုးညက စိတ်တစ်မျိုးမို့ ဘွင်းဘွင်းကြီး ပြောချင်ပြောမှာ။

ကိုယ်ကပေါ့ သစ်ခွကို ဒီဘက်မှာ အဖော်ဆယ်ပေးထားပြီး သူကမှား တစ်ဖက်က ဖွင့်ဟလိုက်ပလားရယ်လို့ စိတ်လှုပ်ရှားရပါသည်။

"ကိုကိုက အားလုံး ရှင်းပြပါတယ်"

"သူ ... သူက ဘာတွေ ရှင်းပြတာလဲ ..."





"မမကို လက်ထပ်ချင်တာပါ သစ်ခွကို သစ္စာဖောက်တဲ့ သဘောမဟုတ်ကြောင်းကိုပါ၊ ကိုကို အရှည်ကြီး ရှင်းပြတာပါ၊ သစ်ခွလဲ သဘောပေါက်နားလည်ပါတယ်"

"ဟင် ...၊ ဟင် ... ကြည့်စမ်း မိုးညက လုံးဝမပြောဘူး၊ လျှောက်ပြောနေတာပဲ၊ ဘာမှန်းကို မသိဘူး"

သက်လယ် မျက်နှာက နီမြန်းလာပါသည်။ သစ်ခွရှေ့မှာ မျက်နှာမထားတတ်ပဲ ရှက်အားနာသလို ဖြစ်နေပုံလေးက ရင်ကျက်ကျက်ရပ်ကို ငယ်မူငယ်သွေး ပေါ်လာစေပါသည်။

"ကိုကို ပြောတာလဲ သဘာဝကျပါတယ် မမရယ်၊ မမ ကိုကို့အတွက် စဉ်းစားပေးပါဦး၊ သစ်ခွကို ဘာဖြစ်စေချင်ပါနဲ့၊ ဘာလို့လဲဆိုတော့ သစ်ခွရဲ့ မိဘတွေကလဲ ကလေးအမေ ဆိုရင် လုံးဝသဘောမတူတော့မှာ သေချာပြီးသားပါ"

"ဟင် ... ဘာ ..."

သက်လယ်သည် သူ့တက်ငယ်သော မိန်းကလေးရှေ့ ရှက်ရှက်နှင့် မျက်ရည်ပင်လည်ကာ ...

"ကြည့်စမ်း ... မိုးည၊ လျှောက်ပြောတယ်၊ ကျွတ် ... အလကား ဘေးလူတွေ ဦးနှောက်ခြောက်အောင် ...၊ ဟာကွာ ... တော်တော်ဆိုးတာပဲ ...၊ ဒါတွေဟာ အခြေအမြစ် မရှိပါဘူး"

"လပြည့်ကဲ့ ဘယ်သူ့သားလဲဟင် မမ ... ဒီလိုမေးလို့ စိတ်မဆိုးပါနဲ့နော် ...၊ အစ်မတစ်ယောက်လို သဘော



www.burmeseclassic.com

www.burmeseclassic.com



မေးတာပါ၊ သစ်ခွကတော့ ကိုကို့သား ဖြစ်ပါစေလို့ ဆုတောင်းနေတာပါ မမရယ် ...၊ အဲဒါဆို သူလဲ သိပ် စိတ်ချမ်းသာမှာ"

"အိုး ... ဘာဆိုင်လဲ ... သူ့ကို ကြည်နူးစေချင်တာနဲ့ ဒါကို သူ့သားဖြစ်ပေးရဦးမှာလား ..."

"ကိုကို့သား မဟုတ်ဘူးလားဟင် ..."

"ဘာလို့ သူ့သားဖြစ်ရမှာလဲ ... ကိုဇော်ဦးသားပဲ ပေါ့"

"ကိုဇော်ဦးကလဲ နောက်မနက်မှာပဲ ဆုံးသွားတယ်ဆို မမ"

"ဟုတ် ... သိပ်ခက်တဲ့ မိုးညပဲ"

သက်လယ်က ခေါင်းလေးယမ်းမိပါသည်။ သစ်ခွကို ဒီလောက်ထိ စုံစေအောင် ရေလည်အောင် ဖွင့်ပြောသည်ဆို ကတည်းက မိုးညဟာ သစ်ခွကို လုံးဝ ကျောခိုင်းလမ်းခွဲရစ်စို့ ဆုံးဖြတ်ချက်ချပြီးပြီဆိုတာ သိသာပါသည်။ မချွင်းမချန် အားလုံး ပြောပြပြီး ဇာတ်လမ်းကို အပြတ်ဖြတ်တာပါပဲ။

ဘာကြောင့်များ ဒီလောက် ခေါင်းမာရတာလဲ မိုးညရယ် ...၊ တို့ချင်း သိပ်ချစ်ခဲ့ကြတာ မှန်ပါတယ်၊ ဒါပေမယ့် သက်လယ်အဖို့ မိုးညကို မျက်နှာပြောင်ပြောင်နဲ့ ပြန်လက်မခံ ထိုက်ဘူးဆိုတာ ထည့်မစဉ်းစားတော့ဘူးလား။

သူ့လို ကြားကာလမှာ အချစ်သစ် မကြုံတွေ့ခဲ့ရပဲ ခနစ်နှစ်တာဆိုတဲ့ ကာလထဲက လတွေ ရက်တွေတိုင်း နာရီတိုင်းမှာ





သူ့တစ်ယောက်ကိုသာပဲ ဆက်ငင်မပြတ် တစ်သမတ် မြတ်နိုးချစ်နေခဲ့တဲ့သူမို့ သူ့ထက်တောင်မှ ခံစားချက်ပိုပါသည်။ ငြင်းရတာကကော လွယ်သည်လို့များ မိုးည ထင်လို့လား။

ကိုယ့်အသည်းကို ကိုယ့်လက်နှင့် ကိုယ်ဖိခြေရသလိုမျိုးပါ။

"သစ်ခွ ... မမကို ပြောချင်တာ ရှိသေးတယ် ..."

"ပြောပါ ညီမရယ် ..."

"တကယ်လို့များ မမက သစ်ခွကို ငဲ့ညှာနေတဲ့ သဘောမျိုး ရှိနေရင် ... အဲဒါကြောင့်တော့ ကိုကို့ကို မငြင်းပါနဲ့လို့"

သစ်ခွနှင့်သက်လယ်သည် တစ်ယောက်ကိုတစ်ယောက် အပြန်အလှန် အတန်ကြာ စူးစိုက်ကြည့်နေမိကြပါသည်။ ထိုစဉ် ဆိုင်ခန်းမှန်တံခါးကို တွန်းဖွင့်ကာ ဆိုင်ထဲ လှဝင်လာသဖြင့် သက်လယ်က လှမ်းကြည့်လိုက်မိပါသည်။

"ဟင် ..."

သက်လယ်ထံမှ တအံ့တသြသံကြောင့် သစ်ခွကလဲ ကျောဘက်ကို လည်ပင်းလေးလှိမ်ကာ လှည့်ကြည့်မိသည်။ ဝင်လာသူက မိုးညချမ်းပါ။ အောက်က ဝတ်ထားသော ရှပ်အပြာနုပေါ်မှာ ဂျူတီကုတ်ထပ်ဝတ်ထား၍ နှစ်ယောက်သား တအံ့တသြနှင့် မိုးညကို ကြည့်နေမိကြပါသည်။

"ဩော် ... သစ်ခွလဲ ရောက်နေတာကိုး ..."

"မိုးည ... ရှင် ဘယ်လိုဖြစ်လာတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့လဲ ...”

“ဗိုလ်ချုပ်ဈေးနဲ့ ဆေးရုံမှာများ ဝင်လာသလားလို့ပါ၊ ဂျူတီကုတ်ကြီးနဲ့ပါလား ...”

မိုးညချမ်းသည် သူ့ကိုယ်သူ ပြန်ငုံ့ကြည့်လိုက်ကာ ဂျူတီကုတ်ကိုမြင်လျှင် မျက်စိစုံမှိတ် ရှုံ့မဲ့ပစ်လိုက်၍ ဂျူတီကုတ်ကို အလျင်အမြန် ဆွဲချွတ်ပစ်လိုက်လေသည်။

“ကိုယ်အလောတကြီး ပြေးထွက်လာလိုက်တာနဲ့ အားလုံးမေ့သွားတယ် ...၊ ဂျူတီကုတ်ဝတ်ရက်ကြီးတောင် ချွတ်ဖို့ သတိမရဘဲ ဖြစ်သွားတာ”

“ဘာတွေ ဒီလောက် အလောတကြီးနိုင်လာတာလဲ ...”

“ဒီထဲမှာ စကားပြောလို့ရလား ... အပြင်ဘက်ကော်ရစ်ဒါမှာ ပြောရအောင်လား ...”

သက်လယ်က ဆိုင်ထဲက ဈေးဝယ် နှစ်ဦး သုံးဦးကို ငဲ့ကြည့်ရင်း ... မျက်မှောင်လေးတွန့်၍ ...

“တို့ကို ပြောမှာလား ... သစ်ခွကိုလား ...”

“သက်လယ်ကို ...”

သစ်ခွက မျက်လွှာလေးချကာ ...

“သစ်ခွ ပြန်လိုက်တော့မယ် ...”

“သက်လယ်ကို ပြောမယ့်စကားပေမယ့် သစ်ခွ မကြားဖို့ ရှောင်ဖို့ မလိုအပ်ပါဘူး၊ သစ်ခွလဲ နောက်ဆုံးထိ အခြေအနေတွေအားလုံး သိထားပြီးသားပဲ ...”





မိုးညချမ်း စကားကြောင့် သစ်ခွမှာ ကြောင့်စီစီလေးနှင့် ဘာဆက်လုပ်ရမည် မသိပါ။ သက်လယ် သည် သစ်ခွရှိလျှင် မျက်နှာပူ အားနာစိတ်နှင့် မိုးည ဖွတ်တိုး အရေးမဆိုရာဟု တွေးမိကာ သစ်ခွ လက်လေးကို ဆုပ်ဆွဲကိုင်လိုက်ရင်း ...

“လာပါ သစ်ခွရယ် ... နှစ်ယောက်လုံး နားထောင်လိုက်ရအောင်ပါ၊ ဘာတွေ အရေးကြီးလာမှန်းလဲ မသိဘူး”

“မမတို့ အေးအေးဆေးဆေး ပြောကြပါ”

“လာပါ ...၊ သစ်ခွ မသိမှစေချင်တာ တို့မှာ မရှိဘူး”

မိုးညချမ်းက အပြင်ဘက် ကော်ရစ်ဒါသို့ ထွက်ရပ်လိုက်ကာ သက်လယ်နှင့် သစ်ခွသည် လက်တွဲလျက်သား နောက်မှ ပါလာပါသည်။ သစ်ခွကတော့ အနေကျဉ်းကျပ်ကာ ခေါင်းခပ်ငုံ့ငုံ့လေးဖြစ်နေသည်။

သက်လယ်က တည်ငြိမ်သောပုံစံနှင့် ...

“ကဲ ... ပြော ...”

“ကိုယ် ... ပညာရှိ သတိဖြစ်ခဲ့ဆိုသလို ဆရာဝန်တစ်ယောက် ဖြစ်ရက်နဲ့ တစ်ချက်သတိလစ်ပြီး မစဉ်းစားမိတာ ခုမှ ခေါင်းထဲ ပေါ်လာလို့ ...”

“ဘာလဲ ...”

“ခုပဲ တွေးမိပြီး ... တွေးမိမိချင်း ထ,ပြေးလာလို့ ဂျူတီကုတ်ပါ ပါလာတာပဲ သက်လယ် ...”

“ကဲပါကွာ၊ ပြောပါ ...၊ ဘာလဲ ...”



www.burmeseclassic.com

www.burmeseclassic.com



"သားကို တပေါင်းလပြည့်နေ့ညမှာ မွေးတာမို့ 'လပြည့်ည'လို့ မှည့်တယ်လို့ သက်လယ် ပြောခဲ့တယ် ..."

"ကျွတ် ...၊ လာပြန်ပြီကွာ၊ သား ... သား ...၊ ဒီသားပဲ ရှင့်ခေါင်းထဲ စိတ္တဇ ဖြစ်နေပါလား မိုးညရယ် ..."

"ဟုတ်တယ်၊ စိတ္တဇလို ဖြစ်နေတယ်၊ ဒီမှာ သက်လယ်၊ ကိုယ့်ကို အလကား သက်သက်တော လှည့်စားမထားပါနဲ့၊ ရက်စက်ရာကျပါတယ်၊ ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ ..."

"ရှင် ဘာတွေ ဖြစ်နေတာလဲ မိုးည ...၊ ဘာတွေ ပြောနေတာလဲ၊ အခု ဘာကို ရည်ရွယ်နေတာလဲ ပြောလေ"

"အခုနှစ်ထောင့်တစ်ခုနှစ်နော် ...၊ သားကို ထောင့်ကိုးရာကိုးဆယ့်ငါးခုနှစ် သက်လယ် မွေးခဲ့တယ်၊ ထောင့်ကိုးရာကိုးဆယ့်ငါးနှစ်ထဲက တပေါင်းလပြည့်နေ့ဟာ မတ်လ (----)ရက် ကျတယ် ..."

သက်လယ် မျက်နှာလေးမှာ ညိုသွားရပါသည်။ ဘာကို မိုးညချမ်း ရည်ရွယ်သလဲ သူသိပါပြီ။ သစ်ခွလက်ကို ဆုပ်ကိုင်ထားမိတဲ့ လက်တွေက ရုတ်တရက် အေးစက်လာသည်ကို သစ်ခွ ခံစားနိုင်ကာ သက်လယ်ကို ခပ်နွမ်းနွမ်း လှည့်ကြည့်လိုက်ပါသည်။ သက်လယ်သည်လဲ သူ့လက်ဖျားအေးစက်စက်တွေကို သူ့ဘာသာ ပြန်သတိပြုမိကာ သစ်ခွလက်ကို ဖြုတ်ခနဲ လွှတ်လိုက်ရင်း ...

"အဲဒါ ... ဘာဖြစ်လဲ ..."





မျက်နှာညိုညိုနှင့် မေးလိုက်ပါသည်။ မိုးညချမ်း က်နှာကလဲ ခပ်ပျက်ပျက်နှင့် ညိုနေပါသည်။ မျက်ဝန်းတွေကတော့ မ်းလျော့ရီဝေနာကျင်နေကာ ...

"ကိုယ် ... သက်လယ်ကို ခိုးပြေးခဲ့တဲ့ နေ့ကို သက်လယ် မှတ်မိသေးလား ..."

"ဟယ် ... ရှင် သစ်ခွရှေ့မှာ ဘာတွေ လျှောက်ပြောနေတာလဲ ..."

"ဇွန်လ ဆယ့်သုံးရက်နေ့နော် ..."

မိုးညချမ်းက ပြောလိုက်၍ ... သက်လယ်သည် က်နှာညိုနိုပုပ်ပုပ်နှင့် ...

"ဟုတ်မှာပေါ့ကွာ ..."

တကယ်တော့ ဤနေ့စွဲလေးကို သက်လယ် ဘယ် ို့မျှ မေ့နိုင်မှာတဲ့လဲ။ သူတို့ ချိန်းဆိုလိုက်တဲ့နေ့ကို သူငယ် င်းတွေကြားတော့ 'ရွေးပဲရွေးတတ်ပလေ ... ဒိဂဏန်းကိုမှ'ဆိုပြီး ာန့်ကွက်ကြ ဖျက်ကြသေးတာပဲ။ ဆယ့်သုံးဂဏန်းမို့တဲ့လေ။ ့မှာကတော့ အဲဒီနေ့ မေမေနဲ့ ကိုကြီး အပြင်ထွက်စရာကိစ္စ ဘာကို ကြိုသိပြီး တမင်အချိန်ကိုက် စီစဉ်ရတာမို့ ရက်ကိုရွေ့လို့ ဖြစ်နိုင်ခဲ့ပါ။

ဆယ်သုံးဂဏန်း ကံဆိုးတယ်ဆိုတဲ့အယူ မြန်မာ ူမျိုးတွေအတွက် မရှိပါဘူးရယ်လို့ ဇွတ်ပဲ စိတ်ကိုဖြေထားလိုက် မယ့် အဲဒီရက် ချိန်းချက် ခိုးပြေးခဲ့မိတဲ့ မိုးညနှင့်သက်လယ်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်လမ်းဟာ တကယ့်ကိုပဲ ကံဆိုးခဲ့ရတာပါပဲလား။ ဤနေ့ရွဲကို သက်လယ် ဘယ်လိုနေမလဲ။

သို့သော် ... မိုးညတစ်ယောက် သားရဲ့ ပဋိသန္ဓေကာလကို ရက်တွက်ချက်နေပြီဆိုတာ သိလိုက်တာမို့ ဘယ်လိုရှင်းရင် ဖြေရှင် ကောင်းမလဲဆိုတာ ခေါင်းထဲ ရှုပ်ထွေး ဗျာများသွားရှာပြီးစလွှယ်ပဲ ပြန်ဖြေလိုက်ရပါသည်။

"ဆယ့်ကိုးရက်နေ့မှာ သက်လယ်တို့ မြိတ်ကို ထွက်သွားခဲ့ကြတယ်လို့ ကိုယ်သိရတယ်၊ ပြီးတော့ ... သက်လယ်တို့ မြိတ်ကိုရောက်ပြီး ဟစ်လပတ်ဝန်းကျင်မှာ မင်္ဂလာဆောင်တယ်ဆိုတာလဲ ဦးမောင်ထိ ဆီက သိရတယ် ..."

"ဒီတော့ ဘာဖြစ်လဲ ..."

သက်လယ်က မျက်နှာကို တွန့်ပြီး ကမူးရှူးထိုး မေးလိုက်ပြီး မကျေမချမ်းနှင့် ဆက်၍ပင် ...

"ဒီတော့ မိုးညက တို့ ကိုဇော်ဦးနဲ့ ဂျူလိုင်လလယ်လောက်မှာ မင်္ဂလာဆောင်တယ်၊ သားကို မတ်လမှာမွေးတာမို့ ကိုးလမပြည့်ဘူး ရှစ်လမဲ့ ကိုယ်ဝန်ဆောင်တယ်၊ ဒါကို ပြောမလို့ပေါ့ ဟုတ်လား ... ဟင်း ဟင်း ..."

သစ်ခွသည် သက်လယ်ကို စူးစိုက်ကြည့်နေမိပါသည်။

"ဟုတ်တယ် ...။ လပြည့်ရဲ့ မွေးနေ့ဟာ တပေါင်းလပြည့်နေ့ဖြစ်နေခဲ့ရင် လပြည့်ဟာ ကိုယ့်သားပဲဖြစ်ရမယ် ..."





သက်လယ်က ခါးကလေးထောက်ရင်း အသံမထွက်ပဲ တလိုက်လိုက် ရယ်နေပါသည်။ ခေါင်းကလေးကို ဖြည်းဖြည်း ယမ်းရင်း ...

"နွတ်ပဲ စွပ်စွဲနေပါလား မိုးညရယ် ..."

"စွပ်စွဲနေတာ မဟုတ်ဘူး၊ အဲသလိုပဲ ဖြစ်ဖို့ကိုက်ညီနေတာ"

"ရှင်လဲ ဆရာဝန်တစ်ယောက်ပဲ မိုးညရယ်၊ ယေဘူယျအားဖြင့် ကိုးလလွယ် ဆယ်လဖွားလို့ ဆိုကြပေမယ့် ကိုးလကျော်ပြီးနောက်မှာ မွေးလေ့ရှိတယ် သတ်မှတ်ထားပေမယ့် ... အဲလိုမဟုတ်တဲ့ မိခင်နဲ့ ကလေးတွေ အများကြီးပါ၊ ရက်မစေ့ဘဲ မွေးတာလေ၊ တချို့က ရှစ်လ၊ တချို့က ခုနစ်လ၊ တချို့ဆို ခြောက်လကျော်နဲ့တောင် လျှော့မွေး သဘောမွေးသွားပြီး အဖတ်မတင်တာ ရှိတတ်တာပဲ၊ စောသွားတာနဲ့ပဲ ဒီလိုအတတ်ပြောလို့ ရရောလား မိုးည၊ သားကို ရက်မစေ့ဘဲ စောမွေးခဲ့တယ်"

မိုးညချမ်းသည် သက်လယ်ကို မကျေမချမ်း စူးစိုက်ကြည့်နေပါသည်။

"တချို့ရုပ်ရှင်တွေ ဝတ္ထုတွေထဲမှာ ပါတတ်သေးတယ်၊ ခုနစ်လနဲ့ မွေးတာဟာ စောမွေးတာတဲ့၊ ရှစ်လနဲ့မွေးတာကျတော့ စောမွေးတာမဟုတ်ဘဲ မဟုတ်တရုတ် ဖြစ်တာတဲ့၊ အိမ်ထောင်ကျပြီး ရှစ်လလောက်မှာ သားဦးမွေးဟာ



www.burmeseclassic.com

www.burmeseclassic.com



ရင် ရှေ့က မရိုးမသား တစ်ခုခုရှိခဲ့သလိုလို စကားတင်း ဆိုကြတယ်၊ ကိုယ့်လင်ယောကျ်ား ကိုယ်တိုင်က အထင် မှားတယ်လို့တောင် ကြားဖူးတဲ့ဇာတ်လမ်းရှိတယ်၊ တကယ်ပဲ လမစေ့ဘဲ စောမွေးသွားတဲ့ မိန်းမအဖို့ ယုံထင် ကြောင်ထင် ခံရပြီး အတော်နစ်နာတယ် ...။ မိုးညလဲ ဆရာဝန်ပဲ ...

လမစေ့ဘဲ မွေးဝ,ယ်ဆိုတာဟာ ဘယ်လောက်အပိုင်း အခြားမဆို ဖြစ်နိုင်တယ်လေ၊ ခုနစ်လနဲ့ မွေးလိုက်တဲ့ကလေး ရှိသလို ရှစ်လနဲ့ မွေးလိုက်တဲ့ကလေးလဲ ရှိတယ်၊ ပြီးတော့ ပုံမှန်ကိုးလနဲ့ မွေးလိုက်တဲ့ ကလေးလဲ ရှိတာပဲ၊ ဒီမိန်းမ တစ်ယောက်ရဲ့ခန္ဓာကိုယ်တွင်း ပုံမှန်မဖြစ်မှု တစ်ခုခု အတိမ်း အစောင်း အချွတ်အချော် တစ်ခုခုကြောင့် ဘယ်လောက် ပဲဖြစ်ဖြစ် စောမွေးသွားနိုင်တာပဲ ...

ဒီအချက်ကလေးကို ဆုပ်ကိုင်ပြီးတော့ နှုတ်စွပ်စွဲမို့ မစဉ်းစားပါနဲ့ မိုးည ...၊ မိုးညက လူပြိန်းတစ်ယောက်လဲ မဟုတ်ဘူး၊ တို့ထက်တောင် ပိုသိသေးတယ်၊ ဒါကလေးကို စဉ်းစားမိပြီး ဒီအထိ ရုတ်တရက် ချက်ချင်း ထ,ပြေးလာ ရတယ်လို့ပဲ မိုးညရယ် ..."

မိုးညချမ်းသည် အောက်နှုတ်ခမ်းရဲ့ အတွင်းသားကို တဆတ်ဆတ် ကိုက်နေမိရင်း သက်လယ်ကို အသည်းတယားယား ကြည့်နေမိပါသည်။ ကလေးအဖေဟာ သူဆိုလျှင်တော့ဖြင့် ယောဘူ ယျသဘော မှန်ကန် ကွက်တိကျနေပါသည်။ ကိုဇော်ဦးလို့ပဲ





သက်လယ်က နှုတ်ဆိုချင်ရင်လဲ သက်လယ်ပြောသွားသော လ, စေ့ခင် မွေးတဲ့ကိစ္စကို ဘယ်လိုမှ ငြင်းလို့ မရနိုင်ပါ။

တကယ်တမ်းကတော့ ကာယကံရှင်ဖြစ်တဲ့ သက် လယ်သာလျှင် အခိုင်လုံဆုံး အသိဆုံး ဖြစ်မည့်ကိစ္စပါ။ ကိုယ်ဝန် ၏စက စမ်းသပ်ခွင့်ရသော အိုးဂျီဆရာဝန်ဆိုလျှင်လဲ သိနိုင်ကောင်း ပါလိမ့်မည်။ မိုးညချမ်းအဖို့ကတော့ ဘယ်လိုမှ နှုတ်တရွတ် အခိုင်အမာ လက်ဆုပ်လက်ကိုင် ပြလို့ရတဲ့ ကိစ္စမဟုတ်။

မိုးညက သက်လယ်ကို ခပ်စိမ်းစိမ်း စိုက်ကြည့်နေ သလို သက်လယ်ကလဲ မိုးညကို ခပ်အိမ်းစိမ်း ပြန်စိုက်ကြည့်နေပါ သည်။ သစ်ခွသည် ဟိုဘက်ကို ကြည့်လိုက် ဒီဘက်ကိုကြည့်လိုက် နှင့် ရင်တဖိုဖို စိတ်လှုပ်ရှားနေသည်။ သူတို့နှစ်ဦးလုံး စိတ်ထဲမှာ လဲ သစ်ခွလိုပဲ အကြီးအကျယ် လှုပ်ရှားယောက်ယက်ခတ် တုန် လှုပ်နေမည်ဆိုတာ သစ်ခွ သိပါသည်။

မိုးညချမ်းက ခေါင်းကို တညိတ်ညိတ်နှင့် တစ်ဖက် မျက်နှာလွှဲလိုက်သည်။

"ဒီစိတ်ကူးယဉ် အတွေးသံသယကြီးကို မေ့ပစ်လိုက်ပါ မိုးည ...၊ လုံးဝ လက်လျှော့လိုက်ပါ"

"ကိုယ် မမေ့ဘူး ... လက်မလျှော့ဘူး သက်လယ် ..."

"တခြားနည်းလမ်းလဲ ရှင် စုံစမ်းလို့ရစရာ ဘာမှမရှိဘူး မိုးည ...၊ လှုပင်ပန်း စိတ်ပင်ပန်း ခံနေမယ့်အစား မေ့ပစ် လိုက်ပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"မေ့လို့ကို မရဘူး၊ မယုံဘူး၊ ကိုယ့်ဓိတ်ထဲမှာ လပြည့်ကို ကိုယ့်သားလို့ အလိုအလျောက် ထင်နေတယ်၊ ဒီကိစ္စအတွက် ဒီလောက်အငြင်းအခုန် အတုံ့အလှယ် ဖြေရှင်းနေရတာကိုက ရုပ်ဆိုးတယ်၊ ကိုယ့်ကို အမှန်အတိုင်း ဝန်ခံစမ်းပါ သက်လယ်၊ ကိုယ် သိပါရစေ ..."

"မိုးညှ မယုံတာ ... တို့လဲ မတတ်နိုင်တော့ဘူး ..."

သစ်ခွသည် ကိုယ်ကလေး လှုပ်လိုက်ရင်း ...

"သစ်ခွ ပြန်တော့မယ် ..."

"ကောင်းပြီကွယ်၊ နောက်မှဆုံသေးတာပေါ့၊ သစ်ခွလဲ စိတ်မောသွားပြီထင်တယ် ..."

"စိတ်မမောပါဘူး၊ သစ်ခွ စိတ်ဝင်စားပါတယ် ..."

"ကားပါလား သစ်ခွ"

မိုးညှချမ်းကို သစ်ခွက မော်ကြည့်လိုက်ရင်း ...

"ပါပါတယ် ကိုကို ..."

"သက်လယ် ... ကိုယ်လဲပြန်မယ် ..."

သက်လယ်က စိတ်ရှုပ်သော အပြုံးမျိုးနှင့် မေးကလေးသာ ဆတ်ပြလိုက်ပါသည်။

မိုးညှချမ်းနှင့် သစ်ခွက ပြိုင်တူတွဲထွက်သွားတာ မဟုတ်ပေမယ့် မတိမ်းမယိမ်း ရှေ့ဆင့်နောက်ဆင့်မို့ ယှဉ်တွဲသွားသလိုပါပင်။





မတ်တတ်ရပ်ကျန်ရစ်ကာ ထိုနှစ်ယောက်ကို နောက်မှ ငေးကြည့်နေမိသော သက်လယ်ထံမှာ မထိလေးစား ပျက်ချော်ချော် အငေါ်တူးတူးပုံစံများ ပေါ်လာကာ မျက်နှာပေါ်၌ ဝမ်းနည်းခြင်းသာ ထင်ဟပ်ရာသည်။ လက်မလေးကောက လက်သည်းထိပ်ဖျားလေးကို တဆတ်ဆတ် ကိုက်နေမိရင်း သူ့တို့နှစ်ယောက်ကို မမြင်ရတော့တဲ့အထိ ဆက်ရပ်နေမိသည်။

"ဟာကွာ ... ဦးဦးအောင်မော်က ကြီးတာကိုးကွ၊ လက်တည့်တော့ ဝင်တာပေါ့ကွ၊ သားချည်းပဲ ရှုံးနေတာပဲ"

လပြည့်က မကျေမနပ် ဟစ်အော်ညည်းတွားရာ၍ အောင်မော်က ရယ်မောရင်း ...

"ဟား ဟား ...၊ အဲဒါဆိုရင် ဒီလို လုပ်မယ်လေကွာ၊ ဦးအောင်မော် တစ်လှည့်ပြီးရင် သားအလှည့်ကျ နှစ်ကြိမ်လုပ်၊ တစ်ကြိမ်မှာ မဝင်ရင် မထိရင် နောက်တစ်ကြိမ်ဆက်လုပ်"

မြေပြင်မှာ ကျင်းငယ်လေး သုံးကျင်းခပ်ခြားခြားအလျားလိုက် တူးထားပြီး ဂေါ်လီလုံးနှင့် ကြွင်းစိမ်ကစားနေကြတာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ မိုးညချမ်းက လပြည့်ကို မှိုင်၍ ကြည့်နေမိသည်။ စပို့ရှပ်အဝါရောင် တောက်တောက်လေးနှင့် လပြည့်ဟာ ဝင်းပသန့် စင်၍ ချစ်ဖို့ကောင်းလွန်းလှပါသည်။

"အဲဒါ အစ်ကို့နှုတ်ခမ်းပေါ့" ... လို့ အောင်မော်ဆို တဲ့ သူ့ နှုတ်ခမ်း ဖုဖုလျှားလျှားလေးကို စေ့ကာ စဉ်းစားနေပြီး မှ ...

"ဟာ ... အဲလိုတော့ မလုပ်ချင်ပါဘူး၊ ဦးအောင်မော် တစ်လှည့် သားနှစ်လှည့်ဆိုရင် သားဘယ်ကောင်းမလဲ ... တစ်ယောက်တစ်လှည့် ညီညီညာညာပဲ ကောင်းတယ်"

အောင်မော်က 'ဟိုက်ရှာလဘား'ဟု အော်လျက် မိုးညချမ်းဘက် မျက်စပစ်ပြပါသည်။ လူကြီးမို့ အောင်မော်ကချည်း ကျင်းဝင်လိုက် သူ့ဂေါ်လီကို ပစ်ပြီး လှင့်လိုက်နှင့် လျှော့ပေးနေ သည့်ကြားက ဘယ်လိုမှ လက်မညီတာကို လပြည့်က မကျေနပ် အော်ကြားလဲ တစ်လှည့်နှင့် နှစ်လှည့်စနစ်ကိုတော့ လက်မခံချင်ပေ။

မိုးညချမ်းက သဘောတကျ ဖြစ်နေမိပါသည်။

"ဒါဖြင့် ... သား ဘယ်လို လုပ်ချင်လဲ ..."

"တစ်ယောက်တစ်လှည့်ပဲပေါ့ ...၊ သားကို ပါစားပေးတာ မကြိုက်ဘူး"

"ဒါဖြင့်လဲ တစ်ယောက်တစ်လှည့်ပေါ့ကွာ၊ ဒီလိုလုပ် ... ဦးအောင်မော် ဟိုနားမှာ ခဏထိုင်နားဦးမယ်၊ သားက တစ်ယောက်တည်း ခဏလေ့ကျင့် ...။ ကောင်းလား ..."





"ကောင်းတယ်၊ သား လေ့ကျင့်ပြီးမှ ဦးအောင်မော် ပြန်ပါ ..."

"အေး ... အေး၊ ကျင့် ..."

အောင်မော်က ကစားပွဲထဲက ထွက်ကာ မိုးညချမ်း အနား လာထိုင်ပါသည်။

"ဦးမိုးည ... သား ဒီလိုချိန်တာ မှန်လား ..."

လပြည့်က မျက်စိတစ်ဖက်ကို မှိတ်ကာ ဂေါ်လီကို ကိုင်သောလက်က မျက်စိနားထိ မြှောက်တက်လာပြီးမှ ရှေ့ကို လွှဲလိမ့်လိုက်သည်။

"မှန်တယ် သား ..."

"ဟာ ... ဝင်လဲ မဝင်ဘူး ..."

"သား ... တစ်ကြိမ်ပဲ ကျင့်လို့တော့ မရဘူး၊ ရက်နဲ့ချီပြီး ကျင့်ရမယ်၊ တဖြည်းဖြည်း လက်တည့်လာမယ်၊ ကိုယ် ဝင်စေချင်တဲ့ ကျင်းကို တည့်တည့်ဝင်လာမယ်၊ ကိုယ်ပစ်ချင်တဲ့ ဒိုးဆီ တည့်တည့် ထွက်လာမယ်၊ ဖွဲ့ရှိရမယ် သား၊ ကြား လား၊ ယောကျ်ားဆိုတာ ဖွဲ့ရှိရမယ်၊ တစ်ပတ်လောက် ကျင့်ပြီးရင် သား သိပ်လက်တည့်သွားမှာ ..."

"ဟုတ်ကဲ့ ..."

လပြည့်က တစ်ယောက်တည်း အကြိမ်ကြိမ် ကျင့်နေ ပါသည်။

"ကလေးပဲ ရှိသေးပေမယ့် အညံ့မခံချင်တဲ့စိတ် ရှိတယ်ဗျ



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ရဲ့ တစ်ဖက်သတ် အခွင့်အရေးကိုလဲ မယူဘဲ သူ့စိတ်နဲ့သူ ငြင်းတာ ...”

မိုးညက သဘောတကျ ပြုံးနေပါသည်။

“အစ်ကို ဘာမှ မလှုပ်ရှားဘူးလား ...”

အောင်မော်က အရဲစွန့် မေးကြည့်လိုက်ပါသည်။

“ဘာကိုလဲ အောင်မော်ရ ...”

“သူ့တို့သားအမိနဲ့ ပတ်သက်လို့လေ ...”

“အင်း ... ခက်တယ် အောင်မော်ရာ၊ ငါ့စိတ်ကလဲ အလို အလျောက်ကိုပဲ လပြည့်ကို ငါ့သားလို့ပဲ ထင်ချင်နေတယ်၊ သွေးကပြောတယ်ဆိုတာ အဲဒါမျိုးလား မသိပါဘူးကွာ၊ အလိုအလျောက်ကို သူ့အပေါ် တွယ်တာပြီး ချစ်နေတယ်၊ ဒီအရွယ်ရောက်မှ ဘွားခနဲ အဲသလို သံသယဝင်စရာ ဖြစ်လာတော့ စိတ်ထဲ ပိုလှုပ်ရှားတယ်၊ ငါ့သားလေးဟာ ဒီအရွယ်ရှိနေပြီလားဆိုတဲ့ အတွေးနဲ့ ...၊ ငါ့သားပဲ ဖြစ်မှာပါ အောင်မော်ရာ ...၊ ငါ ယုံကြည်နေတယ်၊ ဒါပေမယ့် သက်သေပြစရာ မရှိဘူး”

“တစ်ခုရှိတယ် အစ်ကို ... ကျွန်တော်က ဓာတ်ခွဲသမား ဆိုတော့ သတိရမိတာ၊ ကလေးကို သွေးစစ်ကြည့်ရင် ကော ...”

မိုးညချမ်းသည် အောင်မော့်မျက်နှာကို စိုက်ကြည့်နေရင်း ...





“အေး ...”

ခပ်ကျယ်ကျယ် ပြောလိုက်ပြီးမှ ...

“ဒါပေမယ့်ကွာ... သူ့သားကို သွေးဖောက်စစ်မှာ သက်လယ်က သဘောတူမယ် မထင်ပါဘူး”

“လက်ထိပ်လေး တစ်ချက်ပဲ ဖောက်ရမယ့်ဟာ ...”

“လက်ထိပ်လေးလဲ လက်ထိပ်လေးပဲပေါ့ကွ ...၊ ဘာပဲ ဖြစ်ဖြစ် ခုအနေအထားက ငါက သူစိမ်းလေ၊ သူ့သားကို ခွင့်ပြုချက်မရဘဲ ဒီကိစ္စမျိုး သွားလုပ်လို့ ဘယ်ရမလဲ၊ သူ့ကို ခွင့်ပြုချက်တောင်းနေရင်လဲ ရမှာမဟုတ်ပါဘူး”

“အစ်ကိုက ဘာသွေးလဲ ...”

“အို ...”

“ကလေးက ဒီအရွယ်ဆိုတော့ သူ့အမေလဲ သွေးအမျိုး အစား စစ်ဖူးဦးမယ် မထင်ဘူးနော်၊ စစ်ဖူးပြီးသား ဆိုရင်လဲ မေးကြည့်လို့ရမယ်”

“မေးကြည့်လဲ သူက အမှန်အတိုင်း ပြောဦးမှ၊ ကိုဇော်ဦး သွေးအုပ်စုပဲ ပြောလိုက်ရင်ကော ငါတို့ ဘာသိနိုင်မှာ လဲ”

“အစ်ကိုကတော့ လုံးဝယုံကြည်နေတာပဲနော် ...၊ တကယ် လို့ မသက်လယ် ပြောတဲ့ စကားက အမှန်ဆိုရင်ကော ...”

မိုးညချမ်းက ဘာမှ ပြန်မပြောဘဲ မချိပြုံးလေးသာ ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဆိုလိုတာက မသက်လယ်က အစ်ကိုကို ညာတယ်ဆိုရင် ဘာရည်ရွယ်ချက်နဲ့ ညာတာလဲ ..."

"သစ်ခွကြောင့်လဲ ဖြစ်နိုင်တယ်လေ ...၊ ပြီးတော့ သူက ဟာခြားတစ်ဦးနဲ့ လက်ထပ်ခဲ့ဖူးပြီးလို့ မုဆိုးမမို့ စသဖြင့်ပေါ့ကွာ၊ ညာနိုင်တဲ့အကြောင်းတွေတော့ အများကြီးရှိတယ်ကွ ..."

"လွယ်သလိုလိုနဲ့ ခက်နေတဲ့ ကိစ္စပဲ ..."

အောင်မော်ရော မိုးညပါ လပြည့်လေးကို လှမ်းကြည့်နေမိပါသည်။ ကျန်းမာသန်စွမ်းသော ကလေးမို့ ပြေးကာ လွှားကာ သွက်လက်ကက်ကြွလှသော လပြည့်လေးဟာ ချစ်စရာကောင်းလွန်းလှပါသည်။ မျက်လုံးကလေးတွေ သက်လယ်နှင့် တူသည်ရယ်လို့ ပြောမယ်ဆို ပြောနိုင်ပေမယ့် မျက်နှာတစ်ခုလုံးကို ခြုံကြည့်လိုက်ရင် လပြည့်ဟာ သက်လယ်နှင့် မဆင်။

သက်လယ်နှင့် မဆင်ဘူးဆိုလျှင် အဖေဖြစ်သူနှင့်သာ ဆင်ရပါတော့မည်။ အောင်မော်က ဦးမောင်ထိဆီက သိရသမျှ ကပ်ကပ်မေးမြဲမို့ ကိုဇော်ဦး ဆိုသူရဲ့ ရုပ်ရည်ဟာ တရုတ်ဘက်နွယ်နွယ်၊ သာမန်မထူးခြားလှတဲ့ ရုပ်မျိုးလို့ သိထားပါသည်။ လပြည့်လေးရဲ့ မျက်လုံးတောက်တောက် မျက်တောင်ထူထူ မည်းမည်း မျက်ခုံးနက်နက် သန်သန်စွမ်းစွမ်းနှင့် ကလေးရွယ်မှာပင် ထင်းပေါ်နေတဲ့ နှာတံ နှုတ်ခမ်းပုံစံကအစ အားလုံးဟာ မိုးညချမ်းကိုပဲ လာဆင်နေတာတော့ အမှန်ပါပဲ။





"လပြည့်ရေ ... ထမင်းစားမယ်တဲ့ ... မေမေ ခေါ်နေပြီ"

ခြံစည်းရိုးနားက မိချို ခေါ်သံက ထွက်လာပါသည်။

"ဟာ ... သား မဆာသေးဘူး ..."

ကစားမက်နေတဲ့ လပြည့်က မိချိုကိုတော့ လှည့်ပင် မကြည့်ပါ။

"မေမေ ဆူလိမ့်မယ် ... လပြည့်၊ လာ ... ထမင်းစားမယ်"

"မလာသေးဘူး ..."

တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အော်နေဆဲ ...

"လပြည့် ..."

အသံ ခပ်တင်းတင်း တစ်ခုက ခပ်လှမ်းလှမ်းမှ ပေါ်လာ၍ မိုးညချမ်းရော အောင်မော်ပါ ငဲ့ကြည့်လိုက်မိပါသည်။ သက်လယ်သည် ပေါ်တီကိုအောက်နားမှာပင် ရပ်ကာ ခါးထောက်ထားပါသည်။ ခပ်တည်တည်နဲ့ တကယ့်ကို ဩဇာတည်တဲ့ အမေကြီးတစ်ယောက်ပုံ။ မိုးညချမ်းက ရယ်ချင်လာပါသည်။

"ခုချက်ချင်း မလာရင် နောက်ဘယ်တော့မှ မကစားရတော့ဘူးနော်၊ မေမေနဲ့ ဘယ်လိုကတိတည်ထားလဲ၊ ခေါ်လိုက်လို့ တစ်ခွန်းတည်းနဲ့ ပြေးမလာရင် နောက်သွားမကစားရဘူးဆိုတာ မင်း သဘောတူထားတယ်လေ ..."

လပြည့်က နှာခေါင်းတစ်ချက် ရှုံ့ကာ သူ့လက်ထဲက ဂေါ်လီကို မြေပေါ်ပေါက်ချလိုက်ပါသည်။ သူ့အမေစကား



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အလေးထားသားပင်။ ချက်ချင်းပဲ အိမ်ပြန်ဖို့ လှည့်ပြေးထွက်လိုက်တဲ့ လပြည့်ဟာ နောက်တစ်ခါ မလာရမှာကိုပဲ စိုးရိမ်သလို သုတ်ခြေတင်၍ ပြေးတော့တာပင်။

အလွယ်တကူ ကူးရလွယ်အောင် ဟိုဘက်ခြံရဲ့ အစပ်တစ်နေရာမှာ အုတ်ပုံရှိသဖြင့် မိုးညက ဒီဘက်ခြမ်းမှာပါ သံစည်ပိုင်းဟောင်းနှစ်ခုကို တစ်လုံးကမြင့်မြင့် တစ်လုံးက တစ်ပိုင်းပြတ်မို့အနိမ့် လှေကားထစ်သဖွယ် ဆင်ပေးထားခဲ့ပါသည်။ ထိုသံစည်ပြတ်ပေါ် လှမ်းခနဲ ခုန်တက်လိုက်သော လပြည့်သည် ရုတ်တရက် ခြေချော်ကာ ခြေထောက်က မြေပေါ် ပြန်ပြုတ်ကျလာပြီး အားလျားမှောက်လျက် မျက်နှာတစ်ဝိုက်နှင့် သံစည်ပိုင်း ရိုက်မိပါတော့သည်။

"အား ... ဟား ... ဟား ဟား ..."

"သား ..."

လပြည့် အော်ဟစ်ငိုလိုက်သံနှင့် မိုးညချမ်း ကျူးထ, ပြေးကာ အော်လိုက်သံဟာ ပြိုင်တူထွက်လာပါသည်။

"ဟယ် ... လပြည့် ... သားလေး ..."

သက်လယ် ကလဲ ပေါ်တီကိုအောက်မှ ပြေးလာကာ ...

"သားလေးရေ ... မေမေ့ဆီလာ ... လာ၊ အို ... နာသွားပြီဒုက္ခပါပဲ၊ သားက တအားပြေးတာကိုးကွယ် ..."

ခြံစည်းရိုးစပ်မှ တဖျစ်တောက်တောက် ရေရွှတ်





နေဆဲ မိုးညချမ်းက လပြည့်ကို ပွေ့ချီကာ ခြေလှမ်းကျဲနှင့် အိမ်ထိပြန်ခေါ်လာသည်။

"မိုးည ... မိုးည ...၊ ဒီဘက်ကို ပေးလေ ..."

"ဒီမှာ သားနှုတ်ခမ်း ကွဲသွားပြီ၊ ဒဏ်ရာကြည့်ရဦးမယ်၊ ချုပ်ရမလား ဆေးထည့်ရမလား ကြည့်ရဦးမှာ၊ သက်လယ် ဒီဘက်ကူးခဲ့ ..."

အမယ်တော်။ ပိုင်စိုးပိုင်နင်းနဲ့။ သက်လယ်သည် မကျေမချမ်းလှသော်လဲ သားဇောနှင့် ခြံရှေ့ဘက်မှ ပတ်ထွက်ကာ ပြေးလာပါသည်။

"အောင်မော်ရေ ... လာပါဦးကွာ ... ရေခဲလေး ရေလေး ပေးပါဦး ..."

"အစ်ကို ခဏနော် ... အစ်ကို ..."

အောင်မော်မှာ မိုးညချမ်းထက်ပင် အရေးကြီးနေသလို အပြေးအလွှား သူ့အခန်းထဲဝင်သွားကာ သွေးစစ်သော ဖန်ပြားလေးနှစ်ချပ်ကို ကိုင်ကာ ထွက်လာသည်။ သွေးစစ်ကြည့်ဖို့ စိတ်ကူးရထားတုန်းပဲ လပြည့်က ချော်လဲလိုက်၍ အဆင်သင့်သွားသလိုပင် ဖြစ်နေပါတော့သည်။ ပါးစပ်ထဲ သွေးတွေရဲကာ အော်ဟစ်ငိုနေသော လပြည့်ရဲ့ ပါးစပ်ကို လက်ညှိုးနှင့်တို့၍ အောင်မော်က သွေးကို ယူလိုက်ပါသည်။

အချိန်သင့် အခါသင့် အကြံပိုင်တဲ့ အောင်မော်ကို မိုးညချမ်းက ပြုံးပြမိသည်။ ကိုယ်တိုင်တောင် လပြည့် သွေးသံ



www.burmeseclassic.com

www.burmeseclassic.com



တရဲရဲဖြစ်သွားတာအပေါ် ထိတ်ခနဲ ပူပန်ခေါင်းနပန်းကြီးသွားပြီး သွေးစစ်ဖို့ကိစ္စကို လျှပ်တစ်ပြက်အတွင်း မေ့နေသေးတာပါ။ အောင်မော်က သူ့မှန်ပြားလေးတွေကို သူ့အခန်းထဲ ပြန်စင်ထားပြီးမှ ရေတို့ ရေခဲတို့ ထုတ်ယူလာသည်။

ဒေါ်အေးမိကလည်း ဂွမ်းလာချပေး မျက်ရည်သုတ်ပေး ယပ်ခတ်ပေးနှင့် လပြည့်အနား ဝိုင်းဝိုင်း လည်နေပါတော့သည်။

"သားရေ ... လပြည့်ရေ ... သားလေး ..."

ပျာပျာသလဲ ဟစ်အော်ကာ အိမ်ထဲ အပြေးဝင်လာသော သက်လယ်သည် သားကို ပွေ့ပိုက်ကာ ဂွမ်းစရေဆွတ်ဆေးကြောနေပြီး သွားကျိုးသလား၊ နှုတ်ခမ်းပေါက်ရဲ့လား၊ ကိုက်မိကာ ပြတ်သွားတာမျိုး ရှိသေးလား၊ ပါးစပ်ဟ စစ်ဆေးနေသော မိုးညကိုလည်းကောင်း၊ ရှုးရှူးဝါးဝါး အော်ငိုဆဲဖြစ်ရင်း လက်တစ်ဖက်က မိုးည တီရှပ်အကျီစကို ဆုပ်ဆွဲပြီး ... နောက်တစ်ဖက်က မိုးညကျောဘက်ကို အားကိုးတကြီး သိုင်းဖက်ထားသည့် လပြည့်ကိုလည်းကောင်း၊ မြင်ကွင်းကို ငေးကြည့်ကာ တခဏ မင်သက်မိနေသည်။

"သားရေ ... မငိုပါနဲ့သားရာ၊ ငါ့သားကြီးက ယောကျ်ားပါကွ ...၊ သတ္တိကောင်းတယ်ကွ ...၊ သွေးပဲထွက်တာ"

"အပ်နဲ့ မချုပ်ချင်ဘူး ...၊ အပ်နဲ့ မချုပ်ချင်ဘူး ..."

"မချုပ်ဘူး ... မချုပ်ဘူး၊ တကယ်ပြောတာသား၊ လုံးဝ





ချုပ်ဖို့မလိုဘူး၊ ကဲ ... ကဲ ... ပလုတ်ကျင်းလိုက်ဦး ... အများကြီးမကျင်းနဲ့ ...၊ သုံးခါပဲကျင်း၊ ရေခဲရေလေးနဲ့ ကျင်းလိုက်"

သက်လယ်သည် ကိုယ်နဲ့ မသက်ဆိုင်သလို နောက်ား တစ်ယောက်တည်း ရပ်နေရကာ ရှုသုံးယောက်ကြားထဲ ဘိုးမပေါက်ပါ။ ခဏနေတော့ ပလုတ်ကျင်းထားသော ဇလွှေးခံကိုလည်းကောင်း၊ သွေးပေဂွမ်းစတွေကိုလည်းကောင်း၊ ရေပုလင်းတို့ကိုလည်းကောင်း၊ သိမ်းဆည်းကာ ဒေါ်အေးမိက ထ,ထွက်သွားပါသည်။

ဒီတော့မှ သက်လယ်ရှေ့တိုးလာရကာ ...

"မချုပ်ရဘူးလား မိုးည ..."

"ချုပ်ဖို့ မလိုဘူး၊ အပေါ်နှုတ်ခမ်းနဲ့ သွားဖုံးကြားက တဲ ထားတာရှိတဲ့ အမျှင်လေးသိတယ် မို့လား ..."

"အင်း ..."

"အဲဒါလေး ကြေသွားတယ် ...၊ ဘာမှကိစ္စမရှိပါဘူး၊ ပါးစပ်ထဲဆိုတော့ သူ့အာငွေ့နဲ့သူ အနာကျက်တာ မြန်ပါတယ်၊ ညလောက်ကျရင်တော့ ငါ့သား ကြက်တူရွေးနှုတ်ခမ်းကြီး ဖြစ်လာမယ်၊ ယောင်ပြီး ထော်လာလိမ့်မယ် သက်လယ်၊ ကိုယ် ဆေးလေး တိုက်ထားလိုက်တယ်၊ အယောင်ကျဆေးပါ တစ်ခါတည်းပေးထားမယ် ..."

"ဆေးပဲ သောက်ရမှာလား ဦးဦး ..."



www.burmeseclassic.com

www.burmeseclassic.com



"ဆေးပဲ သောက်ရမှာ ... ဆေးပဲသောက်ရမှာ၊ ဘာမှ မလုပ်ရဘူး၊ သားကို နာအောင် ဘာမှ ထပ်မလုပ်ဘူး၊ ဦးဦး ဆေးမထည့်ဘူး၊ တွေ့တယ်မို့လား ..."

လပြည့်က ကျေကျေနပ်နပ် ခေါင်းညိတ်၍ မျက်ရည်တွေကို သုတ်သည်။ ငါ့သား ငါ့သားနှင့် ခေါ်ပြောနေသော မိုးညချမ်းကို သက်လယ် စိတ်ဆိုးမနေချင်တော့ပါ။ သူ့ရဲ့ နိုင်မြဲကြီးမားနေသော သံယောဇဉ်နှင့် မေတ္တာထုထည်ကို မြင်နေရပါသည်။ လပြည့်အတွက် ... မိုးညချမ်းက ဆေးတွေထုတ်ပေးနေတုန်း အောင်မော်က နေရာမှ ထထွက်ကာ သူ့အခန်းထဲသို့ ဝင်သွားပါသည်။

ဆေးတိုက်ဖို့ သက်လယ်ကို ရှင်းပြပြီးတဲ့အခါ လပြည့်ဟာ အငိုလည်း တိတ်ပြီ။ အပေါ် နှုတ်ခမ်းလေးလည်း စတင် ယောင်ယမ်းစပြုပြီ။ မိုးတဖွဲဖွဲလဲ ကျနေပြီ။

"ဒီမနက်တော့ ထမင်း မကျွေးနဲ့တော့ နာနေဦးမယ် ...၊ ခေါက်ဆွဲပြုတ်လေးဖြစ်စေ လျှော်ခနဲ ဝင်တာလေး ကျွေးလိုက် သက်လယ်၊ ညနေလဲ နာနေသေးရင် ဒီအတိုင်းပဲကျွေး ..."

"အင်း ... အင်း ... ကဲ ... လာ သား ... သွားကြစို့ ..."

လပြည့်ကို တယုတယ ဆေးကုနေသော မိုးညချမ်းပုံစံကို မြင်ရတာ သက်လယ် အသက်ရှူကျပ်သလို နှမ်းနယ်ရပါသည်။





"မိုးဖွဲကျနေတယ်၊ ကိုယ် လိုက်ပို့မယ်၊ ထီးယူလိုက်ဦးမယ်"

နှစ်ယောက်ဆောင်းတောင်မကသော ထီးအကြီးကြီးကို အောင်မော်ကပဲ အလိုက်တသိ ယူလာပေးပါသည်။ မိုးညချမ်းလက်ထဲ ထီးကြီးကို ကမ်းရင်း ...

"အိုသွေး အစ်ကို ..."

မိုးညချမ်းသည် ရင်ထဲဒိတ်ခနဲ တုန်ကာ ကြက်သီးထသလို ဖြစ်၍ ရင်ခုန်သံတွေ ဆက်တိုက် မြန်လာပါသည်။ သက်လယ်ဟာ အေသွေးဆိုတာ မိုးညသိပါသည်။ သို့ပေမယ့် သိဖို့လိုသေးတာက ကိုဇော်ဦးရဲ့သွေး။ ကိုဇော်ဦးသွေးဟာ 'အို'ပဲဆိုလျှင်ကော။ ထို့ပြင် ကိုဇော်ဦးသွေးအမျိုးအစားက ဘီဖြစ်လျှင်လဲ 'အို'ရင်သွေးကို မွေးနိုင်ပါသေးသည်။ ကိုဇော်ဦးသွေးက အေပဲဖြစ်လျှင်လဲ 'အို'ရင်သွေး မွေးနိုင်တာပါပဲ။

ကိုဇော်ဦးရဲ့ သွေးအမျိုးအစား 'အေဘီ'ဖြစ်လျှင်တော့ ဘယ်နည်းနှင့်မှ 'အို'ရင်သွေး မရနိုင်တော့ပါ။ ကိုဇော်ဦးရဲ့သွေး 'အေဘီ'ဖြစ်နေတာ တစ်ခုကလွဲလျှင်တော့ လပြည့်ဟာ ကိုယ့်သားပဲရယ်လို့ အခိုင်အမာ စွပ်စွဲလို့ မရနိုင်သေးပါ။

တစ်ခုတည်းသော 'Chance'ကလေးကိုသာလျှင် မျှော်လင့်ရပါမည်။

"သက်လယ် ထီးမိုးခဲ့ ... ကိုယ် သားကို ချီခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မိုးညှ မလိုက်လဲ ရပါတယ် ...၊ တို့နဲ့ သားနဲ့ပဲ ဆောင်းသွားမယ်၊ ထီးနောက်မှ ပြန်ပေးမယ်၊ တကူးတက လိုက်နေရတော့ ပြီးရင် တစ်ခေါက် ပြန်လာရဦးမယ်၊ သူလဲ ခြေထောက်တွေမှ ဘာမှမဖြစ်ပဲဟာ ... လျှောက်နိုင်ပါတယ်"

"ကိုယ် လိုက်ပို့ပါရစေ ...၊ သား လန့်လဲ လန့်သွားတယ်၊ ပြီးတော့ ခြေထောက်မနာပေမယ့် ထိတ်ဒဏ်ရာကတော့ နာနေမှာ ...၊ ကလေးဆိုတော့ ဒီလောက်ကြီး ငိုလိုက်ရတာလဲ ပင်ပန်းပါတယ်၊ ကိုယ် ချီခဲ့မယ် သက်လယ် ..."

သက်လယ်နှင့် မိုးညှ ... တစ်ယောက်မျက်လုံးထဲ တစ်ယောက် စူးစိုက်ကြည့်မိပြီးတဲ့နောက် သက်လယ်က ငြင်းမနေတော့ပါ။ ရင်ထဲမှာ လှုပ်ခတ်ရအောင်ကို မိုးညှအပေါ် ကရုဏာသက်မိပါသည်။ ဟန်ဆောင်မှုမပါ ပကတိအစစ်အမှန် တွယ်တာသံယောဇဉ်ကြီးနေတာကိုလဲ အပြစ်မတင်ရက်တော့ပါ။

မိုးညှက သားကိုချီကာ သက်လယ်က ထီးအကြီးကြီးကို မိုးညှ အရပ်လွတ်အောင် မြှင့်မိုးပေးပြီး သုံးယောက်သား မိုးဖွဲဖွဲ၌ တစ်ဖက်ခြံကို လျှောက်လာသည်။ ဤမြင်ကွင်းကို ဒီဘက်ခြံမှ အောင်မော်နှင့် ဒေါ်အေးမိလည်း ရင်တသိမ့်သိမ့် ငေးမောကျန်ရစ်သလို တစ်ဖက်အိမ်ဝထွက်ရပ်နေသော ဒေါ်တင်လေးရီသည်လဲ ခံစားချက်ပြင်းထန်စွာနှင့် ငေးကြည့်စောင့်ကြိုနေမိပါသည်။





တာကယ့် မိသားစုကလေးပဲ ...။ မိသားစုစစ်စစ်ကလေးပဲ ဖြစ်လိုက်ပါတော့ ...။ ရင်နင့်စွာတွေးရင်း မြေးဖြစ်သူထံ လက်လှမ်းလိုက်ကာ ...

"အမယ်လေး ... ငါ့မြေး လာ ...၊ ငါ့မြေး ဘယ်နာသွားလဲကွယ် ..."

"နာတော့ဘူး ဘွားဘွား ..."

"အမယ်လေး၊ သတ္တိကောင်းလိုက်တာ ငါ့မြေးရယ် ..."

အိမ်ဝ၌ ရပ်နေသော မိုးညှကို သက်လယ်က ကျေးဇူးတင်စွာ ကြည့်ကာ ...

"ကျေးဇူးပါပဲ မိုးညှရယ် ..."

"သက်လယ် ... သက်လယ်ကို ကိုယ် ပြောစရာတစ်ခုရှိတယ် ..."

သက်လယ်သည် မျက်ခုံးလေး ညို့သွားရကာ ...

"သားကိစ္စမှ ဟုတ်ရဲ့လား မိုးညှရယ် ... ရှင့်မလဲနော် ..."

"ကိုယ်မေးတာကို မှန်မှန် ဖြေပေးပါ သက်လယ်"

သက်လယ်က မျက်ခုံးတွန့်၍သာ မိုးညှကို စိုက်ကြည့်နေသည်။

"ကိုဇော်ဦးရဲ့ သွေးအမျိုးအစား သိချင်တယ် ..."

"အို ... ဘာလုပ်မလို့လဲ ..."

သက်လယ်က အလန့်တကြား အော်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကို ပြောပြပါ သက်လယ် ...၊ ကိုယ် တောင်းပန်ပါတယ်"

"သား ဘာသွေးအမျိုးအစား ဖြစ်နိုင်မလဲဆိုပြီး ... ရှင် စစ်ဆေး တိုက်ဆိုင်ကြည့်ဦးမလို့ မဟုတ်လား မိုးည ...၊ တို့ အမှန်အတိုင်း ဖြေပါ့မယ်၊ သူ့သွေးအမျိုးအစား တို့ မသိဘူး၊ မယူခင်ကလဲ မရင်းနှီး ...။ စကားမှ ဟုတ်တမ်းမပြောမှုးပဲ ... ပြီးတော့ နောက်မနက်ပဲ သူဆုံးသွားတာ သိသားနဲ့ မိုးညရယ် ...၊ ဘာသွေး လဲဆိုတာ တို့ ဘယ်သိမလဲ ... ခေါင်းထဲလဲ မရှိဘူး ..."

ဒီစကားကိုတော့ မိုးည ယုံပါသည်။

"သူ့အမေဆီ လှမ်းမေးရင်တော့ သိရမှာပဲ ..."

"အို ... မမေးနိုင်ပါဘူး၊ ဘာကိစ္စ မေးရမှာလဲ၊ ပတ်ပတ်သက်သက်လုပ်လို့၊ သူတောင် မခေါ်မပြော နေတာ တို့က သွားဆက်သွယ်ရင် အမွေလိုချင်လို့တွေ ဘာတွေ တွက်ရင်တွက်လိုက်မှာ ...၊ အဲလို ထင်ခံရရင် မုန်းစရာကြီး၊ တို့နဲ့ တို့ယောက္ခမနဲ့က သင့်မြတ်လှတာ မဟုတ်ဘူး ... မိုးည ဘာသိလဲ ..."

"ဘာလို့မသင့်မြတ်တာလဲ ...၊ ဘာလို့ မဆက်ဆံ မခေါ်ပြောဘဲ နေကြတာလဲ ..."

"သူက တို့ကို မကြည်တာလေ ...၊ သူ့သားနဲ့လဲ တစ်ရက်ပဲ ပေါင်းလိုက်ရတဲ့ဟာ ... တို့ကလဲ မရမက ဆွေမျိုးလိုက်





တော်မနေချင်ပါဘူး၊ ငွေမက်တယ် ထင်ဦးမယ်၊ သူ့သားက တို့ကို ယူတာနဲ့ပဲ သေသွားတော့ တို့ကို စုန်းမ ထင်ရင် ထင်မှာပေါ့ ... ဒါကြောင့် ..."

"မဟုတ်တာတွေ မပြောပါနဲ့ သက်လယ်၊ သားမရှိပေမယ့် တကယ်တန်း ပုံမှန်တွက်ရမယ်ဆိုရင် မြေးရှိတယ်လေ၊ ခေါ်ရမှာပေါ့ ... တော်ရမှာပေါ့ ..."

"မသိဘူး၊ စိတ်မဝင်စားဘူး ..."

မိုးညက အိမ်ဝက အုတ်လှေကားထစ်ပေါ်ပင် ထိုင်ချလိုက်သည်။

"အို ... ထိုင်ချင်လဲအိမ်ထဲ ဝင်ထိုင်တော့ကွာ ..."

"ဒီမှာပဲ လွတ်လွတ်လပ်လပ် ပြောချင်လို့ပါ"

"ပြောချင်တာတွေက ကုန်ပဲမကုန်တော့ဘူး ..."

"အဲဒီညက သက်လယ်တို့ ဘာတွေ ရန်ဖြစ်ကြလို့ ကိုဇော်ဦးက သန်းခေါင်ကျော်ကြီး အိမ်က ထွက်သွားတာလဲ ဟင် ... သက်လယ် ..."

"ဟင် ... ဒါတွေ ဘယ်က သိလဲ၊ မေမေ ပြောတာလား"

"ဦးမောင်ထိ ဆီက သိတာပါ"

"ကျွတ် ... အဲဒီ ဦးမောင်ထိတော့ လခကို ဖြတ်ပစ်ဦးမယ်"

မိုးညက သက်လယ်ကို ချစ်စနိုး ပြုံးရယ်လိုက်မိပါသည်။ သူ့အတင်းပြောလို့ လခဖြတ်မတဲ့။ ရင့်ကျက်လာတဲ့ အသက်ပိုင်းမှာ သက်လယ်ဟာ ပိုပြီး ပြည့်ပြည့်ဝဝ လှလာပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမယ့် မိသားစုထဲက ညီမထွေးလေး သက်လယ်ထံမှာ ခုထိကိုပဲ ကလေးဆန်သော အမူအရာ အပြောအဆိုတို့က ဣန္ဒြေဆည်သည့်ကြားက လှစ်ခနဲ ထွက်ပေါ်လာတတ်မြဲ။

"ဟင် ... အဲဒီညက ဘာတွေ ဖြစ်ကြလဲ ..."

"ဘာဖြစ်ရမလဲ ...၊ ကျွတ် ... သိပ်ဇယ်စုတာပဲ ...၊ တို့ ခိုးရာလိုက်ဖူးကြောင်း ပြောပြလိုက်တယ်လေ ...၊ တော်ကြာ တစ်နေ့ ပေါ်လာပြီး ကိုယ်ပါ ကလိမ်ကလည်ထဲ ပါနေဦးမယ် ...၊ မေမေတို့က ဒါကို မပြောထားဘူး မိုးညရယ်၊ သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ၊ အဲဒီလို အပြောလိုက်မှာ သူ ရှော့ခ်ရပြီး ဝုန်းဆို ထွက်သွားတာပဲ ..."

သက်လယ်စကားက အမှန်စကားပဲ ဖြစ်ပါလိမ့်မည်။ သက်လယ် အဲသလို ဖွင့်ပြောမည်ဆိုတာလဲ မိုးည ယုံသည်။ သက်လယ်က အဲသလို သက်လယ်ပါ။

"အဲဒါတွေ ယောက္ခမကြီး အတိအကျသိ မသိတော့ တို့လဲ မသိဘူး၊ တို့က အော်ဟစ်ရန်ဖြစ်ကြတာ မဟုတ်ဘဲ ရိုးရိုးပဲ ပြောဆိုကြတာဆိုတော့ အသံမကျယ်ပေမယ့် အိမ်က တမင်းချက် သူ့လူယုံကြီးဆိုတာက ချောင်းနားထောင်ရင်တော့ ကြားမှာပေါ့၊ ဒီတော့ တို့ကို ယောက္ခမက လုံးဝ မကျေနပ်ဘူး ...

အနည်းဆုံး သူ့သားကို စိတ်မချမ်းသာအောင် ပြောလို့ သူ့သား ထွက်သွားရလို့ သေတယ်ဆိုပြီး တို့ကို





အပြစ်မြင်မှာပဲလေ ...၊ သူကလဲ သူ့သား မရှိတဲ့နောက် တစ်ရက်ပဲ တော်ရတဲ့ ချွေးမတာဝန်ကို ဘယ်တစ်သက်လုံး ယူချင်မှာလဲ၊ တို့ကလဲ မနေချင်ဘူး၊ ဒါနဲ့ ထွက်လာတာပဲ၊ အဲဒီနောက် ရှေ့ပိုင်းမှာ အဆက်အသွယ် ပြတ်နေကြတော့ ကြာလေ စ,ဆက်သွယ်ဖို့ ဝန်လေးလေနဲ့ ခုလို လုံးဝ အပြတ်ဖြစ်သွားတာပဲ ..."

မိုးညက သက်လယ်ကို ငေးကြည့်နေပါသည်။ သူ အလူးအလဲ ဝေဒနာပြင်းပြခံစားနေရတဲ့ အချိန်မှာ သက်လယ်ခမျာလဲ အလူးအလဲ ခံစားနေရရှာမှာပဲ ...။

"ကဲ ... ဒီတော့ ... ကိုဇော်ဦး သွေးအမျိုးအစားတွေ ဘာတွေ လိုက်စိတ်ဝင်စားမနေပါနဲ့တော့ မိုးညရယ် ...၊ သားလဲ ဘာသွေးမှန်းသိတာ မဟုတ်ဘူး၊ ဘာသွေးဖြစ်ဖြစ် မလိုအပ်ပဲ တို့ကလဲ စစ်မှာမဟုတ်ဘူး ... ဒါပဲ ..."

မိုးညက မျက်နှာကို တစ်ဖက်လွှဲလိုက်ရင်း ...

"သားက ... အိုသွေးပါ ..."

"ဘာ ...၊ ဟင် ... ရှင် ဘယ်လိုသိလဲ ..."

"ခုပဲ စစ်လိုက်တယ်၊ ချော်လဲပြီး သွေးထွက်တာနဲ့ စစ်ကြည့်လိုက်တယ်၊ အောင်မော်စစ်တာ သားက အိုသွေး ...၊ ကိုယ်လဲ အိုသွေး ..."

"ဟင် ... မိုးည ... ရှင် ... ရှင် ကျွန်မ ခွင့်ပြုချက်မရဘဲ သားကို သွေးစစ်လား ဘာလား ... သိပ်တရားလွန်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘာလို့ စစ်ရတာလဲ ...၊ ရှင့်မှာ ဘာမှစစ်ခွင့် မရှိဘူး သိရဲ့လား ..."

"ဘာလို့ ဒီလောက် ဒေါသဖြစ်ရတာလဲ သက်လယ် ...၊ သားသော ကိုဇော်ဦးသား သေချာရင် ကိုယ် ဘာတွေ စစ်ဆေးနေနေ ... သက်လယ် အပြုံးမပျက် ... ကွယ်ရာကနေ ရယ်တောင် ရယ်နိုင်သေးတယ်"

မိုးညရဲ့ လေသံဆတ်ဆတ်ကြောင့် သက်လယ်က နှုတ်ပိတ်လိုက်ပါသည်။ မိုးညစကားအရ ကိုယ့်ဘက်က တုန်လှုပ်ချောက်ချားမှုဟာ ကိုယ့်ဘက်က မလုံမလဲမှုသာ ဖြစ်လိမ့်မည်။

"ကိုဇော်ဦးလဲ အိုသွေးပဲ ဖြစ်ချင်ဖြစ်မှာပေါ့ ... ဟင်း ဟင်း ..."

မထိတထိ ရယ်နေပြန်ရာ ... မိုးညက ...

"ဖြစ်နိုင်ပါတယ် ...။ တခြားသွေးတချို့ ဖြစ်နေရင်လဲ ကလေးက အိုဖြစ်နိုင်တာရှိပါသေးတယ်၊ သက်လယ်က *အေသွေးဆိုတာ ကိုယ် သိတယ်လေ၊ ဒါပေမယ့် အေနဲ့ ပေါင်းလို့ လုံးဝ အိုဖြစ်မလာနိုင်တဲ့ သွေးလဲ ရှိသေးတယ်...*"

သက်လယ် မျက်နှာက တည်သွားရပါသည်။

"ဒီမယ် မိုးည ...၊ ဘာပဲဖြစ်ဖြစ် ရှင် ဒီလို သဲသဲမဲမဲ လိုက်စပ်စုနေတဲ့ ကိစ္စကို ရပ်ပါတော့ ...၊ သက်လယ် စိတ်အနှောင့်အယှက်ဖြစ်လာပြီ ...၊ စိတ်အနှောင့်အယှက် ဖြစ်တာမှ ရှင်နဲ့ ခြံချင်းကပ်ရက်တောင် မနေချင်တော့ဘူး၊





ပြောင်းပြေးချင်နေပြီ သိရဲ့လား၊ ဒီအိမ်ကလဲ ငှားနေရတာ၊ တခြားလဲနေစရာ မရှိဘူး၊ သိပ်စိတ်ကျဉ်းကျပ်လာအောင် မလုပ်ပါနဲ့၊ တော်ပါတော့ ...၊ သက်လယ် ဒါပဲ ပြောချင်တယ်"

သက်လယ်က ပြောပြီးပြီးချင်း မျက်ရည်လည်လည်နှင့် အိမ်ထဲလှည့်ဝင်သွားပါသည်။ မိုးညက တခဏ ခေါင်းငိုက်စိုက်ဆက်ထိုင်နေပြီး ... အတန်ကြာမှ ထ,ထွက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ၁၁

ကမ္ဘာကြီးဟာ လုံးဝန်းနေတယ်လို့ပင် သစ်ခွက တိုတိုကောက်ချက် ဆွဲလိုက်ပါတော့သည်။ လုံးဝန်းနေတဲ့ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းကလေးပဲ ...။ မြိတ်က ဒက်ဒီ့မိတ်ဆွေတစ်ဦး ဆေးကုဖို့ ရန်ကုန်ကို ရောက်လာမည်ဖြစ်သည့်အတွက် အိမ်မှာ ဧည့်သည်အတွက် ပြင်ဆင်စီစဉ်ပေးခဲ့ကြရပါသည်။

ဧည့်သည်အမျိုးသမီးကြီးက အိမ်မှာ ခေတ္တတည်းခိုကာ ဆရာဝန်ပြသ၍ ဆေးရုံတက်သင့် တက်ရမည်။ ရန်ကုန်မှာ မိတ်ဆွေတချို့ရှိသော်လည်း ဒက်ဒီကိုတော့ ဆေးခန်း ဖွင့်ထားသူဖြစ်၍ ဆရာဝန်ကြီးများ အဆက်အသွယ် အသိအကျွမ်း ရှိမည်ဟု အားကိုးကာ ဒက်ဒီထံ တည်းခိုဖို့ ရွေးချယ်လိုက်တာ ဖြစ်ပါသည်။





ဒက်ဒီနှင့် စီးပွားရေးအရ ပတ်သက်ဆက်နွယ်မှု ရှိသော မြိတ်မြို့မှ သူဌေးမကြီးရယ်လို့ သိထားရကာ ... သူ့တူမ တစ်ယောက်၊ တပည့်ယာဉ်မောင်းတစ်ယောက်နှင့် ရောက်လာတာ ဖြစ်ပါသည်။ သူ ရန်ကုန်ရောက်တော့ ဒက်ဒီက ဘယ်လိုပင် ကူညီမည် ပြောစေကာမူ လပေးနှင့် ကားတစ်စီး ငှားရမ်းလိုက်ကာ သူ့ကိစ္စတို့အတွက် အသုံးပြုပါသည်။

သူ့ယာဉ်မောင်းက ဒက်ဒီ့ယာဉ်မောင်းနှင့် အတူ ကားဂိုဒေါင် အပေါ်ထပ်တွင် နေ၍ သူ့တူမကတော့ အိမ်ကြီးပေါ်မှာ သူနှင့်အတူ။ ဒက်ဒီကပင် သူနှင့် ကိုက်ညီမည့် ဆရာဝန်ကြီးကို ရွေးချယ်ပေးခဲ့ပါသည်။ ပိုက်ဆံချမ်းသာသလို ငွေကြေးအရ မာန်မာနလဲ ကြီးပုံရသော ထိုအမျိုးသမီးကြီးအမည်မှာ ဒေါ်ခင်ရွှေ ဖြစ်ပါသည်။

ရောက်ခါစ နှစ်ရက် သုံးရက်ကတော့ ထိုအမျိုးသမီးကြီးဟာ မသက်လယ်ရဲ့ ယောက္ခမလောင်း ဖြစ်နေလိမ့်မည်ဟု သစ်ခွ ဘယ်လိုမှ ထင်မထားမိခဲ့ပါ။ တစ်ညသောအခါမှာ မာမီနှင့် စကားလက်ဆုံတွေကျပြီး ရှေးဟောင်းနှောင်းဖြစ်တွေ ပြန်ပြောင်းပြောဆိုကြတဲ့အခါမှာ မမျှော်လင့်ဘဲ သိလိုက်ရတော့တာပင်။

"ဒေါ်ပုလဲတို့ကို ကျေးဇူးအများကြီး တင်ပါတယ်၊ ရန်ကုန်က ကိုယ်နဲ့ မစိမ်းပေမယ့် ခုလို ဆရာဝန်ပြဖို့ ဆေးရုံတက်ဖို့ လာရတယ်ဆိုတာ လွယ်တာမဟုတ်ပါဘူး၊ လူခံရှိပါမှ ...၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မှာ မိတ်ဆွေတွေတော့ ရှိပါရဲ့၊ ဆွေမျိုးသားချင်းတော့ မရှိဘူးမို့လား၊ ဒေါ်ပုလဲတို့ကတော့ ဆေးခန်းကြီးလဲ ဖွင့်ထားတော့ ဆရာဝန်ကြီးတွေနဲ့လဲ အဆက်အသွယ်က ရှိပြီးသား၊ ဘာမှ ကိုယ်က တကူးတက စုံစမ်းရှာဖွေ မနေရဘူး၊ အင်မတန် ဒုက္ခနည်းသွားတာပဲ၊ ဒီကျေးဇူးတွေ မမေ့ပါဘူး ရှင် ..."

"အို ... မမရယ် ...၊ ကိုယ်ချင်းက စီးပွားဖက်လဲ ပြောလို့ရ ... မိတ်ဆွေရင်းတွေလဲ ဖြစ်နေပြီပဲ၊ ခင်ရာ ဆွေမျိုးပေါ့၊ ကျွန်မက နယ်ဘက်တွေ မလိုက်လို့ မမရွှေနဲ့ သုံးလေးနှစ်နေမှ တစ်ခါဆုံပေမယ့် စိတ်ထဲ အမြဲရှိတယ်၊ အဲဒီဘက်ရောက်တိုင်း မမရွှေတို့ ဧည့်ဝတ်ကျေပွန်တာ ကူညီတာတွေကိုလှအောင်က အမြဲပြောလို့ အမြဲတမ်း ကျေးဇူးတင်နေရတာပါရှင် ...။ ခုလဲ ... ပုလဲတို့က တကူးတက တပင်တပန်း ကူညီရတယ်လို့ မရှိပါဘူး၊ ခုလိုမှပဲ သေသေချာချာတွေ့ရ စကားပြောရတော့တာ"

"နေမကောင်းတာတောင် ကျေးဇူးတင်ရမလို ဖြစ်နေပြီနော်"

"နေမကောင်းတာတော့ စိတ်မကောင်းပါဘူး မမရယ်၊ ရိုးရိုး အလည်လာရတာဆို ဘယ်လောက်ကောင်းမလဲနော်၊ ဒါတောင် မမရွှေရဲ့ အစာအိမ်က ဘာမှမစိုးရိမ်ရဘူးလို့ သမားတော်ကြီးက ပြောပြီးသားမို့ စိတ်တော့ မပူနဲ့နော်၊





ခွဲရစိတ်ရမယ် ဆိုပေမယ့် ဘာမှ အန္တရာယ်လဲမရှိ စိုးရိမ်ဖို့လဲ မရှိတာတဲ့"

"ဒါပေမယ့်ကွယ် ...၊ တစ်ခါတစ်ရံတော့လဲ အားငယ်မိသာ၊ ဒီတူမတစ်ယောက် ရှိနေလို့ပဲ တော်ပါသေးရဲ့၊ ကိုယ် နေထိုင်မကောင်း မကျန်းမာတဲ့အခါတွေဆို သားကို သိပ်တမ်းတမိတယ်၊ တစ်ယောက်ဆို တစ်ယောက်ဝသုံးရှိကဲ့သား၊ ကုသိုလ်ကံ မကောင်းရှာတော့ ကိုယ် မသေခင်သူက အရင်ဆုံးခဲ့ရတာ တွေးတိုင်း ရင်ထဲနာတယ်၊ ဒီတူမဟာလဲ လိမ္မာရေးခြား ရှိကယ်လို့ ဆိုပေမယ့် မိန်းကလေးမဟုတ်လား၊ ကိုယ့်အပေါ်ပဲ အားကိုးရတာပေါ့၊ ဟိုလွတ်ဒီလွတ် မျက်နှာလွှဲနိုင်တဲ့ထိတော့ မရှိဘူး၊ သားရှိတုန်းကဆိုမြိတ်ကအလုပ်တွေလဲ ကိုယ် လှည့်ကြည့်ရတာ မဟုတ်ဘူး"

"မမရွှေသားအကြောင်းလဲ ဦးလှအောင်ပြောလို့ ကြားသိဖူးပါတယ်၊ စိတ်မကောင်းပါဘူး မမရယ် ..."

"ဪ ... ငါ့သား သူ့ဟာသူ နေတာအကောင်းသား၊ ငါ မိန်းမပေးစားမိလို့ဆိုပြီး ခုထိ ယူကျုံးမရဘူး၊ အဲဒီတုန်းကတော့လေ သားလုပ်တဲ့သူကလဲ သုံးဆယ်ထဲဝင်ပြီ ... အိမ်ထောင်ကမပြု၊ ကိုယ်က လျှာရှည်ပြီး စီစဉ်မိတာ ..."

"ဒီလိုလဲ မဟုတ်ဘူးပေါ့ မမရွှေရယ် ...၊ မိဘက ကောင်းအောင်လုပ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်မှာဖြင့် တန်းတူရည်တူ သူဌေးတွေ ဘာတွေထဲ ကတော်င် မရှာဖွေပါဘူး၊ တော်ရုံသဖြင့်ဆိုရင် တော်ပြီပေါ့၊ ကိုယ့်မှာ သားတစ်ယောက်တည်းရှိတာ၊ သားလဲ သဘောကျ ကိုယ် ပြောလို့ဆိုလို့ ဆုံးမလို့လဲ ရမယ်ထင်တဲ့သူထဲက အလိမ္မာလေးရှိရင် ပြောကြပါလို့၊ မိတ်ဆွေတွေထဲ အသံလွှင့်ထားတာ၊ ရန်ကုန်တစ်ခေါက်ရောက်တုန်း ကြားက ခင်တဲ့ မိတ်ဆွေတစ်ဦးက ပြတာပါ ...။ သူ့ကိုဘက်ကလဲ သမီးကို အိမ်ထောင်ချချင်လို့ သမက်ကောင်းကောင်းလေးများ ပြနိုင်ပြပါလို့ စကားစပ်ထားဖူးတာတဲ့ ..."

"ဪ ..."

"ကြားက မိတ်ဆွေကပြတော့ ကိုယ်ကလဲ အချောလေးပဲ ပေါ့၊ သားသဘောကျလောက်ရဲ့လို့ သားကို ဓာတ်ပုံ ပြန်ပြတာ၊ ဓာတ်ပုံတွေပြပြီး သားကို သဘောထား မေးနေတာ များခဲ့ပါပြီ၊ ဒီတစ်ယောက်ကျတော့ သားက ဓာတ်ပုံလေး မြင်ပြီး သဘောကျတယ်လို့ လက်ခံလိုက်တာ ပုလဲရဲ့"

"ဪ ... တော်တော်ချောတယ် ထင်တယ် ..."

"ချောရှာပါတယ်၊ အတော်ချောပါတယ်၊ ဒါကြောင့် သားလဲ ကြိုက်ရှာတာ၊ သားကမ်းလှမ်းတော့ သူတို့ဘက်ကလဲ သဘောတူ၊ ဒါနဲ့ပဲ ... စီစဉ်စရာရှိတာ စီစဉ်ကြတော့တာ ပေါ့၊ သားခများ မင်္ဂလာဆောင်ဖို့ ရောက်လာမှ မြင်ဖူးရတာ၊





လူချင်း လုံးဝ မဆုံဖူးသေးတာလေ၊ ဓာတ်ပုံပဲမြင်ရတာ၊ မင်္ဂလာကိစ္စနဲ့ ရောက်လာဖြစ်တော့လဲ သားကတော့ သဘောတွေကျလို့ပါ၊ တန်းတူ ရည်တူလောက်တော့ မဟုတ်ပေမယ့် သားကြိုက်ရင်ပြီးရောဆိုပြီး သဘောတူ စီစဉ်ပေးတာပါ၊ လူတွေက မကောင်းပါဘူးကွယ်၊ တရေး ပျက်ကြတယ်၊ သား ... ဆုံးရတာ ... ဒီမိန်းမကြောင့် ပါပဲ ..."

"ဪ ... ဘယ်လိုဖြစ်လို့လဲ မမရွှေရယ်၊ မေးနေတာ စပ်စုရာကျရင် ခွင့်လွှတ်ပါ၊ မောင်ဇော်ဦး ဆုံးသွားတာတော့ ဦးလှအောင် ပြောလို့ သိရပါတယ်၊ ဘာကြောင့်ရယ် ဘာရယ် မသိလို့ပါ ..."

"သားအဖြစ်က ဆိုးပါတယ် ပုလဲရယ်၊ ဒီရက်ပဲ မင်္ဂလာဆောင်ပြီး အဲဒီညသန်းခေါင်ကျော် ... နောက်မနက်ကို အကူးမှာ ဆုံးရတာပါ"

"ဟင် ... ဪ ...။ ပေါင်းတောင် မပေါင်းလိုက်ရရှာဘူးပေါ့"

သစ်ခွသည် မလှမ်းမကမ်းမှာ ဒေါ်ခင်ရွှေ တူမနှင့် အတူထိုင်ကာ နေရင်း ထိုစကားတွေဆီအရောက်တွင် တိုက်ဆိုင်မှုကို ဒိတ်ခနဲ ရင်တုန်သွားအောင် သတိပြုမိကာ နားလေး စိတ်ဝင်တစားနှင့် စွင့်လိုက်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ချွေးမကကော ..."

"ချွေးမကလဲ ရက်လည်ပြီး မကြာခင် ရန်ကုန်ကိုပဲ မိဘနဲ့ ပြန်လိုက်သွားတာပေါ့၊ အင်း ဘယ်လိုပြောရမယ်တောင် မသိပါဘူးကွယ်၊ သူကလဲ သူ့အကြောင်းနဲ့သူ၊ သူ့အဖြစ်နဲ့သူကိုး ...၊ သားဟာ မင်္ဂလာဦးညရဲ့ သန်းခေါင်ကျော် မနက်အကူးကြီး အလကားနေရင်း ဘယ်အပြင်ထွက်စရာ အကြောင်း ရှိမှာလဲ၊ ခုတော့ ... အဲသလို အချိန်မတော်ကြီး ထွက်သွားပြီး ဆိုင်ကယ်မှောက် ဆုံးရှာတာပါ"

"သြော် ..."

"ပြန်ပြောရတာတောင် ရင်နာလွန်းလို့ ပုလဲရယ် ..."

"ဘယ်လိုဖြစ်လို့လဲ မမရွှေရယ်၊ ရန်ဖြစ်ကြတယ် ထင်ပါရဲ့"

"သားကတော့ ခတ်ပုံမြင်ပြီး ဖွဲလမ်းတဲ့သူပါ၊ တစ်ဖက်ကတော့ ...။ အင်း မပြောချင်ပါဘူး ပုလဲရယ်၊ ပြောရရင်လဲ ကိုယ့်ပေါင်ကိုယ်လှန်ထောင်း ... ကိုယ်ညှံ့ဖျင်းတာ ... လှည့်စားခံရတာကို ဖော်ရသလို ဖြစ်နေတယ်၊ မေ့ထားတာပဲကောင်းတယ်၊ ချွေးမကလဲ သူ့ဟာသူ ပြန်ဖို့ဆုံးဖြတ်တယ်၊ ကိုယ်လဲပဲ ရှင်းရှင်းပြောရရင် မေတ္တာပျက်တယ် ပုလဲရေ ..."

"သြော် ..."





ဒေါ်ပုလဲမှာ နှုတ်မမေးကောင်း၍သာပင်။ အမိကကျ တာကို မသိရ၍ မချင့်မရဲနှင့် ဒေါ်ခင်ရွှေကို ငေးကြည့်နေပါသည်။ သစ်ခွမှာတော့ ရင်တွေ တဒိတ်ဒိတ်ခုန်ကာ လက်ဖျားလေးတွေ အေးစက်လာသည် အထိပင်။ ဤမျှ တိုက်ဆိုင်နေမှတော့ ဤဇာတ်လမ်းရဲ့အမိကဇာတ်ဆောင် ကာယကံရှင်တွေဟာ မမှားနိုင်တော့ပါဘူး ထင်ရဲ့။

"ကိုယ့်သား သူ့ဟာသူ နေတာကောင်းသား ...၊ သူ့ဟာသူ လူပျိုကြီးမကလို့ ဘာဖြစ်ဖြစ် ...၊ ကိုယ်က ဆတ်ဆော့ပြီး တစ်ဦးတည်းသောသားမို့ ကိုယ်မရှိရင် သူ့ကို ပြုစုလုပ်ကိုင်ပေး စောင့်ရှောက်ကြင်နာပေးမယ့်သူ မရှိဘဲ ခက်ချေရဲ့လို့ စိစဉ်ပေးစားမိတာ ငါးပါးမှောက်တာပါပဲ ..."

"သြော် ... မမရွှေရယ် ...၊ မိဘဆိုတော့လဲ မိဘဝတ္တရားအတိုင်း ဒီလိုပဲ စီစဉ်ပေးမိကြမြဲပါပဲ၊ မမရွှေ စီစဉ်လိုက်လို့ မောင်ဇော်ဦး ဒီလိုဖြစ်ရတယ်တော့လဲ ပြောမရဘူးပေါ့ မမရွှေရယ် ...၊ တစ်ဖက်မိန်းကလေး အဆိုးလဲ ရှိသေးတာပဲ ...၊ ဒါနဲ့ ... ခု ... အဆက်အသွယ်တော့ မရှိဘူးပေါ့နော်"

"မဆက်သွယ်ပါဘူးကွယ် ...၊ ဆက်သွယ်စရာအကြောင်းလဲ မရှိပါဘူး"

သစ်ခွသည် မနေနိုင်စွာ နှုတ်ကို ပိတ်မထားနိုင်တော့ဘဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးတွေ ဘာတွေရော … မရဘူးလားဟင် ကြီးကြီး"

ဒေါ်ခင်ရွှေ မျက်နှာက ပျက်သွားရပါသည်။

"သြော် … သမီးကလဲ …၊ တစ်ညပဲ ပေါင်းရပါတယ်ဆို၊ ပြီးတော့ ညကြီးမင်းကြီးပဲ ထွက်သွားခဲ့တာဆိုတော့ …"

ဒေါ်ပုလဲစကားကို ဖြတ်၍ ဒေါ်ခင်ရွှေက မျက်နှာမှုန်မှုန်နှင့် …

"ကလေးတစ်ယောက် မွေးလာပါတယ် …"

"ဟင် … ဒါဖြင့် …"

ဒေါ်ပုလဲက အံ့အားသင့်သွားပါသည်။

"ကိုယ့်ဘက်က အသိအမှတ် မပြုပါဘူးကွယ်၊ ကိုယ့်အကြောင်းနဲ့ကိုယ်လဲ နိုင်လုံပါတယ်၊ သူတစ်ပါး အရှက်တကွဲအကျိုးနည်း ဖော်လဲ ပြောမနေချင်တော့ပါဘူး ပုလဲရယ်"

"သြော် …"

ဘာပဲဖြစ်ဖြစ် မှန်းဆနိုင်လုလု ဖြစ်သွားတာမို့ ဒေါ်ပုလဲလည်း ကိုယ့်အတွေးနှင့်ကိုယ် ဖြစ်သွားပါသည်။

"ဒီတိုင်းနေတာ ကောင်းသားနဲ့ … မိန်းမစပ်ပြီး ပေးစားမိကာမှ …"

"အင်း … သားသမီးတွေ ကြီးလာရင် မိဘတွေမှာ တစ်စက်မှ ရတက်မအေးရပါဘူး မမရွှေရယ်၊ ကိုယ်လဲ သမီး





တစ်ယောက် မွေးထားရတော့ တထိတ်ထိတ်ပါပဲ"

"ငယ်ပါသေးတယ် ပုလဲရယ် …၊ သူ့ဟာသူ အပျိုကလေးဘဝနေနေတာ … နေပါစေဦး …"

"မဖြစ်သင့်တဲ့ သူတွေနဲ့ ဖြစ်သွားမှာစိုးလို့ မမရွှေရေ …၊ မိဘဖြစ်ရတာလဲ မလွယ်ပါဘူး"

သစ်ခွက မျက်လွှာကလေး ချနေလိုက်ပါသည်။ တစ်ဖက်ကိုများစွာ ပိုသာယိမ်းငိုက်နေတဲ့ ကိုကို့သံယောဇဉ်ကိုလဲ ရိပ်မိခဲ့ပြီးပြီမို့ မာမီ့ကို စတိလောက်ကောင် ဖွင့်ပြောခဲ့ပြီ့ပါပြီ၊ တကယ်လို့များ ကိုကို့မှာ ကလေးရှိနေခဲ့ရင်တော့ သစ်ခွ ရေ့မတိုးတော့ပါဘူးဆိုတဲ့အကြောင်း မာမီ့ထံ တစ်စိတ်တစ်ဒေသ ဖွင့်ပြောပြခဲ့တဲ့အခါ မာမီ မျက်လုံးပြူး မျက်ဆံပြူးဖြစ်ပြီး အဲသလိုဆိုရင်တော့ လုံးဝသဘောတူဖို့ ဖြစ်မှာမဟုတ်ကြောင်း ပြောဆိုကာ အဲဒီကတည်းက သစ်ခွကို အရိပ်အကဲ ခတ်နေတာ။

မာမီ ရတက်မအေး ဖြစ်နေတာ သစ်ခွ သိပါသည်။ 'မိန်းကလေးတန်မယ့် ဒါတွေ လိုက်စုံစမ်းနေမယ့် အစားတော့ မေ့ပစ်လိုက်ပါတော့အေ' … ရယ်လို့ မကြာမကြာ နားချနေပါသည်။ ခိုးပြေးဖူးတယ်ဆိုစဉ်က တုန်လှုပ်တွေဝေမှုလောက် ရှိပြီး ယတိပြတ်မဆုံးဖြတ်နိုင်တဲ့ မာမီဟာ သစ်ခွ ထင်သလို ကလေးသာရှိတယ်ဆိုလျှင်တော့ လုံးဝကို မဖြစ်နိုင်ကြောင်း ကြုံလျှင် ကြုံသလို ပြောနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတဲ့ ကြားကကိုပဲ စိတ်မအေးနိုင်သေးကာ ခုတလော သစ်ခွကိုပဲ အိမ်ထောင်ချပေးချင်သလိုလို ... ဟိုစုံစမ်း ဒီစုံစမ်းနှင့် သမက်လောင်း အကောင်းစားတစ်ဦး ရဖို့ မျက်စိဖွင့် နားစွင့်နေပါပြီ။

သစ်ခွသည် ကိုယ့်အရေးထက် ကိုကို့အရေးကို ပို၍ စိတ်ဝင်စားနေမိပါသည်။ တကယ်တမ်း လပြည့်သာ ကိုကို့သားဖြစ်ခဲ့ရင် ကိုကို့ကို လက်လွှတ်ရပြီဆိုတာ သေချာနိုင်လုံ၍ အသည်းထဲမှာ ဆွေးမြည့်နာကျင်ရသော်လည်း ကိုကို စိတ်ချမ်းသာတာကိုလဲ သစ်ခွ အလိုရှိပါသည်။ အဲဒီအပြင် ကိုကိုပြောသလိုပဲ ကိုကို့ကို သစ်ခွ မရအရ လက်ထပ်ယူဖြစ်ခဲ့လျှင် နောင်အခါ ကိုကိုနဲ့ ကိုကို့သားအကြား ကြည်ဖြူနိုင် မကြည်ဖြူနိုင် ဆိုသည်ကိုလဲ ကိုယ့်ကိုကိုယ် သစ်ခွက မသေချာပါ။

အကြောင်းကြောင်းတွေကြောင့် လပြည့်ဟာ ကိုကို့သားဖြစ်ပြီး မသက်လယ်နဲ့သာ ကိုကို ပေါင်းရပါစေတော့ရယ်လို့ ဆန္ဒပြုလိုက်ပြီးတဲ့အခါ ရင်ထဲက ဆွေးမြည့်နာကျင်ရမှုကို ဖြည်းဖြည်းချင်း ဖြေသိမ့်ယူရတော့မှာပင်။

အေးအေးဆေးဆေး ... လူငယ်နှစ်ယောက်ချင်း စကားစမြည် ပြောဖြစ်တဲ့တစ်နေ့မှာတော့ သစ်ခွက ဒေါ်ခင်ရွှေရဲ့ တူမ မသင်းသင်းကို တီးတိုးစပ်စုခဲ့မိပါသေးသည်။

"ကြီးကြီးရဲ့သား ကိုဇော်ဦးက သူ့မိန်းမနဲ့ ဘာပြဿနာ





ဖြစ်သွားတာလဲဟင် ... မမသင်း၊ ညကြီးမင်းကြီး ထွက်သွားရလောက်အောင် ဘာဖြစ်ကြလို့တဲ့လဲ ..."

"ပြန်ပြောရမှာ ရှက်ဖို့တောင် ကောင်းပါတယ် သစ်ခွရယ်၊ မကောင်းတာကတော့ အဲဒီမိန်းမရဲ့ မိဘတွေ မကောင်းတာပေါ့၊ ဒီမိန်းမကတော့ ဘာပဲဖြစ်ဖြစ် ဖွင့်ပြောသေးတော့ ကလိမ်ကကျစ်လုပ်ချင်ပုံ မရပါဘူး၊ ဒါပေမယ့် သူကလဲ မင်္ဂလာမဆောင်ခင်ကတော့ ဖွင့်မပြောဘဲ မင်္ဂလာဦးညကျမှပဲ ဖွင့်ပြောရသတဲ့လား၊ သူတို့ပြောဆိုနေကြတာတွေကို ထမင်းချက်တဲ့ ဒေါ်နီကြီးက တချို့တလေ ကြားရလို့သာ ကိုယ်တွေလဲ အကြောင်းစုံသိရတာ၊ အဲဒီမိန်းမက ကိုကိုဇော်နဲ့ လက်မထပ်ခင် သိပ်မကြာခင်ကပဲ ယောကျ်ားနောက်လိုက်ပြေးဖူးတာတဲ့ ..."

"ဪ ..."

"ကိုကိုဇော်နဲ့ လူကြီးတွေ စကားပြောကြတာတော့ မင်္ဂလာမဆောင်ခင် သုံးလလောက်ကပေါ့၊ အဲဒီကြားထဲက စီစဉ်တိုင်ပင်ကြတုန်းမှာပဲ သူ့ရည်းစားနဲ့ လိုက်ပြေးတာတဲ့၊ သူ့အိမ်က အတင်းလိုက်ခွဲ ပြန်သိမ်းပြီးမှ ကိုကိုဇော်နဲ့ မင်္ဂလာဆောင်ဖို့ မြိတ်ကို ရောက်ချလာကြတာ၊ အဲဒီမိန်းမ ရုပ်ရည်ကတော့ ရိုးရိုးသားသားပါပဲလေ၊ လျှပ်ပေါ် လော်လီလို့တော့ ဟုတ်ဟန်မတူဘူး၊ လူကြီးပေး[illegible]တာ



www.burmeseclassic.com

www.burmeseclassic.com



မယူချင်ဘဲ ချစ်သူနဲ့ပဲ ပေါင်းချင်လို့ ဖြစ်မှာပေါ့၊ ကိုယ့်သမီး ချစ်သူရှိရက်နဲ့ တခြားလူနဲ့ စီစဉ်တဲ့ မိဘတွေ မှားတာပါ၊ ကြားထဲက ကိုကိုဇော်မှာ ဓားစာခံဖြစ်ပြီး သေရတာ၊ ကြီးကြီးဆို အရှမ်းခံစားရတာပေါ့ ...၊ ကံတုံးပေါ် ထိပ်ကွက်ခံရတာဆိုပြီး ရင်နာမဆုံးဘူး၊ အဲဒီချွေးမကိုလဲ လုံးဝကို မဆက်သွယ်တော့ပါဘူး ...

ကလေးမွေးလာတဲ့သတင်းကို သူတို့နဲ့ စပ်ပေးတဲ့ ကြားက မိတ်ဆွေက ပြောပြပါသေးတယ်၊ ကလေးကလဲ ရှစ်လနဲ့ မွေးလာတာ၊ ကိုကိုဇော်နဲ့ မယူခင်ကတည်းက ကိုယ်ဝန်ရှိလို့ပေါ့ ..."

"တချို့ ကိုယ်ဝန်တွေ စောမွေးတတ်တာ ရှိတယ်ဆို မမသင်းရဲ့ ..."

"ဆွေမျိုးတချို့ကတော့ အဲသလို ပြောကြဆိုကြပါသေးတယ်၊ ဒါပေမယ့် ကြီးကြီးက လက်မခံပါဘူး၊ စိတ်ထဲမှာ အင်သွားပြီပေါ့ကွယ်"

"အဲဒီမိန်းမက ရန်ကုန်ကဆိုတော့ နာမည်က ဘယ်သူတဲ့လဲဟင် ..."

"မသက်လယ်တဲ့ ...၊ အလုံရပ်ကွက်ကလို့ ပြောတာပဲ၊ သူကလဲ ကိုကိုဇော့်ကလေးသာ ဟုတ်ခဲ့ရင် မွေးတဲ့ဖွားတဲ့ အခါ အကြောင်းကြားမှာပေါ့၊ သူ့အကြောင်းသူသိလို့





မွေးတာတောင် အကြောင်းမကြားခဲ့တာပေါ့ သစ်ခွရယ်၊ ခုလောက်ရှိ သူ့ရည်းစားဟောင်းနဲ့တောင် ပြန်ယူရင် ယူပြီးလောက်ရောပေါ့"

မယူဖြစ်ပါဘူး မမသင်းရယ်လို့ သစ်ခွက စိတ်ထဲကပဲ ဖြေမိပါသည်။ အဲဒီမသက်လယ်ရဲ့ ရည်းစားဟောင်းဟာ သစ်ခွနဲ့မှ လာပြီး တိုက်ဆိုင်ပတ်သက်ခဲ့တယ် ဆိုတာကိုလဲ ဘယ်လိုမှ ဖွင့်ပြောမထွက်ပါ။

ပထမတော့ သစ်ခွသည် သူ့အိမ်ကို ဒေါ်ခင်ရွှေ တစ်ယောက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ခြင်း အကြောင်းကို ကိုကို့ကို မပြောပြတော့ဘူးလို့သာ နေတာပင်။ ထို့နောက်တော့ အဖြစ်အပျက်တို့က ပိုလို့ပင် တိုက်ဆိုင်လာပြန်သည်မှာ ဒေါ်ခင်ရွှေက အပြင်ဆေးရုံမတက်လို့။ သူပြုရသည့် ဆရာဝန်ကြီးရဲ့ ဝါ့ဒ်မှာပဲ တက်လိုပါသည်။

'အဲဒီဆရာဝန်ကြီးအပိုင် ဝါ့ဒ်ဟာလဲ ဂျိုက်ကာဆေးရုံမှ ကိုကိုတာဝန်ကျနေသော ဝါ့ဒ်ဖြစ်နေသည့်အခါမှာတော့ သစ်ခွ စိတ်ပြောင်းခဲ့ပါသည်။ ဆုံစည်းကြုံကြိုက်ဖို့ ကံကြမ္မာ ပါကိုပါလာလို့ ကိုကို့ဝါ့ဒ်ကို ဒေါ်ခင်ရွှေ ရောက်လာရတာ။ ကိုကို့အတွက် အကျိုးထူးမည်ဖြစ်စေ မထူးဘူးဖြစ်စေ အသိပေးထားဖို့တော့ သင့်ပါသည်ရယ်လို့ သစ်ခွ ထင်လာပါသည်။

ကိုကို့ကိုလဲ မသက်လယ်ရဲ့ ရည်းစားဟောင်းရယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ရွှေက သိတာမဟုတ်၍ ကိုကို့ဘက်က မျက်နှာပူစရာ အားနာစရာ မရှိပါ။ ပြောပြလိုက်၍ အကျိုးယုတ်ဖို့မရှိ။ အကျိုးထူးလိုထူးငြားရယ်လို့ပင်။

***

ညဘက်ကြီး သစ်ခွ ဖုန်းဆက်လာတော့ မိုးညချမ်း အံ့အားသင့်မိပါသည်။

"ကိစ္စအထူးရှိသလားဟင် သစ်ခွ ..."

"ရှိတယ် ကိုကို ..."

"ကိုယ် ဘာကူညီရမလဲ ... ပြောလေ ..."

"ဟိုလေ ... ကိုကိုတို့ ဝါဒ်ထဲမှာ သစ်ခွတို့မိတ်ဆွေ မိန်းမကြီးတစ်ယောက် ဆေးရုံတက်နေတယ် ..."

"ဪ... အဲဒါ ကိုကို မနေ့ကပဲ သိပါတယ်၊ ဆေးရုံတင်တဲ့နေ့က ကိုယ် ဆေးရုံမလာရတဲ့နေ့မို့ အန်ကယ်တို့ အန်တီတို့ကို မတွေ့လိုက်ရဘူးလေ၊ မနေ့ကတော့ အန်တီ





လာကြည့်တာနဲ့ ... ကိုယ် အန်တီ့ကိုတောင် သွားနှုတ်ဆက်လိုက်ပါသေးတယ်၊ အန်တီက မျက်နှာပူနေသလိုပါပဲ၊ ကိုယ် ဂရုစိုက်ပါ့မယ်လို့ အန်တီ့ကို ပြောလိုက်သေးတယ်၊ သစ်ခွတို့ မိသားစုရဲ့ မိတ်ဆွေဆိုတော့ ကိုယ့်မှာ တာဝန်ရှိပါတယ်၊ အဘွားကြီးက ဘာမှစိုးရိမ်စရာ မရှိပါဘူး၊ ခွဲပြီးရင် ကောင်းသွားမှာပဲ၊ ဆရာကြီးကလဲ သိပ်တော်တာဆိုတော့ စိတ်မပူပါနဲ့၊ ခွဲစိတ်လူနာစာရင်းထဲ တန်းစီထားတယ်၊ လူနာနည်းတဲ့နေ့ထဲ ထည့်ပေးလိုက်မယ်၊ လူနာနည်းတဲ့နေ့ဆိုတော့ ဆရာကြီး စိတ်ပင်ပန်းသက်သာမယ့်နေပေါ့၊ ပိုကောင်းတာပေါ့ ..."

"ကျေးဇူးပါပဲ ကိုကို ..."

"သူ့နာမည်က ဘာတဲ့ ...၊ အဲ ... ဒေါ်ခင်ရွှေ မဟုတ်လား၊ ကိုယ် မကြာမကြာ သွားကြည့်ပေးလို့ ကိုယ့်တောင် အဘွားကြီးက ခင်ပြီး အားကိုးနေတယ်"

"ဟုတ်လား...၊ ကိုကိုနဲ့ စကားများများ ပြောဖြစ်ပြီလား"

"တော်တော် ပြောဖြစ်ပါတယ်၊ ဘာဖြစ်လို့လဲ ..."

"အဲဒါ ... တခြားသူ မဟုတ်ဘူး ကိုကို ..."

"ဘယ်သူလဲ ..."

"အဲဒါ မသက်လယ်ရဲ့ ယောက္ခမဟောင်းလေ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

မိုးညချမ်းမှာ အကြီးအကျယ် အံ့အားသင့်သွားရပါသည်။

"ဩော် ... ဟုတ်လား၊ အဘွားကြီးက နယ်ကလို့တော့ ပြောတယ်၊ မြို့တကဆိုတာ ကိုယ် မသိတော့ နာမည်ကြားဖူးထားပေမယ့် မဆက်စပ်နိုင်ဘူးပေါ့၊ သူက လိပ်စာကိုလဲ သစ်ခွတို့ လိပ်စာပဲ ပေးထားတာ"

"အိမ်မှာပဲ တည်းပြီး ဆေးရုံတက်တာ ..."

"ထူးထူးခြားခြား ဘာပြောသေးလဲဟင် ..."

"သိပြီးသားတွေပါပဲ ကိုကို ...၊ သူ့သားအကြောင်း မာမီကမေးလို့ ပြောပြရင်းနဲ့ သစ်ခွ ဆက်စပ်ပြီး သိလိုက်တာ၊ ပတ်သက်ဆက်စပ်နေတာတွေ မာမီတို့တောင် မသိပါဘူး၊ သူ့တူမနဲ့ စကားပြောရင်း သစ်ခွ သိသလောက်ကတော့ အဘွားကြီးက မသက်လယ် ကလေးမွေးတာကို သိပေမယ့် လုံးဝ အသိအမှတ်မပြုဘူး ...။ ကလေးကလဲ ရှစ်လနဲ့မွေးတာမို့ အယုံအကြည်မရှိဘူးဆိုတဲ့ သဘောပေါ့"

"ဖုန်းလှမ်းဆက်ပြောတာ ကိုယ် ကျေးဇူးတင်ပါတယ် သစ်ခွရယ်၊ ကိုယ် သိချင်တာမေးလို့ ဖြန်းလို့ ရသွားတာပေါ့"

"ရပါတယ်ကိုကို ...။ ကျေးဇူးတင်ဖို့ မလိုပါဘူး"





"ကျေးဇူးတော့ တင်ပါရစေ သစ်ခွရယ် ...၊ သစ်ခွရဲ့ သဘောထားကြီးမှုကို ကိုယ် အရမ်းလေးစားပါတယ် ...၊ တစ်ချိန်ချိန်မှာ တစ်ခုခု ကျေးဇူးပြုနိုင်ခွင့် ကူညီနိုင်ခွင့် ရပါစေလို့ ကိုယ် ဆုတောင်းပါတယ်"

ဤစကားလေးကြောင့်ပင် သစ်ခွရင်ထဲ ကြည်နူးပီတိ ဖြစ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၁၂

ခွဲစိတ်ရမည့် ကိစ္စအတွက် စိတ်လှုပ်ရှားမှုကြောင့် ထင်ပါသည်။ ဒေါ်ခင်ရွှေက သွေးနည်းနည်း တိုးတိုးနေပါသည်။ သွေးတိုးနေတာကို ချနိုင်ပြီးမှ ခွဲစိတ်ခန်းဝင်ဖို့ သင့်တော်ပါသည်။ သွေးတိုးချပေးနေရသော ဒေါ်ခင်ရွှေကို သူ့ဘက်က နောက်ထပ် စိတ်လှုပ်ရှားစရာ အဖြစ်အပျက်မျိုး ထပ်မပေးသင့်ပါ။

ထို့ကြောင့် မိုးညချမ်းဟာ ဒေါ်ခင်ရွှေကို နေ့စဉ် ကြည့်ရှုစစ်ဆေးရင်း ခင်ခင်မင်မင် ရှိလာအောင်သာ စကားစမြည် ပြောဆိုနေရပါသည်။ ကိုယ်မေးမြန်းစုံစမ်းချင်သော ကိစ္စတွေကို ဒီအခိုက်အတန့်တော့ မျိုသိပ်ထားရပါသေးသည်။

ဒေါ်ခင်ရွှေကလဲ ရန်ကုန်ကို တူမတစ်ယောက်နှင့် သာ အဖော်ပြုတက်လာရကာ မိတ်ဆွေအိမ်တည်းပြီး ဆေးရုံတက်





နေရသည့်အဖြစ်မို့ ဆေးရုံမှ ဆရာဝန်တစ်ယောက်နှင့် သိကျွမ်းခင်မင်ရတာကို အားရှိစွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပုံရပါသည်။ ဦးမောင်ထိ ပြောသလို ဂုဏ်မာနမောက်ကြွားပုံတော့ ရပေမယ့် သူ့အသက်ကို ပုံအပ်ထားရမည့် ဆရာဝန်လူတန်းစားအပေါ်တော့ အထူးလေးစားကြည်ညိုစွာ ဆက်ဆံတတ်၍ စကားပြော၍ အဆင်ပြေပါသည်။

"အန်တီ ဒီနေ့ နေကောင်းလား ခင်ဗျာ၊ ဒီနေ့အဖို့တော့ ပရက်ရှာ ဘယ်လိုရှိလဲ ..."

"ဟော ... ဒေါက်တာလာပြီ ..."

ဒေါ်ခင်ရွှေ့ မျက်နှာက ဝင်းသွားကာ ...

"ဒေါက်တာ့ကို မနက်တည်းက မျှော်နေတာ ... ပေါ်မလာလို့ ..."

"ကျွန်တော် ဒီနေ့ နိုက်ဂျူတီမို့ပါ အန်တီ ... စောစောကလေးကမှ ရောက်တာ ..."

မိုးညချမ်းက ခြေရင်းမှ ချာ့ထ်ဆွဲယူကာ ဒီနေ့ စမ်းသပ် ဖြည့်သွင်းထားသည်တို့ကို လှန်လှော ဖတ်ရှုနေပါသည်။

"ဒေါက်တာက အမြဲဂရုတစိုက် လာကြည့်ပေးနေတာ ကျေးဇူးတင်လို့ ဘယ်လိုမှတော့ မအောက်မေ့ပါနဲ့ ဒေါက်တာရယ်၊ လက်ဆောင်လေးတစ်ခု ..."

"ဟာ ... မဟုတ်တာ ... အန်တီကလဲဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ရုပ်အင်္ကျီလေး တစ်ထည်ပါ ဒေါက်တာရယ် ..."

ရုပ်အင်္ကျီလေး တစ်ထည်ဆိုပေမယ့် ထည့်ထားသော ပလတ်စတစ်အိတ်မှာရော အတွင်းက တံဆိပ်ကတ်ပြားလေးမှာပါ Arrow ဆိုတဲ့ စာလုံးတွေ့နေရ၍ သောင်းချီနေသော ပစ္စည်းဖြစ်နေရာ ... မိုးညချမ်းက ခေါင်းယမ်းလိုက်ပါသည်။

"မလုပ်ပါနဲ့ အန်တီ ... အန်တီက ဒေါ်ပုလဲတို့ မိတ်ဆွေလဲဖြစ်တော့ ကျွန်တော် ကူညီရမယ့်တာဝန် ရှိပါတယ် ...၊ စေတနာနဲ့ ဂရုစိုက်တာပါ အန်တီ၊ ကျွန်တော် လက်မခံပါရစေနဲ့ ..."

"အန်တီကလဲ ခင်မင်လို့ ကျေးဇူးတင်လို့ပါ ဒေါက်တာရယ်၊ ကိုယ့်မှာ ကိုယ့်ဒေသလဲမဟုတ်တဲ့ နေရာမှာ မျက်စိသူငယ် အားငယ်နေရတဲ့ အဖြစ်ပါ၊ ဒေါက်တာ သိပ်ဂရုစိုက်တာတွေကို ကျေးဇူးတင်တာ ပြောမပြတတ်ပါဘူး၊ တန်ဖိုးဖြတ်တာလဲ မဟုတ်ရပါဘူး၊ အဆင်တွေ ဘာတွေကတော့ တူမလေး လွှတ်ဝယ်ခိုင်းရလို့ ဒေါက်တာသဘောကျပါ့မလား မသိဘူး၊ မကြိုက်ရင် လဲပေးပါ့မယ် ..."

"မကြိုက်လို့ မဟုတ်ပါဘူး အန်တီ ...၊ လက်မခံပါရစေနဲ့၊ နောင် ကျွန်တော် အကူအညီလိုတာကြုံမှ အန်တီ့ဆီက တောင်းပါ့မယ် ..."

"အန်တီကသာ ဒေါက်တာ့ဆီက အကူအညီ စောင့်ရှောက်မှုတွေ ရတာပါ ... အန်တီ့အနေနဲ့ ဒေါက်တာ့ကို ပြန်ပြီး





ကူညီနိုင်ခွင့်ရဖို့ ဆိုတာက မဖြစ်နိုင်ပါဘူး ဒေါက်တာရယ်၊ ဒါကြောင့်ပါ ..."

"ဒီလိုလဲ မဟုတ်သေးဘူး အန်တီ၊ ဘယ်ပြောနိုင်ဦးမလဲ၊ အန်တီ ကျွန်တော့်ကို ကူညီနိုင်တာမျိုး ရှိလာမှာပါ ..."

"ရှိလာရင်လဲ ရှိတဲ့အခါ ကူညီပါ့မယ်၊ လောလောဆယ်တော့ အန်တီ့ စေတနာကို လက်ခံပါ ဒေါက်တာရယ် ..."

"ဆရာကြီးကို ပေးလိုက်ပါ အန်တီ ..."

"ဆရာကြီးကိုလဲ ပေးမှာပါ ...၊ အခုကတော့ ဒေါက်တာ့ဖို့ပဲ အရင်ရည်ရွယ် ဝယ်ခဲ့တာ၊ ဒေါက်တာ လက်မခံရင် အန်တီ စိတ်မကောင်းပါဘူးကွယ်၊ ကိုယ့်ဘက်က တစ်ခုခုလေးတော့ ကျေးဇူးဆပ်ပါရစေ ..."

"အန်တီ ကျေးဇူးဆပ်ရမှာပါ ... မပူပါနဲ့ ..."

ဒေါ်ခင်ရွှေက နားမလည်သလို ငေးကြည့်နေပါသည်။

"အန်တီ့ကို ကျွန်တော် အကူအညီ တောင်းစရာရှိပါတယ်"

"ဘာများလဲ ... ဒေါက်တာ ...၊ ပြောပါ ..."

"ဆေးရုံဆင်းခါနီးမှပဲ ပြောပါ့မယ်၊ ငွေကြေး၊ ပစ္စည်း၊ ဥစ္စာတွေနဲ့ မပတ်သက်ပါဘူး၊ ကျွန်တော် မေးချင်တဲ့ မေးခွန်းလေး နည်းနည်းပဲ ရှိတာပါ၊ ဒါလေး အန်တီပြောပြနိုင်ရင် ကျွန်တော့်ကို ကျေးဇူးဆပ်ရာ ကျပါတယ် ...၊ ကျွန်တော်ကတောင် ကျေးဇူးပြန်တင်ရဦးမှာပါ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ဒေါက်တာရယ်၊ မေးချင်တာရှိတာများ၊ ခုမေးပါလား၊ ဖြေပါ့မယ် ..."

"မမေးပါရစေနဲ့ဦး အန်တီ ...၊ ခွဲစိတ်ခန်းဝင်နိုင်ဖို့ ဖစ်ထိဖြစ်အောင် လုပ်ထားရတာ၊ စိတ်ရှုပ်စရာ ဦးနှောက်ရှုပ်စရာတွေ ပြန်တွေးမိပြီး သွေးတိုးနေရင် ကျွန်တော့်ကို ဆရာကြီးက ထုမှာခင်ဗျ ...၊ စိတ်အေးအေးထားပါ အန်တီ ...၊ ဒီအတိုင်းဆိုရင် အန်တီက သန်ဘက်ခါ ခွဲစိတ်မယ့်နေ့ လူနာစာရင်းမှာ ပါလောက်ပါပြီ ...၊ အန်တီနေကောင်းကျန်းမာလာပြီ ဆိုမှပဲ ကျွန်တော်မေးမယ် ..."

"သန်ဘက်ခါ ခွဲရတော့မယ် ဟုတ်လား၊ ဒေါက်တာရယ် ခွဲခန်းထဲ ဝင်လိုက်ခဲ့ပေးပါနော် ...၊ ဆရာကြီးကိုလဲ အားကိုးပေမယ့် မရင်းနှီးတော့ အားငယ်ပါတယ်၊ ဒေါက်တာနဲ့မှ ပိုပြီးရင်းနှီးသလိုရှိတော့ ဒေါက်တာပါရင် ပိုအားရှိမှာပါ၊ ခွဲခန်းထဲ လိုက်ပေးပါနော် ... ဒေါက်တာ ..."

"ဒီရုပ်အကျႌ ဖွတ်ပေးနေရင် မလိုက်တော့ဘူးဗျာ ..."

မိုးညချမ်းက နောက်လိုက်တာကို မသိဘဲ ဒေါ်ခင်ရွှေကမျက်နှာငယ်ငယ်နှင့် ...

"ဒါဖြင့်ရင်လည်း ဒေါက်တာ မကြိုက်ရင် မပေးတော့ပါဘူး ဒေါက်တာရယ်၊ ခွဲခန်းထဲတော့ လိုက်ဝင်ပေးပါနော်"

"ဟား ဟား ... ဝင်ပေးပါ့မယ် အန်တီရယ် ... စိတ်ချပါ၊





ဆရာကြီးရဲ့ ကော့စ်အားလုံးလိုလိုမှာ ကျွန်တော် အစစ်စ်လုပ်ပေးနေကျပါ၊ လက်ထောက်ပေါ့ ...၊ ကျွန်တော်အဆင်မပြေမှ သူများတစ်ယောက်ယောက် ဝင်တာပါ ..."

"ဆရာကြီးက ခွဲပြီး ဒေါက်တာက ဘေးမှာရှိနေရင် မကြောက်တော့ပါဘူး၊ ကျေးဇူးပါပဲ ဒေါက်တာရယ်၊ ဒီအကျႌလဲ ပြန်သိမ်းသွားပါ့မယ်၊ ဆရာကြီးကို ကန်တော့တဲ့ထဲဖြစ်ဖြစ် ထည့်ရမယ်၊ ဒေါက်တာ့ကိုလဲ ကန်တော့ချင်ပါသေးတယ် ဒေါက်တာရယ် ..."

"မလုပ်ပါနဲ့ဗျာ၊ ကျွန်တော် ခုနပြောတာလေး ကူညီရင် ကျေးဇူးတင်လှပါပြီ ..."

ဒေါ်ခင်ရွှေနှင့် မိုးညချမ်းလဲ တစ်စတစ်စ ... ပိုပြီးကျွမ်းဝင်လာပြီဖြစ်သလို ... ပြန်တွေ့တွေ့ချင်းက မျက်နှာပူသလိုဖြစ်နေသော ဒေါ်ပုလဲနှင့်လဲ စကားစမြည် ပြန်လည်ပြောဆိုနိုင်ခဲ့ပါပြီ ...။ ဆေးရုံကို သစ်ခွအဖေကတော့ တစ်ကြိမ်နှစ်ကြိမ်သာ ရောက်နိုင်ခဲ့ပါသည်။ ဒေါ်ပုလဲသာလျှင် ဒေါ်ခင်ရွှေရဲ့ အခြားသော မိတ်ဆွေတွေကို ခေါ်ခေါ်ပြီး ရောက်လာတတ်တာ ...။

ရံဖန်ရံခါတော့ သစ်ခွ ပါသည်။ သစ်ခွ ပါလာလျှင်လဲ သစ်ခွနှင့် မိုးညချမ်းဟာ ပြုံးတုံ့ရုံပဲ နှုတ်ဆက်ဖြစ်ပါသည်။ ဒေါ်ပုလဲရှေ့ စကားတွေ ရှည်ရှည်ဝေးဝေး မပြောဖြစ်ပါ ...။ ဒေါ်ပုလဲသည်လည်း ကလေးတစ်ယောက်အဖေဖြစ်ဖို့ များနေသော မိုးညချမ်းကို ကိုယ့်သမီးနှင့် သဘောတူဖို့ မဖြစ်တော့တာကလွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှင် လူတော်လူကောင်း ဆရာဝန်ကောင်းလေး အဖြစ်တော့ ခင်မင်နေတုန်းပါ ...။

သို့သော်လည်း သစ်ခွနှင့် ဆက်ဆံပြုံးတုံ့မှုကိုတော့ အကဲခတ်ရဆဲပင်။ ကလေးကိစ္စကလွဲ၍ တစ်ဘက်က မိုးညရဲ့ အခြေအနေကို သိမထားသူဖြစ်၍ စိတ်တော့ တထင့်ထင့်ရယ်ပင်။ ဘာပဲဖြစ်ဖြစ် ... မိခင်ကို မိုးညချမ်း၌ သားတစ်ယောက်ရှိနိုင်ကြောင်း ဖွင့်ပြောပြထားရတဲ့ သစ်ခွ ကိုယ်တိုင်က ... မိုးညမှာ တကယ်ပဲ သားတစ်ယောက် ရှိနေလျှင် သူလက်မထပ်နိုင်တော့ပါဘူးဟု ဆိုထား၍ အနည်းငယ်တော့ စိတ်သက်သာ ရပါသေးသည်။

သားလေးကြိုက်တတ်သော ဈေးထဲက မုန့်စိမ်းပေါင်းသာကူရွှေခြည် မုန့်သည်တွေရှိသော နေရာဘက်ကို ရောက်လာသော သက်လယ်သည် မုန့်ဝယ်နေရင်းက အမှတ်မထင် သစ်ခွကို လှမ်းမြင်လိုက်ပါသည်။ သစ်ခွက အဖော်မိန်းကလေးတစ်ယောက်နှင့် ပိုးထည်ဆိုင် တစ်ဆိုင်မှာ ကြည့်နေပါသည်။

"သစ်ခွ ..."



သက်လယ်က ... အသံမြှင့်၍ လှမ်းနှုတ်ဆက်လိုက်လျှင် သစ်ခွက လှည့်ကြည့်လာကာ ...

"ဟင် ... မမ ..."

"သစ်ခွ ... ဆိုင်ဘက်တောင် မရောက်တာ ကြာနေပြီနော် ..."

"ဟုတ်ကဲ့ မမ ... သစ်ခွလဲ အိမ်မှာနည်းနည်း အလုပ်များနေလို့ ..."

"ခု ... ဘယ်လာလဲ ..."

"နယ်က မိတ်ဆွေတစ်ယောက် ဝယ်စရာရှိတာ အဖော်လိုက်လာပေးတာ ..."

ပိုးထည်ဆိုင်မှာ ကြည့်နေသော မိန်းကလေးက ဒီဘက် အမှတ်တမဲ့ လှည့်လာသည်။ သက်လယ်နှင့် ထိုမိန်းကလေးသည် တစ်ယောက်ကိုတစ်ယောက် တအံ့တဩ ခပ်စိမ်းစိမ်း ကြည့်နေမိကြလေသည်။ ဘယ်သူကမှ ဘယ်သူ့ကို နှုတ်ဆက်ဖို့ စိတ်ကူးပုံ မရပေမယ့် အချင်းချင်း မှတ်မိကြတာ သေချာပါသည်။

သစ်ခွက ... သင်းသင်း ဘက်လှည့်ကာ

"မမသင်း ... ကြည့်နော် ...၊ ခဏလေး ... သစ်ခွ စကားပြောလိုက်ဦးမယ်"

သင်းသင်းက ... ရှည်ရှည်ဝေးဝေး မပြောဘဲ ခေါင်းညိတ်ကာ သူ့ဟာသူပင် ဆက်ကြည့်နေပါသည်။ သစ်ခွသည် ... သက်လယ်ဘက် လျှောက်လာကာ သက်လယ်အနားလာရပ်ရင်း ...

www.burmeseclassic.com



"သူတို့တွေ နယ်က ညှော်သည် ရောက်နေကြလို့လေ ..."

"သူ့နာမည် ... သင်းသင်း ဆိုလား မဟုတ်လား ..."

"ဟုတ်ပါတယ် မမ ..."

"မြိတ်က ဒေါ်ခင်ရွှေ့ တူမ မဟုတ်လား ..."

"ဟုတ်တယ် မမ ...၊ ဒေါ်ခင်ရွှေရယ် ... သူရယ် အိမ်မှာ တည်းပြီး ဒေါ်ခင်ရွှေ ဆေးလာကုတာပေါ့ ...၊ အခု ဆေးရုံ တက်နေတယ် ... အစာအိမ် ခွဲရမှာ ..."

"ဩော် ... သူက သစ်ခွတို့နဲ့ သိတာကိုး၊ ကမ္ဘာကြီးနယ် ကျဉ်းလိုက်တာနော် ..."

"ဟုတ်တယ်နော် ... သူဟာ မမရဲ့ ဒေါ်ခင်ရွှေ ဆိုတာသိ လိုက်တော့ သစ်ခွလဲ အဲသလိုပဲ စဉ်းစားမိတယ် ...၊ သူတို့ နဲ့ ခင်မှန်း သစ်ခွလဲ အစကမသိဘူး၊ ဒက်ဒီ့အလုပ်ကိစ္စ တွေက မြိတ် ကော့သောင်းဘက်တွေ သွားရတယ်၊ အဲဒီ ကတစ်ဆင့် လုပ်ရကိုင်ရတာတွေပေါ့။ ဒေါ်ခင်ရွှေက ဒက်ဒီ့ရဲ့ စီးပွားရေးမိတ်ဆွေပေါ့ မမရယ် ...။ သူရန်ကုန် မှာ ဆေးလာကုမယ်ဆိုတော့ တခြားမိတ်ဆွေတွေလဲ ရှိကြ ပါတယ် ...၊ သူဒီမှာနေဖို့စားဖို့ တည်းခိုရုံတော့ ကူညီနိုင် ကြတဲ့သူတွေ အများကြီးပါပဲ၊ ဒါပေမယ့် ဒက်ဒီနဲ့မာမီက ဆေးခန်းကြီး ဖွင့်ထားတယ်ဆိုပြီး ဆရာဝန်ကြီး အဆက် အသွယ် အသိအကျွမ်း ပေါမယ်ပေါ့နော် ... ဒီသဘောနဲ့ သစ်ခွတို့ဆီ ရွေးတည်းတာ ..."





"မစိုးရိမ်ရဘူးမို့လား ..."

"မစိုးရိမ်ရပါဘူး မမ ...၊ ဒီနေ့ခွဲတာမို့ နက်ဖြန် ဆရာဝန် ကြီးကို ကန်တော့ဖို့လေ ... အခု လာဝယ်တာ"

"တို့လဲ မလာတော့ပါဘူး၊ လာလဲအပိုပဲ၊ လာရင် သူက တစ်မျိုးထင်ရင် ထင်ဦးမယ်၊ အေးလေ ...၊ တို့ကလေးမွေး တုန်းကတောင် သူ့ စိတ်မဝင်စားတာပဲ၊ သူ့အပေါ်လဲ ... အတေးအမှတ်ရှိလို့ မဟုတ်ပါဘူး၊ သူတွေ့ချင်မယ် မထင် လို့ပါ၊ တို့နဲ့လက်ထပ်ဖြစ်လို့ သူ့သား ကွယ်လွန်ရဖို့ဖြစ် လာသလိုမျိုးဆိုတော့ သူက တို့ကို စိတ်နာနေမှာပါ။ နေပါဦး ... သူက တို့ယောက္ခမဆိုတာ သစ်ခွ ဘယ်လို ဆက်စပ်မိလဲ ..."

"မာမီကမေးလို့ သူ့သား ဆုံးရတဲ့အကြောင်း ပြန်ပြောပြ တာနဲ့ သစ်ခွ ဆက်စပ်မိသွားတာ၊ ဒီဘက်ခြမ်းက ကိုကိုနဲ့ မမကိစ္စတွေ မာမီ မသိတော့ မာမီတောင် ဆက်စပ်မိမှာ မဟုတ်ပါဘူး ...၊ သစ်ခွ တစ်ယောက်တည်း သိတာပါ"

သက်လယ်က မုန့်ထုပ်လေး လှမ်းယူကာ ပိုက်ဆံပေး ရင်း ...

"သစ်ခွတစ်ယောက်တည်း သိတာဆိုရင်လဲ ... သစ်ခွတစ် ယောက်တည်းပဲ ဆက်သိနေပါကွယ်၊ ဘယ်သူ့မှမပြောပါ နဲ့နော် ..."

"ဘာဖြစ်လို့လဲ မမ ..."



www.burmeseclassic.com

www.burmeseclassic.com



"အထူးသဖြင့် ... တို့ယောကျ်ားမလေးတောင်း ရန်ကုန်ရောက်နေကြောင်း မိုးညှိကို မသိစေချင်တာ"

"ဟင် ... သစ် ... သစ်ခွက ကိုကို့ကို ပြောလိုက်မိပြီးပြီ"

"ဟာ ... ဒုက္ခပါကွာ၊ ပြဿနာပါဘဲ၊ သူဘာပြောသေးလဲ"

"ပြောတယ် ဆိုတာကလဲ မမရယ် ...၊ တိုက်တိုက်ဆိုင်ဆိုင် ဒေါ်ခင်ရွှေ ဆေးရုံတက်တာက ကိုကို့ဆေးရုံ ကိုကို ဝါဒ်မှာမို့ပါ၊ သူပြတဲ့ ဆရာဝန်ကြီးက ကိုကိုတို့ ဝါဒ်ပိုင်ပါ ..."

"ဟင် ... မိုးညှိရဲ့ဝါဒ်မှာတောင် ရောက်နေတယ် ..."

"ဟုတ်ကဲ့ ... ဒေါ်ခင်ရွှေကို ဆေးရုံလိုက်တင်ပေး သွားကြည့်ပေးနဲ့ မာမီလဲ ဆေးရုံအခေါက်ခေါက်ရောက်နေတော့ သစ်ခွ မပြောခင်ကတည်းက ... မာမီကိုတွေ့ပြီး ဒေါ်ခင်ရွှေကို သူက ဂရုစိုက်ပေးနေတာပါ၊ မမရဲ့ ဒေါ်ခင်ရွှေပဲဆိုတာတော့ ... သစ်ခွ ပြောမှ သိတာပါ ...၊ သူဘာမှတော့ မပြောပါဘူး ..."

သက်လယ်သည် စိတ်တွေဗျာများ ယောက်ယက်ခတ်သွားပါသည်။

"သစ်ခွကို ဘာမှမပြောပေမယ့် ... သူ့စိတ်ထဲရှိတယ် ... သူ ဒေါ်ခင်ရွှေ့ကို သူသိချင်တာတွေ မေးမှာ သေချာတယ်၊ တို့ကို တစ်ခုခု လာမပြောသေးဘူးဆိုတော့ ခုထိတော့ မမေးရသေးဘူး ဖြစ်မယ် ...၊ ကျွတ် ... စိတ်ရှုပ်လိုက်တာ"

"ဒေါ်ခင်ရွှေကို ကိုကို ဘာပဲမေးမေး မမကို ဘာထိခိုက်နိုင်လို့လဲ ..."

"အို ... သူက လပြည့်ကို သူ့သားပဲ သိပ်ဖြစ်စေချင်နေတဲ့ဟာ ..."

"မဟုတ်ဘူး ဆိုရင်လဲ သူ မဟုတ်တာကိုပဲ သိသွားမှာပဲဟာ မမရယ် ...၊ မမ ဘာစိတ်ပူစရာရှိလဲ ..."

သက်လယ်က သစ်ခွကို ကြည့်လိုက်ပါသည်။ သစ်ခွကလဲ သက်လယ်ကို ပြန်ကြည့်နေပါသည်။

"သစ်ခွ ဘာမှမသိပါဘူး ..."

"ဘာကို မသိတာလဲ မမ ...၊ မမကို ကြည့်ရတာ ကိုကို တစ်ခုခု သိသွားမှာ စိုးရိမ်နေတဲ့ပုံပဲ ထွက်နေတယ် ...၊ ကိုကို သိသွားမှာ စိုးရိမ်နေရတယ် ဆိုရင် ကိုကို့ကို မသိစေချင်တာ ... မမမှာ ရှိလို့ပေါ့နော် ..."

"အို ... မဟုတ်ပါဘူး၊ ဘာပဲဖြစ်ဖြစ် ဒေါ်ခင်ရွှေက လပြည့်ကို အသိအမှတ်ပြုတာမှ မဟုတ်တာ ...၊ ဒေါ်ခင်ရွှေ့ကိုသာ မေးရင်တော့ သူ့မြေးမဟုတ်တဲ့ သဘောပဲပြောမှာပဲ၊ အဲဒါကို သူအတည်ယူရင် ယူသွားမှာပေါ့ ..."

သစ်ခွသည် စိတ်တွေလှုပ်ရှားနေသော သက်လယ်ကို ငေး၍သာ ကြည့်နေမိပါသည်။ ဤကိစ္စနှင့် ပတ်သက်လျှင်






www.burmeseclassic.com

www.burmeseclassic.com



လိုတာထက် ပိုတုန်လှုပ်နေတာကိုက ဘေးကလူတွေကို တစ်မျိုးတစ်မည် အတွေးပွားစေနေတာပါ။ ခုလဲ တရားလွန် မျက်နှာပျက်နေပုံဟာ ... ပဟေဠိရဲ့ အဖြေကို မီးမောင်းထိုးပြနေသလိုပါပဲ။

"မမ ...၊ မာမီကလဲ သစ်ခွကို သူတို့သဘောတူတာရှာပြီး စီစဉ်ပေးစားချင်တဲ့ သဘော ပြောပြောနေတယ်၊ သစ်ခွလဲ မာမီပေးစားတဲ့သူနဲ့ လက်ခံပြီး ယူလိုက်ဖို့ ဆုံးဖြတ်ထားပြီးပါပြီ ...၊ ကိုကိုနဲ့ သစ်ခွအတွက် ရှေ့မှာ ဘာမှဆက်စရာဓာတ်လမ်း မရှိတော့ဘူးနော် ...၊ မာမီတို့ သဘောကြောင့်တင် မဟုတ်ဘူး၊ သစ်ခွလဲ ကလေးတစ်ယောက်အဖေကို မယူနိုင်ပါဘူး မမရယ် ..."

"အို ... ဘယ်က ကလေးတစ်ယောက် အဖေလဲ ..."

"ကိုကိုကို ကလေးတစ်ယောက်အဖေလို့ပဲ သစ်ခွ သတ်မှတ်ထားလိုက်ပြီ ...၊ ဟိုမှာ ... မမသင်းလဲ ပြီးနေပြီထင်တယ်၊ သစ်ခွ သွားတော့မယ်နော် ..."

သက်လယ်သည် ဘာမှ ထပ်မပြောလိုက်နိုင်ဘဲ ရပ်ကျန်နေရစ်သည်။ မြင်ကွင်းထဲက သစ်ခွတို့နှစ်ယောက် ပျောက်သွားလျှင်မှ ကမန်းကတန်း ပျာယီးပျာယာခတ်ကာ ဆိုင်ဘက်သို့ ခပ်သွက်သွက် ပြန်ပြေးလာခဲ့ပါသည်။ ဆိုင်ရှေ့မှာ ဦးမောင်ထိ ရောက်နေရင်း ...

"သက်လယ် ... လပြည့် သွားကြိုလိုက်တော့မယ်၊ ဘာမှာဦးမလဲ ..."





"သက်လယ်ပါ တစ်ခါတည်း ဆိုင်သိမ်းပြီး ပြန်လိုက်မယ်၊ ငြိမ်းငြိမ်းရေ ... ဝေမာရေ ... ဆိုင်စောပြီး သိမ်းမယ်ဟေ့၊ မီးတွေပိတ် ... အားလုံးစစ် ...၊ ငါကိစ္စရှိလို့ ..."

"ဟုတ်ကဲ့ ..."

လူရှင်းနေခိုက်လဲဖြစ်၍ ဆိုင်ရှေ့ ဆွဲတံခါးကြီးကို တစ်ဝက်ပိတ်ချကာ အထဲမှာ တစ်ခဏတွင်းချင်း သိမ်းဆည်းဆိုင်သိမ်းလိုက်ကြပါသည်။ အိမ်ပြန်လာသော လမ်းပေါ်မှာ သက်လယ်ရဲ့ စိတ်လှုပ်ရှားနေတဲ့ ဟန်ပန်တွေကို ဦးမောင်ထိက တအံ့တသြ အကဲခတ်နေပါသည်။ အိမ်ပြန်ရောက်သည်နှင့် သက်လယ်က လပြည့်ကိုကြိုဖို့ ဦးမောင်ထိကို လွှတ်လိုက်ကာ ...

"မိကြွယ် ... လပြည့်ရဲ့ အဝတ်အစားတို့ ဘာတို့ အသုံးအဆောင်ပစ္စည်းတွေ အိတ်တစ်လုံးနဲ့ ထည့်စမ်း ..."

"ဘာအိတ်လဲ မမ ...၊ ကြွပ်ကြွပ်အိတ်လား ..."

"နင့်ဘိုးအေ ကြွပ်ကြွပ်အိတ်လား၊ ခရီးဆောင်အိတ်တစ်ခုထဲထည့်၊ ဟို ... အနက်နဲ့ အစိမ်းကွက် လက်ဆွဲအိတ်အကြီးနဲ့ ထည့်လိုက် ...၊ ကျောင်းဝတ်စုံတွေလဲ ပါပစေ၊ စာအုပ်တွေရော ... သူ့သွားတိုက်ဆေး သွားပွတ်တံက အစနော် ... မျက်နှာသုတ်ပဝါတို့ ... ဖိနပ်တို့ မကျန်စေနဲ့ ..."

မိကြွယ်က အူကြောင်ကြောင်နှင့် ထွက်သွားချိန်မှာ သက်လယ်က သူ့အခန်းကို ပြေးတက်ခဲ့ပါသည်။ ဗီရိုဖွင့်ကာ



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တချို့ဆွဲထုတ် ... သေတ္တာတစ်လုံးထုတ် ... ပါးစပ်ကလဲ ဘာလိုမလဲ တတွတ်တွတ် ရေရွတ်ကြည့်နေဆဲ ... ဒေါ်တင်လေးရှိ ရောက်လာကာ ...

"သက်လယ်၊ ဒါဘာတွေလုပ်နေတာလဲ၊ လပြည့် အဝတ်တွေပါ ထည့်ခိုင်းတာဆို ... ဘယ်သွားမှာမို့လဲ ..."

"ခဏပါ မေမေရယ်၊ ဒီမှာမနေဘဲ တစ်နေရာ ပြောင်းနေမလို့ ..."

"ဘယ်နေရာ ပြောင်းနေမလို့လဲ ...၊ ဘာအတွက်လဲ ..."

သက်လယ်သည် မေမေ့ကို မျက်ရည်လည်သော မျက်လုံးလေးနှင့် မော့ကြည့်ကာ ...

"မေမေ ... ကျေးဇူးပြု၍ သက်လယ်ကို မတားပါနဲ့နော်၊ သက်လယ် လောလောဆယ် စဉ်းစားမရသေးလို့ ကိုကြီး အိမ် ခဏသွားနေမလို့ပါ၊ မေမေ ဒါကို ကန့်ကွက်ရင် သက်လယ်တို့သားအမိ ရောက်ရာပေါက်ရာ သွားနေမိလိမ့်မယ် ..."

ဒေါ်တင်လေးရှိမှာ တအံ့တသြနှင့် ...

"အဲဒါ ဘာဖြစ်တာလဲ ... အကြောင်းပြချက်က ဘာလဲ"

"အကြောင်းပြချက်က မိုးညပဲ ..."

"မိုးညက ဘာပြောလို့လဲ၊ ဘာလုပ်လို့လဲ ..."

"မိုးညတို့ဆေးရုံမှာ မိုးညတို့ဝါ့ဒ်ထဲမှာ ဒေါ်ခင်ရွှေ ဆေးရုံ တက်နေတယ် မေမေ၊ ဒေါ်ခင်ရွှေဟာ သက်လယ် ယောက္ခမ





ဟောင်း ဆိုတာလဲ မိုးည သိသွားပြီ၊ သူစုံစမ်းတော့မှာ၊ မေးမြန်းကျောက်မေးတော့မှာ ...၊ သူက သူ့သားလို့ပဲ လပြည့်ကို ထွေးပွေ့ထားတဲ့ အတိုင်း ... တွေ့ပြီ မေမေ အသိပဲ ..."

"အင်းလေ ... ဒေါ်ခင်ရွှေကိုမေးရင် ဒေါ်ခင်ရွှေက အဲဒါ မိုးညရဲ့သားပဲလို့ ပြောလိုက်နိုင်စရာ ခိုင်လုံတဲ့အကြောင်း ရှိနေလို့လား ..."

သက်လယ်သည် မျက်ရည်ကျလာကာ ...

"မေမေ ... သက်လယ်ကို အကျပ်ကိုင် မေးမနေပါနဲ့တော့ ...၊ သက်လယ် မိုးညကို ပြန်ပြီးလက်မထပ်ချင်ဘူး၊ အရင်က သူနဲ့သက်လယ်တို့ အခြေအနေ အများကြီး ကွာခြားခဲ့သလို ... ခုလဲ သူနဲ့သက်လယ် အခြေအနေက အများကြီး ကွာနေပါပြီ ...၊ သမိုင်းအက်မှာ သူမြေကွက် ဝယ်ပြီး ပုဂ္ဂလိက ဆေးရုံကြီးတစ်ခု ဆောက်ဖို့ထိ စီစဉ် နိုင်နေတဲ့ အနေအထားမှာ၊ ဒီအခြေအနေမှာ သူ့ကို ပြန် လက်ခံရင် ... သက်လယ်တို့ ခွေးဖြစ်မှာပေါ့ ..."

"ဘာလို့ ခွေးဖြစ်ရမှာလဲ၊ ကိုယ်က အတင်းလိုက် အရပြန် ယူတာမှ မဟုတ်ဘဲ၊ ဒီမှာ သက်လယ် ... လပြည့်ဟာ မိုးညရဲ့သားဆိုတာ မှန်ရင် ... ညည်း ကလေးအတွက်ရော သူ့အဖေအတွက်ရော စေတနာသန့်သန့်လေးနဲ့ စဉ်းစား ပေးသင့်ပါတယ်၊ သူ့အဖေနဲ့သူ့သား မိသားစုဘဝလေး ရပါစေလားအေ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်လေးရီပါ မျက်ရည်လည်လာပါသည်။

"ဒီပြဿနာတွေရဲ့ အဓိကတရားခံဟာ ငါနဲ့ ညည်းအစ်ကို တွေပါပဲ၊ ခွဲတုန်းက ငါတို့ဘက်က လွန်ခဲ့တာတွေ မှန်ပါတယ်၊ ဒါကို ဒီနေ့ထိ ယူကျုံးမရမိဘူး၊ လပြည့်လေး အဖေဟာ ဘယ်သူဖြစ်ပစေ ... သူ့ခမျာလေးကို ဖခင်မဲ့အောင် ပြုခဲ့မိတာ ငါတို့ပဲဆိုပြီး ရင်ထဲ မချိခဲ့ရတာပါ၊ တကယ်လို့များ သူ့ဖအေရင်းနဲ့ ပြန်ဆုံနေရတာမှန်ရင် ... ညည်းရဲ့ ဂုဏ်သိက္ခာ မာနတွေကို အလျှော့ပေးပြီး ဆုံစည်းခွင့် အတူနေခွင့် ပေးသင့်ပါတယ် ..."

သက်လယ်သည် ဘာမှပြန်မပြောဘဲ ငိုရှိုက်ရင်း ပစ္စည်းတွေသာ ထည့်နေသည်။

"ညည်း ဒီလောက်ဖြစ်နေမှတော့ လပြည့်ဟာ မိုးညသားပဲ ဖြစ်တော့မှာလို့ ငါဆုံးဖြတ်လို့ ရပါပြီ ... မိုးညလဲပဲ ဒါကို သိတော့မှာပဲ ...၊ သိပြီးတဲ့နောက်တော့ ညည်း ဟိုရှောင် ဒီရှောင် ပုန်းနေလို့ ဘယ်လောက်ကြာကြာ ရှမှာလဲ သက်လယ် ...၊ ဘယ်လောက်ထိ ဝေးဝေးရော ညည်းရှောင်ပြေးနိုင်သလဲ ..."

"သူ့ကိုလေ ... သူ့ထက်နိမ့်ပါးတဲ့ဘဝ ... သူ့လို လွတ်လွတ်လပ်လပ် မဟုတ်ဘဲ မုဆိုးမတစ်ယောက်ဆိုတဲ့ ဘဝမျိုးကျမှ လက်မတွဲရက်တော့ပါဘူး မေမေရယ်"

သက်လယ် မျက်ရည်ကို ကြည့်ရင်း ဒေါ်တင်လေးရီ





လည်း မျက်ရည်ကျလာပါသည်။ ဪ ... ဒီသမီးဘဝကို ကစဉ့်ကလျားဖြစ်အောင် သူပဲ ပြုမှုခဲ့မိတာပါလား ...။

"ဒါ ... သမီး ... မိုးညကို သိပ်ချစ်လို့ ဖြစ်ရတဲ့ ခံစားချက်ပေါ့ကွယ်၊ ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရမယ့် ဘဝကို ဘာကြောင့် ရှောင်ပြေးနေမလဲ၊ သူကိုယ်တိုင်လဲ သမီးတို့သားအမိနဲ့ ပြန်ပေါင်းရရင် စိတ်ချမ်းမြေ့ကြည်နူးနိုင်မှာမို့ သူ့ကိုလဲ ပျော်ရွှင်ခွင့်လေး ဆောင်ကျဉ်းပေးသင့်ပါတယ် သမီးရယ် ...၊ ကိုယ်လိုချင်တာကို ယူတဲ့သဘောမျိုးမဟုတ်ဘဲ သူလိုချင်တာကို ပေးတဲ့အဖြစ်ကို ရောက်မှာပါ၊ သူ့အပေါ် တင်ရှိတဲ့ အကြွေးကို ဆပ်ရာလဲ ရောက်ပါတယ်"

"သူ့ကို ရင်မဆိုင်ချင်ဘူး ... သက်လယ် စိတ်ချမ်းသာတာလုပ်ပါရစေ မေမေ ...၊ ဒီတစ်ခါ သက်လယ် စိတ်ချမ်းသာရာကို သက်လယ် ဘာသာ ရွေးခွင့်ပြုပါ ..."

ဤစကားကြောင့် ဒေါ်တင်လေးရီ ရင်နာရသည်။

"ညည်း စိတ်ချမ်းသာမယ်ဆိုတာ ညည်း ယုံလို့လား သက်လယ် ..."

"မသိဘူး ... သက်လယ် မသိဘူး၊ သက်လယ်ကို ဘာမှ မပြောပါနဲ့ ...၊ သက်လယ် ကိုကြီးအိမ်မှာ ရှိမယ်ဆိုတာလဲ မေမေ သူ့ကို မပြောပါနဲ့၊ သူသိသွားရင် သက်လယ် အဝေးကြီးကို ထွက်ပြေးမယ် ..."

ဒေါ်တင်လေးရီက သက်လယ်ကို စိတ်ပျက်လက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



သာ့ငေးကြည့်နေမိသည်။ လပြည့် ပြန်ရောက်လာပြီဖြစ်၍ လပြည့်က အမေ့အခန်းဆီ ရောက်လာပါသည်။

"မေမေ အိမ်ရှေ့မှာ သားအကျႌတွေ အိတ်ထဲထည့်ထားတယ်တဲ့ ... ဘာလုပ်ဖို့လဲ ..."

"မေမေတို့ ... မင်းဘဘအိမ်မှာ ခဏသွားနေမယ် လပြည့်"

"ဟင် ... ဘာဖြစ်လို့လဲ ..."

"ဘာဖြစ်လို့လဲဆိုတာ သားနားမလည်ဘူး၊ မေမေနဲ့ သားလိုက်ခဲ့ရမယ် ..."

"ဟာ ... နက်ဖြန်ဆို စနေ တနင်္ဂနွေ ကျောင်းပိတ်ပြီ၊ ဦးမိုးညတို့ ဦးအောင်မော်တို့နဲ့ သွားကစားမလို့ဟာ ...၊ ဘဘအိမ် သွားမနေချင်ပါဘူး ..."

"ဘဘအိမ်မှာလဲ မင်းနဲ့ကူတူ ကစားစရာ ညီမလေးနဲ့ ညီလေး ရှိတယ် ..."

"ဟာ ... ညီမလေးနဲ့ မကစားချင်ပါဘူး၊ သားမှ မိန်းမတွေနဲ့ မကစားချင်ဘူး၊ ညီလေးက ခုမှ သေးသေးလေး ရှိသေးတာ၊ ချီနေရတဲ့ဟာကို ဘယ်လိုကစားလို့ ရမှာလဲ"

"မရှည်နဲ့ လပြည့်၊ ငါ့ မင်းအမေ ...၊ မေမေခိုင်းတာလုပ်၊ ဒါပဲ ..."

သက်လယ်သည် သူ့သေတ္တာကိုဆွဲ၍ အောက်ကို ဆင်းလာသည်။ ဧည့်ခန်းမှာ မိကြွယ် မိချိုနှင့် ဦးမောင်ထိ တို့က



တအံ့တသြ ဝိုင်းကြည့်နေကြပါသည်။ လပြည့်ကလဲ တတွတ်တွတ်ဂျီတိုက် ငြင်းဆန်ကာ ပါလာသည်။

"မိကြွယ် ... မိချို ... ဟိုဘက်အိမ်ကလူတွေ မေးရင် ငါ ဘယ်သွားလဲ မသိဘူး ... ဒါပဲ ဖြေမယ်၊ အပိုတစ်ခွန်းမှ မလိုချင်ဘူး၊ ကဲ ... အိတ်တွေတင် ...၊ ဦးမောင်ထိ သွားမယ် ..."

"ဘယ်ကိုလဲ သက်လယ် ..."

"ရောက်ရင် သိမှာပေါ့၊ သိပြီးရင်လဲ နှုတ်ပိတ်နေပါ ဦးမောင်ထိ၊ သက်လယ် မပြောစေချင်တာကို ဘယ်သူ့ကိုမှ မပြောပါနဲ့ ...၊ ပြောမိရင်လဲ သက်လယ် ဘယ်ရောက်သွားမှန်း ဘယ်သူမှ သိတော့မှာ မဟုတ်ဘူး ..."

"လပြည့်က နောက်ရက်တွေ ကျောင်းမတက်ရဘူးလား"

"ဦးမောင်ထိ မပူပါနဲ့၊ တက်ရင်လဲ တက်ခိုင်းမယ်၊ မတက်ခိုင်းပဲ ထားရင်လဲ ထားမယ်"

"ကျုပ်ကတော့ သက်လယ်ကို ဘယ်ကိုလာကြို့ရ ပို့ရမှာလဲ"

"လိုရင် သက်လယ် ဖုန်းဆက်မယ်၊ မလိုရင် ဘယ်သူမှ လာဖို့မလိုဘူး၊ ဈေးကဆိုင်ကိုပါ ပိတ်ရင်ပိတ်မှာ ..."

ဒေါ်တင်လေးရီသည် သက်လယ်ကို လုပ်ချင်ရာ လုပ်ပစေတော့ ဆိုသည့် ပုံစံမျိုးနှင့် စိတ်ပျက်လက်ပျှော့ကာ ငေးကြည့်နေပါသည်။

"မလိုက်ချင်ဘူး၊ သား ဒီမှာပဲနေမယ် ..."

www.burmeseclassic.com



"မလိုက်လို့ မရဘူး လပြည့်၊ သွား ... ခုချက်ချင်း ကားပေါ်တက်၊ ငါ ဒီတစ်ခွန်းပဲ ပြောမယ်၊ ပြောမရရင် ပါးစပ်ကမပြောတော့ဘူး၊ အဲခုသွားတက် ..."

လပြည့်သည် အဘွားကိုလဲ အားကိုးတကြီး ကြည့်၍ အကြောင်းမထူးသည့်အဆုံး မသွားချင့် သွားချင်နှင့် ကားပေါ်သို့ နေးတုံ့တုံ့ သွားတက်ပါသည်။ ကျန်လူတွေက သက်လယ်ကို အံ့အားသင့်စွာ ... ဒေါ်တင်လေးရီကတော့ အံ့အားလဲသင့်၊ စိတ်လဲပျက်၊ သနားလဲသနား ... ခံစားချက်မျိုးစုံစွာ ငေးကြည့်နေကြပါသည်။



## ၁၃

"ဒီကိစ္စတွေကို လုံးဝပြောချင်တာ မဟုတ်ဘူး ဒေါက်တာ၊ ဒါပေမယ့် ဒေါက်တာ့ကိုတော့ ကိုယ့်ကျေးဇူးရှင်လို့ သတ်မှတ်ထားတာရယ် ...၊ မေးရင်လဲ ဖြေပါမယ်လို့ ကြိုပြောထားမိဖူးတာရယ်ကြောင့် ပြောရမှာပါ ...၊ ဒေါက်တာနဲ့ ခုလို အပတ်အသက် ရှိတာတွေ ဒေါက်တာ ပြောပြလို့သိရတော့ တုန်လှုပ်မိတယ် ...၊

အမှန်အတိုင်း ပြောရရင် ... သက်လယ်နဲ့ ခိုးပြေးခဲ့တဲ့သူဆိုပြီး တခြားနေရာမှာ ဆုံရရင် အန်တီ ဆက်ဆံခေါ်ပြောစရာ အကြောင်းတောင် မရှိဘူးဆိုတာ ဒေါက်တာ သိမှာပါ ..."

ဒေါ်ခင်ရွှေ့ စကားတွေကို မိုးညှ ပြန်ကြားယောင်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာမို့ ... ကျေးဇူးရှင်လဲ ကျေးဇူးရှင် ဖြစ်နေလို့၊ ခင်မင်မိပြီးသားလဲဖြစ်လို့၊ ရှည်ရှည်ဝေးဝေးတော့ မပြောချင်ဘူး ဒေါက်တာ၊ ဒါပေမယ့် သက်လယ်ရဲ့ ကလေးဟာ အန်တီ့သား ဇော်ဦးရဲ့ကလေး မဟုတ်ဘူး ဆိုတာပဲ ဒေါက်တာ နားလည်လိုက်ပါတော့ ..."

"ဒီလို ပြောလိုက်ရုံနဲ့ ကျွန်တော သက်လယ်ကို ပြန်အရေးဆိုဖို့ မလုံလောက်ပါဘူး အန်တီ ...၊ အန်တီ ဘာကြောင့် ခိုင်ခိုင်မာမာ ဆိုသလဲဆိုတာ သိခွင့်ရှိရင် သိပါရစေ ..."

ဤစကားပြောစဉ်က အောမှာ ဒေါ်ပုလဲပါ ရှိနေခဲ့၍ ဒေါ်ပုလဲ ခမျာ ကြက်သေ သေနေသည်။ မိုးညအဖို့လဲ ဒေါ်ပုလဲ မရှိတဲ့အချိန်ကို တမင်တကာ ရွေးမနေတော့တာပါ။ ခုမကြားရလဲ ဒေါ်ခင်ရွှေက အိမ်ကျ ပြန်ဖွင့်ပြောတော့မှာပင်။

"ကိုဇော်ဦး သွေးအမျိုးအစား သိပါရစေ အန်တီ ..."

"အို ... ကလေး;ရဲ့သွေးဟာ အန်တီ့သားရဲ့သွေးနဲ့ သွေးအုပ်စုတူနေဦးတော့ ... မောင်ဇော်ဦး ကလေး မဟုတ်ပါဘူး"

"ကျွန်တော်ကလဲ ရှင်းရှင်းလေး ဖြစ်သွားအောင် သွေးအုပ်စုကို မတူစေချင်တာပါ အန်တီ၊ သွေးအုပ်စု တူနေလို့လဲ ကိုဇော်ဦးသားလို့ စွပ်စွဲမလို့ မဟုတ်ပါဘူး၊ သားကို ကျွန်တော်က ကျွန်တော့်သားလို့ပဲ ယုံနေတာပါ ..."

"သွေးထက်ကို ခိုင်လုံတဲ့ အခိုင်လုံဆုံး ရှိပါတယ် ဒေါက်တာရယ်၊ သွေးကို စိတ်ဝင်စားမနေပါနဲ့ ..."





ဒေါ်ခင်ရွှေကလဲ သူ့သားနှင့် ကလေး မတော်တဆ သွေးအမျိုးအစား တူနေမှာကိုပဲ ကြောက်လန့်နေတဲ့ ပုံပါပင်။

"ဒါဖြင့် အဲဒီ ခိုင်လုံတာကို သိပါရစေ အန်ကီရယ် ..."

"အန်တီ ဘယ်သူ့မှလဲ မပြောခဲ့ပါဘူး၊ သူများသိရင် ကိုယ်ပိုပြီး သိက္ခာကျမှာစိုးလို့ကို ကြားရတဲ့ ဒေါ်နို့ကိုတောင် လုံးဝနှုတ်ပိတ်ခဲ့တယ်၊ ကိုယ်နွားကျရတဲ့ အဖြစ်သက်စာရင် လင်မယား ကတောက်ကဆတ်ဖြစ်လို့ မောင်ဇော်ဦး စိတ်ဆိုးထွက်သွားတယ် ဆိုတာက သိက္ခာရှိပါသေးတယ်၊ ဒေါက်တာ့ကိုမို့ သိက္ခာပါအကျခံပြီး ပြောမှာပါ၊ ဒီကိစ္စက ဒေါက်တာ့အဖို့ ဘဝအရေး ဖြစ်နေတာလဲ နားလည်လို့ပါ၊ တစ်ဘဝလုံးအတွက် ဆုံးဖြတ်နိုင်မယ့် ကိစ္စမို့ ဒေါက်တာ့မှာ ပြေလည်သွားရင် အန်တီ အရှက်ကွဲခံပြီး ဖွင့်ပြောရကျိုး နပ်ပါတယ်လို့ပဲ သဘောထားလိုက်ပါတယ် ဒေါက်တာ၊ ဘာဖြစ်လို့ ခိုင်လုံသလဲဆိုတော့ ... ကာယကံရှင် ကိုယ်တိုင် ဖွင့်ပြောခဲ့လို့ ...၊ အဲဒီညက သက်လယ်က သူ့မှာ ကိုယ်ဝန်တစ်လ ရှိနေပါတယ်လို့ မောင်ဇော်ဦးကို ဖွင့်ပြောခဲ့လို့ပဲ ..."

မိုးည ကိုယ်ထဲကသွေးတွေ တရှိန်ရှိန် နွေးပူကာ ရင်ထဲမှာတော့ ဝမ်းသာကြည်နူးစွာ ... အပြင်မှာတော့ ... ခေါင်းကို မျက်နှာပူစွာနဲ့ ငုံ့ချထားခဲ့လိုက်ရပါသည်။

"ဟုတ်ပါတယ် အန်တီ ...၊ အဲဒါ အခိုင်လုံဆုံးပါပဲ ...၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ယုံပါတယ်၊ ကျွန်တော့်အတွက်လဲ ဝမ်းသာမိတယ်၊ ကိုဇော်ဦး သွေးအမျိုးအစားလေး ပြောနိုင်ရင် ကျွန်တော်ပိုပြီး ဝမ်းသာမှာပါ ...၊ ဒီတစ်ခုနဲ့ သက်လယ်ကို ငြင်းမရအောင် လုပ်ရမှာမို့ပါ၊ သားလေးသွေးက 'အို'ပါ အန်တီ ...၊ ကျွန်တော့်သွေးကလဲ 'အို'ပါ ...၊ သက်လယ်က 'အေ'ပါ ...၊ ကျွန်တော် 'အို'မို့ သားလေးဟာ ကျွန်တော့်ကလေးပဲလို့ ယတိပြတ်ပြောလို့ မရပါဘူး၊ သက်လယ်မှာ ငြင်းထွက်လို့ရတာ ရှိပါသေးတယ် ...၊ 'အေ'နဲ့'အေ' ပေါင်းစပ်ရင်လဲ 'အို'ကလေး မွေးနိုင်ပါတယ် ...၊ 'အေ'နဲ့ 'အို'ဆိုရင်လဲ 'အို'ကလေး မွေးနိုင်ပါတယ် ... 'အေ'နဲ့'ဘီ' ဆိုရင်လဲ 'အို'ကလေး မွေးနိုင်ပါတယ် ...၊ ဒီတော့ သူလှည့်ထွက်သွားလို့ ရနေနိုင်ပါသေးတယ် ...၊ ကျွန်တော်က ကိုဇော်ဦးရဲ့သွေးကို 'အေဘီ'ဖြစ်ပါစေလို့ ဆုတောင်းနေမိတာပါ ..."

"အေဘီက 'အို'ကလေး မမွေးဘူးပေါ့နော် ..."

"အေဘီနဲ့ အေနဲ့ ပေါင်းပြီး 'အို'ရင်သွေး မမွေးပါဘူး အန်တီ ..."

"အို ... ဝမ်းသာလိုက်တာ ...၊ ခုတော့ ပိုပြီးခိုင်လုံသွားတာပဲ၊ နို့မို့ရင် ကိုယ်က သေချာလို့ ကိုယ့်မြေးမဟုတ်တာ သိနေပေမယ့် ... ဘေးပတ်ဝန်းကျင်က စကားတင်းဆိုချင်ကြတယ်၊ ဘာပဲဖြစ်ဖြစ် ကိုယ့်သွေးပေါ့လေ။ အန်တီဟာ





ရက်စက်စိမ်းကားလွန်းတယ်ပေါ့၊ အားလုံးကိုလဲ ဘယ်လိုလိုက်ရှင်းပြနိုင်မှာလဲကွယ် ... အန်တီ့သား မောင်ဇော်ဦးရဲ့ သွေးအမျိုးအစားက အေဘီပါကွယ်၊ အန်တီ့မှာ သူ့မှတ်ပုံတင်ရဲ့မိတ္တူတွေ ရှိပါသေးတယ်၊ ဒေါက်တာ မယုံရင်ပြပါမယ်၊ သားက 'အေဘီ'ပါ"

"ကျွန်တော်လဲ သိပ်ဝမ်းသာသွားပြီ အန်တီ ...၊ ယုံပါတယ်၊ ကျွန်တော် လုံးဝယုံပါတယ်"

"အဲဒီအပြင် နောက်တစ်ခုက ... မောင်ဇော်ဦးဟာ သက်လယ်ကို မင်္ဂလာဆောင်မှာ လက်ချင်းချိတ်ပြီး လျှောက်ခဲ့ရတာအပြင် ဘာမှမပိုပါဘူး၊ သူအိမ်ပြန်ရောက်တော့ မူးလာတယ်၊ သူတို့ချင်း ဧည့်ခန်းမှာပဲ စကားထိုင်ပြောနေခဲ့ကြတာ၊ ဒါကြောင့် ဒေါ်နီက လုံးစေ့ပတ်စေ့ ကြားတာပါ၊ သားဟာ ... သူ့ကိုမယူချင်လို့ သက်လယ် လိမ်ပြောနေတယ်ပဲထင်ပြီး ထပ်ခါ ထပ်ခါ မေးနေရှာတာပါ၊ နောက်ဆုံးမှ စိတ်ပျက်ဝမ်းနည်းပြီး ထွက်သွားရှာတာ ..."

ဒီရက်ပိုင်းအတွင်း ဆေးရုံမှာ အလုပ်တွေများ ဂျူတီတွေဆက်ကာ ဟိုဘက်အိမ်လဲမရောက် သားကိုလဲမတွေ့ဖြစ်သည့် မိုးညချမ်းဟာ ထိုနေ့ညနေမှာတော့ အိမ်တွင် ကားထိုးဆိုက်ရပ်ပြီးသည်နှင့် အဝတ်မလဲဘဲ တစ်ဖက်ခြံကို အပြေးကူးခဲ့ပါသည်။ ခြံဝက ဝင်လာကတည်းက ...

"လပြည့် ... သက်လယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာလုံးဆို့ပြီး ဟစ်ခေါ်သွားမိ၍ သူအိမ်ဝရောက်ချိန်မှာ အိမ်သားအားလုံးလဲ အိမ်ဝရောက်နေပါပြီ ...။ ချွေးတွေ သံတွေနှင့် ဆံပင်တွေလဲ ပွယောင်းကာ ပင်ပန်းနေပုံကြားထဲက လန်းဆန်းဟက်ကြွ ပြုံးတုံ့ပြီး ရောက်လာသော မိုးညချမ်းကို အားလုံးက စိုက်ကြည့်နေကြသည်။

"အန်တီ ...၊ သက်လယ်ရော ... သားရော ...၊ ဘယ်သွားကြလဲ ..."

"သူတို့ မရှိဘူး မောင်မိုးည ..."

"ဘယ်သွားလဲ အန်တီ၊ ဘယ်တော့ရောက်မလဲ ...၊ စောင့်နေရမယ်လေ ..."

ဒေါ်တင်လေးရီ မျက်နှာကညှိုး၍ နှုတ်က အပြောခက်နေပုံရ၍ ဦးဇမောင်ထိ ... မိကြွယ် ... မိချိုတို့ဟာ အရိပ်အကဲကြည့်ပြီး ကိုယ့်နေရာကိုယ် အသီးသီး ရှောင်ထွက်သွားကြပါသည်။

"သက်လယ် ထခြားသွားနေတယ် မောင်မိုးည ...၊ အဲဒီနေ့ကကိုလဲ မင်းကို မပြောရဘူးလို့ မှာသွားတယ်၊ ကလေးပါခေါ်သွားတယ်၊ မင်းဆီမှာ ဒေါ်ခင်ရွှေ ဆေးရုံလာတက်တယ်ဆိုကတာ ကြားကတည်းက ... ထွက်သွားတာပဲ ...၊ လေးရက်ရှိပြီ ..."

မိုးည ရင်ထဲ ဟိုက်သွားရကာ ...





"သူ ဒီလိုရှောင်ထွက်သွားတယ်ဆိုတာ ... ဝန်ခံလိုက်တာပဲပေါ့ အန်တီ... သူဘယ်သွားလဲ ကျွန်တော့်ကိုတော့ သိခွင့်ပေးပါ အန်တီရယ် ..."

ဒေါ်တင်လေးရီက မိုးညရဲ့ မျက်နှာနွမ်းနွမ်းကို စာနာစွာ ကြည့်လျက် ...

"မောင်မိုးည သိလာခဲ့ပြီလား ... သေချာပြီလား ..."

"သေချာပါတယ် အန်တီ၊ သေချာတာမှ အကြောင်းတွေ အများကြီးပါ၊ အားလုံးထဲမှာ သက်လယ်ကိုယ်တိုင် ဝန်ခံခဲ့တာက အခိုင်လုံဆုံးပါပဲ ...၊ သက်လယ်က ကိုဇော်ဦးကို ဖွင့်ပြောပြခဲ့ပြီးသားပါ ...၊ သူ့မှာ ... သူ့မှာ ... တစ်လရင်သွေး ရှိနေပါပြီဆိုလို့ ကိုဇော်ဦး ရှောခ်ရပြီးထွက်သွားခဲ့တာပါ ...၊ သက်လယ် ကိုယ်တိုင် ခိုင်ခိုင်လုံလုံ သိပြီးသားကိစ္စပါ အန်တီ ...၊ ကျွန်တော် ... သက်လယ်ကို ပြန်လက်ထပ်ပါရစေ ... သားနဲ့ တွေ့ပါရစေ ..."

"မောင်မိုးညရယ်၊ အန်တီ့အဖို့က အတိုင်းထက် အလွန်ပေါ့ကွယ်၊ ကိုယ်မရှိရင် စောင့်ရှောက်ထိန်းသိမ်းမယ့်သူ မရှိတဲ့ ဒီသမီးနဲ့ ဒီမြေးကို ကြင်ကြင်နာနာ စောင့်ရှောက်မယ့်သူ ရှိလာတာ ... သိပ်ဝမ်းသာတာပါ ...၊ ဒါပေမယ့် သက်လယ်က ခေါင်းမာပါတယ် သားရယ် ..."

ဟိုတုန်းက မောင်မိုးည ဆင်းရဲနွမ်းပါးခဲ့စဉ်ကတော့ မရမကခွဲခဲ့ပြီး ... ခုလို မောင်မိုးညက ပြည့်စုံချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



လာ ... သူက အိမ်ပိုင်ယာပိုင်တောင် မရှိတဲ့ဘဝမှာကျမှ ပြန်သဘောတူရကောင်းလားလို့ အန်တီ့ကိုတောင် စိတ်ဆိုးပါတယ်၊ ဒါကိုလက်ခံရင် သူ့ချွေးဖြစ်မတဲ့၊ သားက ခုထိ လူလွတ် ... သူက မုဆိုးမတဲ့"

"သူ့စိတ်ကို ကျွန်တော် သဘောပေါက်ပါတယ် အန်တီရယ် ...၊ ကျွန်တော်မှ ဒါတွေ ထည့်မစဉ်းစားဘဲ၊ သူဘယ်သွားလဲ ဆိုတာသာ ပြောပြပါ ..."

"ပြောပြရင် ဒီထက်ဝေးတဲ့နေရာ ထွက်ပြေးမယ်လို့လဲ ခြိမ်းခြောက်ခဲ့တယ် ..."

"ထွက်ပြေးရတဲ့ အဆင့်ထိလဲ အရောက်မခံပါဘူး၊ တွေ့တာနဲ့ လက်ဆွဲခေါ်ခဲ့မှာ ...၊ ဒါဟာလဲ ကိုယ့်သားလေးပါလို့ သိပြီးမှ ... သက်လယ်လဲ လွတ်လပ်နေမှတော့ ကျွန်တော် အဝေးကနေ ဘယ်ငေးမျှော် နေနိုင်တော့မလဲ၊ ကိုယ်ချင်းစာပါဦး အန်တီ ..."

"ကိုယ်ချင်းစာပါတယ် သားရယ် ..."

"သက်လယ်နဲ့သား ဘယ်မှာလဲ ပြောပြပါ အန်တီ ... ရန်ကုန်မှာပဲလား"

"ဟုတ်ပါတယ် ..."

"ရန်ကုန်မှာလဲ သူ့မှာ တခြားတက်နေစရာ ရင်းရင်းနှီးနှီး ရှိတာမှ မဟုတ်ဘဲ၊ ဟိုတယ်လဲ တက်နေမယ် မထင်ဘူး၊ ကိုသန့်ဇင် အိမ်မှာများလား အန်တီ ..."





ဒေါ်တင်လေးရီမှာ မျက်ရည်တွေ လည်လာပါသည်။ မျက်ရည်လည်ရင်းကပဲ ပြုံးကာ ...

"ရအောင်သာ ပြန်ခေါ်ခဲ့ပါကွယ်၊ သူ့အစ်ကိုကလဲ မောင်မိုးညနဲ့ ကြည်ဖြူပါတယ် ..."

"မေမေ ဖုန်းဆက်ပြောထားတာနဲ့ ... ကိုယ် သွားစရာရှိတာ မသွားသေးဘဲ စောင့်နေတာ ..."

ကိုသန့်ဇင်က ... သူတို့တိုက်ခန်းကျယ်တွေရဲ့ အောက်ဆုံး လက်ဖက်ရည်ဆိုင်မှာ ထိုင်နေရင်း မိုးညကို ဆီးကြိုပါသည်။

"မင်း လာမယ်ဆိုတာ ... သက်လယ်တော့ မသိပါဘူး၊ သက်လယ် မင်းကို မေတ္တာကြီးမားတာ ငါတို့ အသိဆုံးပါ မိုးည ...၊ အားလုံးရဲ့ ဂုဏ်သိက္ခာအတွက်ရော မင်းကို မျက်နှာပူတာ ငဲ့ညှာတာတွေ အတွက်ရော ... သူ ငြင်းနေတာပါ၊ သက်လယ်က သိပ်သနားဖို့ ကောင်းပါတယ် မိုးညရာ ...၊ ငါတို့မိသားစုရဲ့ သဘောမှာတော့ ... သူ့ဘဝ



www.burmeseclassic.com

လေး သာယာစိုပြည်စေချင်တာ တစ်ခုပါကွာ ...၊ ဒီလို ... မင်းကို ဝဲလ်ကမ်းမ် လုပ်မိတဲ့အတွက် ငါ သိက္ခာကျ အရှက်ကွဲသွားမယ် ... ခွေးဖြစ်သွားမယ် ဆိုရင်တောင် ဖြစ်ပါစေတော့၊ ငါ့ညီမကို သူ့ယောကျ်ား သူ့သားနဲ့ မိသားစု စုစုစည်းစည်းလေး ချမ်းမြေ့သာယာမှု ရစေချင်တယ် ... ဒါပါပဲကွာ ... သုံးလွှာမှာပါ ... မင်းတက်သွားလိုက်ပါ ... ငါတော့ အလုပ်ကိစ္စရှိလို့ ခဏထွက်ရဦးမယ်၊ ကိုယ့်အမျိုးသမီးလဲ ရှိပါတယ် ..."

"ကျေးဇူးတင်ပါတယ် ကိုသန့်ဇင် ..."

သန့်ဇင်သည် တကယ်ပဲ အလုပ်ကိစ္စ ရှိတာလား ... မျက်နှာပူမှု ရှောင်ထွက်တာလားတော့ မသိပါ။ သူ့ကားပေါ် သူ တက်၍ မောင်းထွက်သွားပါပြီ ...။ သုံးထပ်ကို မိုးညှ တက်လာခဲ့ပါသည်။ ပေအစိတ်အပြည့် အခန်းကျယ်ကြီးများရဲ့ သုံးထပ်မြောက်တံခါးရွက်ကို သူခေါက်လိုက်လျှင် အမျိုးသမီးရွယ်ရွယ် တစ်ဦး တံခါးဖွင့်ကာ ...

"ဘြော် ..."

သူ့ယောကျ်ား အကျိုးအကြောင်း ပြောပြခဲ့ပုံ ပေါ်ပါသည်။

"ကျွန်တော် မိုးညှချမ်းပါ"

"လာပါရှင် ..."





တံခါးဖွင့်ပေး၍ မိုးညှ ဝင်လိုက်သည်ဆိုလျှင် ...

"ဦးဦးမိုးညှ ..."

လပြည့်ရဲ့ ဝမ်းသာရွှင်မြူးစွာ နှုတ်ဆက်လိုက်သံက ထွက်ပေါ်လာပါသည်။ ဧည့်ခန်းထဲက လပြည့်က မိုးညှပေါ် ခုန်ကာ ဖက်တက်လိုက်သည်။ မိုးညှသည် ရင်ထဲနင့်အောင် ကြည်နူးသွားကာ သားရဲ့ပါးပြင်ဖောင်းတစ်တစ်ကို တအားကြီး မိုင်မိုင် နမ်းရှိုက်လိုက်ပြီးလျှင် ...

"မေမေကော သား ...၊ တို့တွေ ကစားကွင်း သွားကြရအောင် ..."

"ဟေး ... ပျော်တယ်ဟေး ... မေမေရေ ... မေမေ့ ... ကစားကွင်း သွားမယ်ဟေ့ ..."

လပြည့် အသံနောက်တွင် ... ခန်းဆီးစ တစ်ချပ်က ဖြုန်းခနဲ ပွင့်ဟသွားကာ ...

"ဩော ... ဒီအတိ လိုက်လာလေးဟာကို၊ မေမေကလဲ တို့အပေါ်ကျပြီး မဖုံးဖိဘူးနော် ..."

"အန်တီ ဘာမှ ဖွင့်မပြောဘူး သက်လယ်၊ ကိုယ့်ဘာသာ ဒီမှာဖြစ်မယ်လို့ မှန်းဆနိုင်တာပါ ..."

သက်လယ်သည် ... စိတ်တိုတာရော ဝမ်းနည်းတာရော ... စိတ်လှုပ်ရှားမှုတွေပါ ပေါင်းရုံးကာ ကတုန်ကယင် ဖြစ်လာရင်း ...

www.burmeseclassic.com



"ဒေါ်ခင်ရွှေကတော့ သူမှ အသိအမှတ် မပြုဘဲ၊ ပြောချင်ရာပြောမှာပဲ ..."

"ရမ်းသန်းပြီး မျက်စိမှိတ် ငြင်းခုန်မနေပါနဲ့တော့ သက်လယ်ရယ် ...၊ သက်လယ် ကိုယ့်ကို မျက်နှာပူတာ ငဲ့ညှာတာတွေ ကိုယ် နားလည်ပါတယ်၊ ဒါပေမယ့် သားနဲ့ကိုယ့်အတွက် စဉ်းစားကြည့်ပေးပါဦး သက်လယ်၊ သက်လယ်နဲ့သက်လယ်မိသားစုရဲ့ ဂုဏ်သိက္ခာကို ကိုယ်လေးစားပါတယ်၊ သူတို့အားလုံးလဲ နှောင်တတွေနဲ့ ကြေကွဲနေကြတာပါ၊ သူတို့ကိုယ်သူတို့ အပြစ်တင်မဆုံးပဲ တစ်ဘဝလုံး စိတ်ဆင်းရဲသွားကြမှာကိုလဲ ထောက်ပါဦး၊ အဓိက ... သားလေးနဲ့ကိုယ့်ကို ထောက်ပါဦး ငဲ့ညှာပါဦး သက်လယ်ရယ်၊ သားမှာ အဖေရှိပါသေးတယ် ..."

တစ်မျက်နှာလုံး နီရဲကာ မျက်သားအိမ်ပါ နီမြန်းစွတ်စိုလာသော မိုးညချမ်းကိုကြည့်ရင်း သက်လယ်ပါ မျက်ရည်အိုင်ထွန်းလာသည်။ သက်လယ်က မတ်တတ်ရပ်လျက် ...။ မိုးညက ဆိုဖာတစ်ခုပေါ် ထိုင်လျက်။ လပြည့်က လူကြီးတွေကို မသိနားမလည်စွာ ငေးမောကြောင်ကြည့်လျက်။ ကိုသန့်ဇင် မိန်းမက ထမင်းစားခန်းဘက်မှာ သူ့ကလေးတွေကို အသံမထွက်အောင် တိုးတိုးတိတ်တိတ် ကြိမ်းနေသည်။

"သားကို ပြောပြပေးပါ သက်လယ်၊ ကိုယ် ဘယ်သူဆိုတာ ပြောပြပေးပါ ..."





မိုးညရဲ့ တောင်းဆိုသံမှာ တုန်အက်တိုးခိုက်နေသည်။ သက်လယ် မျက်လုံးမှ မျက်ရည်ပူတို့သည် ပါးကေးကွက်ကြမ်းခင်းပေါ် ပေါက်ခနဲ ပေါက်ခနဲ ကျလာသည်။

"အားလုံးလဲ နိုင်လုံနေပြီ ...၊ အားလုံးထဲမှာ သက်လယ်ရဲ့အသိက အခိုင်လုံဆုံးပါ၊ သက်လယ် အသိဆုံးပါ၊ ကိုဇော်ဦးကို ဘာစကား ပြောပြလိုက်တယ် ဆိုတာကစပြီး ကိုယ်သိခဲ့ပါပြီ၊ ကိုယ့်အပေါ် ညှာတာရာ မကျဘဲ သိပ်ရက်စက်လွန်းရာ ကျနေပါတယ် သက်လယ်ရယ် ...၊ အန်တီတို့ကိုသန့်ဇင်တို့ရဲ့ ယူကျုံးမရတဲ့ နောင်တတွေကို ဖြေသိမ့်ပေးလိုက်ပါ၊ ပြီးတော့ ... သားဘဝ သားရဲ့ရှေ့ရေး ...၊ အဖေရင်းရှိတဲ့ ကလေးတစ်ယောက်ကို ဖခင်မဲ့ပြီး မရှင်သန်စေပါနဲ့ သက်လယ် ...၊ သက်လယ် ကိုယ့်ကိုချစ်လို့ကို ငြင်းနေမယ်ဆိုတာ နားလည်တော့ ကိုယ်ပိုပြီး ရင်နာပါတယ် ..."

သက်လယ်ကား တသိမ့်သိမ့်တုန်အောင် ငိုရှိုက်နေလေပြီ။

"ဒီအချိန်ဟာ ကိုယ်တို့ မိသားစုဘဝရဲ့ အရေးကြီးတဲ့အဆုံးအဖြတ်ပါ သက်လယ်၊ ကျေးဇူးပြုပြီး ဝန်ခံလိုက်ပါ၊ ကိုယ်ဟာ ... ဘယ်သူပါလို့ သားကို ပြောပေးပါ ..."

"မေမေ ...၊ ဦးဦးမိုးညက ဘယ်သူလဲ ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သက်လယ်ရဲ့ ရှိုက်သံက ကျယ်လောင်လာပါသည်။ တစ်ရက်မပြတ် သူ့အတွက် တုန်ယင်ခံစားခဲ့ရတဲ့ နှလုံးသားပါ မိုးညရယ်။ ခုမှ ပြန်လက်သင့်ခံကြတဲ့ အဖြစ်ကို ရှက်လွန်းလို့သာ ကိုယ့်အသည်းကိုယ် ဓားနဲ့မွှန်းရသလို ကိုယ့်ဘာသာ လုပ်နေမိတာပါ။ ဒီကိုရောက်ကတည်းက ကိုကြီးနဲ့ သူ့သားသမီးတွေရဲ့ ဖက်လဲတကင်းမှုကို ငေးကြည့်နေတတ်ရှာတဲ့ သားလေးကိုကြည့်ပြီး ရင်နာရလွန်းလို့ သက်လယ် အသည်းတွေ ကွဲလုပါပြီ။ ကိုကြီး သားသမီးတွေက ကိုကြီးကို 'ဖေဖေ' လို့ခေါ်ပြီး ဖက်ရမ်းနမ်းရှိုက် လုံးထွေးနေကြတိုင်း နားမလည်သလို အမေကို လှမ်းကြည့်ပြီး အူကြောင်ကြောင်ကလေး ပြုံးနေတတ်တဲ့ သားလေးအတွက် သက်လယ်လဲ ရင်နာနေလှပါပြီ။

"ပြောပေးပါ သက်လယ်၊ သားကို ပြောပေးပါ ..."

မိုးည အသံဟာလဲ တုန်ခါလာပါပြီ ...။ သက်လယ်သည် မျက်စိကို စုံမှိတ်၍ ပေါက်ပေါက်ကွဲကွဲ ငိုချလိုက်တော့ကာ ...

"ဦး ... ဦးမိုးညက ... သားရဲ့ ... သားရဲ့ဖေဖေပါ လပြည့်ရယ် ..."

"ဟင် ... ဦးဦးမိုးညက သားအဖေ ...၊ ဘဘက တွတ်တီရဲ့အဖေ ဖြစ်သလိုမျိုးလား ..."

"ဟုတ်တယ် သားလေးရဲ့ ...၊ ဖေဖေနဲ့ မေမေက





အဆင်မပြေလို့ ခဏ တခြားစီ နေနေကြတာပါ ...၊ ဦးမိုးညဟာ သားဖေဖေပါပဲ ..."

"ဒါဖြင့် အခု အဆင်ပြေပြီလား မေမေ ...၊ တခြား စီမနေရတော့ဘူးလား ..."

မိုးညသည် ... လပြည့်ကို မျက်ရည်များနှင့် ဖက်ထွေးပိုက်ညှစ်ထားလိုက်ကာ ...

"တူတူနေကြရတော့မယ်သား၊ တခြားစီမနေကြတော့ဘူးနော်"

သူ့အမေကို လှမ်းကြည့်ပြီး ကန့်ကွက်သံ ထွက်မလာ၍ ပြုံးကာ ခေါင်းညိတ်လိုက်သော လပြည့်ကို မိုးညက အားမရအောင် ရှိုက်နမ်းမွှေးကြူနေမိပါသည်။

"ဦးဦးမိုးည ... ကစားကွင်း သွားမယ်နော် ..."

"ဦးဦးမိုးည မသွားဘူး ... ဖေဖေ သွားမှာ ..."

"ဖေဖေ ... သွားမယ်နော် ..."

"သွားမယ် ... သား အဝတ်သွားလဲ ..."

လပြည့် ခုန်ပေါက်ပြေးထွက်သွားလျှင် မိုးညသည် တုန်ခိုက်အောင် ငိုရှိုက်နေသော သက်လယ်ရဲ့ လက်ဖျားလေးကို ဆွဲကိုင်၍ သူ့ထံ တိုးကပ်အောင် ဆွဲယူကာ ...

"တိတ်ပါ သက်လယ် ...၊ စိတ်ဆင်းရဲစရာတွေ ကုန်ပါပြီ၊ တိတ်ပါနော် ..."



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မိုး ... မိုးည ... တို့ကို ချစ်သေးရဲ့လားဟင် ..."

မိုးညသည် ရင်ထဲ နွေးသိမ့်သွား၍ သက်လယ် လက်ဖျားလေးကို ရှိုက်နမ်းမိကာ ...

"သက်လယ်ရယ် ..."

တိုးတိုးကလေးသာ ညည်းညူရေရွတ်မိပါသည်။

BURMESE CLASSIC .com

လမင်းမိုမို



www.burmeseclassic.com